
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စောညို့

## မွန်

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၁၉၀၅၀၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၂၆၀၅၀၆

၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀ိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

စောညို့
မွန်



www.burmeseclassic.com

www.burmeseclassic.com

## တို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## ဇာတ်လမ်းစဉ် (၁)

ကားစက်သံသည်အမှောင်ထဲတွင် ညင်ညင်သာသာပင် ဖြတ်စီးနေသည်။

အမှောင်သည် လရောင်မရှိလျှင် အတော်ထုထည်ကြီးမားပေလိမ့်မည်။ ယခုတော့ ကောင်းကင်ကိုမော့ကြည့်လိုက်လျှင် ရွှေလသာဝါဝါဝင်း။

လရောင်သည် ကားလမ်းပေါ်၊ ကားပေါ်နှင့် ပတ်ဝန်းကျင်ရှိ တောရိပ်တောင်ရိပ်တွေပေါ် ထိုးကျနေသည်။

နွေရောက်ကာစမို့ ပေါ်ဘ်တောင်အားလုံးသည် သာတောင့်သာယာရှိ၏။ ဦးနန္ဒမောင်နှင့် ဒေါ်နှင်းနှင်းထိုက်တို့၏ ရင်ထဲမှာ မသာယာနိုင်ပါ။

"အစကတည်းက ကိုမောင့်ကို ထိုက်ပြောသားပဲ ... ဒီဦးကောင်းရကို သတိထားပေါင်းပါပြောတယ် ... လက်မလွှင့်

www.burmeseclassic.com



ပါစေနဲ့လို့ ပြောတယ် ... ဦးကောင်းရဟာ အရင်က နာမည်ပျက်ရှိနေတာကို ကိုမောင်သတိရဖို့သင့်တယ် ... "

"မိတ်ဆွေချင်းက ရင်းနှီးနေတယ်ဆိုတော့ မလုပ်တန်ဖူးလို့ အောက်မေ့တယ်လေ ... "

"သိန်းသုံးရာဆိုတာ နည်းတာမဟုတ်ဘူးနော် ... ထိုက်တို့ရဲ့ သုံးပုံတစ်ပုံထဲက ပေးလိုက်ရတာ ... "

"ကိုမောင် သိပ်ါတယ်ကွာ ... "

"ကိုမောင်က ကုမ္ပဏီဖွင့်မယ်ဆိုတော့ ငွေအလုံးအရင်းရှိမှ ဖြစ်မှာ ... အခုလိုပဲ ပါသွားတော့ ဘယ်လိုလုပ်မလဲ ... ဒုက္ခပါပဲတော် ... "

ဒေါ်နှင်းနှင်းထိုက်၏အသံမှာ ညည်းသံ။

ဦးနန္ဒာမောင်အတွက် မဆန်းလှသောညည်းသံ။

ဒေါ်နှင်းနှင်းထိုက်သည် အရေးအကြောင်းရှိပြီဆိုလျှင် အကြံဉာဏ်ထုတ်ဖို့၊ လုပ်ဖို့ကိုင်ဖို့ထက် ညည်းညူမှုကိုသာ ဦးစားပေးတတ်သူမို့ ဦးနန္ဒာမောင်မှာ ဘာပဲလုပ်လုပ် သူ့မိန်းမကို ထည့်သွင်းအသုံးပြုဖို့ မစဉ်းစားပါ။

သူတို့စိတ်ပျက်လာရခြင်းအကြောင်းက ဦးကောင်းရဆိုသောလူဆီမှ လက်လွှန်ထားသော ငွေစုငွေခဲတွေကို သွားတောင်းရာမှ ပြန်မရလာခဲ့ခြင်းဘဲ။

ဦးကောင်းရဆိုတာ ကျောက်ကုန်သည်။

မန္တလေးတွင် သူ့လုပ်ငန်းမှာ သူကအထင်ကရရှိနေ





သူ။ တစ်ချိန်တော့ ဦးနန္ဒာမောင်တို့နေသော မြို့ကိုရောက်လာပြီး ကျောက်အရောင်းအဝယ်ကိစ္စလုပ်ရာမှ ဦးနန္ဒာမောင်နှင့် မိတ်ဆွေဟောင်းချင်း ပြန်တွေ့ဆုံခဲ့ကြသည်။

ဦးနန္ဒာမောင်က သူ့မြို့တွင် အကျော်ဒေးယျပွဲရုံလုပ်ငန်းနှင့် ကြီးပွားနေသည်။ သူနှင့် ဦးကောင်းရတို့လုပ်ငန်းချင်း မတူသော်လည်း ခင်မင်မှုကတော့ ရှိသည်။ တစ်ယောက်မြို့ကို တစ်ယောက်သွား တစ်ယောက်အိမ်မှာ တစ်ယောက်စားနေသူတွေ။

ဒေါ်နှင်းနှင်းထိုက်ဆိုတာ ဘွဲ့ရတစ်ဦးဖြစ်ပေမဲ့ ဘွဲ့ရသူဟု မထင်ရလောက်အောင် အနေအထိုင်အေးလွန်း ရိုးလွန်း၏။ သူမကိုယ် သူမလည်း လှလှပပမပြင်တတ်။

လင်အပေါ်တွင်လည်း မပြုစုတတ်။

ပြုစုရအောင်လည်း သူမသည် ငယ်စဉ်ကတည်းက မီးဖိုချောင်ကိစ္စ၊ လျှော်ဖွတ်ခြင်းကိစ္စ၊ ဗာဟီရတွေကို လုပ်တတ်ကိုင်တတ်သူမဟုတ်။

မိဘမရှိလို့ ရန်ကုန်တွင်အဒေါ်တွေနှင့်ပဲ နေသည်။ သူနှင့် ကိုနန္ဒာမောင်တို့တွေ့ဆုံပြီး ချစ်ကြိုက်ကြလို့ အဒေါ်တွေဆီမှာ ကိုနန္ဒာမောင်က သွားတောင်းရမ်းတော့ အဒေါ်တွေက နှင်းနှင်းထိုက်၏ ရိုးအေးပုံတွေ၊ အိမ်ထောင်ထိန်းသိမ်းမှု မတတ်ပုံတွေကို နန္ဒာမောင်အားပြောပြီး နှစ်ဖက်သဘောကျမှ လက်ထပ်ပါဟုဆိုကြသည်။ အဲသည်တုန်းကကျတော့ ချစ်တာကိုပဲ ဦးစားပေးခဲ့တယ်

www.burmeseclassic.com



လေ။

ကိုနန္ဒာမောင်က သပိတ်ဝင်အိတ်ဝင် စကားဆိုခဲ့သည်။

နှင်းနှင်းထိုက်ကိုလက်ထပ်လို့ အိမ်ထောင့်တာဝန်တွေကို သူတာဝန်ယူသည်။ အဓိကက နှင်းနှင်းထိုက်ကို လက်ထပ်ရေးပဲဟု ဆို၏။

သည်တုန်းက ကိုနန္ဒာမောင်သည် တရားရုံးတစ်ရုံးတွင် စာရေးကြီးရာထူး။

နှင်းနှင်းထိုက်ကိုလက်ထပ်ချိန်မှာ နှင်းနှင်းထိုက်က စာပေးစာယူနှင့် ဒုတိယနှစ်တက်နေသူ။

သည်တုန်းက ပျော်လိုက်ကြတာလေ။

နှင်းနှင်းထိုက်ကို အိမ်တွင်အလှကြည့်သလို ကိုနန္ဒာမောင်ထားလိုက်သည်။

တကယ်တော့ ကိုနန္ဒာမောင်က ကြိုက်မဲ့သာ ကြိုက်၊ ချစ်မယ့်သာ ချစ်သည်။ နှင်းနှင်းထိုက်မှာ မလှပါ။ မချော့ပါ။ ကိုနန္ဒာမောင် အသားဖြူသလောက် သူမက အသားညိုသည်။ ရုပ်ကတော့သူ့ရုပ်။

ပြီးတော့ ခေတ်မိန်းကလေးတွေလို မပြင်ဆင် မဖြီးလိမ်းဘဲ ရိုးရိုးအအကြီး ဝတ်ဆင်တတ်သူ။ ရင်ဖုံးအကျီနှင့် အထက်ဆင်တပ်ထမီတစ်ထည်ဝတ်ဆင်ရလျှင် သူမအတွက် လုံလောက်နေချေပြီ။

✱ စောနာစာပေ ✱



ခေတ်ဟောင်းက ဆိုရှယ်လစ်ခေတ်မှာ မော်ဒယ်တွေ မပေါ်သေးပေမဲ့ အဖြူအမည်းမြန်မာရုပ်ရှင်ကားတွေထဲက မင်းသမီး မင်းသားများ၏ ဝတ်ပုံစားပုံသည် ခေတ်မီလိုသော လူငယ်တွေအတွက် မော်ဒယ်တွေပဲဖြစ်၏။

လူငယ်တွေက မင်းသားမင်းသမီးလို လိုက်ဝတ်၏။

အဲသည်အထဲမှာ နှင်းနှင်းထိုက် မပါပါ။

မိတ်ကပ်ဝေးလို့ သနပ်ခါးရေကျဲတောင် သူမက သိမ်းချင်မှ လိမ်းသည်။

ဒီလို ရိုးရိုးအအကြီးနှင်းနှင်းထိုက်ကို ကိုနန္ဒာမောင်က အိမ်ထောင့်တာဝန်ကိုယူပြီး သူပဲချက်ပြုတ်ကျွေးမွေးသည်။ သူပဲ လျှော်ဖွတ်သိမ်းဆည်းသည်။

အိမ်ထောင့်အလုပ် မေ့အလုပ်မဟုတ်ဘဲ အိမ်ထောင့်အလုပ် မောင့်အလုပ်ပဲ ဖြစ်ခဲ့၏။

နှင်းနှင်းထိုက်က အာ်လိုက်မသိ။

တံမြက်စည်းတစ်ချက်တောင် မလှဲ။

တရားရုံးမှာ နှင်းနှင်းထိုက်ပါဝင်အလုပ်လုပ်ရတော့ ကိုနန္ဒာမောင့်အတွက် ပိုတောင်ဆိုးသေး။

ထမင်းချိုင့်ထည့်တာတွေကအစ ကိုနန္ဒာမောင်ရဲ့ တာဝန်။

နှင်းနှင်းထိုက်သည် အိမ်ထောင်ရေးအလုပ်ကို စိတ်သည်းမဝင်စား၊ လုပ်လည်း မလုပ်။

✱ စောနာစာပေ ✱

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုးတာက ပေါင်းသင်းဆက်ဆံရေးညံ့ဖျင်းခြင်းဖြစ်သည်။ သူမတွင် မိတ်ဆွေမရှိ။

ဘယ်သူနှင့်မှလည်း စကားမပြော။

ကိုနန္ဒာမောင်၏ အပေါင်းအသင်းတွေလာလျှင်လည်း ရယ်ပြ၊ ပြုံးပြ၊ ခေါင်းညိတ်ပြတာကလွဲလို့ ထွေထွေထူးထူး စကားမဆို။

ကိုနန္ဒာမောင်က အဲသည်အတွက် သူ့မိန်းမအပေါ် အားမလို အားမရတာကလွဲလို့ အပြစ်မဆို။

ဩော် ... ချစ်စခင်စ ကြင်နာစကိုး။

တစ်ခုခုပြဿနာဖြစ်လာလျှင် နှင်းနှင်းထိုက်က ညည်းတတ်သည်။

ဒါက သူမအကျင့်။

ကိုနန္ဒာမောင် ရုံးတွင်ပွဲစားကြီးတစ်ယောက်အမှုတစ်ခုနှင့် ရောက်လာ၏။

တရားမမှုပဲဖြစ်၏။

ထိုအမှုတွင် ပွဲစားကြီးက တရားပြိုင်ဖြစ်သည်။ ပွဲစားကြီးက ရှုံးနိမ့်မလိုလိုဖြစ်နေ၏။

ထိုတရားမမှုတွင် ကိုနန္ဒာမောင်က စိတ်ရောကိုယ်ပါဆောင်ရွက်ပေးခဲ့သည်။ ပွဲစားကြီး တရားနိုင်သွားသည်။

အဲဒီကျေးဇူးကို ပွဲစားကြီးက ထောက်ရှုပြီး ကိုနန္ဒာမောင်ကို အလုပ်မှထွက်ခိုင်းသည်။





ပုဂ္ဂလိကလုပ်ငန်းတွေ၏ အကျိုးကျေးဇူးတွေကို ပြောပြ၏။

အဓိကကတော့ ချမ်းသာမှုပဲ။

လူငယ်ဖြစ်သော ကိုနန္ဒာမောင်သည် ပုဂ္ဂလိကအလုပ်ကို ထင်ထင်ပေါ်ပေါ်မလုပ်ရဲပါ။

ထိုခေတ်က ပုဂ္ဂလိကလုပ်ငန်းကို အားမပေးပါ။ ဖောင်တိန်လေးတစ်ချောင်းကို တည်ထွင်ထုတ်လုပ်မိသူ၊ ဓာတ်ခဲလေးတစ်ခုကို တည်ထွင်ထုတ်လုပ်မိသူတွေကိုတောင် အရင်းရှင်ဟူသော အယူမှားသောခေတ်ဖြစ်၏။

ထိုခေတ်က ခေတ်ကိုအခြေပြု၍ ပုဂ္ဂလိကလုပ်ငန်းပျောက်ပြီး မှောင်ခိုလုပ်ငန်းပေါ်လာ၏။

မှောင်ခိုကြောင့်ပင် လူတွေစီးပွားရေးပျက်စီးခဲ့ကြရသည်။ အကျင့်စာရိတ္တ ပျက်စီးခဲ့ကြရသည်။

ပွဲစားလုပ်ငန်းသည် ပုဂ္ဂလိကတွင် မထင်ပေါ်သော်လည်း 'စားသာ'သောလုပ်ငန်းမို့ အဲသည်လုပ်ငန်းကို ကိုနန္ဒာမောင် စိတ်ဝင်စားမိ၏။

သူ့ကိုခင်မင်သော ပွဲစားကြီးက ငွေအလုံးအထည်ထုတ်ချေး၏။

ငွေမချေးမီ ပွဲစားပညာနှင့် ပွဲစားအလုပ်ကို ပြသပေးသည်။ ကိုနန္ဒာမောင်က နှင်းနှင်းထိုက်နှင့် တိုင်ပင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်းထိုက်က သူမ ဘာမှမသိ၊ ရှင့်သဘောလို့ပဲ ဆို၏။ ကိုနန္ဒာမောင် ရုံးမှထွက်သည်။ စီးပွားရေးလောကထဲ ခြေစုံပစ်ဝင်လိုက်၏။

အမှုတွင် နိုင်ခဲ့သော ပွဲစားကြီးကျေးဇူးကြောင့် ကိုနန္ဒာမောင် ပွဲရုံလုပ်ဖို့နေရာတစ်နေရာရပြီး အဲသည်မှာ ခေါက်ချလုပ်ကာ ကြီးပွားအောင် ကြိုးစားခဲ့ရ၏။

ခေတ်ဟောင်းပျက်စီးပြီး ယခုခေတ်သစ်ကိုရောက်လာ၏။ တချို့က ထိုခေတ်ကို ရွှေခေတ်ဟုခေါ်ကြ၏။

ပုဂ္ဂလိကလုပ်ငန်းကို ဦးစားပေးသောခေတ်မို့ ယခုခေတ်တွင် ပုဂ္ဂလိကလုပ်ငန်းကြိုးစားလုပ်သူများအတွက် တိုက်တာ၊ အိမ်ရာ၊ ကားတွေဖြစ်လာ၏။ ဇနီးမယားတွေ ရွှေလက်ကောက် တံတောင်ဆစ်အထိ ဝတ်နိုင်သူတွေရှိလာ၏။

ယုတ်စွအဆုံး ဟင်းသီးဟင်းရွက်ရောင်းသူများပင် ချဲမထိုး၊ နှစ်လုံးမလုပ်ဘူးဆိုလျှင် ရွှေလက်ကောက်လေးငါးခြောက်ကွင်းဝတ်နိုင်လာ၏။

ဈေးနှုန်းသည် သူတို့ပါးစပ်ထဲမှာပဲရှိ၏။

ကိုနန္ဒာမောင်သည်လည်း ပျဉ်ထောင်အိမ်မှ ယခုခေတ်တွင် တိုက်အိမ်ဖြစ်လာသည်။ ဖွတ်ချပ်ဖွတ်ချပ်ကားမှ ဈေးကြီးပေးရသော ပရာဒိုကားကိုပင် ဝယ်စီးလာနိုင်၏။

ကြာတော့ အသက်တွေကြီးရင့်လာ၏။





အိမ်ထောင်သက်ကြာသော်လည်း ကလေးမရကြသေး။

နှင်းနှင်းထိုက်တွင် သားအိမ်အားနည်းသောရောဂါရှိသဖြင့် ကလေးလိုချင်လျက်နှင့် ကလေးမရခဲ့။

နှင်းနှင်းထိုက်သန္ဓေသား နှစ်ကြိမ်ပျက်ခဲ့ရသဖြင့် သားဖွားမီးယပ်ဆရာမကြီးတစ်ဦးက နှင်းနှင်းထိုက်မှာ သည်တစ်သက် ကလေးမရနိုင်တော့ဟု ဆို၏။

နှစ်ယောက်လုံး အားပျော့သွား၏။

ကိုယ်ကကလေးမရတော့ အခြားမြင်ရသည့်ကလေးတွေကိုပဲ လိုက်ချစ်နေရ၏။

စီးပွားချမ်းသာလာသလို အသက်တွေရင့်လာ၏။

ထိုနည်းအတူ ကိုနန္ဒာမောင်မှ ဦးနန္ဒာမောင်၊ နှင်းနှင်းထိုက်မှ ဒေါ်နှင်းနှင်းထိုက်သို့ ပြောင်းလဲလာ၏။

မပြောင်းလဲတာက ဒေါ်နှင်းနှင်းထိုက်၏ ရိုးအအ၊ ထုံပေပေပုံစံ၊ လင်ကို မပြုမစု မယုယတတ်သောပုံစံနှင့် အိမ်ထောင်မထိန်းသိမ်းတတ်သေးသော ပုံစံပဲဖြစ်၏။

သူတို့နှစ်ယောက်လုံး လေးဆယ်နီးပါးအသက်ဖြစ်လာကြချေပြီ။

သူကော ဒေါ်နှင်းနှင်းထိုက်ပါ ကျောက်ကုန်သည်ကြီး ဦးကောင်းရနှင့် မန္တလေးမှာ သွားတွေ့သည်။ ဦးကောင်းရက ခဏစောင့်ပါဦးဟု တောင်းပန်၏။

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



သည်လိုတောင်းပန်ချက်တွေက များချေပြီ။

စိတ်မရှည်သော ဦးနန္ဒာမောင်က ဦးကောင်းရကို စကားတွေ မှိုချိုးမျှစ်ချိုးပြောမိ၏။

တရားစွဲမည်ဆိုသော ခြိမ်းခြောက်စကားပင်ဆိုခဲ့မိ ချေ၏။ ဦးကောင်းရကတော့ မျက်ရည်ယယ်ယယ်ကလေးနှင့် မတုန်မလှုပ်ပါ။

ဦးကောင်းရ၏ ဖနီးက ဝင်တောင်းပန်တာမို့ ဦးနန္ဒာမောင် စိတ်ကိုချုပ်ခဲ့ရ၏။

ထိုအရေးတွင် ဒေါ်နှင်းနှင်းထိုက်က လင့်ဘက်မှ တစ်လုံးမှ ဝင်မပြောပါ။ ပွဲကြည့်သလိုပဲ ကြည့်ခဲ့၏။

ယခုမှပဲ ညည်းသံပေးနေသည်။

"ဒုက္ခမနေနဲ့ မိန်းမရ ... မဖြစ်ဖြစ်သလို လုပ်ရမှာပဲ ... ကုမ္ပဏီကတော့ ထောင်ကို ထောင်ရမှာပဲကွ ... ရန်ကုန်ကို သွားမယ် ... ကုမ္ပဏီအလုပ်ဆိုတာ ရန်ကုန်က ပိုကောင်းတယ် ... လုပ်ငန်းပိုကျယ်ပြန့်တယ် ... ငွေရဖို့လည်း မပူရဘူး ... ပုဂ္ဂလိက ဘဏ်တွေရှိတယ် ... ငွေချေးရင် ရနိုင်တာပဲဟာ ... "

"ဒါဆို ထိုက်လည်း ... ရန်ကုန်ကို လိုက်ရမှာပေါ့ ... "

"ချက်ချင်းတော့ မလိုက်နဲ့ဦးကွာ ... အခြေအနေတွေကြည့်ပြီး ခေါ်လိုက်မယ် ... ရန်ကုန်မှာနေရထိုင်ရတာက နယ်လို မဟုတ်ဘူး ... အိမ်ရှာရမယ် ... အဲဒီအိမ်ကအကွက်အကွင်းကောင်းရမယ် ... "

"ဒါဆို ... နှင်းတစ်ယောက်တည်း ... "

"အင်း ... တို့မှာ ကလေးမရနိုင်တာဟာ အဲဒီမှာ အတော်နာတာပဲ ... သားကလေးဖြစ်ဖြစ် သမီးကလေးဖြစ်ဖြစ် ရခဲ့ရင် မင်းတစ်ယောက်တည်းနေလို့ ငြီးငွေ့စရာမရှိတော့ဘူး"

တောလမ်းက လမ်းကောင်းသည်တော့ မဟုတ်။ ကားကို လရောင်အောက်တွင် ဂရုတစိုက်မောင်းရင်း ဦးနန္ဒာမောင်က ဆိုချေသည်။

"ဟိုအိပ်မက်ကို သတိရသေးလားဟင် ကိုမောင် ... "

အိပ်မက်။

နှင်းနှင်းထိုက်ပြောသော အိပ်မက်။

"ဘာအိပ်မက်လဲ ... "

"ကိုမောင်ကလည်း မေ့နေပြန်ပြီ ... ပြီးခဲ့တဲ့နှစ်လလောက်က မက်တဲ့ အိပ်မက်လေ ... "

"မင်းဟာကြီးက မရေမရာချည်းပါကွာ ... ဒေါက်တာဒေါ်စမ်းရီက မင်းကိုပြောခဲ့ဖူးတာ မင်းမေ့နေသလား ထိုက်မင်း သားအိမ်ကြောင့် ကလေးမရနိုင်တော့ဘူးဆိုတာ ... "

"အို ... ဆရာဝန်ဆိုတာ ဘုရားသိကြားမှ မဟုတ်တာ ... သူ့အတတ်ပြောနိုင်သလား ... "







www.burmeseclassic.com

www.burmeseclassic.com



"ဆေးပညာတွေကတော့ ဒီခေတ်မှာ နတ်ဖန်ဆင်းတဲ့ ပညာတွေလို ခေတ်မီနေတာ ဆန်းကြယ်နေတာပဲ ... ဆရာဝန်ပြောတာ ဖြစ်နိုင်တာပေါ့ ... မင်း အဲဒီအိပ်မက်မက်ပြီး ဘယ်မှာ ကိုယ်ဝန်ရှိလာလို့လဲ ... နှစ်လတောင် ကျော်နေပြီပဲဟာ ... မင်းအိပ်မက်က ကလေးကိုစွဲလမ်းတဲ့ စိတ်နဲ့ မက်တာပါ ... "

နှာခေါင်းကို ဦးနန္ဒာမောင်က ပြောရင်း ရှုံ့လိုက်၏။

အသက်ထက်ပိုပြီးအိုစာနေသော ဤမိန်းမမှာ ဒီအသက်အရွယ်မှ ကလေးဘယ်လိုရနိုင်မှာတဲ့လဲ။

နာမည်နှင့် လူ တခြားစီဖြစ်နေသော ဤမိန်းမနှင့် ဦးနန္ဒာမောင် သွေးသားစိတ် ကုန်ခမ်းတာတောင် ကြာစပြုလာ၏။

လှလည်း မလှ။

ခေတ်လည်း မမီ။

အနံ့အသက်ကလည်း အဘွားကြီးစော်နံနေချေပြီ။

ဦးနန္ဒာမောင်တွေးရင်း သက်ပြင်းချသည်။ အိပ်မက်ကိုလည်း ပြန်တွေးပြီး သူ့မိန်းမအတွေးအခေါ် ညံ့ပါသေးလားဟု ကဲ့ရဲ့ချင်၏။

အိပ်မက်ထဲမှာက မြွေကြီးတစ်ကောင်က ဒေါ်နှင်းနှင်းထိုက် အိပ်ရာထဲ ရောက်လာ၏။ ဒေါ်နှင်းနှင်းထိုက် ကြောက်လန့်တကြားဖြစ်သွားချိန်တွင် မြွေကြီးအဖြစ်မှ ချောမောချစ်စရာကောင်းသော ကလေးငယ်လေးတစ်ဦးအဖြစ်သို့ ပြောင်းသွား၏။





ထိုကလေးမှာ အဝတ်အစားကင်းမဲ့ကာ ကိုယ်တုံးလုံးကလေးဖြစ်ကာ ဖြူဝင်းသော အသားအရေ၊ ဖွံ့ဖြိုးကျစ်လျစ်သော ကိုယ်လုံးကလေးနှင့် ချစ်စရာကောင်း၏။

မည်းနက်သောဆံပင်များသည် ပခုံးကလေးပေါ်မှာ ကျနေသလို ဟိုကလေး၏မျက်လုံးကလေးများက မည်းနက်တောက်ပြောင်ကာ လှပဆွဲဆောင်နိုင်စွမ်းရှိ၏။

ထိုကလေးကပင် ဤအိမ်မှာလာနေပါရစေဟု ဆို၏။

ထိုသည်နောက် မြွေပြန်ဖြစ်ကာ နှင်းနှင်းထိုက်ကို ရစ်ပတ်မည်အပြု နှင်းနှင်းထိုက်လန့်အော်ပြီး နိုးထလာမိ၏။

သည်တုန်းက ထိုက်တစ်ယောက် အထိတ်တလန့်နှင့် တုန်နေတာ မှတ်မိသေး၏။

အိပ်မက်သာ မက်ခဲ့ပါသည်။

သည်ကနေ့အထိ ထိုက်တစ်ယောက် ကိုယ်ဝန်နှင့် ပတ်သက်၍ ဘာအရိပ်အယောင်တစ်ခုမှ မလာပါ။

အိပ်မက်ကိုလည်း ဦးနန္ဒာမောင်က မယုံကြည်ပါ။

ယခုလတ်တလော သူ့စိတ်ထဲတွင် ကိန်းအောင်းနေတာက ပြန်ရမလာသော အကြွေးပင်ဖြစ်၏

ဦးကောင်းရတစ်ယောက် ဖင်မနိုင်ဘဲ ပဲကြီးဟင်းသောက်တာပဲလို့ ထင်နေသည်။

သူများငွေကို ချေးယူပြီး အတိုးသာ မှန်မှန်ပေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ အရင်းငွေကို ပြန်ပေးရကောင်းမှန်း မသိ။

ယခုစာချုပ်စေ့လို့ တောင်းတော့ အဲသည့်အရင်းငွေကိုပဲ နေ့ရွှေ့၊ ညရွှေ့နှင့် ရွှေ့လာခဲ့ရာ သည်ကနေ့တော့ မိမိတို့မြို့ကို မပြန်ဝံ့ဘဲ အတော်ကလေး စကားအချေအတင်များခဲ့ရ၏။

သူ့ဘက်မှအလွန်မို့ ဒေါသနှင့် ဦးနန္ဒာမောင် ပက်ပက်စက်စက်ပြောသရွေ့ကို ဦးကောင်းရက ငုံ့ခံခဲ့သည်။

အင်း ... နောက်ဆိုရင် မိတ်ဆွေအဖြစ်ကများ ပြတ်တောက်ကောင်း ပြတ်တောက်ကုန်ကြမည်လား မသိ။

မိမိဘက်က အမှန်လို့ ဦးနန္ဒာမောင် ယူဆ၏။

စီးပွားရေးသမားတွေအတွက် လုပ်ဖို့ကောင်းမည့်ဤခေတ်ကာလအစတွင် စတင်ခြေလှမ်းလှမ်းနိုင်မှ နောင်တွင် ကြီးပွားလိမ့်မည်ဟု ဦးနန္ဒာမောင် ခန့်မှန်း၏။

သူ့ပွဲရုံလုပ်ငန်းသည် ယခုခေတ်တွင် သေးငယ်သောလုပ်ငန်းပင်ဖြစ်၏။

ပွဲရုံမှ ကုမ္ပဏီကိုစပြီး ထိုမှ စက်မှုလုပ်ငန်းသို့ ကူးပြောင်းရန် အထာကိုရည်ညွှန်းမိ၏။

နိုင်ငံခြားသို့သွားလို့ရလျှင်လည်း သွားမည်။ ဂျပန်သို့မဟုတ် တောင်ကိုရီးယား၊ အနည်းဆုံး စင်္ကာပူသို့သွားမည်။ လေ့လာမည်ဟုလည်း ရည်မှန်းထား၏။

တစ်ချိန်က စိတ်ကူးလွဲပြီး ကိုယ့်နိုင်ငံ ကိုယ်အနှစ်သုံးဆယ်နီးပါး မိမိနိုင်ငံကို တံခါးပိတ်ခဲ့ပြီး ယခုမှပြန်လည်တံခါးဖွင့်





ခြင်းသည် မိမိတို့နိုင်ငံ သို့မဟုတ် မိမိတို့တစ်မျိုးသားလုံး၏ တိုးတက်ရာဟု ခန့်မှန်းမိ၏။

သူ့က စိတ်ကူးနှင့် ကားမောင်းရင်း ...

"ထိုက်ရေ ... ယင်းမာပင်ရောက်ရင် ခဏနားမယ် ... အိပ်ဖို့တော့ စိတ်မကူးနဲ့ ... ယင်းမာပင်ရောက်ပြီးမှ ဆက်မောင်းရင် ကိုယ့်နေရာကို မနက်မိုးလင်းအမီရောက်မှာ ..."

ထိုက်ဆီမှ စကားတုံ့ပြန်သံမကြားရသဖြင့် ဦးနန္ဒာမောင်က မသိမသာ စောင်းငဲ့ကြည့်ရှုလိုက်သောအခါ ထိုက်မှာ အိပ်ပျော်နေလေရဲ့။

အိုစာသော ထိုက်ကို ဦးနန္ဒာမောင်ကကြည့်ကာ သက်ပြင်းချ၏။ ခုလိုအခါမျိုးမှာ ထိုက်သည် မိမိဘေးတွင် ထိုင်လိုက်ပါလာခိုက် မိမိအိပ်ချင်ပြေအောင် စကားလုံးတွေ တရဟောသွန်ထုတ်သင့်သည်။ စကားအဆောက်အအုံတွေ ဆောက်တည်သင့်၏။

ဒါပေမဲ့ အေးစက်သောသူမ၏ အနေအထိုင်က ဦးနန္ဒာမောင်အတွက် ရိုးနေခဲ့ချေပြီ။

သူ့ဆီကို လက်ပတ်နာရီကိုကြည့်တော့ ညကိုးနာရီခွဲ။

မန္တလေးမှ ညနေလေးနာရီမှ စတင်လာရာ မိတ္ထီလာတွင် ထမင်းစားဖို့ တစ်ချက်ပဲနားခဲ့ရ၏။

မိမိပင် တစ်ခါတစ်ခါ အိပ်ငိုက်သလိုဖြစ်သွား၏။

ဆယ်နာရီတွင် ယင်းမာပင်သို့ ရောက်၏။



www.burmeseclassic.com

www.burmeseclassic.com



မြေပြန့်တွင် ယင်းမာပင်သည် ခရီးသွားခရီးလာတို့၏ ဆုံဆည်းရာဖြစ်၏။ အထူးသဖြင့် တောင်ပေါ်ဒေသသို့တက်ဖို့ရာ နောက်ဆုံးခရီးလမ်းဆုံပဲဖြစ်၏။

ယင်းမာပင်ကိုကျော်ဖြတ်ပြီး တောင်ပေါ်သို့ မကြာမီ ကွေ့ပတ်မောင်းရတော့မည်။

ဒေါ်နှင်းနှင်းထိုက်ကို နှိုးသည်။

နွေဝင်စတွင် မြေပြန့်မှာ ပူနွေးစပြုနေသည်။ ကိစ္စမရှိ။ နောက်တစ်နာရီလောက် မောင်းလိုက်လျှင် တောင်တွေ၊ တောတွေနှင့် ဆုံဆည်းကာ အအေးဓာတ်ရလာမည်ဖြစ်သည်။

အိပ်ချင်ပြေအောင် တီးမစ်(စ်)တစ်ခွက်စီ လက်ဖက်ရည်ဆိုင်မှာ သောက်ကြသည်။

သူတို့နှစ်ယောက်တည်းချည်း ရှိနေခြင်း မဟုတ်ပါ။ တခြားလူတွေလည်း ရှိနေ၏။

သူတို့က တောင်အောက်ကိုဆင်းမည့် ခရီးသည်တွေနှင့် တောင်ပေါ်ဒေသသို့ ခြေဆန့်မည့် ခရီးသည်တွေ။

သူတို့ကို တင်ဆောင်ခဲ့သော အဲယားကွန်းမှန်လုံကားကြီးတွေက လက်ဖက်ရည်ဆိုင်ရှေ့မှာ ရပ်နားထား၏။

ခရီးသည်တွေကြည့်ရတာက တက်ကြွပျော်ရွှင်နေကြသည်။

ဆယ့်ငါးမိနစ်ပဲ အချိန်ပေးသည်။





ဦးနန္ဒာမောင်နှင့် ဒေါ်နှင်းနှင်းထိုက်တို့က ခရီးသည်တွေကိုရော လက်ဖက်ရည်စားသောက်ဆိုင်ကိုပါ ဖယ်ခွာလာ၏။

ထုံးစံအတိုင်း ဦးနန္ဒာမောင်က စီးပွားရေးခွင်ကို တွေးသည်။ ဒေါ်နှင်းနှင်းထိုက်က ငိုက်မြည်းပါလာ၏။

လမ်းတွင် တောင်ပေါ်မှဆင်းလာသော တခြားအားတစ်စီးနှစ်စီးပဲတွေ့ရပြီး တစ်လမ်းလုံး သွေ့ခြောက်နေသည်။

လရောင်က ပိုမြင့်ပိုတင့်လာသည်။

တစ်လမ်းလုံး ဝဲယာရော အဝေးပါ ရွှန်းမြသော လရောင်ကြောင့် အားလုံးကို ပြတ်ပြတ်ထင်ထင် မြင်နေရသည်။

မြင်ရသော မြင်ကွင်းတွေက ရိုးပြတ်တောတွေ၊ ရိုးပြတ်လယ်ကွင်းတွေ၊ ရှေ့မှ ဆီးကြိုနေသော မြူငွေ့ဖုံးသည့်တောင်တန်းကြီးတွေ။

လေသည်ပင် မပူလောင်တော့ဘဲ အေးစပြုလာ၏။

လမ်းဘေးရှိ သစ်ပင်ကြီးငယ်များသည် ရိပ်ခနဲ ရိပ်ခနဲကျန်ခဲ့၏။ လမ်းသည်လည်း တစ်စတစ်စ မသိမသာမြင့်လာ၏။ ဒီယာကို ပြောင်းထိုး၏။ လီဗာကို ယခင်ကထက် နည်းနည်းပိုဖိတင်ရ၏။

ပရာဒို(PRADO)သည် အင်မတန်မောင်းကောင်းသော ယာဉ်ဖြစ်သလို စက်ပူလာလေ ဆွဲလေပဲ။

သည်အခါ လီဗာကို-ပြန်လျှော့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းနေရတာတောင် မောင်းသည်လို့ မထင်ရအောင် ညက်ညောသောကားဖြစ်၏။

ဒါတောင် အသစ်မဟုတ်။

မော်ဒယ်မငွေအောက်ခင် သူ့လက်ထဲသို့ တစ်ပတ်လည်ရောက်လာသော ကားဖြစ်၏။

ပတ်ဝန်းကျင်ကြည်နူးမှုကြောင့် ဦးနန္ဒာမောင်က ဗဒင်ဆိုခဲ့သော 'ဖုတ်လိုက် ... ဖုတ်လိုက် ... ' စတူရီယိုသီချင်းကလေးကို တစ်ပိုင်းတစ်စ သီဆိုမိ၏။

ဗဒင်က တစ်ခါက အဆိုကျော်။

သူ့ခုမျာ လူ့လောကကြီးမှာ မရှိတော့သော်လည်း သူ့သီချင်းက သူ့ဘဝ၏ မှတ်တိုင်အဖြစ် ကျန်ရစ်ခဲ့၏။

တိုးတိုးကလေး သီချင်းဆိုရင်း ငိုက်မြည်းနေသော ဒေါ်နှင်းနှင်းထိုက်ကို မလိုတမာ လှည့်ကြည့်မိ၏။

တကယ်လို့သာ ဒေါ်နှင်းနှင်းထိုက် ကားမောင်းတတ်ပါမူ သူမကိုတစ်လှည့်မောင်းခိုင်းကာ မိမိက သူမနေရာတွင် ဝင်ရောက်ငိုက်မြည်း အိပ်ပျော်ချင်စမ်းပါဘိ။

ယခုတော့ အိမ်ထောင်သည်ဘဝ ဆယ်နှစ်တာမျှ မိမိကချည်း အိမ်မှာရော အပြင်မှာပါ လှုပ်ရှားနေရ၏။

သူသည် ကားမောင်းစဉ်ပင် စိတ်ထဲမှာ ထူးထူးဆန်းဆန်း ခံစားလာရသည်။





တစ်ခုခုသည် သူ့ကိုစောင့်ကြည့်ထိတွေ့တော့မည့်ပုံ။

ကားလမ်းမှာ မြေပြန့်မှာကျယ်ပြန့်သလောက် တောင်တက်လမ်းစတော့မှာမို့ မသိမသာ ကျဉ်းလာ၏။

လမ်းဘေးတွင် သစ်ပင်တွေ ပိုထူလာ၏။

ရိုးပြတ်လယ်တောတွေတောင် ဘယ်ရောက်ကုန်ပြီမသိပါ။

ရှေ့အဝေးတွင် တောင်ပူစာနှစ်လုံးကိုဦးစွာ ရေးရေးမြင်ရသည်။

ထိုတောင်ပူစာတွေကို ကျော်ဖြတ်လျှင် တောင်ပေါ်ဒေသသို့ တက်သောတောင်တက်လမ်းစပြီဖြစ်၏။

လရောင်သည် လမ်းပေါ်တွင် တင်းလင်းကာ ကားသွား ကားလာမရှိပါ။

တစ်ဖာလုံလောက် မောင်းမိလျှင်ပင် ဦးနန္ဒာမောင်၏ မျက်လုံးများ ကျယ်လာ၏။ ပိုဂရုစိုက်လာ၏။

သူ့ရှေ့အဝေးတွင် လှုပ်ရှားသွားလာနေကြသော အရာတွေကို မြင်သည်။

ပထမသော် နွားတွေလား၊ ယုန်ကလေးတွေပဲလားလို့ ထင်သည်။ ကားကို တဖြည်းဖြည်းအရှိန်လျှော့လိုက်၏။

နီးနီးလာ၏။

ဟယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲ ဘုရားတမိ၏။ ဟယ် ... မိ၏။

ကားရှေ့မှ စူးဝင်းသော မီးရောင်နှင့် လရောင်တွင် လမ်းပေါ်မှ လှုပ်ရှားနေသော အရာတွေမြင်ရ၏။

အဲဒါတွေက လမ်းပေါ်မှာ မြင်ရသောမြွေတွေ။ အကောင်ပေါင်းစုံ။

အရွယ်စုံ၊ ဆိုက်စုံ၊ အမျိုးစုံ။

အကြီးလည်း ပါ၏။ အသေးလည်းပါ၏။ မြွေဖွ၊ မြွေဟောက်၊ ငန်းတော်ကျား၊ စပါးကြီးမြွေ။

လမ်းပေါ်မှာ တွားသွားနေကြသည်။ စပါးကြီးမြွေ တစ်ကောင်က သူ့ကိုယ်ကြီးကို လမ်းပေါ်တွင် ကန့်လန့်ကြီးခင်းထား၏။ လရောင်တွင် အဝါနှင့် အနက်ရောသော ကွက်ကြားရောင်က တဖိတ်ဖိတ်တောက်နေသလို။

မြွေဟောက်သုံးလေးကောင်က ပါးပျဉ်းထောင်ကာ ကားမီးရောင်ကို ကြည့်နေကြသည်။

သူတို့က ကားလာရာလမ်းတွင် ကားကိုမသွားနိုင်အောင် ပိတ်ဆို့ထားသလို။

တစ်ခါမှ မကြုံဖူးသော အတွေ့ကြောင့် ဦးနန္ဒာမောင်မှာ တုန်လှုပ်ချောက်ချားသွားသလို ကားဘရိတ်ကို ဆတ်ခနဲ နင်းလိုက်မိ၏။

မမှောက်တာ ကံကောင်းသည်။

ကားဘီးတွေက ဒုန်းခနဲ ခုန်ကာရပ်သွားသည်။





"ဟင် ... ဘာဖြစ်တာလဲ ..."

ငိုက်မြည်းနေသော ဒေါ်နှင်းနှင်းထိုက် နိုးလာခြင်းနှင့်အတူ မေးခွန်းက ထပ်တူပါလာသည်။

"မြွေတွေ ..."

ရုတ်တရက်သော် ဦးနန္ဒာမောင်က မဆင်မခြင်ပြောမိသည်။ ပြောပြီးမှ နောင်တရလေရဲ့။

ဒေါ်နှင်းနှင်းထိုက်သည် အင်မတန်ကြောက်တတ်သည်။ ခုလိုတွေ့လျှင် ယယ်ထိပ်သွေးတက်သွားနိုင်သည်။

"ဟင် ... ဟုတ်လား ..."

သူမသည် လေကာမှန်တစ်ဘက်ကိုကြည့်၏။ ရုတ်ခြည်း အော်ဟစ်လိုက်သည်။

"ကိုမောင် ကြည့်ပါဦး ... ကလေးတစ်ယောက်ပါလား ..."

မြွေကြားထဲမှာ ကလေးငယ်လေးတစ်ယောက် ထိုင်နေတာကို ဦးနန္ဒာမောင်မြင်သည်။

ကလေးငယ်သည် မြွေတွေကြားထဲမှာ မကြောက်မရွံ့ထိုင်ကာ မြွေတစ်ကောင်နှင့် ကစားနေသည်။ ထိုမြွေကို သူက လည်ပင်းဖျစ်လိုက်၊ သူ့ခါးတွင် ပတ်လိုက်လုပ်နေ၏။

"ဘုရား ... ဘုရား ဘယ်လိုကလေးပါလိမ့် ..."

ကြောက်ရမည်ထက် ဒေါ်နှင်းနှင်းထိုက်က အံ့ဩစွာ ဆိုပါသည်။ ဦးနန္ဒာမောင်ပင် အံ့ဩသွားသည်။ သူ့အံ့ဩသည်မှာ

www.burmeseclassic.com



ကလေးကို သာမကဘဲ ဒေါ်နှင်းနှင်းထိုက်ကိုပါ အံ့သြသွားခြင်းဖြစ်၏။

အကြောက်ကြီးကြောက်ရမည့် ဒေါ်နှင်းနှင်းထိုက်မှာ ကလေးကိုလည်းကောင်း၊ မြွေတွေကိုလည်းကောင်း စိတ်ဝင်တစား ကြည့်နေသည်။

လရောင်နှင့် မီးရောင်တွင် ကလေးမှာ ကားရှိရာကို ကြည့်ပြီး ဖြည်းညင်းစွာ ထလာသည်။

"ဟယ် ... ကွလေးလေးဟယ် ချစ်စရာလေး ... "

ကလေးကိုကြည့်ရတာ သုံးနှစ်လေးနှစ်လောက်ပဲရှိမည်။ တစ်ကိုယ်လုံးဖွေးဖြူကာ စွပ်ကျယ်ညစ်ထပ်ထပ်ကလေးကို ဝတ်ထား၏။

သူက လက်ထဲကမြွေကို မြွေတွေကြားထဲ ပစ်ချကာ မတ်တပ်ရပ်ပြီး ကားကိုမျက်စိပြူးပြူးလေးနှင့် ကြည့်၏။

ကားပေါ်မှ လူကြီးနှစ်ယောက်မှာ မှင်သက်မိသလို ငေးကြည့်နေကြသည်။ နောက်ထပ်စကားလုံးတွေ မသွန်ထုတ်မိ။

ကလေးက ကားရှေ့သို့ လာရပ်၏။

ပြီး နှုတ်မှတစ်ခုခုကို ပြောနေ၏။

သည်တော့မှ လင်မယားနှစ်ယောက် သတိရလာ၏။

"ကိုမောင်ရေ ... ပြဿနာပဲ ... မြွေတွေ ... "

✷ စောနာစာပေ ✷



"ထူးဆန်းလိုက်တာကွာ ... တစ်ခါမှ ဒီလမ်းမှာ မကြုံဖူးဘူး

ဟင် ... ဟိုမှာလည်း ကလေးတစ်ယောက်ပါလား ... "

သူတို့ပြောနေကြစဉ် စွပ်ကျယ်ဝတ်ထားသော ကလေးငယ်က သူတို့ကားနားကပ်လာ၏။ ယောကျ်ားလေး မဟုတ်။ မိန်းကလေးပဲထင်၏။

မည်းနက်သော ဆံပင်များက ကလေး၏ပခုံးစွန်းတိုင်အောင် ရှည်လျားစွာကျကာ မျက်နှာတစ်ဝက် ဖုံးအုပ်နေသည်။

အင်မတန် လှပချစ်စရာကောင်းသည်။

သူသည် ကားပြင်မှနေကာ ကားအတွင်းရှိ လူနှစ်ယောက်ကို အင်းအင်းအဲအဲအသံတွေနှင့် ပြောနေသည်။

မျက်နှာကလေးက ငိုမဲ့မဲ့။

လမ်းပေါ်တွင် လူသူမရှိဘဲ မြွေတွေနှင့် တွေ့ရသော ထိုကလေးကို ထူးဆန်းသည်လို့ပဲ ဦးနန္ဒာမောင် သတ်မှတ်၏။

"သူ ဘာတွေပြောနေတာလဲ ထိုက် ... "

"မသိဘူး ... သူ့စကားတွေက စကားလုံးတွေ မဟုတ်ဘူး ကြည့်ရတာ 'အ'နေတယ်နဲ့တူတယ် ကိုမောင် ... "

ကလေးအသွင်မှာ သူတို့ကို အားကိုးနေသည့် အသွင်။

မြွေတွေမှာ အံ့သြဖွယ်ရာ တဖြည်းဖြည်းရှဲသွား၏။ ဓမ်းကြီးမြွေမှအစ ကျန်မြွေတွေအားလုံး လမ်းဘေးကို ဆင်းသွားကြသည်။

✷ စောနာစာပေ ✷

www.burmeseclassic.com

www.burmeseclassic.com



ကားအနီးတွင်ရှိသော ကလေးက မသွားပါ။

"ဟဲ့ ... ကလေး မင်းဘယ်ကလဲ ... မင်း ဒီမှာဘာလာလုပ်နေတာလဲ ..."

ထိုက်က မေးသည်။

ကလေးငယ်က လမ်းနှင့်ဝေးသော တောင်တွေဘက် လက်ညှိုးထိုးပြ၏။ ထို့မှအပ စကားမပြောတော့။

"သူ့မိဘတွေနဲ့ ကွဲနေတယ်နဲ့ တူပါတယ် ... မိန်းကလေးကွ ချစ်စရာလေး ..."

ဦးနန္ဒာမောင်က ဆိုသည်။

မြွေတွေက လရောင်အောက်မှာမရှိတော့ဘဲ ရှင်းလင်းသွားသဖြင့် ဦးနန္ဒာမောင်က ရဲတင်းစွာ တံခါးကိုဖွင့်ကာဆင်း၏။

ကလေးရပ်နေရာမှာ သူ့ဘက်မှ ဖြစ်သည်။

"ကိုမှောင် သတိထား ... ဘာလို့ဆင်းတာလဲ ..."

"မြွေတွေ မရှိတော့ပါဘူး ... မြွေကြားထဲမှာတွေ့တဲ့ကလေးက သိပ်အံ့ဩဖို့ ကောင်းတာ ..."

"သွေးရိုးသားရိုးမှ ဟုတ်ပါ့မလား ... ကိုမောင်ရယ်"

ပြောပြီး ဒေါ်နှင်းနှင်းထိုက်မှာ ကြက်သီးထသွားဟန်နှင့် ကိုယ်ကလေး တွန့်သွားသည်။

ကလေးငယ်က သူတို့လင်မယားနှစ်ယောက်ကို တစ်လှည့်စီကြည့်သည်။ ငိုချတော့မလို မျက်နှာလေးမဲ့လာ၏။

✱ စောနာစာပေ ✱



သူ၏မျက်လုံးကလေးများသည် မျက်လုံးအိမ်လှသလို မျက်ဝန်းလှ၏။

မျက်စိက မည်းနက်ကာ တောက်ပြောင်နေသည်။

တစ်ဦးဦးကို ညှို့ငင်ဖမ်းထားသလိုပဲ ထင်ရ၏။

ကလေးငယ်ကို သေသေချာချာစိုက်ကြည့်မိသူ ဒေါ်နှင်းနှင်းထိုက်က အသံကျယ်ကျယ်နှင့် အော်မိ၏။ အော်လိုက်သော အသံက ဟယ်ဆိုသည့် အသံ။

"ထိုက် ... ထိုက် ... ဘာဖြစ်သွားသလဲ ..."

ဦးနန္ဒာမောင်က မြူးမြူးပြာပြာ။

"ကိုမောင် ... ကိုမောင် ... သူ့ကိုကြည့်စမ်း ... သူဟာ ထိုက်အိပ်မက်မက်ခဲ့တဲ့ ကလေးပဲ ကိုမောင် ..."

"ဟာကွာ ... ထိုက်ကလည်းကွာ ..."

"ဟုတ်တယ် ... ကိုမောင်ရဲ့ ... ဒီကလေးလေးပဲ ... ထိုက်မှတ်မိပါတယ် ... အိပ်မက်ထဲကကလေးနဲ့တစ်ထေရာတည်းပဲ ..."

သည်တော့ ဦးနန္ဒာမောင်က ခေါင်းခါသည်။ ကလေးကို လရောင်အောက်တွင် ကြည့်၏။ နှုတ်မှအသံထွက်သွား၏။

"မိန်းကလေးမှမဟုတ်ဘဲ ... ယောကျ်ားလေးပဲ ဒွန့်မှာကိုယ်ပိုင်ပစ္စည်းရတာနာ ရှေ့ပြွန်လေးပါတယ်ကွ ... ဟဲ ... ဟဲ"

သူ၏ဟဲသံသည် သဘောကျလို့ ဟဲသံလား ...။

✱ စောနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးဆိုကတည်းက သူတို့နှစ်ယောက်အတွက် စိတ်ဝင်စားစရာဖြစ်လာ၏။

နှစ်ယောက်လုံးက ကလေးငယ်ကိုမေးသော်လည်း သုံးနှစ်သို့မဟုတ် လေးနှစ်သားသာရှိသေးသည့် သည်ကလေးငယ်မှာ စကားကို ရေရေရာရာမပြောတတ်သေးသည့်အပြင် ဆွံ့အနေသလို ဖြစ်နေသဖြင့် ဦးနန္ဒာမောင်တို့မှာ အခက်ကြုံနေ၏။

အခက်ကြုံသည်ဆိုတာက ထားပစ်ခဲ့ရကောင်းနိုးနိုး၊ ခေါ်သွားရကောင်းနိုးနိုးဖြစ်နေသော အခက်။

ကလေးမှာ လူသူဝေးသည့်လမ်းဘေးမှာမိဘရှိသည် မဟုတ်။ ဘယ်အရပ် ဘယ်ဒေသကမှန်းမသိ။

ထို့ပြင်ထူးဆန်းတာက မြွေတွေကြားထဲမှာ တွေ့နေရသည့် ကလေး။

ထူးခြားတာက အဲသည့်ကလေး၏ ရုပ်ရည်ပင်။

လှပချစ်စရာကောင်းသော ရုပ်ရည်ကြောင့် လင်မယားနှစ်ယောက်လုံး ကလေးကိုလျစ်လျူမရှုနိုင်ခဲ့။

ပိုဆိုးတာက ဒေါ်နှင်းနှင်းထိုက်။

သူမ၏အိပ်မက်ထဲတွင် ကလေးငယ်ကိုတွေ့ကာ အစွဲအလမ်းဖြစ်နေစဉ် အဲသည့်ကလေးငယ်ကိုတွေ့သောအခါ အိပ်မက်ထဲက ကလေးပင်ဖြစ်နေသည်ဟု ပြောနေ၏။

နဂိုကတည်းက ကလေးချစ်တတ်သူမို့ လင်ရောမယားပါ ထိုမြွေကြားထဲမှာတွေ့ရသော ကလေးကိုပစ်ထားနိုင်





သော နှလုံးသားမရှိကြတော့တာမို့ ယင်းကလေးကိုပင် သူတို့နှင့်အတူ ခေါ်ယူသွားရန် ဆုံးဖြတ်လိုက်ကြသည်။

"ခေါ်ခဲ့ကွာ ... တို့မှာလည်း သားသမီးမရှိဘူး ... ပထမရဲကို အကြောင်းကြားမယ် ... ဒုတိယ သတင်းစာထဲက အသိပေးခေါ်မယ် ... ခုနစ်ရက်အတွင်း ကလေးပိုင်ရှင်မပေါ်ရင် သူ့ကို တို့က တို့နဲ့ထိုက်လို့ အမွေစား အမွေခံမွေးစားလိုက်မယ် ..."

သည်လိုနှင့် ဘာမညီ ညာမသိ ကလေးကိုခေါ်လာခဲ့ကြ၏။ ကလေးကလည်း မငြင်းပါ။ လိုက်လာခဲ့ရှာသည်။

သူတို့ပြောသလိုပင် ဆောင်ရွက်ကြ၏။

မြို့ကိုရောက်သောအခါ ရဲစခန်းကိုဝင် အကြောင်းကြားသည်။ သူတို့၏လိပ်စာကို ပေးခဲ့သည်။

သတင်းစာထဲမှာပင် ကလေးဓာတ်ပုံနှင့်တကွ ကလေးကိုတွေ့ရှိကြောင်း၊ မိဘသို့မဟုတ် သက်ဆိုင်ရာအုပ်ထိန်းသူတွေက လာရောက်ခေါ်ငင်နိုင်ကြောင်း ထည့်သည်။

ရဲက ပြန်အကြောင်းကြားသည်။ ကလေးမိဘများဆီ စုံစမ်းသော်လည်း မတွေ့ရကြောင်းပင်ဖြစ်သည်။

သတင်းစာထဲကထည့်သော်လည်း ဘယ်သူကမှ ကလေးနှင့်သက်ဆိုင်သည်ဟု လာမပြောကြ။

ဒေါ်နှင်းနှင်းထိုက်မှာတော့ ရင်တထိတ်ထိတ်။

သူမက ကလေးငယ်ကို သူမ၏သားကလေးလို



www.burmeseclassic.com

www.burmeseclassic.com



တွယ်တာနေပြီဖြစ်ရာ တစ်ဦးဦးက ကလေး၏မိဘသို့မဟုတ် အုပ်ထိန်းသူဟုပြောပြီး လာခေါ်မှာကိုပဲ စိုးရိမ်နေသည်။

"ထိုက်ရာ ... မင်းက အိမ်မှုကိစ္စလည်း မလုပ် ... ကိုယ့်လင်ကိုတောင် မပြုစုတတ်တာ ဒီကလေးကိုကော ဘယ်လိုပြုစုမှာလဲ ..."

"ကိုမောင်ရာ ... ဒီကလေးဟာ ထိုက်တို့နဲ့တွေ့လို့ရတာပဲ တတ်နိုင်သလောက်တော့ ကလေးအတွက် လုပ်ပေးရမှာပေါ့ ... ဖြစ်နိုင်ရင် ကလေးထိန်းတစ်ယောက် ငှားရမယ် ကလေးက လသားကလေးမှ မဟုတ်ဘဲ ... ထိန်းရတာလွယ်မှာပါ ..."

ဦးနန္ဒာမောင်၏အပြောကို ဒေါ်နှင်းနှင်းထိုက်က ပြန်ပြောသည်။

သားသမီးလိုချင်သော ဦးနန္ဒာမောင်က မကန့်ကွက်ပါ။

တစ်လနီးပါးလောက်စောင့်လိုက်သော်လည်း ကလေးနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာအကြောင်းမထူးတာမို့ ဦးနန္ဒာမောင်တို့လင်မယားက ရှေ့နေတစ်ယောက်နှင့် တိုင်ပင်ကာ လူကြီးများရှေ့တွင်ပင် ကလေးကို အမွေစားအမွေခံစွန့်ချုပ်ကာ သားတစ်ယောက်အဖြစ် အသိအမှတ်ပြု၍ မွေးစားလိုက်၏။

အဲသည့် မွေးစားသည့်နေ့က စနေနေ့။

ပြီးတော့ မြွေတွေနှင့် တွေ့ခဲ့ရတာကြောင့် မြွေကို





စနေနံအဖြစ် သတ်မှတ်ကာ ကလေးကို ထွန်းကားအောင် 'စနေထွန်း' လို့ပဲ အမည်ပေးလိုက်၏။

နောက်တစ်နေ့တွင် ဘုန်းကြီးတွေကို မွေးစားသည့်မွေးရက်ဟု သတ်မှတ်ပြီး ဆွမ်းပင့်ကျွေး၏။ လူတချို့ကိုလည်း ဖိတ်သည်။

စနေထွန်းကို ရတာ ရတနာထုပ်ကြီးကောက်ရသလိုပဲ သူတို့လင်မယား ထင်မှတ်ကြသည်။

ဆွမ်းလာစားသည့် ဘုန်းတော်ကြီးများထဲမှ ဆွမ်းဘုဉ်းပေးပြီး ဆရာတော်ကြီးက ကလေးကိုအင်္ဂါရုပ်ကြည့်သည်။ မိဘကို အကျိုးပေးမည့်ကလေး၊ အနုပညာနှင့် ပတ်သက်၍ ထွန်းကားမည့် ကလေးဟုဆို၏။

စနေထွန်းသည် တည်ငြိမ်၏။ နှုတ်မှစကားမပြောသော်လည်း အကင်းပါးသည်။ အငိုအပြု မရှိ။

သူပြုံးရယ်လိုက်လျှင် ချစ်စရာပိုကောင်း၏။

စနေကို မချစ်သည့်လူမရှိ။

ထူးဆန်းတာက စနေ့အတွက် မွေးသည့်ရက်သတ်မှတ်ပြီး ဆွမ်းကျွေးသည့်ညက မြွေတွန်သံတွေ ကြားရသည်။ ဘယ်အချိန်က တွန်သည်လို့ မသိရ။

မြွေလည်း မမြင်မတွေ့ရ။

စနေသည်ပင် အဲသည့်အသံတွေကြားတော့ မြူးထူးစွာ သူ့ပါးစပ်မှ အသံပြန်ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားမပြောတတ်သော်လည်း မြွေတွန်သံထွက်လာ၏။

ဦးနန္ဒာမောင်ရေ ဒေါ်နှင်းနှင်းထိုက်ပါ လန့်ခုန်မိကြ၏။ ဒါကို သူကလေးက ကြည့်ပြီး တခစ်ခစ်ရယ်မောတတ်၏။

မြွေတွန်သံတွေက ခဏလေးပဲ။

ပျောက်သွားသည်။

"ဒီကလေးဟာ ထူးခြားတဲ့ကလေးပဲ ... မြွေမျိုးမြွေနွယ်က လာတာဖြစ်ရင်ဖြစ် ... ဒါမှမဟုတ် မြွေတွေနဲ့ ပတ်သက်တဲ့ သူဖြစ်ရမယ် ... "

ဦးနန္ဒာမောင်က သူ့ဇနီးရှေ့တွင် မှတ်ချက်ချ၏။

စနေသည် သူတို့သားဖြစ်လာသည်။ အကျိုးပေးတာလည်း စလာသည်။

မွေးစားပြီး နှစ်ရက်အကြာတွင် မန္တလေးမှ ဦးကောင်းရ ပေါက်ချလာသည်။ ဦးနန္ဒာမောင်တို့ဆီမှ ချေးယူထားသော သိန်းသုံးရာနှင့် ၄င်းအတွက် အတိုးငွေတွေကိုပါ လာပေး၏။

ဆုံးပြီဟုထင်ထားသော ငွေပြန်ရသဖြင့် လင်မယား နှစ်ယောက်လုံး ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အတိုးငွေတောင် မယူကြတော့ပေ။

ဦးကောင်းရက သူကျောက်တစ်လုံးရသဖြင့် နိုင်ငံခြားနှင့် ဆက်သွယ်ပြီး တရားဝင်ရောင်းချရာ သိန်းခုနစ်ရာနှင့် ညီမျှ





သော ဒေါ်လာငွေတွေရရှိကြောင်း၊ ဒါကြောင့် ယခု ဦးနန္ဒာမောင်တို့ငွေကို လာဆပ်ကြောင်း ပြောပြ၏။

စနေထွန်းကိုလည်း တွေ့သွား၏။

စနေကိုချစ်သဖြင့် မုန့်ဖိုးငွေတစ်သောင်းပေးသွားသည်။ ဦးကောင်းရက သူ့တွင် စနေနှင့်ရွယ်တူသမီးလေး အိမ့်မှူးသိင်္ဂီလှိုင်ရှိနေသဖြင့် တစ်နေ့တွင် စနေနှင့်ကစားရအောင် ခေါ်လာဦးမည်ဖြစ်ကြောင်း ပြောသည်။

ဦးကောင်းရပြန်သွားသည်။ နောက်တစ်နေ့တွင် ဝမ်းသာစရာ ကြုံလာ၏။

ရန်ကုန်မှ အသိမိတ်ဆွေတစ်ယောက်က ဦးနန္ဒာမောင် လျှောက်ထားသော ကုမ္ပဏီလိုင်စင်ရပြီဖြစ်ကြောင်း တယ်လီဖုန်းနှင့် အကြောင်းကြားလာ၏။

လင်မယားနှစ်ယောက်စလုံး ဝမ်းသာကြ၏။

"ကိုယ် ရန်ကုန်ကို အရင်ဆုံးသွားမယ် ထိုက် ... ကုမ္ပဏီကိစ္စလည်း နေသားကျ အလုပ်ကိစ္စလည်း သင့်မြတ် ... နေဖို့ အိမ်ရပြီဆိုရင် ... ထိုက်တို့သားအမိဆီ အကြောင်းကြားလိုက်မယ် ... "

ဦးနန္ဒာမောင်၏ အားတက်သရော ပြောကြားချက်။

ပြီးတော့ သားကလေးဘက်လှည့်လိုက်၏။ စနေသည် သူ့ကိုထိန်းသော ကလေးထိန်းမိန်းကလေးနှင့်အတူ မြွေရုပ်တွေနှင့် ကစားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သွား … သားလေး နေခဲ့ဦးနော် … ဖေဖေ ရန်ကုန်ကိုသွားပြီး သားကလေးနဲ့ သားမေမေအတွက် စီးပွားသွားရှာလိုက်ဦးမယ် … သားကိုတော့ ဖေကြီးလွမ်းနေမှာပဲ … "

ပြောပြီး စနေကို ကောက်ချီကာ နမ်းသည်။

စနေက ရယ်မောနေသည်။ နှုတ်က မပြော။

"ကလေးက စကားမပြောဘူး ကိုမောင် … ဘာလုပ်ရင်ကောင်းမလဲဟင် … "

"ဒီမြို့မှာတော့ ဆရာကောင်းမရှိဘူး … ရန်ကုန်ရောက်မှ အထူးကုဆရာဝန်နဲ့ ပြကြည့်တာပေါ့ကွာ … "





# ဇာတ်လမ်းစဉ် (၂)

အင်မတန် ဝမ်းနည်းကြေကွဲစရာကောင်းသော သတင်းတစ်ရပ်ဖြစ်သည်။

ထိုသတင်းကို စနေ ဦးနန္ဒာမောင်အိမ်သို့ရောက်ပြီး တစ်နှစ်ကျော်အကြာမှာ ကြားလာရ၏။

ဖြစ်ရပ်ကလည်း ကြေကွဲဖွယ်ကောင်း၏။

ဦးကောင်းရှုနှင့် သူ့ဇနီးဒေါ်မြင့်မြင့်ကြည်တို့မန္တလေးမှ မိုးကုတ်အတက်မှာ ကားမှောက်ရင်း သေရသတဲ့။

အဲသည့်သတင်းကို ဒေါ်နှင်းနှင်းထိုက်ကြားတော့ ရုတ်တရက် မယုံနိုင်။

ရန်ကုန်ရှိ ဦးနန္ဒာမောင်ကို တယ်လီဖုန်းနှင့် ပြော၏။

ဦးနန္ဒာမောင်က သွင်းကုန်ထုတ်ကုန်လုပ်ငန်းနှင့် ကုမ္ပဏီက တွင်ကျယ်နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနန္ဒာမောင်က သူလာမည့်အကြောင်း ... စိတ်မကောင်းစွာပင် ဒေါ်နှင်းနှင်းထိုက်ကို ပြန်ပြော၍ မြို့သို့ပြန်လာ၏။

ရှိရင်းစွဲမြို့မှပင် ကားနှင့် လင်မယားနှစ်ယောက်က စနေထွန်းကိုခေါ်ကာ မန္တလေးသို့ ဆင်းကြသည်။

မန္တလေး အောင်မြေသာဇံရပ်တွင် ဦးကောင်းရတို့ နေထိုင်ကြ၏။

သားအမိသုံးယောက်ပဲ နေတာသိ၏။

သမီးလေးအိမ့်မှူးသိင်္ဂါလှိုင်က အိမ်မှာပဲ အနိုင်းအစေတွေနှင့် ကျန်ရစ်ခဲ့၏။ သူမမှာ မူကြိုတွင် စတင်နေပြီဖြစ်သည်။

စနေထွန်းလည်း မူကြိုမှာ။

ယခုနှစ်ကုန်လျှင် စနေရော အိမ့်မှူးပါ မူလတန်းကျောင်းသို့ တက်ရောက်ကြရပေတော့မည်။

အဖေအမေသေသည်ကို ငယ်ပင်ငယ်သော်လည်း အိမ့်မှူးက နားလည်သည်။ ငိုရှာသည်။ အဖေသေပြီ၊ အမေသေပြီ ပြန်မလာတော့ဟု ဦးနန္ဒာမောင်တို့ကို ငိုရှိုက်ရင်း ပြောရှာ၏။

ဦးနန္ဒာမောင်တို့ပင် စိတ်မကောင်းဘဲ မျက်ရည်ဝဲမိကြသည်။

"မငိုပါနဲ့ သမီးရယ် ... ဦးဦးတို့ အန်တီတို့ရှိပါတယ် ... သမီးလေးကို သမီးရဲ့ဖေဖေနဲ့ မေမေမခြား ဦးဦးတို့ စောင့်ရှောက်ပါ့မယ် ..."





"ဟုတ်တယ် သမီး ... အန်တီတို့ရှိတယ် ... သမီးလေးကို အန်တီတို့ဆက်မွေးမယ် ..."

သားကလေးတစ်ယောက်တော့ ရခဲ့ပြီ။

ဘက်ညီဖို့ သမီးလေးတစ်ယောက်လိုသည်။

စနေထွန်းကတော့ သူနှင့် သုံးလေးခါ တွေ့ခဲ့ပြီး ကစားခဲ့ဖူးသူ၊ ခင်မင်သူ အိမ့်မှူးကို ကြင်နာမှု၊ သနားမှုမျက်နှာလေးနှင့် ငေးကြည့်နေမိသည်။

နှုတ်ကတော့ မပြောပါ။

သည့်ကနေ့အထိ စနေစကားမပြောပါ။

မူကြိုထားတာတောင် မူကြိုဆရာမတွေက စိတ်ညစ်ကြရသည်။

စနေထွန်း စကားမပြောသော်လည်း အသိစိတ်ရှိသည်။ အကင်းပါးသည်။ ဆရာမတွေ၏ အလိုကျဖြစ်အောင် စာကို နှုတ်ကမဆိုသော်လည်း လှပသောလက်ရေးနှင့် ရေးပြနိုင်စွမ်းရှိ၏။

ဒါကြောင့် ဆရာမတွေက စနေထွန်းစကားမပြောလို့ စိတ်ညစ်စေကာမူ သူ့ကိုချစ်ကြသည်။

ယခုလည်း လူတွေငိုကြ၊ မျက်နှာမကောင်းကြနှင့် ဦးကောင်းရတို့ သေဆုံးတာကို ပြောဆိုကြတော့ သေခြင်းတရားကို မသိသော်လည်း သေပြီဆိုသည့်အဓိပ္ပါယ်ကို သိသည်။

အိမ်တွင်အုပ်ချုပ်မှုကို လုပ်ရသော ဒေါ်အေးတင်က အဖြစ်အပျက်ကို ပြောပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းရတွင် သွေးတိုးရှိသည်။ သွေးတိုးရှိလို့ ကားမောင်းစဉ် သွေးတိုးပြီး ခေါင်းမူးလာပုံရ၏။ ဒါကြောင့် ကားကို မထိန်းနိုင်ဘဲ လမ်းဘေးက ချောက်ထဲကျသေဟန်တူကြောင်း ပြော၏။

သူသေတော့ သူ့ဘေးမှာ လိုက်ပါလာသည့် ဒေါ်မြင့်မြင့်ကြည်ပါ လိုက်ပါသေဆုံးသွားခဲ့သည်။

အလောင်းကို စစ်ဆေးသောဆရာဝန်ကလည်း ထိုကဲ့သို့ပင် မှတ်ချက်ချသည်။

ဦးကောင်းရတို့လင်မယားမရှိတော့ အိမ့်မှူးအတွက် အုပ်ထိန်းသူလိုလာသည်။

ဆွေမျိုးတွေတော့ ရှိကြပါ၏။ ဒါပေမဲ့ ဆွေမျိုးတွေက ဦးကောင်းရတို့လို စီးပွားရေးတောင့်တင်းသည်မဟုတ်။

သည့်ခေတ်က ပါးစပ်တစ်ခုကို လုပ်ကျွေးဖို့ဆိုတာ ငယ်စဉ်က ကိစ္စမရှိသော်လည်း ကြီးလာသောအခါ ပါးစပ်သေးသလောက် ဝမ်းဗိုက်က ကျယ်ပြန့်စွာ သွတ်တတ်သည်ကို သိသလို အခက်အခဲလည်း ရှိနိုင်မည်ကို သိကြတာကြောင့် အိမ့်မှူးကို ဆွေမျိုးတွေက လက်ခံလိုစိတ်မရှိပါ။

ကလေးတစ်ယောက်၏ စားဝတ်နေရေး၊ ပညာသင်ကြားရေးတာဝန်က ကြီးမား၏။

ရေတိတ်ဆဲ ရေသန့်ဘူးရောင်းဆိုင်နှင့် တွေ့သူက ဦးနန္ဒမောင်တို့ လင်မယား။





သမီးလေးတစ်ယောက် လိုနေတာရယ်၊ မိတ်ဆွေကောင်းတို့၏ ဝတ္တရားရှိရမှာရယ်ကြောင့် အိမ့်မှူးကို ခေါ်ယူမွေးစားလိုက်ခြင်းဖြင့် ပွဲပြီးလိုက်သည်။

အားလုံးကလည်း ကြည်ဖြူသည်။

သည်သို့နှယ် အိမ့်မှူးသည် ဦးနန္ဒမောင်တို့၏ အမွေစားအမွေခံသမီးဖြစ်လာသည်။

မိဘပြောင်းသွားပြီ။

မိဘအရင်းမှ မွေးစားသည့် မိဘတွေ။

အိမ့်မှူးမှာ ဦးနန္ဒမောင်တို့နှင့် နဂိုက ရင်းနှီးခဲ့တာမို့ သူမအဖို့ မခက်ခဲပါ။

စနေကိုလည်း ခင်မင်၏။

မျက်ဝန်းလှလှ၊ အသားညိုညက်ညက်ကလေးနှင့် နှာတံ၊ ပါးစပ်လှသော အိမ့်မှူးသည် ငယ်စဉ်ကတည်းက လှပချစ်စရာကောင်းသူဖြစ်သည်။

ဒါပေမဲ့ တစ်ခါတစ်ရံ စွတ်လုပ်တတ်သော ဉာဉ်ရှိသည်။

ဦးနန္ဒမောင် ရန်ကုန်သို့ပြန်သွားပြီး မကြာမီ ဒေါ်နှင်းနှင်းထိုက်တို့အား ရန်ကုန်သို့ပြောင်းလာကြရန် ခေါ်သည်။

ဒေါ်နှင်းနှင်းထိုက်တို့ ရန်ကုန်ကို ပြောင်းလာကြသည်။ ရွှေတိဂုံဘုရားလမ်းနှင့် ယောမင်းကြီးလမ်းထောင့်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ထားသော တာဝါအိမ်ရာတစ်ခု၏ အခန်းကြီးတစ်ခန်းမှာ နေကြ၏။

အဲသည် တာဝါအဆောက်အအုံတွင် လူချမ်းသာများ၊ နိုင်ငံခြားဧည့်သည်များ၊ ရာထူးရာခံရှိသူတွေ နေကြ၏။ တာဝါမှာ ကြီးမားသဖြင့် အောက်ဘက်မြေအောက်ခန်းတွင် ကိုယ့်ကားကိုယ်ထားလို့ရ၏။

စနေထွန်း သူတို့ဆီရောက်လာပြီးမှ အကျိုးပေးဆိုရမည်။

ကုမ္ပဏီမှာ နေ့ချင်းညချင်း ကြီးပွားလာသည်။

စီးပွားရေးက ကောင်းကင်ယံတွင် မိုးအခါမှာ မိုးသားတွေ တက်သလို တရိပ်ရိပ်တက်လာသည်။

သည်အထဲ မင်္ဂလာစုံတွဲသိန်းထီမှ အမြင့်ဆုံးသောသိန်းပေါင်းများစွာ ဆုကြီးတစ်ဆုကိုလည်း ဆွတ်ခူးလိုက်သေး၏။

ဒါတွေက စနေထွန်းကြောင့်လို့ သူတို့ယုံကြည်သည်။

စနေစကားပြောရာမှ ဆွံ့အသလိုဖြစ်နေရာတွေ့မြင်သူတွေက သည်ကလေး ရုပ်ကလေးလှသလောက် ကုသိုလ်ကံမကောင်းဟု မှတ်ချက်ချသည်။

ဦးနန္ဒမောင်တို့လင်မယားက စနေကိုကောင်းမွေ့တော်မွေ့ဆိုသည့် ဆရာဝန်များနှင့် ပြ၏။ ရောဂါကုသည့် ဆရာဝန်၊ စိတ်အထူးကု ဆရာဝန်၊ ဦးနှောက်နှင့် အာရုံကြောဆရာဝန်တွေပါ၏။





သူတို့ စစ်ဆေး၏။

သူတို့၏တစ်ညီတစ်ညာတည်း မှတ်ချက်က စနေသည် ချွတ်ယွင်းချက်မရှိအောင် စိတ်ရော ခန္ဓာကိုယ်ပါ ကောင်းပါသည်ဆိုသော မှတ်ချက်ဖြစ်သည်။

ဒါဆိုလျှင် စနေ ဘာကြောင့် စကားမပြောသလဲ။

ပြောလျှင်လည်း အီးအီးအအနှင့်ပဲ အသံထွက်၏။

စနေ့အသက် ငါးနှစ်လို့ ခန့်မှန်း၏။

ကျောင်းထားရမည်။

အိမ့်မှူးအတွက်က လွယ်သည်။

စကားပြောတတ်သူတစ်ယောက်အတွက် စာသင်ကြားရေး မခက်သော်လည်း စနေလို ဝိဝါဒကွဲပြားအောင် မပြောတတ်သူအတွက် စိတ်ညစ်ညူးစရာဖြစ်၏။

ဦးနန္ဒမောင်ရော ဒေါ်နှင်းနှင်းထိုက်ပါ လက်လျှော့လိုက်သည်။ ပြောချိန်တန် ပြောမှာပေါ့လေ။

ဒါပေမဲ့ တစ်နေ့မှာပေါ့လေ။

တာဝါအဆောက်အအုံမှ သဃ်န်းကျွန်းတွင် ခြံနှင့်တိုက်ရှိရာကို သူတို့ပြောင်းရွှေ့၍ တစ်လကြာပြီးသည့် နေ့တစ်နေ့။

ခြံထဲမှာ စနေနှင့် အိမ့်မှူး စက်ဘီးလှည့်ပတ်စီးကြသည်။ ကလေးစီး စက်ဘီးတစ်ယောက်တစ်စီးစီ ပေးထား၏။

ဦးနန္ဒမောင်က ဒရင်းဘက်တစ်လုံးပေါ်မှာ ထိုင်ကာ စာဖတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သည်ကနေ့က တနင်္ဂနွေနေ့။

တနင်္ဂနွေဆိုလျှင် ဦးနန္ဒမောင်က သူကော သူ့ကုမ္ပဏီဝန်ထမ်းအတွက်ပါ ရက်အားဆိုပြီး ပိတ်ပေးသည်။

ဒါကြောင့် သည်ကနေ့တွင် မနက်ပိုင်းအလည်အပတ်မရှိသဖြင့် စာဖတ်နေခြင်းဖြစ်၏။

ကလေးနှစ်ယောက် စက်ဘီးစီးရာတွင် အိမ့်မှူးလေး၏ ပျော်ရွှင်ရယ်မောသံကလေးများ၊ ကြွက်ကြွက်ညံစကားပြောနေသံကလေးကိုပဲ ကြားနေရ၏။

သက်တူရွယ်တူချင်းဖြစ်ပေမဲ့ သူမက စနေထွန်းအပေါ် တစ်ခါတစ်ရံ ဆရာလုပ်တတ်၏။

သူမ၏ အသံကို ဦးနန္ဒမောင်က ကြားနေရ၏။ သည်အချိန်တွင် ဒေါ်နှင်းနှင်းထိုက်မှာ ဈေးချိုးပြီးစီးလို့ အိပ်ခန်းထဲ အဝတ်လဲနေချိန်ဖြစ်၏။

ကလေးနှစ်ယောက် စက်ဘီးစီးတာ ရပ်သွား၏။

သူတို့ဘာလုပ်နေသလဲလို့ ဦးနန္ဒမောင် မစဉ်းစားမိ။

မကြာပါ။ အိမ့်မှူး၏စူးစူးကလေးနှင့် လန့်ဖျန့်အော်လိုက်သံ။

ပြီးတော့ မရှေးမနှောင်း။

"အဖေရေ ... အမေရေ ..."

အော်ဟစ်လိုက်သံကလေးတစ်ခု။

လက်ထဲမှ မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဦးနန္ဒမောင်က နီးရာစားပွဲပေါ် ချလိုက်သည်။ ရင်ထဲမှာ ထိတ်ခနဲခံစားမှုနှင့်အတူ သူက အသံလာရာသို့ ပြေးသည်။

ခြံမှာကျယ်ပြောလှသည် မဟုတ်။

မာလကာပင်တစ်ပင်အောက်တွင် အိမ့်မှူးလဲနေသည်။ အိမ့်မှူးကို စနေထွန်းက ပွေ့ထား၏။

"အား ... နာတယ် နာတယ် ..."

အိမ့်မှူးက အော်နေ၏။ မျက်နှာကလေးကလည်း ရှုံ့မဲ့နေသည်။ မျက်ရည်တွေလည်း ကျနေ၏။

"သမီး ... သမီး ..."

ဦးနန္ဒမောင် ထိတ်ထိတ်ပျာပျာအသံပြုကာ အိမ့်မှူးကို ဝင်ပွေ့သည်။

"ဘာဖြစ်သလဲ ... ဟင် ... ဘာဖြစ်သလဲ ..."

"အား ... နာတယ် ... အဖေရာ နာတယ် အီးဟီး ..."

တင်းပါးအောက်ကို ကိုင်မိတော့မှ ကလေးငယ်က အသံထွက်အောင် အော်ရင်း နာကျင်မှုကို မခံနိုင်ဟန်နှင့် ငိုတော့သည်။

စနေက နှုတ်မှမပြောဘဲ ငိုင်တွေကြည့်နေ၏။

အနားတွင် လတ်လတ်ဆတ်ဆတ် ကျိုးကျနေသော မာလကာပင်ကိုင်းနှင့် မမှည့်တစ်မှည့် မာလကာသီးတွဲလောင်းကို တွေ့ရ၏။ ဦးနန္ဒမောင် ရိပ်မိသွားသည်။

မာလကာပင်ပေါ် အိမ့်မှူးတက်ရာမှ မာလကာ







www.burmeseclassic.com

www.burmeseclassic.com



ကိုင်းက ဆတ်တာမို့ ကိုင်းကျိုးကျသွားခြင်းဖြစ်မည်။

စနေကိုမေးလျှင် စနေပြန်ပြောနိုင်မည် မဟုတ်။ ဒါပေမဲ့ သူက လက်ဟန်ခြေဟန်နှင့် ပါးစပ်မှ အီးအီးအဲအဲမြည်ကာ မာလကာပင်ထက်ကို ပြလိုက်၊ အိမ်မှူးကို လက်ညှိုးထိုးပြလိုက်၊ ပြုတ်ကျသည့်ပုံသဏ္ဌာန်နှင့် ကျိုးကျနေသည့် မာလကာကိုင်းကို ပြလိုက်။

မာလကာပင်မှာ ရင့်ကာ မြေနှင့် ကိုးပေဆယ်ပေလောက်ကွာမည်။ လူကြီးတစ်ဦးပြုတ်ကျလျှင် ဘာမှဖြစ်မည်မဟုတ်သော်လည်း နုနယ်သောကလေးဆိုတော့ ခံရသည်။

အိမ်မှူးကို သျှင်ပါကူဆေးရုံသို့ အလျင်အမြန်သွားတင်ရသည်။ သည်တုန်းက ဒေါ်နှင်းနှင်းထိုက်မှာ မျက်ရည်လည်ရွဲနှင့် ဘာမှမလုပ်တတ်၊ မကိုင်တတ်။

ဦးနန္ဒမောင်မှာ တစ်စုံတစ်ခုကို တွေးနေသည်။ ဒေါ်နှင်းနှင်းထိုက်ကိုလည်း ပြောပြသည်။

"သမီးကလေး မာလကာပင်ပေါ်က ကျတုန်းက ကိုယ်က မဂ္ဂဇင်းဖတ်နေတယ် ... အဖေရေ အမေရေဆိုတဲ့ အသံကြားတယ် ... အသံက သမီးလေးအသံတော့ မဟုတ်ဘူးကွ ... မာတယ် ... ယောကျ်ားလေးအသံပဲ ... "

"ဟုတ်ပါ့မလား ကိုမောင်ရယ် ... "

"ဟုတ်တယ်ကွ ... ကိုယ်ကတော့ စနေထွန်းအသံပဲထင်တာပဲ ... "

✱ စေတနာစာပေ ✱



"ကိုမောင်ရယ် ... စနေထွန်းက စကားမှမပြောနိုင်ဘဲဟာ အိမ်မှူးများ ခေါ်လိုက်သလား မသိဘူး ... "

"မဖြစ်နိုင်ဘူး ... အိမ်မှူးဟာ ဒီအချိန်တုန်းက လိမ့်ကျလို့ နာပြီး ငိုနေတယ် ... "

"အိမ်မှူးကိုပဲ မေးကြည့်စမ်းပါဦး ... ခေါ်မိသလားလို့"

ဦးနန္ဒမောင်က ဆေးရုံတက်နေသော အိမ်မှူးအား အဖေရေ ... အမေရေဟု မာလကာပင်မှ ကျစဉ်က ခေါ်မိသလားဟု မေးသည်။

"သမီး သစ်ပင်ပေါ်ကကျတော့ မေ့သလိုလိုဖြစ်သွားတယ် ဘာကိုမှ သတိမရတော့ဘဲ မှောင်သွားတာပဲ ... နောက်မှ နာလွန်းအားကြီးလို့ အော်မိ ငိုမိတယ် ... ခေါ်မိတယ် ... မခေါ်မိဘူးဆိုတာတော့ သတိမထားမိဘူး ဘာဘရယ် ... "

ဦးကောင်းရ သက်ရှိထင်ရှားရှိစဉ်ကတည်းက အိမ်မှူးက ဦးနန္ဒမောင်ကို ဘာဘ၊ ဒေါ်နှင်းနှင်းထိုက်ကို ကြီးကြီးရယ်လို့ ခေါ်တာ ယခုပစ္စုပ္ပန်အထိပဲ။

"အိမ်မှူးက ဘာဘလို့ခေါ်မယ် ... ကြီးကြီးလို့ခေါ်မယ် ... အဖေ အမေလို့ ခေါ်စရာအကြောင်းမရှိဘူး ထိုက် ... "

"ရှင်မလည်းနော် ... ကိုမောင်ရယ် ဒါကိုပဲ အီရတ်ပြဿနာလို ရေးကြီးခွင်ကျယ်လုပ်နေတယ် ... "

"ငါကတော့ စနေထွန်းခေါ်လိုက်တယ်မဲ့ ထင်တယ်ကွ"

"စနေထွန်း စကားမှမပြောနိုင်တာ ... ရှင်မေးကြည့် ... "

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



"မေးကြည့်တော့ လက်နှစ်လုံးပဲ ရှိတာကွာ ..."

"ကိုမောင်ဟာလေ ... စကားကောင်းပြောလည်းနောက်နေတယ် ... စနေကို မေးကြည့်စမ်းပါ ... ကိုမောင် မမေးရင် ကျွန်မမေးမယ် ..."

သူတို့လင်မယားက စနေကိုခေါ်ပြီး မေးသည်။ စနေက တွေဝေစဉ်းစားနေ၏။ ပြီးတော့ ခေါင်းညိတ်ပြ၏။

လင်မယားနှစ်ယောက်လုံး ကြောင်သွားကြသည်။ ပြီးတော့မှ ပျာပျာသလဲ ဖြစ်လာကြ၏။

"သား ... အဖေရေ အမေရေလို့ ခေါ်တယ်ပေါ့ ..."

ဒေါ်နှင်းနှင်းထိုက် အမေးကို စနေက တွေဝေစဉ်းစားပြီးမှ ခေါင်းကို ထပ်မံညိတ်ပြ၏။

အို ... လင်မယားနှစ်ယောက်လုံး ဝမ်းသာလိုက်ကြတာလေ။

"ဟင် ... ပြောစမ်း သားလေး ... အဖေ အမေခေါ်တယ်ပေါ့ ... အစ အဖေရေ ... အမေရေလို့ ခေါ်လိုက်စမ်းပါ သားရယ် ..."

ကိုယ့်ရင်မှ မဟုတ်သော်လည်း ကိုယ်ရင်မှ ဝမ်းမှဖြစ်လာသော သားတစ်ယောက်နှယ် ဒေါ်နှင်းနှင်းထိုက်က စနေကို အားပေး၏။ တိုက်တွန်း၏။ ခေါ်ခိုင်း၏။

"ဟုတ်တယ် သား ခေါ်စမ်းကွာ ..."

ဦးနန္ဒမောင်က ဝမ်းသာအားရဆို၏။





"အယဲ ... အယား ... အာ ..."

အဖေ အမေရယ်လို့ ထွက်မလာ။ လည်ချောင်းထဲမှ နင်နေသော မပီမသအသံသာ ထွက်လာ၏။

တခြားကလေးတွေသည်လိုဖြစ်တာတွေ့လျှင် သူတို့လင်မယား ရယ်မိမည်။ ခုတော့ ဒေါ်နှင်းနှင်းထိုက် ငိုမိရှာသည်။ စနေက ကြောင်စီစီကလေး ကြည့်နေသည်။

ဦးနန္ဒမောင်ကတော့ ဒေါ်နှင်းနှင်းထိုက်လက်ကိုဆွဲ၍ ...

"မိန်းမ မလောနဲ့ကွာ ... သူ တစ်နေ့စကားပြောနိုင်မှာပါ တစ်နေ့က ခုလိုခေါ်တတ်ရင် နောက်စကားပြောလာနိုင်မှာပါပဲ ..."

"ကျွန်မတော့မသက်ာဘူး ကိုမောင်ရယ် ... သူ့မှာ ပယောဂ တစ်ခုခု ဝင်နေတယ်ထင်တာပဲ ... ပြီးတော့ သူ့ကိုတွေ့ရတာ မြွေကြားတွေထဲမှာ တွေ့ခဲ့ရတာပဲ ... ခုလည်း သူကစားရင် မြွေရုပ်တို့ မြွေကစားစရာတွေနဲ့ ဆော့တယ် ... မြွေဆိုလည်း ကြောက်ရမှန်းမသိဘူး ... ဗီဒီယိုတို့ ရုပ်ရှင်တို့ ကြည့်ရင်လည်း မြွေကားမှ ကြိုက်တယ် ... မြွေကြည့်ချင်လို့ တိရစ္ဆာန်ရုံကို မကြာခဏ ခေါ်သွားရတာလည်း အမောပဲ"

"မင်းက ဘာလုပ်ချင်သလဲ ထိုက် ..."

"ပယောဂဆရာနဲ့ ပြကြည့်ချင်တယ် ..."

"ပိုက်ဆံကုန်ပါတယ်ကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မကုန်ပါဘူး … သတ္တဝါတွေကို ကယ်နေပါတယ်ဆိုတဲ့ ပယောဂဆရာတစ်ယောက်တော့ ရှိထားတာ ထိုက်သိတယ် … သူ့ကို ပြကြည့်ချင်တာပဲ … "

"အေးလေ … မင်းသဘောပဲ … ပိုက်ဆံကုန်တယ်ဆိုတာကလည်း အလိမ်အညာနဲ့ မိမှာစိုးလို့ပါ … ငါ့သားလေး စနေထွန်းစကားပြောတတ်ရင် … ပိုက်ဆံကုန်တာ အဓိက မဟုတ်ပါဘူး … "

ဒေါ်နှင်းနှင်းထိုက်တွင် ကြားဖူးနား၀ ဆရာတွေရှိသည်တော့ မဟုတ်။

သူမတွေ့ဆုံဖူးသည့် ပယောဂဆရာဆိုတာက ပယောဂကုသူ မဟုတ်ပါ။

ဘုရားတရားအလုပ်ကို လုပ်ကိုင်ပြီး ဘုရားတည်၊ ကျောင်းဆောက်နေသော ပုဂ္ဂိုလ်ဖြစ်သည်။ သမထလုပ်ငန်းဖြင့် အောင်မြင်နေပြီး သူ၏သမထစိတ်စွမ်းအားနှင့် အစွဲရှိလာသူတွေကို ကုပေးနေ၏။

တခြား ဘိုးတော်၊ ဆရာဆိုသူတွေလို ချဲတွေ၊ နှစ်လုံးတွေ မပေးပါ။ သူ့ကိုကိုးကွယ်မှုလည်း မပြုပါ။

"လူဟာ ချမ်းသာချင်ရင် ရတနာသုံးပါးကို ဆည်းကပ်ရုံနဲ့ ပြီးတာမဟုတ်ဘူး … အဲဒီလူကိုယ်တိုင်က ဖြူစင်တဲ့စိတ်ဓာတ်ထားပြီး ဒါန … သီလ … ဘာဝနာ … အဲဒီသုံးခုကို မြဲရမယ် … လောဘစိတ် မထားရဘူး … ချဲတွေ နှစ်လုံး





တွေကို ပေးတဲ့ဆရာဆိုတာ လောကမှာရှိပေမဲ့ ချဲတွေ နှစ်လုံးတွေ ပေးနိုင်စွမ်းရှိတဲ့ ဆရာဟာ လောကမှာမရှိဘူး … ကြက်ကန်းဆန်အိုးတိုးသလို တစ်ခါတစ်လေ စွတ်မှန်သွားတာပဲရှိမယ် … မင်းတို့ ငါ့ကိုကိုးကွယ်ဖို့လည်း မလိုဘူး… ချဲတွေ … နှစ်လုံးတွေလည်း ပေးစရာမလိုဘူး … ဘုရားတရားလုပ်ချင်ရင် ငါ့ဆီလာ … လောကီအစွဲရှိရင် ငါ့ဆီလာ ငါကူညီနိုင်တာ ဒါပဲ … "

အဲဒါက သမထတရား၏စကားပင်ဖြစ်၏။

သူနေတာ ကြို့ကုန်းနှင့် မင်းမမှလမ်းကြားတွင် နေထိုင်ပြီး ရာသက်ပန်သက်သက်လွတ်စားသူဖြစ်၏။

သူ့ဆီသို့ စနေထွန်းအား ဒေါ်နှင်းနှင်းထိုက်က ခေါ်သွား၏။ သူပြောသရွေ့ကို အကြောင်းပြန်ကြား၏။

"ကိုမောင် … စနေကို ဆရာကြီးက စမ်းသပ်ကြည့်ရှုတယ် သူ့ကို ပယောဂလုပ်ထားတာ မဟုတ်ဘူးတဲ့ … ထိုက်တို့နဲ့ ပဋ္ဌာန်းဆက်ပါလို့ ထိုက်တို့ဆီ လာနေတာတဲ့ … သူက သိုက်ကလာတာတဲ့ … မြွေသိုက်လို့ပြောတယ် … ဘုရားပစ္စည်းတွေကို စောင့်နေရတဲ့ မြွေသိုက်ကတဲ့ ကိုမောင်ရဲ့ သူတို့ဟာ ပစ္စည်းဥစ္စာစွဲလမ်းလို့ ပြိတ္တာဘ၀နဲ့ မြွေဖြစ်နေကြရတာတဲ့ … စနေထွန်းလို့ နာမည်ပေးတာလည်း ကောင်းတယ်တဲ့ … ဒီကလေးနဲ့ပတ်သက်ပြီး ထိုက်တို့ ဒီထက်မက ဥစ္စာတက်မယ်တဲ့ … ဒီကလေးဟာ လူပြည်ကို အနှစ်သုံး



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ပဲ လာနေရမယ်တဲ့လေ ... ကိုထိုက်ဖြစ်နိုင်မလား ... ကိုထိုက်ရယ် ... စနေဟာ ကြီးပွားမယ် ... ရှန်ကိန်းလည်း ရှိတယ်တဲ့ ..."

"မင်းကလည်းကွာ ... ဒါတွေပြောနေလို့ အပိုပဲ ... ပယောဂဆရာတိုင်း ဒီလိုပဲကုတဲ့အခါမှာ ပြောလေ့ပြောထရှိကြတာပဲ ..."

အိမ်တွင်နားထောင်သော ဦးနန္ဒမောင်က စိတ်မရှည်သလိုပင်။

"ဒါတွေက အခြေခံတွေမို့ ပြောရတာ ကိုမောင်ရ ... ဒီဆရာကို နှယ်နှယ်မမှတ်နဲ့ ... ပယောဂကုတဲ့ ဆရာမဟုတ်ဘူး ဘုရားအလုပ်လုပ်နေတဲ့ သမထဆရာ ... ဆရာသူတော်ကောင်း ... ချဲတွေ ပလဲတွေနှစ်လုံးတွေ ကတုံးတွေပေးတဲ့ ဆရာမျိုး ဘိုးတော်တွေလည်း မဟုတ်ဘူး ..."

ဒေါ်နှင်းနှင်းထိုက်က သူ့ဆရာအတွက် သူမ မခံနိုင်။

ကိုမောင် စွတ်ပြောနေတာတော့ မကောင်းဘူးပေါ့လေ။

"အေးပါကွာ ... ငါသိချင်တဲ့အဓိကက စနေစကားပြောမလား ... မပြောဘူးလားဆိုတာဘဲ ..."

"လာမယ်လေ ... သူက သိုက်ကလာတော့ စကားကို ချက်ချင်းမပြောဘူးတဲ့ ..."

"သိုက် ... သိုက် ... အားအားရှိ ဆရာတွေဟာ လူတွေကို





သိုက်ကလာတာချည်း ပြောနေတယ် ... မင်းတို့မိန်းမတွေ စိတ်ကြိုက်လိုက်ပြော့နေတာကွ ... သိုက်ဆိုတာ ဘာလဲ ငှက်သိုက်လား ... ကျီးသိုက်လား ..."

"ရှင်ကလည်း စိတ်ရှည်ရှည်လေး နားထောင်လိုက်ပါဦး စနေက သိုက်ကလာတာမို့ အစွဲရှိတာတဲ့ ... သူစကားပြောချိန်တန် ပြောလာလိမ့်မယ်တဲ့ ..."

"ဘာလဲကွ ... သူအဘိုးကြီးဖြစ်မှ ပြောမှာတဲ့လား ... ဟား ဟား ... ဟား ..."

"ရှင်က မလျောင်ပါနဲ့ ... ဒီဆရာပြောတာ မှန်မမှန်စောင့်ကြည့်ရုံပဲ ..."

"ပိုက်ဆံဘယ်လောက် ယူလိုက်သလဲ ..."

"မယူပေါင် ... ကျွန်မကသာ စေတနာကြေးဆိုပြီး ငွေတစ်ထောင် ကန်တော့ခဲ့တယ် ..."

"ဒါလည်း ဘာထူးသလဲ ... နေပါစေ ... ထားခဲ့ပါဆိုတဲ့သဘောပဲ ... သူ့အတွက်ပဲ ..."

"ရှင်စွပ်ပြောမနေပါနဲ့ ... ကျွန်မ အဲဒီငွေတစ်ထောင်ကန်တော့တော့ သူက ဒီငွေကို ဘုရားစင်ပေါ်တင်ပြီး သစ္စာပြုတယ် ... ဒီငွေဟာ ကျွန်မနဲ့ စနေထွန်းလှူတဲ့ငွေဖြစ်ပါတယ် ဘုရားတည်ရန် လှူတဲ့ငွေဖြစ်လို့ သူလည်း မသုံးပါ ... သုံးခဲ့ရင်လည်း ဘေးတွေ့ပါစေ ... မသုံးဘဲ ဘုရားတည်ခဲ့ရင် လူ ... တိရစ္ဆာန်သတ္တဝါတွေကို ကယ်တင်နိုင်ပါစေတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ရှင်းပလား ..."

ကုလားထိုင်တွင် ထိုင်နေသော ဦးနန္ဒမောင် ပါးစပ်ပိတ်သွား၏။ ဒေါ်နှင်းနှင်းထိုက်ကသာ ...

"ကောင်လေး ... အဲ ... သားလေးနဲ့ ပတ်သက်လို့က ပြောတယ် ... သူ့ကံကြမ္မာဟာ ဘေးလူကို့အဆိုးအကောင်းပေးနိုင်တယ်တဲ့ ... သူ့ကံကြမ္မာက သူ့ကိုမခံစားစေရဘဲ ဘေးလူကိုပဲ ခံစားစေရမှာတဲ့ ... သူ့ကြောင့် အကောင်းလည်းဖြစ်နိုင်တယ် ... အဆိုးလည်း ဖြစ်နိုင်တယ် ... သူနဲ့ နီးသူဟာ ကုသိုလ်ကံကောင်းနေချိန်မှာ တိုးတက်သွားနိုင်တယ် ကုသိုလ်ကံဆိုးချိန်မှာ သူ့ကြမ္မာရဲ့တန်ပြန်မှုကို အစားဝင်ခံရတယ်တဲ့ ... အဲဒါကို သတိထားပါတဲ့ ..."

"မင်း ယုံသလား ..."

"ထိုက် ပြန်စဉ်းစားကြည့်ပါတယ် ... ဦးကောင်းရတို့လင်မယားသေခဲ့တာဟာ စနေနဲ့ သိကျွမ်းပြီး သူတို့က စနေကိုခင်တယ် ... ဒါပေမဲ့ သူတို့ကားချောက်ထဲကျသွားပြီး သေခဲ့ရတယ် ... ဒါဟာ ကံကြမ္မာညို့းချိန်ဖြစ်မယ် ... ခု သမီးလေးအိမ့်မှူး သစ်ပင်ပေါ်က ကျတယ် ... ဆရာဝန်အပြောကတော့ သူ့တင်ပါးဆုံရိုး ကျိုးသွားတယ်တဲ့ ... ဒီတစ်သက်လမ်းကောင်းကောင်း မလျှောက်နိုင်တော့ဘူးတဲ့ ... ဒါတွေဟာ ကြမ္မာဆိုးများလားလို့ ..."

"မင်းစိတ်ထဲ ဆရာအပြောနဲ့ စွဲနေပြီထင်တယ် ..."





"ကျွန်မ စဉ်းစားကြည့်တာလေ ... ကျွန်မတို့ကျတော့ စနေကို အိမ်မှာလက်ခံမွေးစားပြီးကတည်းက စီးပွားက တရိပ်ရိပ်တက်လာတာ ဒီနေ့အထိပဲ ..."

"ကိုယ့်အယူအဆကတော့ ဒါတွေဟာ စနေနဲ့ ဘာမှမဆိုင်ဘူးထင်တယ် ... ကိုယ့်ကုသိုလ်ကံနဲ့ ကိုယ်ဖြစ်လာတယ်လို့ပဲထင်တာပဲ ... အေး ဆိုးတာတော့ သူနဲ့မဆိုင်ဘူး ... ကောင်းတာတော့ သူနဲ့ဆိုင်ချင် ဆိုင်မယ် ... အဓိကက သူစကားပြောဖို့ပဲ ..."

"ဩော် ... စကားပြောဖို့ဆိုမှ သတိရလာတယ် ... ဆရာကတစ်ခုတော့ ပြောလိုက်တယ် ..."

"ဘာလဲ ..."

သူမက ဦးနန္ဒမောင်အနားကပ်ကာ ဦးနန္ဒမောင်၏ နားရွက်နားတွင် သူမပါးစပ်တေ့ကာ တစ်စုံတစ်ခုပြောနေ၏။

ဦးနန္ဒမောင်က နားထောင်နေ၏။ ထိုမှမျက်နှာကို ရှုံ့မဲ့၍ ...

"ကဲ ကွာ ... ပြောပြီးရင် သွား ရေချိုးပါတော့ ... မင်းကိုယ်က နံတယ်ကွ ... လှလှပပမ်နေတော့လည်း ချိုင်းပုတ်စော်နံတယ် ..."

"ရှင်ဟာ ..."

ဒေါ်နှင်းနှင်းထိုက်က မျက်လုံးပြူးကြည့်လိုက်၏။ နှုတ်မှ တစ်စုံတစ်ခုဆက်ပြောမည်လုပ်ပြီးမှ မပြောတော့ဘဲ ဆေး



www.burmeseclassic.com

www.burmeseclassic.com



အောင့်ထွက်ခွာသွား၏။

သူတို့ပြောတာတွေကို ချောင်းနားထောင်နေသူရှိ၏။

သူ့ကို ဦးနန္ဒမောင်တို့က မရိပ်မိကြ။

သူက စနေ။





## အတ်လမ်းစဉ် (၃)

တကယ်ဝမ်းနည်းစရာကောင်းသည်။

ငယ်ငယ်ကလေးကတည်းက မစွမ်းမသန်ဖြစ်ခဲ့ရှာပြီ။

ဂျပန်ဆံတောက်ကလေးနှင့် အင်မတန်ချစ်စရာကောင်းတဲ့ အိမ့်မှူး။

ခုတော့ အလှမိနီယံသတ္တုချိုင်းထောက်ကလေးနှင့် လှုပ်ရှားနေရချေပြီ။ သူမကိုကြည့်ကာ မိဘနှစ်ပါးက သနားသည်။ စနေကတော့ ယခင်ကထက်တောင် ပိုကြင်နာသည်။

အိမ့်မှူးလိုချင်သမျှကို အကုန်လုပ်ပေး၏။

အိမ့်မှူး ငြိုငြင်မှာကိုလည်းစိုးသည်။

"သမီးကလေးအားမငယ်နဲ့နော် ... သမီးလိုချင်တာရှိအကုန်ပြော ... ကြီးကြီးတို့ရအောင် လုပ်ပေးမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ဦးနန္ဒမောင်ကလည်း ကလေးငယ်ကို အလိုလိုက်၏။

အလိုလိုက်ခြင်းသည် လူ့အခွင့်အရေးဖြစ်ပေမဲ့ တစ်ခါတစ်ရံ လူ့အခွင့်အရေးကိုပင် အလိုလိုက်ခံရမှန်းသိလို့ ဆန္ဒတစ်ခု မပြည့်ဘူးဆိုလျှင် စိတ်ဆိုးလွယ်သည်။ စိတ်တိုလွယ်သည်။

တစ်ခါတစ်ခါ အသံပြဲကြီးနှင့် အော်ငိုတတ်သည်။

အဲသည်အခါဆိုလျှင် ဦးနန္ဒမောင်တို့လင်မယားမှာ ပျာပျာသလဲဖြစ်ရသည်။

အိမ့်မှူးကို ချော့ရ၏။

စနေထွန်းပင် အိမ့်မှူးကြောင့် ဦးနန္ဒမောင်တို့နည်းတူ သိမ့်သိမ့်ခါနေတတ်သည်။

အိမ့်မှူးက စိတ်ဆိုးပြီး ထုရိုက်ပြီဆိုလျှင်လည်း ခံနေရတတ်သည်။

အိမ့်မှူးသည် ချိုင်းထောက်နှင့်ပင် သွားလာသည်။ ချိုင်းထောက်နှင့်ပင် ကျောင်းတက်သည်။

အိမ့်မှူးမှာ စာတော်သည်။

စနေထွန်းလည်း စာတော်၏။

နှစ်ဦးလုံး ပညာရည်ချွန်ဆုတွေ နှစ်တိုင်းရ၏။

တစ်နေ့မှာ ...

ဦးနန္ဒမောင်တို့မိသားစု တနင်္ဂနွေရက်အားမို့ အိမ်တွင် အုန်းနို့ခေါက်ဆွဲချက်စားကြသည်။





စနေက နို့နှင့် ကြက်ဥဆိုလျှင် အင်မတန်ကြိုက်သည်။

အုန်းနို့ခေါက်ဆွဲချက်တာတောင် အုန်းနို့နှင့်မဟုတ်ဘဲ နို့နှင့်ချက်ပေးရသည်။

ဒါကို ဒေါ်နှင်းနှင်းထိုက် ချက်တတ်သည်မဟုတ်။

ဦးနန္ဒမောင်၏အတွင်းရေးမှူးအဖြစ် လုပ်ကိုင်နေသော ဒေါ်မြင့်မူက လာရောက်ချက်ပေး၏။

ဒေါ်မြင့်မူဆိုတာက အသက်လေးဆယ်ခန့်ရှိပြီ။ ဘွဲ့နှစ်ဘွဲ့လည်း ရထား၏။ ကုမ္ပဏီနှင့် ပတ်သက်သောကျွမ်းကျင်မှုလည်းရှိ၏။

ဦးနန္ဒမောင်နှင့် ရင်းနှီးနေပြီမို့ အိမ်တွင် ဝင်ထွက်သွားလာမှုရှိသည်။

သူမအားလပ်လျှင် ကလေးနှစ်ယောက်ကို စာပြပေးတတ်သည်။

ကလေးနှစ်ယောက်ကလည်း ဒေါ်မြင့်မူကို အနီးတီ အနီးတီနှင့် နေကြ၏။ ဒေါ်မြင့်မူက ကလေးတွေကို ချစ်သည်။

အဲသည်နေ့က စားသောက်ပြီးစီးကြလို့ ဒေါ်မြင့်မူ ယူလာခဲ့သော ထိုင်းစတိုင်ရှိုးခွေတစ်ခွေကို ဧည့်ခန်းမှာ ထိုင်ကြည့်နေကြသည်။

သည်စဉ်မှာပဲ လူသုံးယောက်က မပြောမဆိုဘဲ အိမ်ထဲဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



စနေထွန်းမှလွဲ၍ လူတွေပြူးပြူးပျာပျာဖြစ်သွားကြသည်။

စနေထွန်းက ဝင်လာသူသုံးယောက်ကို စိုက်ကြည့်နေသည်။ ဝင်လာသူသုံးယောက်အနက် တစ်ယောက်လက်ထဲမှာ ပစ္စတိုတစ်လက်။

ကျန်နှစ်ယောက်က ဓားမြှောင်ကိုယ်စီနှင့်။

"ဟိတ် ... တစ်ယောက်မှ မလှုပ်ကြနဲ့ ... "

သေနတ်ကိုင်လာသူက ခပ်မာမာအမိန့်ပေးသည်။ သူတို့သည် လူရွယ်ပိုင်းတွေဖြစ်သည်။

"မင်း ... မင်းတို့ ဘယ်သူတွေလဲ ... "

ကြောက်ကြောက်ရွံ့ရွံ့နှင့် ဦးနန္ဒာမောင်၏မေးသံ။

ဆိုဖာပေါ်တွင် အိမ့်မှူးသိင်္ဂါလှိုင်က စနေကို ကြောက်ကြောက်နှင့် ဖက်ထားသည်။

တင်းမာခက်ထန်သောလူတွေ၏မျက်နှာထားကြောင့် ကြောက်သွားပုံရသည်။

"ကျုပ်တို့ဘယ်သူတွေလဲဆိုတာ မမေးနဲ့ ... သိချင်ရင် ... စမ်းကြည့် ... သေသွားမယ် ... "

"မင်း ... မင်းတို့ ဓားပြတွေလား ... "

"ဟုတ် ... ဟုတ်လား ... "

ဒေါ်နှင်းနှင်းထိုက်ကပါ ကြောက်ကြောက်နှင့် မေးသည်။





"ကျုပ်တို့ ဓားပြတိုက်ရအောင်လာတာ ဓားပြတွေပေါ့ ... ကဲ ... ရှိတဲ့ပစ္စည်းနဲ့ ငွေတွေ ထုတ်စမ်း ... "

"ကျုပ်တို့ သိပ်မချမ်းသာပါဘူးကွာ ... လူတွေကို ဘာမှ မလုပ်ဘဲ ပစ္စည်းနဲ့ငွေကို ယူသွားပါ ... "

ဦးနန္ဒမောင်က ပြောစဉ် မမျှော်လင့်သော အဖြစ်က ဝင်လာ၏။ သေနတ်သမားမှာ စနေထွန်းနှင့် နီးသည်။ စနေထွန်းသည် အာခေါင်သံပေါက်အောင် အော်လိုက်ကာ သေနတ်သမားကို ခုန်အုပ်သည်။

မြွေဟောက်တစ်ကောင်ပေါက်သလို မြန်သည်။

ဒါပေမဲ့ သေနတ်သမားက သတိထားနေဟန်တူ၏။

ဘေးကို ခုန်ရှေ့ပေး၏။ စနေကြမ်းပြင်ပေါ်သို့ ကျသွား၏။

"သား ... သားလေး ... "

ပူပန်ခြင်းကြီးစွာသည် ဒေါ်နှင်းနှင်းထိုက်တွင် မိခင်ရင်းတစ်ယောက်လိုပဲ ခံစားရသည်။ နှုတ်မှ အော်ဟစ်လိုက်သံနှင့်အတူ စနေဆီသို့ ပြေးသွားသည်။

"မင်းတို့ ငါ့သားကို ... "

ဦးနန္ဒမောင်က စနေအတွက် စိတ်ပူစိတ်၊ ဒေါသစိတ်နှင့် သေနတ်သမားကို ခုန်အုပ်မည်အပြု ...

"ဒိုင်း ... "



www.burmeseclassic.com

www.burmeseclassic.com



စူးဟည်းသော သေနတ်သံနှင့် အိမ်မှုူး၏ကြောက်လန့်တကြား အော်သံလေးက လုံးထွေးသွား၏။

ဦးနန္ဒမောင်သည် ရင်အုံကို လက်တစ်ဖက်နှင့် ဖိရင်း လဲကျသွား၏။

"အမယ်လေး ဘာဘာသေပါပြီ ... ဘာဘာသေပါပြီ ကြီးကြီးရဲ့"

ခြေတစ်ဖက် မသိမသာတိုကာ ချည့်နဲ့နေသော အိမ်မှုူးကလေးက အော်ဟစ်ကာ ဆိုဖာပေါ်မှ ခုန်ချသည်။

"အဖေ ... အဖေရေ ... အဖေ ..."

ဦးနန္ဒမောင်၏အဖြစ်ကို စနေထွန်းလည်းမြင်သည်။ သူက ထိတ်ထိတ်လန့်လန့်နှင့် အော်သည်။ လူးလဲကာထပြေးမွေ့သည်။ ဦးနန္ဒမောင်မှာ မျက်နှာမဲ့ရှုံ့၍ ဒဏ်ရာကို လက်ဝါးနှင့်ဖိကာ

"သား ... သား စနေ ..."

"အဖေ ... အဖေး ... အဖေ ဘာမှမဖြစ်ရဘူး ... အဖေထိသွားပြီ ... ဟီး ... ဟီး ..."

တစ်ချိန်လုံး စကားသံမထွက်သူက ယခုထွက်ချေပြီ

"အဖေး ... အဖေး ..."

"ဘာဘ ... ဘာဘ ... အီး ... ဟီး ..."

ကလေးနှစ်ယောက်၏ အော်သံငိုသံတွေက ဆူညံနေချေပြီ။ ဒေါ်နှင်းနှင်းထိုက်သည် အထိတ်တလန့်ဖြစ်ကာ ခြေတုန်လက်တုန်နှင့် ဦးနန္ဒမောင်ကို ပွေ့လိုက်၏။





ဒေါ်မြင့်မှုမှာတော့ မေ့လဲနေပြီဖြစ်၏။

"ကို ... ကိုမောင် ... ကိုမောင် ..."

ဒေါ်နှင်းနှင်းထိုက်က ငိုသံပါကြီးနှင့်ခေါ်စဉ် ဦးနန္ဒမောင်က လှုပ်ရှားလာလျက် ...

"အဟီး ... ဟီး ... ဟီး ..."

အလှိုက်သည်းလှိုက် ရယ်သံကြီးနှင့်အတူ ထထိုင်၏။ လူတွေမှာ အားလုံးကြောင်သွားကြသည်။ ရင်အုံမှလက်ကို ဦးနန္ဒမောင်က ခွာရင်း ...

"ဟေ့ ... ငိုမနေကြနဲ့ ... ငါ ဘာမှမဖြစ်ပါဘူးကွ ..."

"ဘာဘ ... ဘာဘ ..."

"ကိုမောင် ... ကိုမောင် ... ရှင် ..."

"အဖေ ... အဖေ ..."

သူတို့နှုတ်မှအသီးသီး အသံတွေထွက်လာသည်။ စနေထွန်းက ဦးနန္ဒမောင်ကို သိုင်းဖက်သလို အိမ်မှုူးကလည်း ဝမ်းသာအားရ ထဖက်သည်။

"အဖေ ... အဖေမသေဘူးနော် ..."

စနေထွန်း၏ပြောစကားသံတွေကြောင့် အားလုံးအံ့ဩဝမ်းသာအားရဖြစ်ကြသည်။

"သား ... သား ... မင်း စကားပြောပြီပေါ့နော် ..."

ဦးနန္ဒမောင်၏ ဝမ်းသာအားရအသံ။

"ဟုတ်ကဲ့ အဖေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ သားရယ် ထိုက်ရေ ... မင်းဆရာဦးသြဘာရဲ့အကြံပေးချက် မှန်သွားပြီကွ ..."

"စနေ ... သား ... သားလေးစကားပြောတတ်လာပြီ ... အမယ်လေး ... ငါ့သားလေး စကားပြောတတ်လာပြီ"

တကယ့်ကို ဝမ်းသာသည်။

စနေထွန်းစကားပြောတတ်တာကို ရတနာရွှေထုပ်ကောက်ရသလို ဒေါ်နှင်းနှင်းထိုက် ဝမ်းသာလေရဲ့။

သားလေးကို သူမရင်ခွင်ထဲ ဆွဲသွင်းပြီး ဖက်ထား၏။ အိမ်ကို ဧည့်ပြလာတိုက်သူတွေကိုပင် မေ့သွားသည်။

"ကြီးကြီး ... ကိုကိုစနေ စကားပြောတတ်ပြီပေါ့နော်"

ငိုနေသော အိမ်မှူးမှာ ဦးနန္ဒမောင်မသေလို့ ဝမ်းသာဆဲမှာ စနေစကားပြောတတ်လာတာတွေ့တော့ ဝမ်းသာတာက ပိုဝမ်းသာသည်။

"ဟုတ်တယ် သမီးလေး ... သားလေး စကားပြောတတ်လာပြီ ..."

"ဟယ် ... ဝမ်းသာလိုက်တာ ..."

သူမက စနေကို ဖြူးဖြူးကလေးကြည့်ကာ ...

"ငါ ... ငါ ... နှင့်ကို ..."

စနေပြော၍ အသံကလေးပြတ်သွား၏။ ဦးနန္ဒမောင်ကိုကြည့်ကာ လည်ပင်းကို လက်ညှိုးထိုး၍ ...

"ဒီနားက နာတယ် ဖေဖေ ..."

✱ စေတနာစာပေ ✱



"စကားစပြောတော့ ... လျှာခင်နာပြီထင်တယ် သိပ်မပြောနဲ့ သား ... သားလေးတစ်ခုခုဖြစ်သွားမယ် ..."

"နည်းနည်းပဲပြောပါ သားရယ် ..."

ဒေါ်နှင်းနှင်းထိုက်မှာ စနေ နဂိုမူလအတိုင်း အသံတိတ်ပြသနာဝင်သွားမှာ စိုးသည်။

"ဆရာ ... ကျွန်တော်တို့ ဘာလုပ်ရမှာလဲ ..."

မေးလာသည့် မေးခွန်းတစ်ခု။

အမေးရှင်က ဧည့်ပြဝင်လာတိုက်သူတွေထဲက သေနတ်ကိုင်ထားသူ။

"ဘာလုပ်ရမလဲဆိုတော့ ... အုန်းနို့ခေါက်ဆွဲစားကြကွာ"

"ကိုမောင် ... သူတို့က ..."

သေနတ်သမားကို ဦးနန္ဒမောင်က ပြန်ဖြေစဉ် တအံ့တသြနှင့် ဒေါ်နှင်းနှင်းထိုက်က လေသံပေးလျှင် ...

"ဒီလူတွေက မောင့်တပည့်တွေပါ ... ဦးသြဘာက အကြံပေးလိုက်တယ် မဟုတ်လား ... သားလေးစနေကို လန့်သွားအောင် စိတ်လှုပ်ရှားသွားအောင် လုပ်ရမယ်လို့ အဲဒီလိုလုပ်လိုက်ရင် ပိတ်နေတဲ့ သူ့ဗိုကယ်(VOCAL)အသံထွက်ကြောတွေ ပွင့်ထွက်သွားလိမ့်မယ်ဆိုတာလေ ..."

"သိပြီ ကိုမောင် ... သိပြီ ... သားလေးလန့်သွားအောင် လုပ်လိုက်တာပေါ့ ..."

"ဒါပဲပေါ့ ... သားလေးစိတ်လှုပ်ရှားမှုခံစားရတော့ အာရုံတွေ

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားတယ် ... စိတ်ရဲ့တွန်းအားကြောင့် ရုပ်တရားဖြစ်တဲ့ ဗိုကယ်(VOCAL)အသံလမ်းကြောင်း ပွင့်သွားတာပဲ ..."

"ဘာဘာ လုပ်ပါဦး ... ဒီမှာ အနံ့တီဘာဖြစ်သွားသလဲ မသိဘူး"

ဘေးမှ အိမ့်မှူး၏အသံလေးက ထွက်လာ၏။

သည်တော့ ထိတ်လန့်ကာ မေ့သွားသော အတွင်းရေးမှူးလုပ်သူ ဒေါ်မြင့်မူကို ပြုစုကြပြန်သည်။

စနေ၏ဘဝက အစစပြည့်စုံသည်ဟု ဆိုရမည်။ သူ့တွင်မက အိမ့်မှူးမှာလည်း လိုတရသည့်ဘဝအခြေအနေကို ပိုင်ဆိုင်သူဖြစ်နေရ၏။

သူမ၏မိဘအရင်းတွေနှင့် နေတာတောင် ယခုလောက် ပြည့်စုံချင်မှ ပြည့်စုံပေလိမ့်မည်။

သူတို့နှစ်ယောက်၏ဘဝအကျိုးပေးကုသိုလ်ကံကောင်းသည်ဟု ဆိုရမည်ပင်။

အံ့သြဖို့ကောင်းသည်က အိမ့်မှူးအတွက်မဆိုသာသော်လည်း စနေအတွက် ဆိုရမည်။

စနေသည် စကားပြောတတ်လာသည်မှ ဒေါ်မြင့်မူနှင့် ပိုမိုခင်မင်သွားသည်။ ဒေါ်မြင့်မူနေထိုင်သော ရန်ကုန်မြို့ထဲက ပန်းဆိုးတန်းရှိ တိုက်ခန်းသို့ပင် ဒေါ်မြင့်မူနှင့် တစ်ခါတစ်ခါလိုက်သွားလေ့ရှိ၏။

အဲသည်လိုသွားရင်းမှပင် ဒေါ်မြင့်မူသည် တိုက်လှေကားပေါ်မှ ခြေချော်လိမ့်ကျသွားကာ ခေါင်းကွဲ လက်ကျိုးသွား





သည်။ ဆေးရုံတွင် တစ်လနီးပါးသွားတက်၍ ခေါင်းတွင်လေးငါးချက် ချုပ်ရသည်။

အဲဒီတစ်လအတွင်းမှာပင် သူမထိုးသော ထီသုံးစောင်တွဲမှ တစ်စောင်က သိန်းငါးဆယ်ဆုဝင်သွားသည်။

ဒေါ်မြင့်မူမှာ ဘွဲ့ရပညာတတ်ဖြစ်သည်က မှန်၏။

ငွေကြေးချို့တဲ့၏။

သူမ၏ယောကျ်ားမှာ လွန်ခဲ့သော လေးငါးနှစ်ကမှ ဆုံးပါးသွားသဖြင့် သားသမီးမရှိဘဲ မုဆိုးမဘဝနှင့် ရန်းကန်ပြီး မိခင်အိုကြီးကို လုပ်ကျွေးနေရသူ။

သိန်းငါးဆယ်ဆုပေါက်တာက သူမ၏ဘဝကို လရောင်ထိုးပေးလိုက်ခြင်းဖြစ်၏။

စနေကြောင့် ကံကြမ္မာအလှည့်အပြောင်းဖြစ်သည်ဟု ဒေါ်နှင်းနှင်းထိုက်က မှတ်ချက်ချကာ ထိတ်လန့်သွားမိရှာ၏။

မိမိနှင့် ကိုနန္ဒမောင်ကော သည်သို့အလှည့်အပြောင်းတွေနှင့် ကြုံတွေ့ခဲ့ပါလျှင် ...

အဲသည့်အတွေးက သူမအား တချွေချွေခြောက်သလိုခြောက်လှန့်စပြုလာသည်။

သူမသည် ဦးနန္ဒမောင်အား သူမ၏ခံစားမှုတွေကို ပြောပြ၏။ ဦးနန္ဒမောင်က ခပ်ပေါ့ပေါ့အတွေးနှင့် ဒေါ်နှင်းနှင်းထိုက် ခံစားမှုတွေကို ပယ်ချပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းနှင်းထိုက်သည် စနေကိုပင်ကြောက်သလို လိုဖြစ်လာသည်။

ထိုအတွင်း စနေနှင့် အိမ့်မှူးသည် တစ်စတစ်စ အရွယ်ကြီးရင့်လာသလို ရုပ်ရည်ကလေးတွေက ယခင်ထက် ပိုမို ချောလာကြသည်။

ကလေးနှစ်ယောက်ကိုမြင်လျှင် မချစ်ကြသူ မရှိသလောက်ဟု ဆိုရချေမည်။

ချိုင်းထောက်ကလေးနှင့် ဖြစ်နေရှာသော အိမ့်မှူးမှာ ပိုပြီးကရုဏာသက်ဖို့ ကောင်းသည်။

သူတို့နှစ်ယောက်၏အသက် ကိုးနှစ်ပြည့်ပြီးနောက် နွေရာသီကျောင်းပိတ်ချိန်တွင် ဒေါ်မြင့်မူက ဦးနန္ဒမောင်တို့မိသားစု အား မြစ်ဝကျွန်းပေါ်ရှိ မြို့တစ်မြို့သို့ အလည်အပတ်ခေါ်သည်။

သင်္ကြန်ရက်အတွင်းမို့ မြန်မာတစ်ပြည်လုံးမဟုတ် တောင် ရန်ကုန်ရှိလူတွေကတော့ ထိုသင်္ကြန်ရက်ကို အားပြုပြီးခရီး အလည်အပတ်ထွက်ကြသည်။

ဦးနန္ဒမောင်တို့ မိသားစုသည် ဒေါ်မြင့်မူ၏မွေးရာ ဇာတိဖြစ်သော မြို့တစ်မြို့ကို လိုက်သွားသည်။

ဒေါ်မြင့်မူတို့ဆွေမျိုးတွေက ထိုမြို့တွင် နေထိုင်ကြ သည်။

ဒေါ်မြင့်မူမှာ ဦးနန္ဒမောင်၏ အတွင်းရေးမှူးမက





ကုမ္ပဏီတွင် ရှယ်ယာအငယ်စုအဖြစ် ပါဝင်ထားသည်။

ကိုယ်ပိုင်ကားနှင့် ရောက်လာသော သူတို့ကို မြို့ခံ ဖြစ်သော ဒေါ်မြင့်မူဆွေမျိုးတွေက အလေးတယူပင်ပြုစုကြ၏။

လူကြီး လူကြီးချင်း ခင်မင်သလို ကလေးကလေး ချင်းလည်း ခင်မင်သွား၏။

ဒေါ်မြင့်မူ၏ တူနှစ်ယောက်ဖြစ်သော ဝင်းစိန်နှင့် ဝင်းထိန်တို့ပါ စနေတို့နှင့် ခင်မင်သွား၏။

ဝင်းစိန်နှင့် ဝင်းထိန်မှာ ညီအစ်ကိုနှစ်ယောက်ဖြစ် သည်။

အင်မတန်ဆော့သော ကလေးနှစ်ယောက်လည်း ဖြစ်၏။

"မင်းက စနေဆိုတော့ စနေသားမို့ ဒီစနေထွန်းဆိုတဲ့နာမည် ပေးထားတာလား ..."

"အေး ... ငါ့အဖေ အမေက ငါ့ကိုစနေနေ့မှာမွေးလို့တဲ့ ... ဒါကြောင့် စနေထွန်းလို့ပေးတာ ..."

"မင်းနာမည်က လှတယ်နော် ... စနေထွန်းဆိုတော့ မြို့သား ဆန်တယ် ... တို့နာမည်က မလှပါဘူးကွာ ... ဝင်းစိန်တဲ့ ဝင်းထိန်တဲ့ ..."

ဝင်းစိန်က ဆယ့်တစ်နှစ်။

ဝင်းထိန်က ဆယ်နှစ်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းစိန်က စနေကိုမေးတော့ စနေက ပြန်ဖြေ

ဒီတွင် အနားမှာရှိသော အိမ့်မှူးက ...

"နင်တို့နာမည် ငါတွေ့ခဲ့တယ် ..."

"ဘယ်မှာတွေ့လဲ ..."

"ငါလမ်းမှာ တွေ့ခဲ့တာဟာ ... ဘတ်(စ်)ကားတစ်စီး
ရေးထားတယ် ... ဝင်းစိန်နှင့် ညီအစ်ကိုများ ခရီးသယ်
ပို့ဆောင်ရေးတဲ့ ..."

လေးတန်းရောက်နေပြီဖြစ်သော စနေနှင့် အိမ့်
မှာ စာကိုကောင်းကောင်း ဖတ်တတ်နေချေပြီ။

"တွေ့လား ... တို့နာမည်တွေက ကြီးကျယ်တဲ့နာမည်
ပဲ ... ငါတို့သူဌေးဖြစ်မှာ ..."

ဝင်းစိန်အသံက ခပ်ကြွားကြွား။

"အောင်မာ တို့လည်း သူဌေးဖြစ်မှာပဲ ..."

အိမ့်မှူးက နှုတ်ခမ်းလေးစူပြောသည်။

"နင်တို့က အခုပဲသူဌေးဖြစ်နေတာ ... အခုလာတာကြည့်
လား ... ကားကြီးက လှလိုက်တာ ..."

ဦးနန္ဒမောင်၏ ပရာဒိုမှာ သစ်သစ်လွင်လွင်ပဲရှိနေ
သေး၏။ ကားမပြောင်းသေးပါ။

"ဒါကကွာ ... တို့အဖေ အဖေက သူဌေးဖြစ်တာပါ ...
ကြီးလာရင် တို့ကိုယ်တိုင် သူဌေးဖြစ်ဖို့ အရေးကြီးတယ် ...





အဖေက ပြောတယ် ... ပညာတတ်အောင်သင်တဲ့ ... ပညာ
တတ်ရင် သူဌေးဖြစ်ရောတဲ့ ..."

"ဟုတ်ရဲ့လား စနေထွန်းရ ... ပညာတတ်တယ်ဆိုတာ
ဘယ်လောက်တောင် တတ်ရမှာလဲ ..."

"ဘွဲ့တွေ ဘာတွေရရင် ပညာတတ်ပြီပေါ့ကွာ ..."

ဝင်းစိန်နှင့် ဝင်းထိန်မှာ သားသားနားနားကောင်
သားတွေ မဟုတ်။ ခေါင်းတုံးဆံတောက်နှင့် မဲမဲသဲသဲ ပိန်ညှော်
ညှော်ကောင်လေးတွေ။ ယခုစကားပြောနေကြစဉ် ဝင်းထိန်က အိမ်
အောက်က သစ်သားတန်းကိုခုံစီးပြီး ဘားတန်းလုပ်ကစားနေ၏။

"တို့အဖေကပြောတော့ ပညာတတ်ဖြစ်ရင် ပိုက်ဆံရှိတဲ့လူ
အောက်မှာ အလုပ်ဝင်လုပ်ရတာပဲတဲ့ ... ဒီတော့ လောက
မှာ ပိုက်ဆံချမ်းသာဖို့ အရေးကြီးတယ်တဲ့ ... ခုခေတ်မှာ
တချို့ဟာ ဘွဲ့တွေ ဘာတွေမရှိ ... လေးငါးခြောက်တန်း
လောက်နဲ့ ပိုက်ဆံချမ်းသာပြီး ပညာတတ်တွေကို ခိုင်းစား
နေတဲ့ လူတွေရှိတယ်တဲ့ ... ဒီတော့ ငါကတော့ ပိုက်ဆံပဲ
ချမ်းသာချင်တယ် ..."

"နင်ပိုက်ဆံချမ်းသာချင်ရင် ပိုက်ဆံရှာပေါ့ဟ ..."

ဘေးမှနားထောင်နေသူ အိမ့်မှူးကပြောတော့ ဝင်း
စိန်က ခေါင်းကိုတစ်ချက်ကုပ်ရင်း ...

"ငါ ဒီမှာနေလို့တော့ ချမ်းသာမှာ မဟုတ်ဘူး ... ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်မှ ချမ်းသာမှာ ...”

“ဘာလဲ ... ရန်ကုန်မှာ ပလတ်စတစ်လိုက်ကောက်မှာ လား ...”

အိမ့်မှုုအမေးကြောင့် ဝင်းစိန် စိတ်ဆိုးသွား၏။

“ငါ့ကိုကြည့်စမ်း ... ငါ့ရုပ်က ပလတ်စတစ်ကောက်တဲ့ ရုပ် လား ကြည့်စမ်းပါဦး ...”

သူ့မျက်နှာကို လက်မနှင့် ထိုးပြ၏။

“ဂျက်ကီချန်းကွ ...”

ဘားတန်းခိုစီးနေသော ဝင်းထိန်က သူ့ကိုယ်ကို ၁က်လွှဲကျော်လုပ်၍ တစ်ဖက်သို့ အော်သံနှင့်အတူ ခုန်ချသည်။

သူတို့အိမ်က မြို့၏မြောက်ဘက်တွင် ရှိသည်။ အိမ် ဘွင် ဗိုလ်ချုပ်လမ်းနှင့် ခုနစ်ဖြတ်လမ်းဆိုတာ ရှိ၏။ ခုနစ်ဖြတ် းမှာ တည့်တည့်ဆင်းသော်မြို့၏ သင်္ဘောဆိပ်သို့ရောက်နိုင်၏။

“ပညာတတ်တော့ ကောင်းတာပေါ့ကွာ ... ပညာတတ် တော့ ကမ္ဘာ့အဆင့်မီတယ် ... လူတွေက ရှိသေတယ်ကွ ပညာတတ်ရင် စဉ်းစားဝေဖန်နိုင်တဲ့ ဉာဏ်ပညာရှိတယ်”

စနေက သူ့အတွေးနှင့်သူ ပြောသည်။

သူတို့ပြောနေသလို အိမ်ပေါ်မှာလည်း ဒေါ်မြင့်မူက ၵ်အစ်ကိုအား ...

“အစ်ကို ဒီအတိုင်းမနေနဲ့လေ ... ဒီမြို့မှာ နေလို့ကတော့





အစ်ကိုငွေတိုးချေးစားတာလေးနဲ့ သူဌေးဖြစ်မှာမဟုတ်ဘူး ညီမရှိတာပဲ ... ရန်ကုန်ကိုတက်ပြီး စီးပွားရှာပေါ့ ... အစ်ကို လည်း အသက်နည်းနည်းထောက်လာပြီ ...”

“မြင့်မူရာ ... ရန်ကုန်ရောက်လို့ ငါဘာလုပ်တတ်မှာလဲ”

“ရန်ကုန်မှာ လုပ်စရာတွေ အများကြီး ... သုံးမဲ့ဖြုန်းမဲ့လူ လည်း အများကြီး ... ဟိုမှာ တစ်ခုခုလုပ်ပေါ့ ... ကျွန်မကူညီ မယ် ... ငွေကြေးလိုလည်းမပူနဲ့ အစ်ကို ...”

“ရှင်ကလည်း ဟုတ်တာပဲ ... ရိုးရိုးကုတ်ကုတ်နေလို့ စိတ် အေးရပေမဲ့ နောင်စိတ်မအေးရဘူး ... စီးပွားရေးတစ်ခုခု လက်ကိုင်ရှိမှ ကောင်းတာ ... ချမ်းသာချင်ရင်တော့ ရိုးရိုး ကုတ်ကုတ်မနေဘဲ ကြိုးစားပြီး စီးပွားရှာမှကောင်းတာ ကိုမြဒင်ရဲ့ ...”

အနားတွင် ကွမ်းစားနေသော သူ့မိန်းမ မအေးမေ ဆိုလျှင် ပက်လက်ကုလားထိုင်ပေါ်မှ ကိုမြဒင်က ...

“နင်က ချမ်းသာချင်လို့လား ...”

“လူပဲတော် ... မချမ်းသာချင်တဲ့လူ ဘယ်သူရှိပါ့မလဲ ...”

ဒီတော့ ကိုမြဒင်က ဒေါ်မြင့်မူကို ကြည့်ပြီး ...

“မြင့်မူ ... နင်က ငါ့ကိုချမ်းသာအောင် လုပ်ပေးနိုင်သလား”

“ချမ်းသာအောင် မလုပ်ပေးနိုင်ဘူး ... ချမ်းသာအောင်တော့ ကူညီနိုင်တယ် ... ချမ်းသာချင်ရင် စီးပွားရှာတာဟာ



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကံရှိတယ် ... ခေတ်ရှိတယ် ... ပါးနပ်မှုရှိရတယ် ပြတ်သားမှု ရှိရမယ် ... ကိုယ့်အိတ်ထဲက တစ်ပြားထွက်ရင် သူများအိတ်ထဲက ဘယ်နှစ်ပြား ကိုယ့်ဆီရောက်လာအောင် လုပ်ရပ့ါမလဲလို့ စဉ်းစားရမယ် ... ငွေကို ငွေမှတ်ရမယ် ခု ခေတ်က ပုဂ္ဂလိကကို အားပေးတဲ့ခေတ်ဆိုတော့ ချမ်းသာတဲ့နည်းလမ်းရှာဖို့ပဲ ရှိတယ် ... ”

ကိုမြဒင် တွေနေသည်။

သူတို့စကားပြောနေစဉ် ကိုမြင်ဒင်၏ယောက်ဖ ကိုသော်တာက ရန်ကုန်သို့ဖုန်းပြောချင်ပါသည်ဆိုသော ဦးနန္ဒမောင်တို့လင်မယားကို မြို့၏အိတ်(စ်)ချိန်းရုံးသို့ ခေါ်သွားစဉ်ကာလဖြစ်သည်။

“နင်က ထီပေါက်ထားတော့ ဇိမ်ပဲပေါ့နော် ... ”

“အဲဒါ ကုသိုလ်ကံလေ ... ကုသိုလ်ကံပေးတော့ ဒါသုံးရမယ်”

ဒေါ်မြင့်မူက သူမ၏ခေါင်းကို လက်နှင့်ထောက်ပြ၏။

“စဉ်းစားဉာဏ်ရှိဖို့လိုတယ်ပေါ့ ... ကျွန်မက ဦးနန္ဒမောင်ရဲ့ ကုမ္ပဏီမှာ အငယ်တန်းရှယ်ယာဝင်ထားရုံနဲ့ ကျေနပ်တာမဟုတ်ဘူး ... ကုမ္ပဏီမှာ ဒါရိုက်တာကိုဖြစ်ချင်နေတာ အစ်ကိုရဲ့ ... အစ်ကို့စီးပွားရေးလုပ်ရင် ကျွန်မပူးတွဲလုပ်မယ် ... ကျွန်မမှာ သိန်းငါးဆယ်အပြင် ကုမ္ပဏီရဲ့နှစ်စဉ်အချိုးကျရတဲ့





ရှယ်ယာအမြတ်ရှိတယ် ... ”

“လုပ် ... လုပ် ကိုမြဒင် ... မြင့်မူကူရင် ရှင်ရော ကျွန်မရော လုပ်မှာပါ ... ကျွန်မလည်း တတ်နိုင်သရွေ့ ကူမယ် ... ”

“အိမ်က နွားနှစ်ကောင်ရော ... ”

“ဝင်းစိန်နဲ့ ဝင်းထိန်လား ... သူတို့က ကျောင်းနေချင်ကြတာ မဟုတ်ဘူး ... သူတို့ကို စီးပွားရေးထဲ သွတ်သွင်းအသုံးချရမယ် ... ”

တိတ်ဆိတ်သွားသည်။ ခဏအကြာမှ ကိုမြဒင်က တ်လက်ကုလားထိုင်ပေါ်တွင် ကိုယ်ကိုမတ်ရင်းက ...

“မြင့်မူ ... နင်နဲ့စကားပြောရတာ ငါစိတ်ဓာတ်တက်ကြွလာတယ် ... လုပ်မယ်ဟာ ... အခု ငါ့မှာ ဆယ့်ငါးသိန်းရှိတယ် ဒီအိမ်ကိုရောင်းလိုက်ရင် စုစုပေါင်း သိန်းခြောက်ဆယ် ခုနစ်ဆယ်လောက်တော့ ရမယ် ... ”

“မပူနဲ့ အစ်ကို ... ရန်ကုန်မှာ အိမ်ဝယ်ဖို့ မလိုဘူး ... နှစ်ချုပ်နဲ့ ငှားရင် ရတယ် ... အရင်းအနှီးအတွက် ပိုထွက်လာမယ် နှစ်ချုပ်က တစ်လငါးသောင်း ... တစ်နှစ်ချုပ်ရင် ခြောက်သိန်း ... နောက် ကိုယ်မကြိုက်ရင် ပြောင်းလို့လည်းရတယ်”

“အေး ... ဟုတ်ပြီ ... ဘာလုပ်ရင် ကောင်းမလဲ ... ”

“စီးပွားရေးဆိုတာ ... အောက်ခြေသိမ်းကနေပြီး နည်းနည်းနဲ့ ကျဲကျဲဝိုင်းရင် ကောင်းမယ် နေဦး ... ”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြင့်မူက ပါးကလေးကို လက်နှင့်ထောက်ထားရင်း စဉ်းစား၏။ အနည်းငယ်ကြာမှ ...

"ဒီလိုလုပ် ... အစားအသောက်ကစတာ ကောင်းတယ် ... လူတွေဟာ နေ့တိုင်းစားသောက်နေကြရတာ ... "

"ပြောပါဦး ... "

"အင်း ... "

သူမမှုက်စိကလေး မှိတ်စဉ်းစားလိုက်၏။

"ဓီးယို ... မရှမ်းယိုထုပ်တွေ ရောင်းပါလား ... "

မအေးမေရဲ့ အကြံ။

"ဟာ ... မင်းဟာက အောက်ပါတယ် ... ဘိုင်ပွတ် ပွတ်ရမဲ့အလုပ်ကြီး ... "

"ရှင်တို့ပဲ နည်းနည်းနဲ့ ကျဲကျဲဝိုင်းဆိုလို့ ပြောရတာ ... ရန်ကုန်မှာ ဒီယိုထုပ်တွေက နာမည်ရသွားရင် မော်တော်ကားတောင် စီးရတယ် ... "

မအေးမေက မခံချင်။

ဘွဲ့နှစ်ဘွဲ့ရထားသော သူ့ယောက်မအရှေ့မှာ အစွမ်းပြချင်ရဲ့။

ပြောပြီး ကွမ်းတံတွေးကို ပလတ်စတစ်အိတ်ထဲ ထွေးထည့်၏။

"ဒီလိုလုပ် အစ်ကိုနဲ့ အစ်မ ... ရန်ကုန်ရဲ့ လူဦးရေသုံးပုံ ပုံရင်





နှစ်ပုံဟာ လက်ဖက်ရည်သောက်ကြတယ် ... လက်ဖက်ရည်ဆိုတာ အစ်ကိုလည်းသိတဲ့အတိုင်းပဲ ... အပျော်ထိုင်တာရှိတယ် ... စီးပွားရေးအတွက် တိုင်ပင်ချင်လို့ ထိုင်တာရှိတယ် ... ဟိုစကားပြောချင်လို့ သည်စကားပြောချင်လို့ ထိုင်တာရှိတယ် ... စားချင်သောက်ချင်လို့ ထိုင်တာရှိတယ် လက်ဖက်ရည်ဆိုင်တစ်ခုဟာ နာမည်ရသွားပြီဆိုရင် နေ့ချင်းညချင်း တက်လာတာပဲ ... အကြီးကုန် ဂျူနံဆားချက် ...။ အကြိုပိုင့်ရင် လက်ဖက်ရည်ဆိုင်တဲ့ ... အဲဒီ့ကစပေတော့ အရင်းအနှီးနည်းတယ် ... ကိုယ်လည်း စားရသောက်ရတယ် ... ရန်ကုန်မှာဆိုင်သေးကစမယ်ဆို မုန့်ဟင်းခါးဆိုင်ဆိုင်လတ်ကစချင်ရင် လက်ဖက်ရည်ဆိုင်ပဲ ... ဆိုင်ကြီးကစမယ်ဆိုရင် ဂျော်ဒီးနပ်(စ်)တို့ ... မစ္စတာဂစ်တာတို့လို အထက်တန်းဆိုင်တွေက စပေါ့ ... ဒါပေမဲ့ အဲဒီ့ဆိုင်တွေက သိပ်အရင်းအနှီးများတယ် ဆိုင်ဒက်ကိုရေးရှင်း (DECORATION) ဆင်ရတာတို့ ... ဆိုင်ဝန်ထမ်းကို ယူနီဖောင်းချုပ်ပေးရတာတို့ ... လစာမြင့်မြင့်ပေးရတာနဲ့ဆိုရင် ... အစ်ကိုကိုက်မှာ မဟုတ်ဘူးလေ ... ဒီတော့ ရိုးရိုးဆိုင်ကပဲစပေါ့"

အားတက်သရောနှင့် ဒေါ်မြင့်မူက ပြောသည်။

"နင်ရှယ်ယာပါမလား ... "

"ပါမယ်လေ ... ဆိုင်ရှယ်ယာပါတာလည်း စတော့(STOCK)



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲ ... ဒါပေမဲ့ ကိုယ်တိုင်တော့ လာမလုပ်နိုင်ဘူးနော် ကုမ္ပဏီအလုပ်က ညီမမှာရှိသေးတယ် ... ”

“အေးပါဟာ ... ”





## ဇာတ်လမ်းစဉ် (၄)

ဗေဒါကုန်းရွာက ဖိတ်ကြားချက်ရောက်လာ၏။

မမြင့်မူရောက်နေသည်ကြားသဖြင့်မမြင့်မူ၏ဦးလေးတော်သူ ဦးပဥ္ဇင်းဦးသောမနက မိမိကျောင်းသို့ အလည်လာပါဦးဟု ဖိတ်သည်။

ဦးသောမနသည် ဦးလေးတစ်ဝမ်းကွဲတော်စပ်၏။

ငယ်စဉ်ကတည်းက မမြင့်မူကျောင်းနေစဉ်ပညာရေးတွင် အားပေးအားမြှောက်ပြုခဲ့သူ။

မမြင့်မူ အင်းလျားဆောင်မှာနေတော့ မြစ်ဝကျွန်းပေါ်နှင့် ရန်ကုန်ရှိ မမြင့်မူဆီ ကူးချည်သန်းချည်လုပ်နေခဲ့သူ။

“ဆရာရေ ... ဗေဒါကုန်းကို သွားကြရအောင် ... ဗေဒါကုန်းက ပျော်စရာကောင်းတယ် ... ဗေဒါချောင်းထဲ လှေစီးရင်း သပွတ်သီးကောက်ရတာ ပျော်စရာကြီး ... ဒီဗေဒါကုန်းက



www.burmeseclassic.com

www.burmeseclassic.com



သပွတ်သီးတွေက အရမ်းချိုတာ ဆရာရဲ့ ... ဟိုမှာလည်း ဆွေမျိုးတွေရှိတယ် ... ”

တောနေ တောစားကို ဦးနန္ဒမောင်က ကြိုက်၏။ သူတို့ရောက်နေသော မြို့ကလေးမှာ ဗေဒါကုန်းသို့ မော်တော်နှင့် ဝေနံမြစ်အတိုင်း သွားကြရသည်။

ဦးမြဒင်တို့ လင်မယားလည်းပါ၏။

မနက်စောစောထွက်သော မော်တော်နှင့်သွားရာ နှစ်နာရီသာသာလောက်ပဲ စီးရ၏။

ဗေဒါကုန်းသည် ဝေနံမြစ်နှင့် တစ်မိုင်သာပဲဝေးသည်။

ဝေနံမြစ်မှ ဆိပ်ကမ်းပေါ်ရောက်လျှင် စိမ်းစိုနေသော သစ်ပင်များဝိုင်းရံထားသည့် ရွာတောအုပ်ကို မြင်ရ၏။

ပတ်ဝန်းကျင်တွင် လယ်ကွင်းတွေရှိ၏။

စနေထွန်း၊ အိမ့်မှူး၊ ဝင်းစိန်တို့ ညီအစ်ကိုက ပျော်လိုက်ကြတာ။

အိမ့်မှူးမှာ ချိုင်းထောက်ကလေးနှင့် သွက်သွက်လက်လက်သွား၏။ သူမ၏ဘယ်ခြေထောက်ကလေးမှာ တင်ပါးဆုံရိုး ကျိုးသွားမှုကြောင့် မသိမသာလေး တိုနေသည်။ ဖိနပ်စီးလျှင် ဘယ်ဘက်က ဖိနပ်ကို မြင့်မြင့်စီးရ၏။

ဆရာဝန်က စတီးချောင်းထည့်ပေးချင်သော်လည်း အထိုင်ရခက်တာကြောင့် ဦးနန္ဒမောင်က လက်မခံခဲ့။

✱ စေတနာစာပေ ✱



သူမဘေးတွင် စနေထွန်းက အရန်သင့်လိုက်သွားသည်။ လဲပြိုလျှင် မလဲရအောင် ထိန်းသိမ်းပေးဖို့ရှိ၏။

ကလေးမလေး၏အဖြစ်ကို ဒေါ်မြင့်မူပြောပြချက်ကြောင့် ဦးမြဒင်နှင့် မအေးမေတို့က သိရှိခဲ့ပြီးဖြစ်၏။

“ကလေးမလေးက သနားစရာပဲ ... ရုပ်ကလေးက ချောချောကလေးနဲ့ ဒီအတိုင်း တစ်သက်လုံးသွားရင် ဒုက္ခ ... ”

နောက်မှနေပြီး မအေးမေက ကရုဏာသံနှင့်ညည်း၏။ ထိုညည်းသံကို ဦးနန္ဒမောင်က ကြားတော့ ...

“ကံဆိုးတာ တစ်ခုဟာ ... ဝဋ်ဆိုးတာ အမြဲဆိုတော့ သမီးလေးမှာ ဝဋ်နာပါလာတာ ထင်ပါရဲ့ ... ဒါပေမဲ့ သမီးလေးကစိတ်ဓာတ်မကျဘူး ... သူ့ချိုင်းထောက်ဟာ သူ့ဘဝမှာ အဖော်ပဲတဲ့ဗျ ... ဒီချိုင်းထောက်နဲ့ပဲ ကျောင်းတက်တယ် ဒီချိုင်းထောက်နဲ့ပဲ သွားစရာရှိတာ သွားတယ်လေ ... ”

“အင်း ... ကိုနန္ဒတို့ ချမ်းသာလို့ တော်သေးတာပေါ့နော် သမီးလေးကို ရွှေပေါ်မြတင်ထားတော့လည်း သမီးလေး စိတ်ချမ်းသာတာပေါ့ ... သမီးလေးက အရင်းပဲလား ... စနေနဲ့ သက်တူရွယ်တူ ... ”

အမှတ်တမဲ့ပြောလိုက်သောစကားသည် ဦးနန္ဒမောင်၏ရင်ကို နင့်သွားစေ၏။ မသိမသာ မျက်နှာပျက်သွားသည်။

ယှဉ်ပြီးလိုက်လာစဉ်ကြားလိုက်ရသော ဒေါ်နှင်းနှင်းတို့က အသံဆတ်ဆတ်နှင့် ...

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့သမီးအရင်းကလေး မဟုတ်လို့ ဘယ်သူ့သမီး
အရင်း ဖြစ်ရမှာလဲ ... "

အသံဆတ်သွားတာကို မအေးမေက သတိမပြု
သော်လည်း ကိုမြဒင်က သတိပြုမိ၏။

"စိတ်မရှိနဲ့နော် ... ကလေးတွေက ဝတ်စားတာ ခေတ်ဆ
တယ် ... မထိုက်က ရိုးရိုးကြီး ... "

ဂျပန်ဆံတောက်ကလေးနှင့် ဖြူဝင်းသော အိမ်မှ
သိဂီါလိုင်မှာ အောက်ဘက်တွင် အနားဖွာအမြိတ်ထွက် စကို
ဘလူး ဂျင်းဘောင်းဘီတိုကလေးနှင့် အထက်တွင် လက်ဖော
ခါးတိုအင်္ကျီအဖြူကို ဝတ်ထားသည်။

လည်တိုင်တွင် လော့ကက်သီးပါ ဆွဲကြိုး။
ဘယ်လက်တွင် ရွှေဟန်းချိန်းကြိုးဝတ်ထား၏။
စကားစ ပြတ်သွားကြသည်။

ဦးစွာ ဦးသောမနကို သွားဝတ်ပြုကြ၏။ ဦးသော
မှာ ကျောင်းထိုင်လုပ်နေသည်။

ငယ်ဖြူမဟုတ်ဘဲ တောထွက်ဖြစ်ခြားလည်း
ယတ္တိစာပေကို လိုက်သည်။

လက္ခဏာ၊ ဗေဒင်ကိုလည်း အသင့်အတင့်နားလ
တတ်မြောက်သည်။

ချိုင်းထောက်ကလေးနှင့် ဖြစ်နေရှာသော အိမ်
အကြောင်းကို ကြားသိတော့ စိတ်မကောင်းစွာနှင့် ...





"အင်း ... ဒါဟာ ဟိုပြီးခဲ့တဲ့ အတိတ်ဘဝက အကုသိုလ်
အကျိုးပေးလို့ ဆိုရမှာပဲ ... ဝဋ်ရှိတော့ ဝဋ်ကြွေးကြမှာ
မလွတ်သာဆိုသလို ခံလိုက်ရတာပါပဲ ... "

သူမ၏ဦးလေးအား မမြင့်မူက အိမ့်မှူးအတွက် ဗေ
ဒင်တွက် တွက်ခိုင်း၏။ ဦးသောမနက တွက်ပြီး ...

"ကလေးရဲ့ဇာတာက ကောင်းတယ် ... ဒါပေမဲ့ သူ့ဇာတာ
မှာ အမိအဘမစုံတဲ့ ဇာတာဖြစ်နေတယ် ... "

သည်စကားကြောင့် ဦးနန္ဒမောင်နှင့် ဒေါ်နှင်းနှင်း
သိုက်ကြည့်လိုက်ကြတာကို ဦးမြဒင်က သတိထားမိသည်။

"ဇာတာရှင်ဟာ ရန်ဂြိုလ်ရှိတယ် ... စနေဂြိုလ်က အမြဲစီးနေ
ပါလား ... ပြီးတော့ နဝင်းမလွတ်ဘူး ... နဝင်းမလွတ်ရင်
အကြံအစည် အထမမြောက်ဘူး ... ခန္ဓာကိုယ်ထိခိုက်ကိန်း
အန္တရာယ်ရှိတယ် ... သူ့အသက်နှစ်ဆယ်အထိ နဝင်းမလွတ်
ဘဲနေတယ် ... ယတြာလေး ဘာလေးချေပေးပေါ့ ... "

သည်ဗေဒင်တွေ ဘာတွေကို ဦးနန္ဒမောင်က ယုံ
ကြည်သည် မဟုတ်ပါ။ ဦးသောမနကို ဒေါ်နှင်းနှင်းထိုက်က ဟိုမေး
သည်မေးလုပ်နေသည်။

လူကြီးတွေ စကားပြောနေစဉ် အိမ့်မှူးလေး
ကျောင်းအောက်ကိုဆင်းသွားတာကို သတိမထားမိလိုက်။

ကျောင်းမှာ နှစ်ထပ်ကျောင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သကြိန်ရက်မို့ ကျောင်းသို့ဆွမ်းလာပို့သူ၊ ဥပုသ်သီတင်းလာဆောက်တည်သူများနှင့် စည်ကားနေသည်။

မြို့မှလာသော ကြေးရေတတ်မို့ ဦးနန္ဒမောင်တို့အား အထင်ကြီး အားကိုးတကြီးနှင့် စကားပြောသူတွေက များ၏။

ရေငန်တွေက ဗေဒါချောင်းထဲဝင်ပြီမို့ ထိုရေကို ဘယ်သူကမှ သောက်သုံးဖို့ရန် မသုံးလိုကြတော့။

ဘုန်းတော်ကြီးကပင် အကျိုးအကြောင်းပြောပြီး ရေကန်ပြုလုပ်ရန် အလှူခံသဖြင့် ဦးနန္ဒမောင်က ငွေငါးသောင်း ဒေါ်မြင့်မူက နှစ်သောင်းအလှူထည့်ရန် သဘောတူကြသည်။

လက်ငင်းပဲ ငွေတွေကြည့်ကြသည်။

ရွာတွင် စုပေါင်းရှင်ပြုခြင်း၊ စုပေါင်းရေတွင်းတူးခြင်းနှင့် စုပေါင်းအလှူလုပ်ခြင်း၏ ဘုံအလှူအကျိုးကျေးဇူးများကို ဘုန်းတော်ကြီးက ပြောပြ၏။

ရွာထဲမှ စေတနာရှင်တွေက သင်္ကြန်ထမင်းဟင်းစားကြရန် ဦးနန္ဒမောင်တို့လူသိုက်ကို ခေါ်သွား၏။

ထိုအချိန်တွင် ကလေးတွေ မရှိတော့။

"ဟဲ့ ... ကလေးတွေကို ရှာကြပါဦး ..."

ဦးနန္ဒမောင်ကပြောတော့ ကိုမြင့်က ...

"မပူနဲ့ ကျွန်တော့်သား ဝင်းစိန်ရှိတယ် ... ဒီကောင်က ဒီရွာမှာ လူလည် ..."





ဝင်းစိန် တကယ်လည်း လည်ပါသည်။

သူတို့ကလေးတစ်သိုက်က ဘုန်းကြီးကျောင်းနှင့် တစ်ခေါ်သာသာလှမ်းသော လယ်ကွင်းတွေထဲ ရောက်နေကြ၏။

လယ်ကန်သင်းရိုးတွင် ချုံပုတ်တွေ၊ သစ်ပင်ငယ်ကလေးတွေ ပေါက်နေ၏။

ပျော်စရာကောင်းသော ကြက်ဖမ်းပွဲတစ်ခုလုပ်မည်ဟု ဝင်းစိန်ကဆိုပြီး လယ်ကွင်းထဲခေါ်လာခြင်းဖြစ်၏။

ဝင်းစိန်လက်ထဲတွင် ပုံးပေါက်ကြီးတစ်လုံးနှင့် မီးခြစ်ပါလာသည်။ ဘုန်းကြီးကျောင်းတစ်နေရာမှ ယူလာသော သံတူရွင်းတစ်ချောင်းလည်း ပါလာ၏။ ထိုသံတူရွင်းကို ဝင်းစိန်က ကိုင်ထားသည်။

လယ်ကွက်မှာ စပါးတွေ ရိတ်သိမ်းပြီးမို့ ရိုးပြတ်လယ်တောဖြစ်ကာ အပူရှိန်ကြောင့် လယ်ကွက်တွေမှာ ခြောက်သွေ့ပတ်ကြားအက်နေ၏။

လယ်ကွင်းထဲတွင် ကောက်လှိုင်းပုံတွေရှိ၏။

စပါးများ မရိတ်သိမ်းမီနှင့် ရိတ်သိမ်းစဉ်က လယ်ကွက်တွေထဲ လူတွေကရှိခဲ့သော်လည်း ယခုမူ လူဆိုလို့ ကလေးလေးယောက်သာပဲရှိသည်။

ဝင်းစိန်က တွေ့ရသော ကောက်ရိုးပုံတွေထဲက ကောက်ရိုးများကို သံပုံးထဲအပြည့်အသိပ်ထည့်၏။ ဝင်းထိန်က လယ်ကွင်းကန်သင်းရိုးနားတွင် အပေါက်တွေရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ယင်းအပေါက်တွေထဲမှ အပေါက်တစ်ပေါက်ကို ဝင်းစိန်က ကြည့်ကာ တစ်နေရာတွင် ဂယ်ပေါက်တစ်ခု တူးခိုင်း၏။ ဝင်းထိန်က တူး၏။

သူတို့ညီအစ်ကိုနှစ်ယောက်၏ လုပ်ပုံကိုင်ပုံများကို စနေထွန်းနှင့် အိမ့်မှူးက မတ်တတ်မှပင် လိုက်ကြည့်၏။

"ကြွက်ဖမ်းတယ်ဆိုတာ ကြွက်တွင်းဝကို လိုက်ကြည့်ပြီး ကြွက်ရှိကြောင်း ခြေရာလက်ရာတွေ့မှ ဖမ်းရမယ် ... အခု ဒီတွင်းတွေထဲမှာ အနည်းဆုံး ကြွက်သုံးလေးကောင်တော့ရှိမယ် ..."

ဆရာကြီးလေသံနှင့် ဝင်းစိန်က ပြောလျှင် စနေက "ဒီတွင်းတွေထဲမှာ ကြွက်ရှိကြောင်း မင်းဘယ်လိုလုပ်သိသလဲ ..."

"ငါ့နည်းနဲ့ ငါသိထားတာတွေ ရှိတယ် ... နောက်မှ မင်းကို ပြောပြမယ် ... တို့တောမှာ မြို့သားတွေမသိတဲ့နည်းတွေ အများကြီးရှိတယ် ... ရန်ကုန်မှာ ကြွက်တွေရောင်းတယ်ဆိုတာ ... တို့တောသားတွေ ကြွက်ဖမ်းတတ်လို့ မင်းတို့မြို့သားတွေ စားရတာ ..."

"ဟယ် ... နင်က မပြောပါနဲ့ ... တို့ ... ကြွက်စားတာ တို့ ရန်ကုန်သားတွေ မစားဘူးဟဲ့ ... ရန်ကုန်ရောက်တဲ့ တောသားတွေစားတာ ..."



"အေး ... တောသားလည်း ရန်ကုန်ရောက်ရင် ရန်ကုန်သားဖြစ်သွားတာပဲ ..."

"ဒါပေါ့ ဝင်းစိန်ရာ ... တို့ရန်ကုန်ကလူတွေက ပိုက်ဆံရှိတော့ ပိုက်ဆံမရှိတဲ့ တောသားတွေဆီက ဝယ်စားရတာပေါ့"

စနေက မခန့်လေးစားလေသံနှင့်ပြောကာ ဝင်းစိန် ဂရုမစိုက်ဘဲ တွင်းပေါက်ထဲကိုကြည့်နေ၏။ ပြီးမှ အိမ့်မှူးအား

"ညီမလေးအိမ့်မှူး ... တွင်းထဲမှာ တကယ်ပဲကြွက်တွေ ရှိမယ်ထင်သလား ..."

"ရှိမှာပါ စနေရာ ... ငါသိတယ် ... ဝင်းစိန်က တို့ထက်နားလည်တယ် ..."

"ကြွက်မရှိဘူး မြွေရှိတယ်ဟ ... တွင်းပေါက်ထဲက မြွေနံ့ ငါရတယ် ..."

"ဝင်းစိန် ပြီးပြီဟေ့ ..."

နေပူထဲမှ ဝင်းထိန်အော်သံ။

ဂယ်ပေါက်ကို သူတူးပြီးချေပြီ။ တံတောင်နီးပါး တွင်းတစ်တွင်းရှိနေချေ၏။

နေသိပ်မပူလို့ တော်တော့သည်။

ဝင်းစိန်က သံပုံးထဲကောက်ရိုးထည့်ထားပြီးမှ ဖင် ဖောက်ထားသော သံပုံးအပေါက်ထဲမှ ကောက်ရိုးတွေကို မီးခြစ် မီးနှင့်ရှို့သည်။

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



ဝင်းစိန်လုပ်ပုံက မြန်သည်။

ကောက်ရိုးတွေက သံပုံးထဲမှာ မီးတောက်ကာ လောင်လာလျှင် တစ်ဖက်အဝကျယ်မှ မီးခိုးတွေ ဖွိုက်ထွက်လာသည်။

ထိုသံပုံးအဝကျယ်ကို တွင်းဝတွင် ပိတ်ဆို့ချထားလိုက်သည်။ သံပုံးဖင်ပေါက်မှလောင်ပြီး လှိုက်ကာအတွင်းမှာ ကောက်ရိုးတွေ မီးလောင်တော့ မီးခိုးတွေက အဝကျယ်သော သံပုံး၏တစ်ဖက်မှ ထွက်လာကာ ကြွက်တွင်းထဲသို့ ဝင်တော့၏။

"ကြွက်တွေကို မှိုင်းတိုက်ပြီး ဂယ်ပေါက်က ထွက်အောင် လုပ်ရတယ် ... အထဲမှာ မီးခိုးမွန်တော့ ကြွက်တွေမနေနိုင်ဘူး ... ဒါ ငါတို့ရဲ့ပညာပဲ ..."

ဝင်းစိန်က ခပ်ကြွားကြွားပြောကာ ဂယ်ပေါက်နားတွင်ရပ်နေသော ဝင်းထိန်အား ...

"ဝင်းထိန် မလွတ်စေနဲ့နော် ... ထွက်တာနဲ့ ရိုက် ..."

"အေးပါကွ ..."

ဝင်းထိန်က ပြောပြီး သံတူရွင်းရွယ်ထား၏။

သူ့နားသို့ စနေနှင့် အိမ်မှုံးက အပြေးအလွှားသွားကြည့်၏။

"ဟာ ... လာပြီ ..."

ခပ်မှည်းမည်းအကောင်တစ်ကောင်သည် အူထွက်လာသော မီးခိုးများကြားမှ ထွက်လာ၏။

✷ စေတနာစာပေ ✷



ဒုတ် ...

သံတူရွင်းက ကြွက်ခေါင်းပေါ် ကျသွား၏။ ကြွက်မှာ ဘုံးခနဲ။

"ရပြီ တစ်ကောင် ..."

ဝင်းထိန်၏ အော်လိုက်သံ။

သည်စဉ် ဝင်းစိန်ပါရောက်လာ၍ ကြွက်ကိုဆွဲကာ မြေကြီးပေါ် ပစ်ချလိုက်၏။ ကြွက်ကြီးမှာ အညိုရောင်သန်းကာ ဝတုတ်တုတ်အကောင်ကြီး။

ဝင်းထိန်သံတူရွင်းချိန်ထားသည်။ ခဏပဲ။

"ဟာ ... မြွေကြီး ... မြွေကြီး ..."

ပြောလည်းပြော နောက်သို့လည်း ခုန်ပေါက်ပြေးတော့၏။ ထွက်လာတာက ညိုညို့မည်းမည်းအရှည်ကောင်ကြီးတစ်ကောင်။

"နှင့်အမေ ..."

ဝင်းစိန်လည်း လန့်ခုန်ကာ နောက်ဘက်ဆုတ်သွားတော့သည်။

"ရှီ ..."

ပါးစပ်မှမြည်သံနှင့်အတူ တွင်းထဲမှ ထွက်လာသော မြွေက ခေါင်းထောင်ရာ အိမ်မှုံးခါးလောက်မြင့်သည်။ ပါးပျဉ်းကြီးကားနေသည်။

✷ စေတနာစာပေ ✷

www.burmeseclassic.com

www.burmeseclassic.com



"မြွေဟောက်ကြီးကွ … မြွေဟောက်ကြီး … "

ဝင်းထိန်က အော်ပြော၏။

"ရိုက် … ရိုက် … ဝင်းထိန် ရိုက်ကွ … "

ဝင်းစိန်က အော်ပြောသည်။ ဝင်းထိန်မှာ မြွေပါးပျဉ်း ထောင်နေတာမို့ မရိုက်ရဲ။

"မရိုက်နဲ့ … မသတ်နဲ့ … "

စနေကပြောကာ မြွေရှေ့တွင်သွားရပ်၏။ အိမ့်မှူးမှာ ကြောက်လန့်တကြားနှင့် …

"စနေ … စနေ … နင့်ကို ကိုက်လိမ့်မယ် … "

အိမ့်မှူးသတိပေးတာကို စနေက ဂရုမပြုဘဲ မြွေကို လက်နှင့်ပါးပျဉ်းကိုသပ်လိုက်၏။ တကယ်အံ့ဩစရာပဲ။

သခင်စကားကိုနားထောင်သော ခွေးကဲ့သို့ မြွေကြီးမှာ ပါးပျဉ်းကျ၍ စနေ၏ခြေထောက်တွင် ဝပ်စင်းသွား၏။

ဝပ်စင်းသွားသော မြွေကို စနေကအမြီးမှကိုင်လိုက်၏။ လက်ထဲတွင် တန်းလန်းကြီးပါလာ၏။

"အား … ကြောက်တယ် … ကြောက်တယ် … "

အော်သံလေးနှင့် အိမ့်မှူးနောက်သို့ ကြောက်ကြောက်နှင့်ဆုတ်လိုက်ရာ ခြေချော်လဲကျသွားသည်။

"အိမ့်မှူး … "

စနေက ကပျာကသီခေါ်ကာ လက်တွင်းက မြွေကို တစ်နေရာသို့ လွှင့်ပစ်လိုက်သည်။ အိမ့်မှူးကိုပြေးထူ၏။





"ဘာဖြစ်သွားသေးလဲဟင် … "

"ကြောက်သွားတယ် … ကြောက်စရာကြီးဟယ် … နင် မြွေကြီးကို ဖမ်းတယ် … "

ပြောပြီး သူမက တခစ်ခစ်ရယ်သံလေးနှင့် ထလာသည်။ စနေမှာ စိတ်အေးသွားသည်။

"နင်သတ္တိကောင်းတယ်ဟယ် … မြွေကိုကိုင်ရဲတယ် … နင့်ကို ကိုက်မှာမကြောက်ဖူးလား … "

"ငါ့ကို ဘယ်တော့မှ မြွေမပေါက်ဘူး … "

စနေက ခပ်တည်တည်ပြောစဉ် ဝင်းစိန်တို့ညီအစ်ကို ရောက်လာသည်။

"မင်းကွာ သိပ်သတ္တိရှိတာပဲ … မြွေကိုကိုင်တာ ပလတ်စတစ်ကြိုးကိုင်လိုက်သလား အောက်မေ့ရတယ် … မင်းမြွေ မကိုက်တဲ့ မြွေဆေးထိုးထားသလားဟင် … "

ဝင်းစိန်မေးပုံက အထင်ကြီးစွာမေးလိုက်ပုံ။

"ငါ … ဘာမြွေဆေးမှ ထိုးမထားဘူး … "

စနေက ပြောစဉ် ဝင်းထိန်က …

"မင်းကိုတော့ ငါလေးစားသွားပြီကွ … မြွေက ကြွက်တွင်းထဲ ဝင်ပြီး … အစာရှာနေတယ်နဲ့တူတယ် … "

"သူ့ဗိုက်ကြီး ဖောင်းကားနေတယ် … ကြွက်တစ်ကောင် မျိုပြီးပြီနဲ့တူတယ် … "



www.burmeseclassic.com

www.burmeseclassic.com



မြွေထွက်သွားရာကို စနေကလိုက်ကြည့်ကာ အေး အေးဆေးဆေးဖြေသည်။ မြွေမှာ ဘယ်ကိုထွက်သွားသည်မသိ။

"လာကွာ ... တခြားတွင်း သွားရှာမယ် ..."

"ငါတော့ မလိုက်ဘူး မြွေကြောက်တယ် ... နေလည်းပူလာပြီ ..."

ဝင်းစိန်စကားနောက်တွင် အိမ့်မှူးစကားက ပါလာသည်။

"အိမ့်မှူးရှာ ... နေပါဦး ... နင်တို့ကို ကြွက်ဖမ်းနည်းပြချင်တယ် ... ကြွက်သားလည်း နင်စားရမယ် ..."

"ရှံ့စရာကြီးဟယ် ... ငါမစားချင်ဘူး ... စားလည်း မစားရဲဘူးဟဲ့ ဝင်းစိန်ရဲ့ ..."

အိမ့်မှူးပြောစဉ် ဝင်းစိန်နှင့် ဝင်းထိန်ထွက်သွား၏။ တွင်းဝတွေကို စူးစမ်းပြီး မီးခိုးပေးရာ သည်တစ်ခါတော့ ကြွက်တွေလေးငါးခြောက်ကောင်ရသည်။

ဝဖြိုးပြီး ကြွက်တွေမှာအဆီတွေအစ်နေသည်။

"အိမ်ယူသွားလည်း အပိုပဲ ... ဒီမှာပဲ စားမယ်ကွာ ..."

ဝင်းထိန်ကပြောကာ သစ်ကိုင်းခြောက်တွေကို လိုက်လံကောက်သည်။ ဝင်းစိန်နှင့် စနေထွန်းတို့ကလည်း လိုက်ကောက်ပေးသည်။

သစ်ပင်ရိပ်တစ်နေရာတွင် ထိုသစ်ကိုင်းခြောက်နှင့် ကောက်ရိုးခြောက်တို့ကို စုပုံကာ မီးရှို့သည်။

✷ စေတနာစာပေ ✷



အနောက်တောင်လေက တိုက်စပြုလာပြီမို့ မီးက ဟုန်းဟုန်းနှင့် တောက်လောင်လာ၏။

သူတို့ရထားသော ကြွက်သေတွေကို မီးပုံထဲပစ်ထည့်၏။ ကြွက်မွေးတွေကော ကြွက်သေတွေကိုပါ မီးကလောင်မြိုက်နေရာ အသားကို မီးလောင်သောအနံ့က တသင်းသင်းထွက်လာ၏။

သစ်ကိုင်းကျိုးတစ်ခုနှင့် မီးဟုန်းဟုန်းတောက်နေသည့်ကြားမှကြွက်သေတွေကို ဝင်းစိန်က ဟိုလှန်သည်လှန်လုပ်ပေးသည်။ သူတို့လုပ်ပုံကို စနေထွန်းက စိတ်ဝင်တစားကြည့်နေသလို အိမ့်မှူးကလည်း ချိုင်းထောက်နှင့် မတ်တတ်ရပ်ကာ ထွက်လာသော အသားနံ့ကို ရှူရှိုက်ရင်းက ...

"နင်တို့ကြွက်တွေကလည်းဟယ် မွှေးလိုက်တာ ... ဒါပေမဲ့ ငါရှံ့တယ် ..."

"ဘာရှံ့စရာရှိသလဲ ... ဒီကြွက်တွေဟာ လယ်ထဲမှာ စပါးစားတဲ့ လယ်ကြွက်တွေပဲ ... ဒီမှာကြည့်ပါလား ... အဆီတွေ တောက်တောက်ကျနေတာ ... မြို့မှာဆို နင်တို့မြို့ကလူတွေ အလုအယက်ဝယ်စားကြတာပဲ ..."

ဝင်းစိန်ပြောတာ ဟုတ်ပါရဲ့။

ကြွက်တွေက ဝဖီးနေရာ သူတို့ကိုယ်မှကျသော အဆီတွေက မီးတောက်တွေကို ရှဲခနဲ ရှဲခနဲမြည်သံနှင့် ပိုဟုန်းဟုန်းတောက်စေသည်။

✷ စေတနာစာပေ ✷

www.burmeseclassic.com

www.burmeseclassic.com



ဆယ်မိနစ်လောက်ကြာတော့ မီးသေသွားသည်။

ကြွက်တွေကို ညီအစ်ကိုနှစ်ယောက်က တုတ်ချောင်းနှင့် ယက်ထုတ်သည်။ ကြွက်တွေမှာ အဆီပြန်နေပြီး အရေခွံကော အသားတွေပါ နီရဲကြွပ်ရှကာ အနံ့တသင်းသင်းထွက်ကာ မွှေးကြိုင်နေသည်။ အငွေ့တထောင်းထောင်းနှင့် ပူလောင်နေသော ကြွက်တွေကို ညီအစ်ကိုနှစ်ယောက်က ချက်ချင်းမစားသေးပါ။

အနည်းငယ်အေးလောက်မှ ဝင်းစိန်က ကြွက်သေတစ်ကောင်ကိုယူသည်။ ငါးဆယ်သားလောက်ရှိမည်ဟု ခန့်မှန်းရသည့်ကြွက်။ ဝင်းစိန်က ကြွက်သေကို ပါးစပ်နှင့် တဖူးဖူးမှုတ်ရင်း

"စောစောကမြွေ သနားပါတယ်ကွာ ... သူစားမဲ့ကြွက်တွေကို တို့က လုစားသလိုဖြစ်နေပြီ ..."

"အဲဒီမြွေကြီးဗိုက်က တင်းပြည့်ဖောင်းကားနေတယ်လို့ စနေက ပြောတယ် ... အနည်းဆုံးနှစ်ကောင်သုံးကောင်လောက်တော့ မျိုပြီးရောပေါ့ ..."

ကြွက်သေကို ဖဲ့စားရင်း ဝင်းထိန်ကပြောသည်။ သူပလုတ်ပလောင်းစားနေတာကို စနေကငေးကြည့်နေသည်။ အိမ့်မှူးက ရွံ့ရှာဟန်နှင့် မျက်နှာကလေးရှုံ့သည်။

"စနေ စားစမ်းပါကွ ... သိပ်ကောင်းတာ ..."

ဘာကြောင့်ရယ်မသိ၊ စနေမှာ ကြွက်သေတွေကို တွေ့ကတည်းက စားချင်နေသည်။ ဝင်းစိန်က ကြွက်သေကိုထိုးပေး





လိုက်တော့ စနေက မငြင်းဘဲယူပြီး ကြွက်သေမှအသားတွေကိုပါးစပ်နှင့် ကိုက်ဖဲ့စားသောက်ပစ်၏။

"ဟား ... မင်းတို့ကြွက်က ကောင်းတယ်ကွာ ... ချိုနေတာပဲ ..."

စနေက အားပါးတရ စားရင်းဆိုသည်။ တကယ်လည်း အရသာရှိသည်။ သူ့အိမ်မှာစားနေရသော ဟင်းတွေထက် အများကြီးသာသည်။

"စနေ နင်စားတယ် ..."

"အေး ... ကောင်းတယ်ဟ ... အိမ့်မှူးစားကြည့် ..."

ပြောရင်း စနေက သူ့လက်ထဲမှ တစ်ဝက်တစ်ပျက်ကြွက်ကင်ကို အိမ့်မှူးဘက် ထိုးပေး၏။

"မစားဘူး ... နင်စားတာ ဘဘနဲ့ ကြီးကြီးကို တိုင်ပြောမယ် ..."

"ကြွက်စားတာပဲဟာ ... ချီး(ချေး)စားတာမှ မဟုတ်ဘဲ နင့်အဖေအမေလည်း စားမှာပဲ ... မြို့ကလူတွေက ဓာတ်ပျက်ကုန်ပြီ ... ကြွက်တွေ ဖားတွေစားတယ်လို့ ဆရာမက အတန်းထဲမှာ ငါ့ကိုပြောဖူးတယ် ... နင်စားကြည့် ..."

ဝင်းထိန်ကဆိုလျှင် အရသာတွေ့နေသော စနေက

"စားကြည့်မှ ကောင်းမှန်းသိ ... သာအိ တစိုစိုဖြစ်နေမယ်"

အိမ့်မှူးက စနေကိုကြည့်၍ တော်တော်အရသာရှိ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ၊ အနံ့ကလည်း မွှေးနေတာပဲဟု တွေးသည်။ သူက မီးပုံနားမှ ကျန်နေသော အဆီရဲပြီး ကြွပ်နေသည့် ကြွက်ကင်ကို လက်နှင့်တို့ကြည့်၏။

လက်ညှိုးထိပ်ကို အပူလောင်သဖြင့် 'ဟယ်'ဟုဆိုကာ ပါးစပ်ထဲ အပူအေးစေသောငှာ ယောင်ပြီး လက်ညှိုးထိုးထည့်လိုက်သည်။

သင်းပျံ့ချိုအီသော အဆီ၏အရသာက အိမ့်မှူးလျှာများမှာ ထိတွေ့စွဲသွားသည်။

"နင်တို့ ကြွက်ကောင်းမှာပဲနော် ... ငါနည်းနည်းစားကြည့်မယ် ..."

အိမ့်မှူးကြွက်က အစိတ်သားလောက် အကောင်ဖြစ်၏။ အဲသည်နောက် အိမ့်မှူးက လယ်ကြွက်ကြွပ်ကြွပ်ကို အားပါးတရ ဖွဲ့စားသည်။

သူတို့စကားတပြောပြောနှင့် စားကြသည်။

သူတို့ပါးစပ်တွေမှာ အဆီတွေဝင်းသလို လက်တွေမှာလည်း ကြွက်ဆီတွေပေနေသည်။

"ဒီကောင်တွေက စပါးပဲစားတော့ သန့်တယ်ဟ ..."

ပြောပြီး ဝင်းစိန်က သူ့လက်ချောင်းမှ အဆီတွေကို ပါးစပ်နှင့် တပြွတ်ပြွတ်စုပ်ကာ သန့်ရှင်းသည်။ ဝတ်လာသော ချည်ကွင်း လက်သုတ်သည်။

✷ စေတနာစာပေ ✷



"ကြွက်သားက ကောင်းလွန်းတော့ ဝတောင်မဝဘူး ..."

"နင်မဝရင်လည်း ထပ်ရှာပါလား ... ငါလည်း ရှာမယ်လေ"

အိမ့်မှူးက ကြွက်၏အတွင်းကလီစာတွေကို ဖယ်ထုတ်၍ ကျောသားပေါင်သားတွေကို ဖွဲ့စားကာ ဝင်းစိန်ကို ပြော၏။

သူလည်း မဝပါ။

"နင်အဖေနဲ့ အမေကို တိုင်မယ်ဆို ... နင်လည်း စားတာပဲ ..."

စနေကပြောတော့ အိမ့်မှူးက ပါးချိုင့်ကလေးပေါ်သည်အထိ ပြုံးပြီး ...

"မတိုင်ပါဘူးဟယ် ... ကြွက်စားတာပဲ ... ဝင်းစိန်ပြောသလို ချီးစားတာမှ မဟုတ်ဘဲ ..."

"ဒါဆို ... နင် ကြွက်သားကိုကြိုက်သွားပြီပေါ့ ... သရဲမ"

"ဟီး ..."

အိမ့်မှူးက ရယ်သံပေးသည်။

သူတို့က နေပူကြီးထဲတွင် ကြွက်ရှာကြပြန်သည်။ သူတို့၏ကံကြမ္မာကို သူတို့မတွေးမိ။

အိမ့်မှူးက သူတို့ထက်ပိုရဲသည်။ တွင်းတွေ့လျှင် ချိုင်းထောက်ဟန်နှင့် ထိုးသည်။ ပြီးတော့ ဝင်းစိန်က မီးခိုးမှုတ်သည်။

✷ စေတနာစာပေ ✷

www.burmeseclassic.com

www.burmeseclassic.com



ဝင်းထိန်က ဂယ်ပေါက်မှစောင့်ပြီး သူနှင့် စနေက ကြွက်ရိုက်သမား။

"မြွေကို သတိထားနော် ... မြွေတွင်းဖြစ်ရင် သေရောပဲ"

ဝင်းစိန်က သူတို့အထဲတွင် အကြီးဆုံးမို့ အားလုံးကို သတိပေးသည်။ သူတို့မှာ ကြွက်ရှာရင်းပျော်နေ၏။

တွင်းတိုင်းမှာ ကြွက်မရှိပါ။

အိမ့်မှူးက တွင်းတစ်တွင်းကိုတွေ့တော့ လာပြီး တွင်းဝကို လက်နှင့်နှိုက်ကြည့်၏။

သူ့တွင်းနားတွင် မြက်တွေ၊ ချုံတွေလည်းရှိသည်။ တွင်းထဲ လက်အနှိုက်မှာ 'အမယ်လေး ... 'ဟု အော်လိုက်၏။

သူမလက်ကို ကြောက်လန့်တကြား ဆွဲနှုတ်လိုက်တော့ လက်ဖမိုးဖြူဖြူကလေးတွင် အဝါနှင့်အနက်ကွက်ကြား မြွေပွေးကြီးတစ်ကောင်က ခဲလျက်ပါလာသည်။

"ဟာ ... "

"ဟာ ... "

"ဒုက္ခပဲဟာ ... "

ကျန်ကလေးငယ်သုံးယောက်၏ထိတ်လန့်တကြား အော်ဟစ်ရေရွတ်သံတွေ။

"အီး ... ဟီး ... ဟီး ... "

နာတာက တစ်ကြောင်း၊ ကြောက်တာက တစ်ကြောင်းကြောင့် ကောင်မလေး အော်ဟစ်ငိုရင်း လက်ကိုခါသည်။





မြွေပွေးကြီး ခဲလျက်မှ ပြုတ်ကျသွား၏။

ဝင်းထိန်က စိတ်ဆိုးမာန်ဆိုးနှင့် မြွေပွေးကို သတ်ညီအပြုတွင် စနေက ဝင်တားသည်။

"ဟေ့ ... ဟေ့ ... မလုပ်နဲ့ ... မလုပ်နဲ့ ... "

ထိုအတွင်း ကောင်မလေး မျောမေ့သွားသည်။

စနေက သူ့ဘောင်းဘီခါးပတ်ကို ဖြုတ်ကာ ဝင်းစိန်ကိုပေး၍ ...

"ဝင်းစိန် ... အိမ့်မှူးလက်ကောက်ဝတ်ကို ဒီခါးပတ်နဲ့ နာနာချည် ... မြန်မြန်လုပ် ... "

မြွေကိုက်ခံရသောလက်မှ လက်ကောက်ဝတ်ကို ဝင်းစိန်က နာနာပတ်ချည်၏။

မြွေပွေးကြီးမှာ မပြေးပါ။

"ဟာ ... စနေ ... "

သံတူရှင်းနှင့် မြွေကိုရိုက်လုဆဲဆဲမှာ မရိုက်ဖြစ်ဘဲ ဝင်းထိန်က တအံ့တသြကြောက်ရွံ့သံနှင့် ဆို၏။

သူ့မြင်ကွင်းတွင် စနေက မြွေလည်ပင်းကို ဖမ်းဆီးဆုပ်ကိုင်လိုက်ပြီးဖြစ်သည်။

"ဟေ့ကောင် ... မင်းက အပြစ်မဲ့သူကို ကိုက်တယ် ... မင်းကြောင့် တစ်ဖက်သားသေတော့မယ် ... မင်းအဆိပ်ကို မင်းပြန်မျိုရမယ် ... ဒါပေမဲ့ ဒီအလုပ်ကို ငါပဲလုပ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူကပြော၍ မြွေပွေးကြီးကို တစ်နေရာသို့ သူ
လွှတ်၏။

ပြီးတော့ အိမ့်မှူး၏လက်ဖဝါးကလေးမှ သွေးစို့
သော အစွယ်ရာနှစ်ခုကို သူ့ပါးစပ်နှင့်ငုံကာ အဆိပ်တွေကို စုပ်
၏။

ပါးစပ်ထဲ သွေးတွေရော အဆိပ်တွေပါ ပါလာ၏

မြွေ၏ (VENOM)အဆိပ်ရည်သည် လက်ကော
ဝတ်သွေးကြောမှ နှလုံးနှင့် အာရုံကြောများ၊ ဦးနှောက်ကြောမျာ
ထဲကို မပျံ့နှံ့ဖို့ အရေးကြီးသည်။

လက်ကောက်ဝတ်ကို တုပ်နှောင်လိုက်ခြင်းဖြ
သွေးကြောပိတ်ပြီး အဆိပ်မပြန့်နိုင်ဟု စနေက ယူဆ၏။

သူသည် မြွေတစ်ကောင်မဟုတ်သော်လည်း မြွေ
တစ်ကောင်လိုပဲ သူ့နှုတ်ခမ်းတွင် ဒဏ်ရာကိုအပ်ကာ အဆိပ်ကို
၍ စုပ်၍ထုတ်ပစ်၏။

သာမန်လူတစ်ယောက်လုပ်လျှင် ရကောင်းမှ ရနိ
မည်ဖြစ်သော်လည်း စနေကတော့ ထူးခြားသည်။

သူ့ကြောင့် အိမ့်မှူးအသက်ရှင်သည်ဟု ဆိုရချိမ့်မည်
အိမ့်မှူး သတိရလာသည်။

"အီးဟီး ... ကြောက်တယ် ... ကြောက်တယ် ... "

ငိုသံလေးနှောပြီး အိမ့်မှူးအော်သည်။





"အိမ့်မှူး ... ညီမလေး မကြောက်နဲ့ ... နင်မသေဘူး"

"ဘယ်လိုလုပ်မလဲ ... "

အိမ့်မှူးအား အားပေးလိုက်သော စနေကို ဝင်းစိန်
က မျက်နှာအပျက်ပျက်နှင့် ဆိုသည်။

"လူကြီးတွေကို အသိပေးရမှာပေါ့ ... "

"ဟာ လူကြီးတွေသိရင် ... ငါ့အဖေက ငါ့ကိုကော ဝင်းထိန်
ကိုကော ဆော်ပလော်တီးတော့မှာ ... မင်းပြောတော့
မသေဘူးဆိုကွ ... စနေထွန်းရ ... "

"ပိုပြီး စိတ်ချရအောင် ဆရာဝန်ဆီခေါ်သွားရမှာပေါ့ ... ငါ
နည်းနဲ့ ငါအဆိပ်တွေကုန်အောင် စုပ်ထုတ်ပစ်ခဲ့တာပဲ ...
သွားမယ်ကွာ ... "

"ငါ့အဖေက ငါ့ကိုသေအောင်ရိုက်မှာ ... ငါက ဒီမှာအကြီး
ဆုံးပဲကွ ... "

"ငါတာဝန်ယူတယ် ... ငါ့ကြောင့်ဖြစ်တာလို့ ပြောမယ်"

သည်စဉ် အိမ့်မှူးက ထထိုင်ပြီးတော့ ...

"အိမ်ပြန်မယ် ... အိမ်ပြန်မယ် ... ငါ့အိမ်ပြန်ပို့ ... "

ပြောပြီး ဆက်ငိုသည်။ ဝင်းစိန်မှာ ကျိုးကြည့်ကြောင်
ကြည့်ဖြစ်ကာ တုန်လှုပ်နေပုံရ၏။ ဝင်းထိန်မျက်နှာပျက်နေ၏။

စနေထွန်းက အိမ့်မှူးကို ဝခုံးထက်ကုန်းပိုးလိုက်
ကာ ဝင်းစိန်တို့အား အိမ့်မှူး၏ချိုင်းထောက်ကို ယူလာရန်ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်၊ ဝင်းထိန်က ဖမ်းထားသောကြွက်သေတစ်ကောင် နှစ်ကောင်ကို လွှင့်ပစ်၍ ...

"ချီးတုတ်မှပဲ ... ပျော်ရမလား အောက်မေ့တယ် ... စိတ်ညစ်နေရပြီ ..."

ဟုပြောကာ စောစောက မြွေပွေးကိုဆဲ၏။

အိမ့်မှူးကို ကိုက်ခဲ့သောမြွေမှာ ထူးဆန်း၏။ ဘယ်မှ မပြေးပါ။

စနေက ထိုမြွေခွေနေတာကိုမြင်လျှင် မြွေကို ရှူး... နပ်စီးထားသော ခြေထောက်နှင့် ကန်ကျောက်ရင်း ...

"ချီးမှပဲ ... နင့်ကြောင့် ငါအလုပ်များတယ် ... သွား"

မြွေပွေးကြီးမှာ ခွေနေလျက်မှ စနေထွန်းစကားကို နားလည်ဘိသကဲ့သို့ လယ်ကွက်ပတ်ကြားအက်တွေထဲ တွန့်လိမ်တွန့်လိမ်နှင့် ဆင်းသွားသည်။

ဝင်းစိန်နှင့် ဝင်းထိန်မှာ အံ့ဩမဆုံး။

စနေကိုလည်း လေးစားကြောက်ရွံ့သွားကြသည်။

စနေတို့ ဘုန်းကြီးကျောင်း ရောက်သွားချိန်တွင် ဦးနန္ဒမောင်တို့ကလည်း စနေတို့လူသိုက်ကို ထမင်းစားဖို့ရန်အတွက် ရှာဖွေလုဆဲဆဲဖြစ်နေကြသည်။

အိမ့်မှူးကိုကျောပိုး၍ ပြန်လာတာကိုမြင်လျှင် ဦးနန္ဒမောင်တို့ ထိတ်ထိတ်ပျာပျာဖြစ်ကြရ၏။





အိမ့်မှူးက ငိုနေတာကိုလည်း တွေ့ရသည်။

အိမ့်မှူးနှင့်တကွ လမ်းတွင်တိုင်ပင်လာခဲ့ကြတာမို့ စနေက သူတို့ကြွက်လိုက်ရှာစဉ် အိမ့်မှူးက ကြွက်တွင်းတစ်တွင်းကို ငုံ့ကြည့်ရာ မြွေပွေးအမြီးကို ကြွက်ထင်ပြီး ဆွဲရာမှ မြွေကိုက်ခံရခြင်းဖြစ်ကြောင်း ပြောပြ၏။

"ဒါ ... ဘယ်သူခေါင်းဆောင်တာလဲ ... ဘယ်ကောင်က ကြွက်ဖမ်းဖို့ လမ်းပေးတာလဲ ..."

ကိုမြဒင်က စိတ်ဆိုးမာန်ဆိုးနှင့် သူ့သားနှစ်ကောင်ကိုကြည့်ကာမေးတော့ ဝင်းစိန်ရော ဝင်းထိန်ပါ ခေါင်းငုံ့နေကြ၏။ သူတို့အဖေ၏ ဗျင်းတတ်သောလက်ရာကိုလည်း သိထားကြ၏။

လူတွေမှာ ကြွက်စိကြွက်စိဖြစ်နေကြသည်။

ဘုန်းကြီးကျောင်းအောက်ထပ်မှာ လူအုံကြီးဖြစ်နေ...

"ကျွန်တော် ခေါင်းဆောင်တာပါ ... ကျွန်တော်က ကြွက်ဖမ်းတာကြည့်ချင်တယ်ဆိုလို့ ဝင်းစိန်တို့က လိုက်ပို့တာပါ"

စနေ၏ပြတ်သားသော အပြောက ဝင်းစိန်တို့အား ...င်းမာစွာကြည့်နေသော ကိုမြဒင်၏အကြည့်တင်းမာမှုကို လျော့...သွားစေသည်။

"ဒါဆို ... ဒီကလေးက ဒီအထိအသက်ရှင်ရက်ပါလာတာ"

လူတစ်ယောက်က ထူးဆန်းသောစကားကို တစ်...င်းတစ်စနှင့် ရပ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုယ်ထဲက အဆိပ်တွေကို ကျွန်တော်စုပ်ထုတ်လိုက်ခဲ့ပြီးပါပြီ ..."

စနေ၏စကားက ဘေးလူတွေကိုအံ့သြတွေဝေသွားစေ၏။

စနေက ဆက်ပြောသည်။

"အိမ့်မှူး အသက်ရှင်မှာပါ ... အိမ့်မှူးကိုယ်ထဲမှာ အဆိပ်ကျန်တာ မရှိတော့ပါဘူး ..."

ဒါပေမဲ့ လူတွေအားလုံးက စိတ်မချ။

နိုင်ငံတော်၏ကျေးလက်ကျန်းမာရေးတွင် ကျေးလက်ကျန်းမာရေးဆေးမှူးများရှိခဲ့ရာ ဗေဒါကုန်းတွင်လည်း ကျန်းမာရေးဆေးပေးခန်းလုပ်ပေးထား၏

ဆေးပေးခန်းသို့ အချိန်မီခေါ်ဆောင်သွားနိုင်၏။

ဆေးပေးခန်းတွင် ဆေးမှူးနှင့် သားဖွားမီးယပ်ဝမ်းဆွဲဆရာမတစ်ဦးရှိနေ၏။

အကြောင်းစုံသိရလျှင် မြွေအမျိုးအစားကို ဆေးမှူးကမေးသည်။ မြွေပွေးမှန်းသိ၏။ သူက အိမ့်မှူး၏နှလုံးခုန်မှု၊ မျက်လုံးအခြေအနေနှင့် တံတွေးကို စစ်သည်။ ဆီးကို စစ်သည်။

ပြီးမှ အံ့သြစွာနှင့် ပြောလိုက်ပုံက ...

"နှလုံးခုန်မှုလည်း ကောင်းတယ် ... မျက်လုံး သူ့ယ်အိမ်လည်း ပုံမှန်ပဲ ... ဆီးမှာ သွေးမပါတော့ အဆိပ်က ကျောက်ကပ်အထိ မရောက်ဘူး ..."





"မင်းလုပ်ထားတာတွေ ပြောလိုက်လေ ... သား ..."

ဦးနန္ဒမောင်က တိုက်တွန်းလိုက်သဖြင့် စနေက သူသိပုံကို ပြောပြလိုက်၏။

"မင်းပါးစပ်မှာ အနာတွေ ဘာတွေရှိသလား ... အနာရှိရင် အဆိပ်စုပ်ရာမှာ မင်းအတွက် အန္တရာယ်ရှိနိုင်တယ် ..."

"မရှိပါဘူး ..."

"မင်းတော်တယ် ... သတ္တိရှိတယ် ... မြွေပွေးအဆိပ်ဆိုတာ အတက်သိပ်မြန်တာ ... မင်းလုပ်လိုက်တာဟာ အဆိပ်ကို တားလိုက်တာပဲ ... ဒီကလေးမှာ အဆိပ်မရှိတော့ဘူး ... ဒါပေမဲ့ မြွေဆိပ်ဖြေဆေးတစ်လုံးတော့ ထိုးပေးမယ် ... ဒါမှ စိတ်ချရမှာ ..."

ငိုနေသော အိမ့်မှူးမှာ ဆေးထိုးခံရမှာကြောက်လို့ ငိုယိုနေပြန်သည်။ အားလုံးက အိမ့်မှူးကို ချော့စဉ် ဆေးမှူးက ဆေးထိုးပေးနေခိုက် ဦးနန္ဒမောင်က မျက်ရည်စမ်းစမ်းဖြစ်နေသော ဒေါ်နှင်းနှင်းထိုက်အား တီးတိုးသံနှင့် ...

"သမီးလေးအတွက် စိတ်မပူပါနဲ့တော့ကွာ ... ကောင်းသွားပါပြီ ... စနေက သမီးလေးကို ကယ်လိုက်တော့ သမီးလေး အသက်မရှိတော့ဘဲ စနေ့အသက်ပဲရှိတော့တယ် ..."

"သူက အိမ့်မှူးကို သိပ်ချစ်တာ ကိုမောင် ..."

"အိမ့်မှူးအသက်မသေတာ ကောင်းတယ် ... နောင်ဆို အိမ့်



www.burmeseclassic.com

www.burmeseclassic.com



မှုးမှာ ရစ်ရာတွေအများကြီးရှိနေတာပဲ ... စနေ့ဟာလည်း
အင်မတန် အံ့ဩဖို့ကောင်းတဲ့ ကလေးပဲ ... ”

နောင်တွင် ဝင်းစိန်တို့ဆီမှ သိလိုက်ရသော စကားကြောင့် လင်မယားနှစ်ယောက်လုံး ကြက်သီးဖြန်းဖြန်းထသွား၏။

စနေက မြွေပွေးကို တီကောင်တစ်ကောင်ကိုင်သလို ကိုင်ခဲ့ပါသည်ဟူသော စကားကြောင့်ဖြစ်၏။

ယုံပါသည်။

သူ့ကိုစတင်တွေ့ခဲ့ရတာ မြွေတောထဲမှာ တွေ့ခဲ့ရသည် မဟုတ်လား။





## ဇာတ်လမ်းစဉ် (၅)

ရက်တွေ ကုန်ခဲ့ပြီ။
လတွေ ကျွန်ခဲ့ပြီ။
နှစ်တွေ ကူးခဲ့ပြီ။
ရာသီတွေလည်း တစ်ခုပြီးတစ်ခု ပြောင်းခဲ့ပါပြီ။

လူတွေ၏အသက်အရွယ်သည်လည်း တဖြည်းဖြည်း ရင့်လာ၏။

အပြာနုရောင်မစ်ဆူဘာစီရှီဂဲလင့် စလွန်းကားက ရွာသာကြီးဘက်ရှိ စီးပွားရေးတက္ကသိုလ်ဝင်းထဲ ချိုးတွေ့ကာ တစ်နေရာတွင် ရပ်လိုက်သည်။

“ကလပ်(စ်)ပြီးမှပဲ လာကြိုတော့မယ် အိမ့်မှူး ... ”

“အေးပါဟယ် ... ဒီနေ့ ကလပ်(စ်)က စောစောပြီးမယ် ထင်တာပဲ ... နှင်နှစ်နာရီလောက် လာကြိုလိုက် ... ”

အိမ့်မှူးက လွယ်အိတ်ကို ပြင်လွယ်ကာပြော၍ ကား



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ဆင်းလိုက်၏။ ကားနောက်ခန်းထဲမှ ချိုင်းထောက်ကိုယူသည်။

စနေက လှပသောမျက်နှာ၊ လှပသောကိုယ်ထည်ပိုင်ရှင် အိမ့်မှူးကိုကြည့်ကာ ...

"နင် ... ဟိုအကောင် ဒီအကောင်တွေနဲ့ သိပ်စကားမပြောနဲ့ဦး ... အဖေတို့က ငါ့ကိုမှာထားတယ် ... နင်ရည်းစားထားတာတွေ့ရင် သူတို့ကိုပြောတဲ့ ..."

"ဘဘတို့က အထင်သေးလိုက်တာ ... ငါအခု ဗိုင်နယ် ရောက်နေတာတောင် ရည်းစားဆိုလို့ အဖြူအမည်းတောင် မသိဘူး ..."

"တစ်ယောက်လောက် ထားကြည့်လိုက်ပါလား ..."

"နင်နော် ..."

ပြော၍ လှည့်ကြည့်တော့ တက္ကသိုလ်အဆောက်အဦဘက်မှ မိန်းကလေးသုံးယောက် လာနေတာကိုမြင်သည်။

"ငါ့မဟာမိတ်တွေတောင် လာကုန်ပြီ ... သွားမယ်ဟာ"

လွယ်အိတ်ကလေးလွယ်ပြီး ချိုင်းထောက်နှင့် ထွက်သွားသော အိမ့်မှူး၏ကိုယ်နောက်ပိုင်း စနေထွန်းကကြည့်ကျန်ရစ်ခဲ့ပြီးမှ ကားကိုသော့ဖွင့်ကာ ဂီယာထိုးကာ ထွက်လာ၏။

သူ့အတွက် နေ့စဉ်လိုက်ပို့နေကြမို့ မဆန်းတော့။

ကြိုလည်းပဲ သူပဲလာကြိုသည်။

သူက ရိုးလက်(စ်)လက်ပတ်နာရီကိုကြည့်တော့





အချိန်က ကိုးနာရီထိုးပြီးစ။

ကားကို ပြည်ထောင်စုတံတားသို့သွားသောလမ်းအတိုင်း မမောင်းတော့ဘဲ မြောက်ဒဂုံဘက်ကို လှည့်မောင်း၏။

မြောက်ဒဂုံ ဗိုလ်မှူးဗထူးလမ်းဆိုလျှင် ကားရှင်းသည်။ ဗိုလ်မှူးဗထူးလမ်းမှ ဗန္ဓုလလမ်းဘက်သို့ ချိုးကွေ့လိုက်စဉ် မျက်နှာချင်းဆိုင်မှလာနေသော ဆူပါရူ(ဖ်)ကားဖြူကလေးတစ်စီးနှင့် ဆုံမိ၏။

ရူပါရူ(ဖ်)ကားဖြူကလေးကို မောင်းလာသူကလက်ပြတားသဖြင့် ဘယ်သူဆိုတာကို သိရှိသောစနေက သူ့ကားကိုလမ်းဘေးတစ်နေရာတွင် ထိုးရပ်လိုက်သည်။

တစ်ဖက်ကားပေါ်မှ လူတစ်ယောက်ဆင်းလာ၏။

အသားညိုသည်။

ကိုယ်လုံးကိုယ်ထည်က စနေထက် တောင့်တင်းသည်။ သို့သော် အရပ်မမြင့်ပါ။ စနေထက် သုံးလေးလက်မလောက်နိမ့်မည်။ စနေ၏အရပ်က ငါးပေကိုးလက်မရှိသည်။

နေကာမျက်မှန်တပ်၍ တန်ဖိုးကြီး စပို့ရှပ်နှင့် ရိုက်ဒါဘောင်းဘီကို ဝတ်ထားသည်။

စနေနှင့် သက်တူရွယ်တူထင်ရ၏။

စနေကားရှိရာသို့ ပမ်းဖြတ်ကူးလာသည်။

"မြန်မာကြီးပါလား ဘယ်လဲကွ ..."

မြန်မာကြီးဟု အခေါ်ခံရသူက ဖြူဖွေးသောသွား



www.burmeseclassic.com

www.burmeseclassic.com



ကလေးများကို သဲ့သဲ့ကလေးပေါ်အောင် ပြုံးရင်း ...

"ဒီဘက်ကိစ္စရှိလို့ကွာ ... မင်းအဘွားကြီး နေကောင်းလား"

"အေး ... နေကောင်းတယ် ..."

"သူနေကောင်းပေမဲ့ စိတ်မကောင်းအောင်တော့ ... သွား မပြောလိုက်ပါနဲ့ကွာ ... အခုပဲ မြို့ထဲမှာ မင်းအဘိုးကြီးကို သူ့ကောင်မလေးနဲ့ တွေ့ခဲ့တယ် ..."

"ဘယ်သူလဲ ..."

"လှလွန်းရွှေစင် ..."

စနေထွန်း မျက်မှောင်ကုပ်သွားသည်။

လှလွန်းရွှေစင်ဆိုတာက ဖေဖေ့ကုမ္ပဏီမှာ ဖေဖေ့ရဲ့ အတွင်းရေးမှူးလုပ်နေသည့် အမျိုးသမီးလေး။

ဖေဖေနှင့် ငြိနေတာကို သူကြားသိခဲ့ရတာ ကြာပါပြီ။ ယခုလည်း မြန်မာကြီးက လာပြောနေသည်။

"အေး ... သူ့ဟာသာသူ ဘာပဲဖြစ်ဖြစ်ကွာ ... တို့နဲ့ မဆိုင်ပါဘူး ..."

စနေက အနည်းငယ်ရှက်သလိုခံစားရင်းမှ ကားထဲမှ မထွက်ဘဲ ထိုင်လျက်မှ ပြန်ပြောသည်။

"သူက မင်းအဖေလေကွာ ... အသက်ကြီးမှ ငယ်ငယ်လေးနဲ့ တွဲလား လွဲလားလုပ်တာတော့ ရှက်စရာပဲ ..."

စနေ၏စိတ်ထဲမှာ သည်စကားကြောင့် ဒေါသက ထောင်းခနဲထလာ၏။

✷ စောနာစာပေ ✷



ဖေဖေ့ကို မပယ်ပတ်ပါ။

မြန်မာကြီးလို့ သူခေါ်ခဲ့သည့် အကောင်ကိုပဲဖြစ်သည်။ သူက ဆတ်ခနဲ မော်ကြည့်ရင်း ...

"မြန်မာကြီးဝင်းစိန် ... မင်းက ဘာလဲ ... ငါ့အဖေကို သိက္ခာချ စကားလာပြောနေတာလား ... တောက် မင်းကွာ ..."

"အကျိုးလိုလို့ ညောင်ရေလောင်း ပုတ်ထမ်းနဲ့တွေ့ဆိုတာ မျိုးတော့မလုပ်လိုက်ပါနဲ့ကွာ ... မင်းနဲ့ ငါဟာ သူငယ်ချင်းတွေပါ ... တစ်ယောက်အကျိုး တစ်ယောက်ကြည့်ရမှာပေါ့"

"ပြောမနေစမ်းပါနဲ့ ဝင်းစိန်ရာ ... မင်းတို့မြန်မာကြီးကုမ္ပဏီဟာ စနေထွန်းနဲ့ ဦးနန္ဒမောင်မရှိရင် ပိုတောင်ဝမ်းသာမဲ့ ကုမ္ပဏီပါ ... ဦးနန္ဒမောင်ဟာ ငါ့အဖေ ... အဖေတစ်ယောက်အနေနဲ့ သူလုပ်ပိုင်ခွင့်ရှိတာ လုပ်ပေစေ ... သားတစ်ယောက်အနေနဲ့ ငါ့မှာ ဘာမှပြောပိုင်ခွင့်မရှိဘူးကွ ... ငါသွားမယ် ..."

သူကပြောကာ ကားကိုခပ်ကြမ်းကြမ်းလေး မောင်းထွက်လာသည်။ မြန်မာကြီးဝင်းစိန် အူတူတူဖြစ်ကာ လမ်းတွင်ကျန်ရစ်ခဲ့တာကို နောက်ကြည့်မှန်ထဲတွင် စနေတွေ့ရ၏။

စောစောက ညင်ညင်သာသာမောင်းနေသော ကားသည် ယခုတော့ ခပ်ကြမ်းကြမ်းဖြစ်၏။

စနေ့စိတ်ထဲမှာ မချမ်းသာလှ။

✷ စောနာစာပေ ✷

www.burmeseclassic.com

www.burmeseclassic.com



အဖေသည် အသက်ကြီးကာမှ ဘယ်လိုဖောက်ပြန်နေသည် မသိ။

သူငယ်စဉ်က အဖေသည် သေဝပ်၏။ စည်းကမ်းကြီး၏။ အမေနှင့်လည်း သင့်တင့်၏။ အိမ်မှုကိစ္စတွေကို အဖေကိုယ်တိုင် လုပ်၏။

အမေက ဘာမှမလုပ်တတ်။

ယုတ်စွအဆုံး အိမ်ကိုညှော်သည်လာတာတောင် ထိုင်ပါဦးဟု ပြောဖော်မရသော အမေကို အဖေက သည်းခံပေါင်းလျက်သားနှင့် ဘာကြောင့် လှလွန်းရွှေစင်နှင့်တွေ့မှ အဖေဖောက်ပြန်သွားပါလိမ့်။

လှလွန်းရွှေစင်ကို စနေတစ်ခါ နှစ်ခါတွေ့ဖူးသည်။

ချောတာ လှတာတော့ အတော်ချောတာ လှတာပဲ။ အသက်အရွယ်ကလည်း နှစ်ဆယ်ရှိသေးသော မိမိနှင့် မတိမ်းမယိမ်း။

စကားတော့ မပြောဖူးပါ။

လှလွန်းရွှေစင်ကို မိမိကသိသော်လည်း လှလွန်းရွှေစင်က မိမိကို မသိ။

လှလွန်းရွှေစင်လှသောကြောင့် ဖေဖေက မေမေနှင့် တွေ့ရအောင် တစ်ခါမှ မခေါ်ဖူးခဲ့။

လှလွန်းရွှေစင်မှာ မိမိလိုပဲ ဘွဲ့တစ်ဘွဲ့ရှိသည်။

ကွန်ပျူတာ ဒီအောင်ထားသည်။





အင်္ဂလိပ်စကားပြော ကျွမ်းသည်။

ခေါ်မြင့်မူနေရာတွင် လှလွန်းရွှေစင်ဆက်ခံတော့ အင်္ဂလိပ်စကားတွင်မက ရည်းစားစကားပြောပါ ကျွမ်းဟန်တူသည်။

ဦးနန္ဒမောင် ခေါ်တဲ့အဖေတစ်ယောက် သူမရင်ခွင်ထဲ တစ်ခါတည်းပစ်ကျသွားတာကြည့်တော့။

ဒါကို အမေလည်း သိသည်။ မိမိလည်း သိသည်။

အမေသည် ရင်ထဲမှာခံစားရသော်လည်း ပြင်ပကို ထုတ်ဖော်မပြောပါ။

"လူဟာ အသွေးသားနဲ့တည်ဆောက်တော့ အလှအပကို မက်ကြတာချည်းပဲ သား ... အမေက အိုပြီမဟုတ်လား ကွယ် ... သွေးသားတွေ ကျကုန်ပြီလေ ... လှလွန်းရွှေစင်ဆိုတာက နုနုထွတ်ထွတ်ကလေးပဲ ... ဒီတော့ သားအဖေက စွဲပေမပေါ့ ... ရှေးဘုရင်တွေတောင် ကမြင်းပြီး မိဖုရားလေးယောက်ထားခဲ့တာ မင်းအဖေက ဘာမှုလဲ ..."

အဖေ့အပေါ် ခွင့်လွှတ်သည်လည်းမဟုတ်၊ ခွင့်မလွှတ်သည်လည်း မဟုတ်သော သည်စကားကို အမေဆိုခဲ့ဖူး၏။

အဖေ့ကိုတော့ ...

"ရှင် ဘယ်လောက်ဖြစ်နေနေ ကျွန်မဂရုမစိုက်ဘူး ... ဒါပေမဲ့ ရှင့်ကောင်မကိုတော့ အိမ်ခေါ်မလာနဲ့ ..."

ရေပိုက်စပါး၊ အခါပိုက်မိုးလို တစ်ချက်လွှတ်စကားတော့ ပြောခဲ့ဖူးသည်။ အဖေက အမေ့စကားအတိုင်း အိမ်ကို ဖွာ



www.burmeseclassic.com

www.burmeseclassic.com



လွန်းရွှေစင်အား ခေါ်မလာပါ။

ဒါကြောင့် အမေသည် လှလွန်းရွှေစင်ကို မမြင်ဖူးခဲ့။

စနေက အကြောင်းသိအောင် အဖေ့ကုမ္ပဏီကို မဟုတ်တောင် ပြင်ပမှသွားပြီး တိတ်တခိုးကြည့်ခဲ့သောကြောင့် လှလွန်းရွှေစင်ကို မြင်ခဲ့၏။

သူ့အဖေကို အပြစ်မဆိုသာ။

အဘိုးကြီးကြွေမှာပေါ့။

ကောင်မလေးက လှလည်းလှ၊ ဝတ်စားတာက လည်း ခေတ်နဲ့ညီပြီး ကိုယ်လုံးအချိုးအဆစ်ကလည်း ဝီခေါ်လောက် ပါပေရဲ့။

စဉ်းစားကြည့်လျှင် အမေဒေါ်နှင်းနှင်းထိုက်နှင့် တခြားစီမှ တခြားစီ။

ဦးနန္ဒမောင် ဖောက်ပြန်သော်လည်း မြန်မာကြီးဝင်း စိန်တို့အဖေ ဦးမြဒင်ကတော့ ကောင်းကောင်းမွန်မွန်ပဲ။

ဦးမြဒင်သည် သူ့နှမဒေါ်မြင့်မူအားကိုးနှင့် လှုပ်ရှား ရှန်းကန်လာပြီး သည်ကနေ့ အထွဋ်အထိပ်သို့ ဆူပါကော်ဖိနပ် မသောက်ဘဲ ရောက်လာသူဖြစ်ပါသည်။

လက်ဖက်ရည်ဆိုင်မှသည် ဆယ့်ငါးနှစ်အတွင်း အဆောက်အအုံများ ဆောက်လုပ်သည့်ကုမ္ပဏီပိုင်ရှင်ကြီးဘဝကို တက်လှမ်းလာသူဖြစ်၏။

သူ့ညီမဒေါ်မြင့်မူ ပံ့ပိုးမှုတွေ အများကြီးပါ၏။





ဒေါ်မြင့်မူသည် အဖေ့ကုမ္ပဏီတွင် အတွင်းရေးမှူး လုပ်နေရာမှ အဖေ၏လုပ်ငန်းအချို့ကို သူ့အစ်ကိုဦးမြဒင်ဘက်သို့ တိတ်တဆိတ် ခိုးသွင်းပေးခဲ့၏။

ဦးမြဒင်က ဦးနန္ဒမောင်ထက်စောစီးစွာ လုပ်ငန်း တွေ ရပြီးအထမြောက်သွားသည်။

ဦးနန္ဒမောင်ကော့ကျန်ခဲ့သည်။

အတွင်းလူ၏ လက်အပြောင်းအလဲဖြစ်ကြောင်း ဦးနန္ဒမောင်သိလာသောအခါ ဒေါ်မြင့်မူနှင့် ထိပ်တိုက်တွေ့ကြ၏။

ဦးနန္ဒမောင်က မထုတ်ပယ်မီ ဒေါ်မြင့်မူက ဦးနန္ဒ မောင်၏တော့(ပ်)ဝမ်း (TOP ONE)ကုမ္ပဏီမှ ထွက်လိုက်သည်။

သူမ၏ရှယ်ယာတွေကိုလည်း ပြန်နှုတ်ယူသွား၏။ ဦးနန္ဒမောင်မှာ နှစ်ရှည်လများ လုပ်ခဲ့သော ဒေါ်မြင့်မူနှင့် သံယော ဇဉ်ရှိခဲ့ရာ ဒေါ်မြင့်မူမရှိတော့ စိတ်ထိခိုက်သလိုဖြစ်သွား၏။

ဒေါ်နှင်းနှင်းထိုက်နှင့် စနေက နောက်အတွင်းရေး မှူးတစ်ယောက်ခေါ်ရန် အကြံပေးလို့ ဦးနန္ဒမောင်ခေါ်ရာ လှလွန်း ရွှေစင်က ဒေါ်မြင့်မူနေရာတွင် ရောက်လာ၏။

ဒေါ်မြင့်မူလောက် အလုပ်မှာမတော်သော်လည်း လှသည့်နေရာမှာ စံတင်လောက်၏။

ဒါကြောင့် အဖေပစ်ကျသွားတာဖြစ်မှာပေါ့။

ဦးမြဒင်၏ မြန်မာကြီးကုမ္ပဏီတွင် ဝင်းထိန်ကမင် ဘဲ ရုံးတစ်ခုတွင် ဝန်ထမ်းသွားလုပ်၏။ အဲသည်ကောင်က ကြီးလာ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ့အစ်ကိုနှင့် မတူ။

လူအေးမှ လူအေး။

ဝင်းစိန်က သူ့အဖေနှင့် တွဲလုပ်သည်။ မြန်မာကြီး ကုမ္ပဏီတွင် ဝင်းစိန်က နိုင်ငံကြီးပစ္စည်းများမသွင်းဘဲ သံရုံးပေါင်း မှ ပစ္စည်းကျများကို လိုက်လံဝယ်ယူ၏။

မော်တော်ကား၊ ညှော်ခန်းအသုံးအဆောင်၊ မီး ချောင်အသုံးအဆောင်မှအစ လေလံစနစ် သို့မဟုတ် ကန်ထရိုက် စနစ်နှင့် ဝယ်ယူပြီး ယင်းပစ္စည်းတွေကို ပြန်လည်မွမ်းမံကာ နိုင်ငံ ခြားပစ္စည်းအဖြစ် ပြန်လည်ရောင်းချလေ့ရှိ၏။

သံရုံးပစ္စည်းဆိုတော့ သန့်၏။ စွန့်ပစ်ပစ္စည်းဟောင်း သော ပစ္စည်းဖြစ်သော်လည်း မွမ်းမံလျှင် နဂိုအတိုင်းပြန်ဖြစ်၏။ သ ကို အော်ရီဂျင်နယ်(ORIGINAL)ဟု ဝင်းစိန်တို့က ခေါ်၏။

ကိုက်လည်း ကိုက်သည်။

နိုင်ငံခြားပစ္စည်းဝယ်လျှင် အဖိုးကြီးကြီးပေးရမည် အကောက်ခွန်ပေးရမည်။ ပစ္စည်းတင်ဒါမှာလျှင် ကြာ၏။

သည်မှာက အချိန်တိုတိုနှင့် ရ၏။ အဆက်အသွ ကောင်းဖို့ပဲလို၏။ မြန်မာကြီးကုမ္ပဏီမှာလုပ်သောကြောင့် ဝင်းစိ ကို အချို့က 'မြန်မာကြီး'လို့ပဲ ခေါ်သည်။

'မြန်မာကြီး'မှ လူတစ်ယောက်ကိုကျွေးမွေးဖို့ စိ စေတနာရှိသလို ထိုလူဆီမှ ဘာပြန်ရမည်ကို စဉ်းစားတတ်၏။ ကြ လုံးလည်း ပိုတတ်သည်။

✷ စေတနာစာပေ ✷



စနေနှင့် ငယ်ငယ်ကတည်းက ခင်မင်လာသော သူ ငယ်ချင်းတွေမို့ ပြောမနာ ဆိုမနာရှိသော်လည်း စီးပွားရေးတွင် တစ် ယောက်ကိုတစ်ယောက် တစ်လက်မအစွန်းမခံ။

တကယ်တော့ ထိုအလုပ်ကို အဖေက အစကတည်း က လုပ်ဖို့အစီအစဉ်ရှိနေ၏။ သံရုံးတွေ၏ စွန့်ပစ်ပစ္စည်းဟောင်းများ ကို ရယူဖို့ စနေကို တာဝန်ပေးခဲ့၏။ စနေက အဆက်အသွယ်ကိုရှာ နေစဉ် ဒေါ်မြင့်မူက ထိုလုပ်ငန်းကို သူမ၏အစ်ကိုဦးမြဒင်အား ချပြ ခဲ့သည်။

ဦးမြဒင်က ဝင်းစိန်ကို တာဝန်ပေးခဲ့ရာ ဝင်းစိန်က စနေထွန်းထက်ဦးစွာ လုပ်ငန်းကို အပိုင်ယူနိုင်ခဲ့၏။

အဲသည်မှာ ဦးနန္ဒမောင်က သိသွားတော့ ဒေါ်မြင့်မူ နှင့် စကားများရတော့၏။

ယခင်က သွင်းကုန်တစ်ခုကိုလည်း ဦးမြဒင်က ဦးနန္ဒမောင်ထက် စောလျှင်စွာရယူနိုင်ရန် ဒေါ်မြင့်မူ၏ကြိုးပမ်းချက် အရ လုပ်နိုင်ခဲ့၏။

ဦးနန္ဒမောင် သည်းမခံနိုင်တော့။

ဒေါ်မြင့်မူ ထွက်သွားပြီးနောက်တွင် မြန်မာကြီး ကုမ္ပဏီနှင့် တော့(စ်)ဝမ်းကုမ္ပဏီသည် အစဉ်ပြိုင်ဘက်ဖြစ်ခဲ့ရ၏။

တွေ့ရင်တော့ တစ်ယောက်ကိုတစ်ယောက် ရယ် သို့ပြီးလို့။

စိတ်ထဲမှာ ဆဲနေကြသည်။

✷ စေတနာစာပေ ✷

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ခြေကို တစ်ယောက် ဘယ်လိုပြိုင်

အောင် လုပ်ရပါ့မလဲဆိုတာ ကြည့်နေကြသည်။

ဒါတွေရဲ့အရင်းခံက လောဘ။

ပုဂ္ဂလိကလုပ်ငန်းသမားတွေ လောဘကြီးလာပြီ လျှင် အချင်းချင်းလည်း ခြေပုန်းခုတ်နက်တတ်၏။

နိုင်ငံနှင့် ပြည်သူအတွက်လည်း အကျိုးမပြုတော့

သူတို့၏ ဝန်ဆောင်မှုတွေက ပြည်သူတွေအပေါ် ကျလာတတ်၏။

ဒါကို စနေထွန်းသတိပြုမိတာကြောင့် လူကြီးတွေ ဘယ်လိုပြိုင်ဘက်ဖြစ်လာကြပါစေ။

မိမိတို့လူငယ်ချင်း သင့်မြတ်ဖို့ ကြိုးစား၏။

ဒါပေမဲ့ မြန်မာကြီးဝင်းစိန်က စနေကိုပုတ်ခတ် ကြိုးစားသည်။ တိုင်များကို တိုက်ပါများ 'ကန့်'လာသလို စနေ မြန်မာကြီး၏ ပုတ်ခတ်မှု၊ စီးပွားရေးလုယူမှုတွေကြောင့် စိတ် မရှည်နိုင်တော့။

လမ်းတွေ့လျှင်လည်း တစ်ယောက်ကိုတစ်ယော 'ရိ'ကြသည်။ ယခုလည်း အဖေနှင့် ပတ်သက်လို့ 'ရိ'သွားချေသည်

အဖေ့အတွက် စိတ်မသက်မသာဖြစ်ခဲ့သော သည် ကမ္ဘာအေးဘုရားလမ်းတွင်ရှိနေသော တော့(ပ်)ဝမ်းကု ကို မောင်းလာသည်။

ထိုကုမ္ပဏီရှိရာ အဆောက်အဦက ပြီးခဲ့တဲ့သုံး





ယောက်ကမှ ဝယ်ယူပြီး ကုမ္ပဏီကို မြို့လယ်မှ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ ၏။

ဆီဒိုးနားဟိုတယ်နှင့် မနီးမဝေးမှာရှိသည်။

အုတ်တောင်ခတ်ထားသော ဝင်းခြံထဲမှာ နှစ်ထပ် တိုက်တစ်လုံး၏ အောက်ထပ်တွင် ကုမ္ပဏီကိုဖွင့်ထားသည်။

ခြံတံခါးက အဆင်သင့်ပွင့်နေ၏။

ခြံထိပ်နားအတွင်းတွင် အဝါရောင်နောက်ခံလျက် အနက်ရောင်စာလုံးများနှင့် ဖော်ထားသည့် (တော့(ပ်)ဝမ်း)ကုမ္ပဏီ အမည်ကို အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ရေးထားသည်။

လမ်းမပေါ်မှပင် ယင်းဆိုင်းဘုတ်ကို ကောင်း ကောင်းမြင်နိုင်၏။

ခြံထဲဝင်လာတာနှင့် ကုမ္ပဏီမှလိုက်လံပို့ဆောင် သော ရေသန့်ဗူးတင်ကားနှစ်စီးကို တွေ့ရ၏။ ကင်နာအမျိုးအစား နှင့် ဒိုင်နာအမျိုးအစားကားတွေဖြစ်၏။

သူ့ကားကို ထိုကားတွေနောက်တွင်ရပ်၍ ကုမ္ပဏီ ထဲသို့ ကားပေါ်မှဆင်း၍ လျှောက်သွား၏။

မန်နေဂျာဦးကိုကိုအောင်နှင့် သွားတွေ့သည်။

ဦးကိုကိုအောင်မှာ ဒေါ်မြင့်မူလိုပဲ ကုမ္ပဏီလုပ်သက် ကြာပြီ။ အရပ်ပုပု၊ ပိန်ပိန်၊ အသားလတ်လတ် ခေါင်းတုံးဆံတောက် ဆံပင်နှင့်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် တစ်ချိန်က စည်ပင်တွင် ဝန်ထမ်းဖြစ်ခဲ့ဖူးသည်။

ယင်းမှ ကုမ္ပဏီတွင် မန်နေဂျာဖြစ်လာသူ။

သူက စနေကို တွေ့ဖူး၊ သိဖူးနေရာ စတင်နှုတ်ဆက်လိုက်သည်။ စနေက သူ့အဖေထံလာကြောင်းပြောတော့ ဦးကိုကိုအောင် နှုတ်ခမ်းပါးလေးတွင် သဲ့သဲ့ပြုံးသော အပြုံးကလေးပေါ်ပေါက်လာသည်။

ယင်းအပြုံးသည် မသိမသာ လှောင်ထေ့သော အပြုံးဖြစ်ကြောင်း စနေနားလည်သည်။

"မင်းအဖေက ... အခုတစ်လောမှာ အောက်ဒိုးဘစ်ဇနစ် (OUTDOOR BUSINESS)တွေ သိပ်လုပ်နေတာကွ ... ကုမ္ပဏီမှာရှိတတ်တာ မဟုတ်ဘူး ... သူ့အတွင်းရေးမှူးလေးက မင်းအဖေကို သိပ်ထွန်းအားပေးနေတော့ မမောနိုင်မပမ်းနိုင်ပေါ့ကွာ ... ဒါပေမဲ့ ကြာရင် ... အမောဆို့သွားလိမ့်မယ်"

"သူတို့ ဒီအချိန် ဘယ်မှာရှိနိုင်မလဲ ... "

"ပြင်ပလုပ်ငန်းဆိုတော့ အဖမ်းရခက်တယ်ကွာ ... မင်းဆမ်းမစ်(SUMMIT)တို့ ... ယုဇနဂါးဒင်း(YUZANAGARDEN)တို့မှာ ရှိမလားဘဲ ... ဒါမှမဟုတ် ရန်ကင်းစင်တာတို့ ... ယုဇနပလာဇာတို့မှာ ရှိမလားဘဲ ... လိုက်ရှာကြည့် ... "

လက်ကိုင်ဖုန်းတော့ စနေမှာရှိပေမယ့် ဆက်လို့ရမည် မဟုတ်သည်ကို သိထား၏။





ဦးနန္ဒမောင်က သူ့လက်ကိုင်ဖုန်းကို ပိတ်ထားချေသည်။

ကားကို မြို့ထဲပြန်မောင်းလာသည်။

ဆူးလေဘက်ကို ဦးတည်လိုက်သည်။

ဦးတည်ရင်း သူ့အဖေသွားတတ်သောနေရာတွေကို စဉ်းစားသည်။ အချိန်ကိုလည်း ကြည့်၏။

မနက်စာ စားချိန်။

သည်လိုဆို ထမင်းဆိုင်တွေကို စဉ်းစားရမှာပေါ့။ ရန်ကုန်မြို့တွင် ထမင်းဆိုင်တွေ အများကြီးရှိသည်။

ယောကျ်ားဆိုသည့်သတ္တဝါများသည် မိန်းကလေးတွေကို ချစ်ကြိုက်လာပါက ပိုက်ဆံကုန်ရမည်ကို နှမြောတတ်သော သတ္တဝါတွေ မဟုတ်ချေ။

ကြွားချင်သောစိတ်က ကျွေးချင်သောစိတ်တွေထက် ပိုများသဖြင့် တန်ဖိုးအမြင့်ဆုံးသော ဆိုင်တွေမှာ မိန်းကလေးတွေကို လိုက်ကျွေးတတ်၏။

ခုခေတ်မိန်းကလေးတွေထဲမှာ အတော်များများ မိန်းကလေးတွေကလည်း သည်လိုဆိုင်မျိုးတွေမှာ စဉ်းတီတုံးကို ဓားလုပ်ကျွေးတောင် ကောင်းလှပါချည်ရဲ့ဆိုပြီး လိုက်စားမည့် သတ္တဝါမလေးတွေဖြစ်၏။

ဒါကြောင့် သူ့အဖေအကြိုက်ဆုံး အကောင်းဆုံး ထမဆုံး မြန်မာထမင်းဆိုင်ကို စဉ်းစား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုထမင်းဆိုင်သည် ရွှေတိဂုံဘုရား၏ မြောက်ဘက်မုခ် ဦးဝိစာရလမ်းနားတွင် ရှိ၏။ လမ်းတိုကလေးဖြစ်ကာ ဓမ္မစေတီလမ်းဘက်မှဝင်လျှင်လည်း ရ၏။

အဲသည် ထမင်းဆိုင်ကို သူသွား၏။

မတွေ့ပါ။

မောကြော။

နေပါဦး။ သူ့အဖေကို ဘာကြောင့် လိုက်ရှာနေရတာလဲ။

လုလွန်းရွှေစင်နှင့် တွဲသွားတွဲလားလုပ်နေတာကို မနာလိုလို့လား။ ငယ်ရွယ်သူက ငယ်ရွယ်သူနှင့်မှ တွဲသွားသွားလာရသည် ချစ်ရသည်ဆိုတဲ့အယူအဆမျိုး စနေထွန်းတွင် ရှိနေလို့လား။ ဒါလည်း မဟုတ်ဘူး။

အကြောင်းကို စစ်လိုက်တော့ ရှက်လို့။

အဖေ့အသက်က ခြောက်ဆယ်နားကပ်နေပြီ။

ဆံပင်မဖြူတောင် မျက်စိမှုန်ရောပေါ့။ အဖေမျက်မှန်တပ်ထားရတာကိုပဲ ကြည့်။

မျက်စိမှုန်တာတောင် အလှအပကိုကြည့်နေနိုင်သေးသည့် အဖေက သူ့အသက်အရွယ်ကြီးနှင့် သူ့သမီးလောက် အရွယ်လေးနှင့်ဖြစ်နေတာတော့ လွန်တာပေါ့။

ပတ်ဝန်းကျင်က ပြောကြမည်။

ကျယ်ကျယ်မဟုတ်တောင် တိုးတိုးလေး။





နွားအို မြက်နုကြိုက်ကြီး။

သည်အပြောမျိုးတော့ စနေထွန်းမခံချင်။

ဒါကြောင့် အဖေ့ကို ပြောချင်သည်။ လိုက်ရှာမယ်။

ကောင်မလေးရှေ့မှာ ပြောကိုပြောပစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ် (၆)

စနေ သူ့ကိုလိုက်ရှာနေချိန်။

သူကတော့ ကောင်မလေးနှင့်အတူ တစ်နေရာမှာ ရောက်နေသည်။

ထိုနေရာသည် တရုတ်တန်းရှိ လမ်းတစ်လမ်းထဲမှ စားသောက်ဆိုင်တစ်ဆိုင်ဖြစ်သည်။

ယင်းဆိုင်ကလေးက ရှမ်းတရုတ်အစားအသောက်များရပြီး ထူးထူးခြားခြားစားသောက်ရသော အစားအစာဖြစ်၏။

ချက်ထားတာ အစပ်တည့်၏။

သည်ဆိုင်ကို လှလွန်းရွှေစင်ကပဲ ညွှန်ခဲ့သဖြင့် အဘိုးကြီးက သူ၏မာစီးဒီးအဖြူရောင်ကားလှလှလေးကို ဆိုင်နှင့်မနီးမဝေးမှာ ထိုးရပ်ခဲ့သည်။

ဦးစွာ လှလွန်းရွှေစင်ဆင်းလာ၏။





အရပ်က ငါးပေခြောက်လက်မရှိသည်။ သေလျှင် ခေါင်းလှလှ၊ အလောင်းလှလှ အရပ်အတန်းစားထဲကဖြစ်သည်။ သားကလေးက ဖြူဖြူဝင်းဝင်းနှင့် မွတ်လို့ နုဖတ်လို့။

တစ်ကိုယ်လုံးပေါင်းတင်ထားတာကိုး။ သေလျှင် ပိုး လောက်စာတို့ မြိန်မြိန်ယှက်ယှက်ကြိုက်မည့် အသားမျိုး။

မျက်နှာလေးကလည်း ဒိုင်းနက်(DYNEX)နေကာ ကျ်မှန်အောက်မှာ လှလိုက်တာ။

သေလျှင် ဖောရောင်နေမည့် မျက်နှာကိုး။

ကိုယ်လုံးကလေးက ကျစ်ကျစ်ကလေးနှင့် အချိုး ဆစ်ကျ၏။ ကြည့်လိုက်လျှင် ရင်သုံးဆယ့်ငါး၊ ခါးနှစ်ဆယ့်လေး၊ င်သုံးဆယ့်ခြောက်ဖြင့် ရွှေပန်းပုကြေးရုပ်သွင် ကိုယ်ဟန်။

သေလျှင် မြိန်မြိန်ပုပ်စော်နံမည့် ကိုယ်လုံးမျိုး။

အသုဘရှု ရှုတတ်လျှင်တော့ သည်ဟာမလေးတစ် ထ်မှ ပုံမလာ။

တဏှာရှု ရှုလျှင်တော့ ...

"အားပါး ... ငါ့တူမကြီးက ရေဆေးထားတဲ့ ပလတ်စတစ် ငါးရုပ်ကြီးလို စင်းလုံးချောကြီးပါလား ... "

တောင့်သဟဲ့။ ဖြောင့်သဟဲ့။

အဲသည်အထဲမှာ ဦးနန္ဒမောင်က နံပါတ်တစ်။

"ဦးကိုလေ ... လှလွန်းက တခြားဆိုင်တွေမှာဆို ရိုးနေမှာ စိုးလို့ ဒီကိုခေါ်လာတာ ... လာနော် ... "



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် သာယာချစ်ဖွယ်ကောင်းသည့် အသံကလေးနှင့် လှလွန်းရွှေစင်က ကားတံခါးပိတ်ဆင်းလာသော ဦးနန္ဒမောင်ကို ခါးကလေးနွဲ့ကာ လှည့်ပြော၏။

ထိုသည်နောက် ယှဉ်တွဲ၍ လျှောက်ကာ ဆိုင်ထဲဝင်လာသည်။

မှန်သေတ္တာလေးများထဲတွင် ဟင်းခွက်များ၌ ဟင်းမျိုးစုံထည့်ထားတာကို ဆိုင်ထဲဝင်ရုံနှင့် မြင်နိုင်၏။

သူတို့နှစ်ယောက်ကို ဆိုင်ထဲရှိလူတွေ၏ အာရုံကရောက်သွား၏။

ဦးနန္ဒမောင်မှာ အသက်ခြောက်ဆယ်နီးပါးရှိပေမဲ့ ခြောက်ဆယ်ဟု မမှတ်ရပါ။

ပုံပန်းကျသော ဆံပင်တို့သည် နိုင်ငံခြားဆေးဆိုးအရောင်ကြောင့် ပြောင်နက်ကာ ဖီးလား အီးလားမသိသော ခေါင်းလိမ်းဆီနှင့် ခေါင်းထက်တွင် ပိပြားနေအောင် နောက်ပြန်ဖြီးထားသည်

မကျယ်မကျဉ်းသော နဖူးပြင်ထက်မှ ဦးစွန်းလေးတောင် ပေါ်နေ၏။

ပေါင်းတင်ထားသော မျက်နှာက ပြောင်တင်းပြီး ပေါ်လွင်သော နှာတံထက်မှ အလူမီနီယံကိုင်းတပ် ဘိုင်ဘိုကယ် မျက်မှန်တပ်ထား၏။

မျက်နှာသွယ်သွယ်၏ဘေးတွင် စိမ်းနုသောပါးသိုင်း

✱ စေတနာစာပေ ✱



မွေးရေးရေးလေးတွေရှိပြီး ပါးသောနှုတ်ခမ်းထက်တွင် နှုတ်ခမ်းမွေးရေးရေးကလေးတွေက ရှိနေပြန်၏။

လူပျင်းတို့အားကစားလေ့ရှိသော အားကစား လျှပ်စစ်စက်များနှင့် ကစားထားသဖြင့် သူ့ခန္ဓာကိုယ်က ရင်အုံ၊ ပခုံးတို့မှာ ကျယ်ဝန်းလျက် အချိုးအစားကျနသော ခန္ဓာကိုယ်တစ်ခုပဲဖြစ်သည်။

ဒီနင်း(DENIM)ရှပ်အင်္ကျီအဖြူလက်ရှည်နှင့် မာရာဒိုနာ(MARADONA) အပြာနုရောင် ဘောင်းဘီရှည်က မိန်းကလေးထက် နှစ်လက်မ သုံးလက်မရှည်သော သူ့အရပ်ကလိုက်ဖက်စေ၏။

သူ့ဝတ်စားပုံနှင့် သူ့ရုပ်ကိုကြည့်ပြီး လက်ရှိအသက်ထက် အနှစ်နှစ်ဆယ်လောက် ပိုငယ်သွားပါသည်ဟု ပြောကြပါလိမ့်မည်။

"ဘာတွေမှာမလဲ ..."

"ထမင်းပဲ စားကြရအောင်နော် ..."

လှလွန်းရွှေစင်ပြောသံကလေးက တိုးတိုးကလေးနှင့် ညင်ညင်သာသာလေး။

အင်း ... အိမ်ကဟာကြီးနဲ့ ကွာပ။

အိမ်ကဟာကြီးကတော့ ထမင်းစားတော့မယ်ဆိုရင် ...

"ဟိုလူကြီး ထမင်းစားမယ် ..."

ဒါပဲလေ။

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



အင်း ... အိမ်က သစ်သားပန်းပုရုပ်ကြီးနဲ့ ဒီက ကြေ
ရုပ်ကလေးနဲ့ ဘာဆိုင်လဲ ကွာခြားပ။

လှလှတ်သောစားပွဲတစ်ခုတွင် နေရာယူကြ၏။

စားရာတွင်လည်း ဇွန်းခက်ရင်းနှင့် ညင်ညင်သာသာ
စားသည်။ အိမ်ကဟာကြီးလို ဗွိဗွိ ဗွိဗွိနှင့် လက်ကြီးနှင့်မစား။

သူ့ပန်းကန်တွေထဲကို အသည်းတုံးကလေးတွေ
အသားဖတ်တုံးကလေးတွေကို ကြွေရုပ်ကလေးက ခပ်ထည့်ထည့်
ပေး၏။

ကြွေရုပ်ကလေး၏ ပန်းကန်ထဲကိုလည်း သူက
ဟင်းဖတ်တွေ ထည့်ပေး၏။ ကြွေရုပ်ကလေးက ထမင်းထည့်ပေး
၏။

ပြီးတော့ ပြောလိုက်ပုံက ...

"ဝအောင် စားနော်တဲ့ ..."

"စားလို့ကောင်းရဲ့လားတဲ့ ..."

ဒီလိုမေးပုံကလေးက နားထဲမှာ သာယာလိုက်ပါဘ
ရွှေဆီလောင်းလို့ ဖယောင်းပျော့သလို ပျော့ဝင်သွားတာ။

တစ်ယောက်ကိုတစ်ယောက် ပြုစုမှုကလေးတွေက
အင်မတန်ကြည်နူးဖို့ကောင်းတာ။

အချစ်ဆိုတာ ဒါလား။

အသက်ကြီးမှ အချစ်သစ်ရလေရဲ့။

လှလှန်းရွှေစင်မှာ လွှန်ခဲ့သောနှစ်နှစ်ကမှ သူစိတ်

✱ စေတနာစာပေ ✱



ကြိုက်ရွေးခဲ့သော ကောင်မလေး။

အဲဒီတုန်းက ဒေါ်မြင့်မူထွက်သွားတော့ လုပ်ငန်းနှင့်
ဝတ်သက်၍ ဒေါ်မြင့်မူကိုပဲ တာသသဖြစ်ခဲ့ရသည်။

ဒါကိုသိသော ကုမ္ပဏီပိုင်ရှင် သူ့မိတ်ဆွေဒါရိုက်တာ
တစ်ယောက်က စားသောက်ပွဲတွင် ...

"ကိုမောင်ရာ ... ခင်ဗျားမလဲ မအေပျောက်တဲ့သားလို ဒေါ်
မြင့်မူကိုပဲ လွမ်းနေတယ် ... ခင်ဗျားဟာကြီးက အိုရွှဲနေပါ
ပြီဗျာ ... အဘွားကြီး ဘာအသုံးကျတော့မှာလဲ ... မိန်းမ
တွေဟာ အဘွားကြီးတွေ ဖြစ်လာရင် တကယ့်ရှေးဟောင်း
ပြတိုက်မှာသွားထားရမဲ့ အန်းတိတ်(ANTIQUE)ကြီးဖြစ်
နေပြီ ... ခင်ဗျားနဲ့လည်း ရန်သူဖြစ်သွားပြီ ... ဒီတော့ ဖရက်
ရှာ(FRESHER)လေးတွေကို ရှာစမ်းပါ ... ခုခေတ်မှာ
အတွင်းရေးမှူးလုပ်သူဟာ ငယ်ရွယ်လှပပြီး ဖျတ်လတ်တဲ့
မိန်းကလေးတွေဖြစ်သင့်တာဗျာ ... အကြောင်းအပေါင်း
သင့်ရင် ကျုပ်တို့ဘူတားကြီးတွေအတွက် အိုကေတောင်
အိုကေနိုင်တယ် ..."

အဲဒီလို မြှောက်ပေးတာလေးတွေကြောင့် ဦးနန္ဒ
မောင်က ငွေရှင်ကြေးရှင်ပီပီသသ သတင်းစာထဲမှနေပြီး အလုပ်ခေါ်
တော့၏။ အဲဒါကို သူ့ဒေဝီကိုမပြော။ သားသမီးတွေကိုလည်း မဟ။

လာသမျှ ကောင်မလေးတွေကို သူကြည့်၏။

ငယ်ရွယ်ပါရဲ့။

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့တွေကော၊ နောက်ဘွဲ့တက်နေသူ။

လှတာတွေလည်း ပါသည်။ မလှတာတွေလည်း သည်။ ဘွဲ့ရဖို့တက်နေသူ၊ နောက်ဘွဲ့အတွက် တက်နေသူတွေ မလိုချင်။

ဘွဲ့တက်နေရလို့ သူ့အလုပ်တွေကိုစိတ်မဝင်စားနိုင် ကြောင်းပြတ်တဲ့လူမှ။

အလှဆုံးနှင့် ဘွဲ့တစ်ဘွဲ့ရသူတွေကို ရွေး၏။

ဆယ်ယောက်။

အဲ့ဒီအထဲက အင်တာဗျူးထိုင်ပြီး ငါးယောက်ထ ရွေး၏။

ထိုငါးယောက်ထဲမှာ တစ်ယောက်သောသူနှင့် ၏အလှ၊ သူ၏သွက်လက်မှုကို မြင်သည်။

အဲ့ဒီနေ့က သူမကိုယ်တွင် မြွေရုပ်ပါသော ခါးပြ အကျီလှလှကလေးနှင့် မြွေကြီးတစ်ကောင်တွန့်လိမ်တက်ပြ သောဟန်ပါသော စကတ်ထမီကို သူမဝတ်ထားသည်။

အဲ ... ပြီးတော့ ဆံပင်ကလေးတွေက နက်မှော ပြီး အထပ်ထပ်ခုတ်ထားသော စတော်ဆံပင်ကလေးတွေနှင့် သူမ မျက်နှာကလေးက ကြည့်လို့ကောင်း၏။

မျက်လုံးကလေးတွေက မြွေမျက်လုံးလို မည်းနက် တောက်ပြောင်ပါဘိ။

ထိုမျက်လုံးတွေက အိမ်ကစနေ၏မျက်လုံးတွေ





အတိုင်းပဲ။

ထူးထူးခြားခြားဝတ်ထားသော မိန်းကလေးကို သူ စိတ်ဝင်စားသည်။ အင်တာဗျူးထိုင်သည်။

သူမက အဆောင်တစ်ခုမှာ နေသည်။

ပညာအရည်အချင်းက စီးပွားရေးဘွဲ့ရပြီးသူ။

လုပ်ငန်းတစ်ခုကို ဦးနန္ဒမောင်က ပြောပြ၏။ ထို လုပ်ငန်း၏ ပေါ်လာသောနောက်ဆက်တွဲပြဿနာကို ဘယ်လိုရှင်း လဲဟု မေးသည်။

သူမကလွဲပြီး ကျန်မိန်းကလေးတွေ မဖြေနိုင်။

ဘယ်သူ့ကိုမှ မယုံကြည်လျှင် ပြဿနာမဖြစ်ဟု သူမက ဆိုချေ၏။

သူမကို ဦးနန္ဒမောင်က သဘောကျသွားသည်။

တစ်ခုထပ်မေး၏။

မြွေရုပ်ပါသော အဝတ်အစားတွေကို ဘာကြောင့် ဝတ်ရသလဲ။

ဖြေတာက ရှင်းရှင်းလေးပဲ။

မြွေကိုချစ်လို့ပါတဲ့။

စနေထွန်းကို သတိရ၏။

စနေထွန်းဆိုတဲ့ကောင်ကလည်း အင်မတန်မြွေချစ် တဲ့ကောင်။

အိမ်မှာ မြွေအရှင်မမွေးတောင် သူ့အိပ်ခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မြွေရေခွံတွေအစာသွပ်ထားသော မြွေရုပ်တွေကို ထားတတ်၏

မြွေပါသော ပုံကားချပ်တွေကို ချိတ်ထားတတ်၏

မိန်းကလေးတွင် မိဘမရှိ။

သူ့မိဘများက ဆုံးခဲ့ပြီ။

ဇာတိက တောင်ကြီး။

တောင်ကြီးဆိုတော့ သူနေခဲ့သောမြို့ကို ဦးနန္ဒမော က ပြန်သတိရမိ၏။

ယခု ရန်ကုန်သို့အလုပ်လာရှာသည်။ ကြော်ငြာတွေ လို့ လာခဲ့သည်ဟုဆို၏။

သူမ၏အလှ၊ သူမ၏သွက်လက်မှု၊ သူမ၏ခေတ်န ညီမှုကြောင့် သဘောကျသွားသည်။ ခန့်လိုက်သည်။

ဝင်ဝင်ချင်း သုံးသောင်း။

သူမ၏လုပ်ရည်ကိုင်ရည်ကိုကြည့်ပြီး ထပ်တိုးပေး မည်ဟု ဆိုလိုက်သည်။

အမည်ကိုမေးတော့ လှလွန်းရွှေစင်တဲ့လေ။

သူသည် လှလွန်းရွှေစင်ကို အတွင်းရေးမှူးအဖြ ခန့်လိုက်ကြောင်း အိမ်ကိုကြေညာလိုက်လေသည်။

ဘယ်သူကမှ တစ်ခွန်းမှမဟကြပါ။

သည်တုန်းက နောင်တွင် မိုးသက်ဆင်လိမ့်မည် မထင်ခဲ့ကြသောကြောင့်ဖြစ်၏။

အလုပ်ခွင်တွင်အလုပ်လုပ်ခါစကတော့ ဦးနန္ဒမော





လှလွန်းရွှေစင်သည် အန်ကယ်ကြီး၊ သမီးစသည်ဖြင့် ကိုရွှေရိုး တတ်ကို ခင်းခဲ့ကြ၏။ ကာလအတန်ကြာတော့ အန်ကယ်ကြီးမှ အခဲကြီးဖြစ်လာသလို သမီးမှ ငါ့မီးဖြစ်လာသည်။

အဲဒီလိုဖြစ်လာတာကလည်း နီးစပ်မှုပင်ဖြစ်သည်။

ဦးနန္ဒမောင်သည် ထမင်းစားချိန်ဆို အိမ်ကိုပြန်စား လေ့ရှိ၏။ တစ်ခါတစ်ရံ စားမမီဘူးဆိုလျှင် မလှမ်းမကမ်းတွင် ကုလားဟိုတယ်တစ်ခုရှိသည်။ ထိုဟိုတယ်မှ ကုလားစာတွေကိုမှာ စားလေ့ရှိ၏။

တစ်နေ့မှာပေါ့။

ထမင်းစားချိန်ရောက်သည်တိုင်အောင် ဦးနန္ဒမောင် ထမင်းပြန်မစားနိုင်အောင် အလုပ်ရှုပ်နေသည်။ လှလွန်းရွှေစင်ကို ခေါ်ပြီး ကုလားဟိုတယ်ကို ပွဲတီတစ်ပွဲလာပို့ရန် ဖုန်းဆက်ပြောခိုင်း

“အန်ကယ်ကြီး ... သမီးထမင်းချိုင့်ယူလာတယ် ... အန်ကယ်ကြီး ယူစားလိုက်ပါလား ... ”

“နင်စားတာ ငါစားလို့ဖြစ်မလား ... နင်ငတ်သွားမှာပေါ့”

“နှစ်ယောက်စားလို့ရတယ် အန်ကယ်ကြီးရဲ့ စားပါ ... လှလွန်းက အစားမကြီးပါဘူး ... ”

တစ်ဖက်က စေတနာထားတော့လည်း အန်ကယ်ကြီး ဦးနန္ဒမောင် စားဖြစ်သည်။ စားပွဲတွင် နှစ်ယောက်မျက်နှာချင်း ထိုင်စဉ် လှလွန်းက သူမချက်လာသော ကြက်သားဟင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ကြက်ရိုးတွေကို ထွင်၊ အသားတွေကို ဦးနန္ဒမောင်၏ထမင်းပန်းကန်ထဲထည့်ပေး၏။

(သူ့မီရိုထဲတွင်ထမင်းပန်းကန်နှစ်ချပ်ကို ဦးနန္ဒမောင်က လိုလိုမယ်မယ် ထားလေ့ရှိ၏။)

ငါးပိကြော်ကို ပန်းကန်ထဲ ပုံပေး၏။

သူမနှင့် မျက်နှာချင်းဆိုင်စားရတာကို ဦးနန္ဒမော ရင်ထဲနှစ်သိမ့်မိ၏။

အဲဒီနှစ်သိမ့်မှုလေးတွေက အိမ်အထိပါလာသည် အိပ်မက်ထဲအထိ ဆွဲနေသည်။

အိမ်တွင် အိမ်သူကြီးဒေါ်နှင်းနှင်းထိုက်ကတော့ သူ ဘာသာ သူမစားပဲ။

လင်မယားမျက်နှာချင်းဆိုင် စားဖို့တောင် မစော သူဆာလျှင် သူမဘာသာ သူမစားသည်။

နောက်တစ်နေ့တွင် ဦးနန္ဒမောင်က စိတ်ကူးရလ တာနှင့်အညီ မနက်စာထမင်းကို ပြန်စားတော့မည်မဟုတ်ကြော ပြောခဲ့သည်။ ဒေါ်နှင်းနှင်းထိုက်ကလည်း ထူးထူးထွေထွေမမေ ပါ။

ဦးနန္ဒမောင်တွင် စိတ်ကူးရှိသည်။

လှလွန်းရွှေစင် ထမင်းမစားမီ အပြင်သို့ခေါ်ထု သွား၏။

ပြီးတော့ ရှမ်းကန်(၃)သို့ မောင်းချလာ၏။ သူ

✱ စေတနာစာပေ ✱



လှလွန်းရွှေစင်အား ဟိုတယ်မှာကျွေးချင်လို့ခေါ်လာကြောင်း ကားပေါ်မှမဆင်းမီပြော၏။

ကောင်မလေးက အားနာနာနှင့် ငြင်းသည်။

ဦးနန္ဒမောင်က ကောင်မလေး၏ဖြူးအိသောလက်မောင်းအိုးကလေးကို ကားနောက်ခန်းမှ ဆွဲချစဉ် မသဲအထိ အတွေ့ကြောင့် ရင်ထဲမှာ ခံစားရသည်။

သူက လွှတ်လိုက်၏။

ကိုယ့်အလုပ်ရှင်၏ ဖိတ်ခေါ်မှုကို လှလွန်းရွှေစင် ငြင်းပယ်ရက်တော့။

ရှမ်းကန်မှာ စားကြစဉ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ။ ပျော်ကြ။

တစ်ယောက်အကြောင်း တစ်ယောက်သိစပြုသည်။

လှလွန်းရွှေစင်မှာ မြန်မာစစ်စစ်မဟုတ်။

မိခင်က မြန်မာဖြစ်သော်လည်း ရှမ်းတရုတ်သွေးပါသည်။

ဖခင်က တိုင်းရင်းသားတစ်ဦး။

ဖခင်မှာ ပွဲရုံရှိ၏။ သူ့ပွဲရုံမှာ ဦးနန္ဒမောင်နောက်မှ တည်ထောင်သော ပွဲရုံဖြစ်သောကြောင့် မကြားဖူး။ အဆက်အစပ် မရှိပါ။

တောင်ကြီးမှ ရန်ကုန်သို့ လှလွန်းရွှေစင်က ဘော် ဒါဆောင်မှာနေပြီး ကျောင်းတက်စဉ် ဒုတိယနှစ်မှာ ဖခင်က သွေး

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



တိုးရောဂါနှင့် ကွယ်လွန်သွား၏။ ပွဲရုံကို မိခင်က ဆက်လက်ထိ
သည်။

သူမစီးပွားရေးနောက်ဆုံးနှစ်မှာ မိခင်က သူမ
မပြောဘဲ နောက်ယောကျ်ားထပ်ယူသည်။ သူမ စိတ်ဆိုး၏။

မိခင်က ငွေပို့ပေးသော်လည်း ဘွဲ့ရပြီးသည်အင
သူမမပြန်တော့။ မိခင်က သူမအား ရန်ကုန်တွင် လာတွေ့သည
သူမနှင့် မိခင် စကားများကြ၏။

မိခင်ဆီကို မပြန်တော့ဟု သူမက ဆိုသည်။ အိ
ထောင်ပြုရာတွင် သမီးကိုမတိုင်ပင်ဘဲ မိခင်က အိမ်ထောင်ပြုလို
တာမို့ သူမစိတ်ဆိုးခြင်းဖြစ်၏။

မိခင်က သူမအား ငွေငါးသိန်းပေးပြီး ပြန်သွားသည

ပြင်ပအဆောင်တစ်ခုတွင် သူမနေထိုင်စဉ် ကြေညာ
တွေ့သဖြင့် ယခုလိုအလုပ်လာလျှောက်ကြောင်း ပြောပြ၏။

ပြောစဉ် သူမမျက်နှာသည် မကျေနပ်ချက်အရော
တွေ သမ်းကာ မျက်လုံးတွေက နက်မှောင်ပြီး အရောင်တောက်
၏။

ပါးပျဉ်းထထောင်သော မြွေဟောက်တစ်ကော
နှင့် ရင်ဆိုင်နေရသည်ဟု ဦးနန္ဒမောင်ထင်သည်။

သူမသည် မိန်းကလေးဖြစ်ပေမဲ့ အသီးအရွက်လုံး
မစားဘဲ အသားကိုသာ ခုံခုံမင်မင်နှစ်နှစ်လိုလို စားသည်ကို ဦးန
မောင် သတိပြုမိ၏။

✷ စေတနာစာပေ ✷



သူကလည်း သူ့အိမ်ထောင်ရေးတွင် သူသာလျှင်
အပင်ပန်းခံခဲ့ကြောင်း၊ သူရထားသော မိန်းမမှာ သစ်သားရုပ်ကြီး
တစ်ရုပ်သာဖြစ်ပြီး အိမ်ထောင်ရေးသုခမရကြောင်း၊ အပြုအစုအယု
အယုယလုံးဝ မခံခဲ့ရကြောင်း၊ သူ့တွင် သားသမီးနှစ်ယောက်ရလာ
သည်။ ထိုသားသမီးနှစ်ဦးမှာ တစ်ဦးက တက္ကသိုလ်ဘွဲ့ရကာနီး၊
နောက်တစ်ယောက်က ယောကျ်ားလေးက ဘွဲ့ရပြီးဖြစ်ကြောင်း၊
အိမ်ကမိန်းမမှာ ထိုးထွင်းဉာဏ်မရှိ၊ အိမ်ထောင်ထိန်းသိမ်းနိုင်မှု မရှိ
သဖြင့် သူကချည်း လိုက်လုပ်နေရသောကြောင့် အင်မတန်ပင်ပန်း
ကြောင်း ပြောသည်။

ယခုလို လှလွန်းရွှေစင်၏ ဂရုစိုက်မှုလေးတွေတွေ့
ရသောအခါ ရင်မှာပီတိဖြစ်ရပါကြောင်းကို မိန့်ခွန်းရှည်ကြီးမဟုတ်
သော်လည်း စကားရှည်ကြီးပြောမိ၏။

သူ့စကားတွင် ယောကျ်ားဆိုးတစ်ယောက်၏ ညည်
အတိုင်း သူ့မိန်းမ၏အပြစ်တွေကိုချည်း အပြစ်ဖို့စကားပြောကာ သူ
က ကောင်မလေးရှေ့တွင် ပဏ္ဏာယူသည်။

"အိမ်ထောင်ရေးဆိုတာ အိမ်ထောင်ကျပြီးရင် ဘဝကို နှစ်
ယောက်အတူထမ်းရွက်ကြတာပဲ အန်ကယ် ... ဘက်မညီ
ရင် ဘာမှသာယာနာပျော်မှု မရှိတာအမှန်ဘဲ အန်ကယ်"

"ဒါပေါ့ လှလွန်းရယ် ..."

သမီးလို့ မခေါ်။ ကောင်မလေးက သူ့ကိုယ်သူ လှ
လွန်းလို့ခေါ်သလို ဦးနန္ဒမောင်က လိုက်ခေါ်သည်။

✷ စေတနာစာပေ ✷

www.burmeseclassic.com

www.burmeseclassic.com



"စားနော် အန်ကယ် ..."

လှလွန်းက ကြက်သားချဉ်စပ်ပန်းကန်ထဲမှကောင်းမွေဆိုသည့် အသားတုံးလေးတွေကို ရွေးထည့်ပေးသည်။

ဦးနန္ဒမောင်က သူ့ပန်းကန်ထဲ ဟင်းတုံးတွေ တစ်ဖက်က ထည့်ပေးတာကို နှစ်သိမ့်စွာခံယူရင်း သူကလည်း တခြားပန်းကန်ထဲမှ ဟင်းတွေကို အလိုက်သိစွာ၊ ကြင်နာစွာ လှလွန်း၏ပန်းကန်ထဲကို ခပ်ထည့်ပေး၏။

သံယောဇဉ်ဆိုတာ တစ်ယောက်ကိုတစ်ယောက် အလိုက်သိမှု၊ ကြင်နာမှုလေးတွေက စကြတာပဲ မဟုတ်လား။

အဲသည်နောက်ပိုင်းတော့ မကြာခဏ သူတို့လက်ဆုံထမင်းစားဖြစ်ကြသည်။

လှလွန်း၏ ထမင်းချိုင့်။

လှလွန်းချက်သည့် ထမင်းဟင်းတွေမှာ အင်မတန်ကောင်းသည်။ ရှမ်းတရုတ်သွေးပါလို့လား မသိ။ အင်မတန် ဟင်းတွေက အစပ်အဟပ်တည့်သည်။

လှလွန်း၏ ထမင်းချိုင့်နှင့် သံယောဇဉ်မဆုံမိလျှင် ပြင်ပဟိုတယ်တွေ၊ ထမင်းဆိုင်တွေမှာ လှလွန်းနှင့် ဦးနန္ဒမောင် သံယောဇဉ်ဆုံကြသည်။

အဲသည်ကာစ ကြင်နာကြလို့ ရုံးခန်းထဲတွင် ဦးနန္ဒမောင်ဇက်ကြောတက်ပြီဆိုလျှင် လှလွန်းရွှေစင်၏လက်ကလေးနှင့် နှိပ်နှိပ်ပေးတာကို ဦးနန္ဒမောင် ဖိမ်ယူအရသာယူတတ်လာ၏။

✱ စေတနာစာပေ ✱



ကြိုးချင်းထား ကြိုးချင်းငြိ။

ဓာတ်ဆီနှင့် မီးတောက်ငြိက ဟုန်းခနဲ တောက်သတဲ့။

သူ့ဖာသာ သူနေတာပဲ။ အဘိုးကြီး ညမနက်ထမင်းစားလည်း မမေး။ အပြင်မှ သူ့မိတ်ဆွေ၊ ဘယ်သူဘယ်ဝါကျွေးတာစားလာသည်ဟု ပြောလည်း လက်ခံလိုက်တာပဲ။

ဒေါ်နှင်းနှင်းထိုက်က နေတာထိုင်တာ မသပ်မရပ်နိုင်လွန်းသည်။ အသက်ကလည်း ကြီးလာပြီ။ ရုပ်ကလည်း တောသူရုပ်ဖြစ်ရသည့်အထဲ မလှမပ။ အပြင်အဆင်မရှိ။

လှလွန်းတို့ကတော့ လှလှပပမြင်ဆင်တတ်သည့်အပြင် အမြဲတမ်းတစ်ကိုယ်လုံးကို မွှေးနေသည်။ ကြည့်လိုက်လျှင်ဆိုရက်စရာတောင်မရှိသည့် အလှမျိုး။

အိမ်ကဟာမကြီးကတော့ လက်ပတ်စော်၊ ချွေးစော်၊ ချဉ်စော်နံတတ်သည့်အပြင် ဦးနန္ဒမောင် အလွန်မုန်းသောကွမ်းကိုစားလိုက်သေးရဲ့။

အဲသည် ကွမ်းစားမှုနှင့် ပတ်သက်ပြီး လင်မယားစကားများရသေးရဲ့။

ကွမ်းစားတာကိုလည်းကောင်း၊ ကွမ်းတံတွေး တပျစ်ပျစ်ထွေးတာကိုလည်းကောင်း ဦးနန္ဒမောင် အင်မတန်ရွံသည်။

သည်တော့ ကောင်းရာမှာပဲပျော်တတ်သော ယောကျ်ားတို့ရဲ့ညဉ်အတိုင်း လှလွန်းရွှေစင်နှင့် ဦးနန္ဒမောင် ခွဲမရတော့။

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



လှလွန်းရွှေစင်ရှိနေလျှင် ဦးနန္ဒမောင်မှာ သာယာနေ၏။

တစ်ယောက်က မိဘအုပ်ထိန်းမှုမရှိ။

ပရမ်းပတာ။

တစ်ယောက်က သာယာမှုကိုရှာသည့် နွားသိုးကြီးပြတ်။

ဆုံလည်နွားနှင့် နှမ်းဖတ်ချဉ်တွေ့ကြပြီပေါ့။

ဒါတွေ ဒါတွေက သူတို့အတွက် မဖုံးမဖိနိုင်။

ပတ်ဝန်းကျင်မှာ လူပြောသူပြောတွေဖြစ်လာသည်။

ပေါက်တဲ့နဖူး မထူးတော့။ ချော်လဲရောထိုင်တာအကောင်းဆုံးပါပဲ။ ပတ်ဝန်းကျင်ကပဲပြောလို့ သူတို့ဖြစ်ရသည့်ပုံမျိုးလုပ်သည်။ အရက်သောက်လျှင် ဥစ္စာကျ။ မိန်းမဖောက်လျှင် သိက္ခာမလှသည့်အဖြစ်ကို ဦးနန္ဒမောင် မေ့သွားလေပလား။

ချစ်စိတ်လား၊ ရာဂစိတ်လား။

မသိတော့သောစိတ်တို့က မွန်နေပြီမို့ လှလွန်းရွှေစင်နှင့် ပြောင်ပြောင်တင်းတင်းပင် တွဲတော့သည်။

ဘယ်သူတွေ ဘာပဲပြောပြောပေါ့။

နောက်ဆုံးအိမ်ကလူတွေသိသွားကြသည်။ သိသောအခါ စနေထွန်းက သူ့အဖေကို မပြော။

ယောကျ်ားတစ်ယောက်ပဲလေ၊ ဒါမျိုးလောက်တော့ ရှိမှာပေါ့ပဲဟူသော ယောကျ်ားချင်းစာနာစိတ်နှင့် မပြောတော့





ပါ။

အိမ့်မှူးသိင်္ဂါလှိုင်ကတော့ ငိုချင်းချသည်။ ရှက်သည်ဟု ဆို၏။

ဒေါ်နှင်းနှင်းထိုက်ကတော့ ...

"ရှင်ဖောက်ပြန်ချင်ရင် ဖောက်ပြန်ပါ ... ရှင်တို့ယောကျ်ားတွေကို မဖောက်ပြန်နဲ့လို့ တားလို့ရတာ မဟုတ်ဘူး ... တားရင် ရှင် ကျွန်မကို ရန်လုပ်မယ် ... ကျွန်မသာ ဖောက်ပြန်ကြည့် ... ရှင်ဘာလုပ်မလဲ ... ကျွန်မကို တုတ်ဆွဲဓားဆွဲနဲ့သတ်မယ် ... နောက်ယောကျ်ားကို သတ်မယ် ... ကျွန်မတို့ မိန်းမတွေဟာ ကိုယ့်ယောကျ်ားက ဖောက်ပြန်ရင် မျက်ရည်ကလွဲပြီး ဘာမှအားကိုးစရာမရှိဘူး ... ဓားဆွဲ တုတ်ဆွဲလည်း မလုပ်နိုင်ကြဘူး ... ကျွန်မကတော့ ငိုမယ်မထင်နဲ့ ရှင့်ကိုလည်း ရန်မလုပ်ဘူး ... ကျွန်မတို့အိမ်စားစရိတ် သုံးသိန်းပေးနေကျကိုပေး ... ဒါပဲ ကိုမောင် ... "

အင်မတန်ပြတ်သားသည့် မိန်းမ။

"ဦး ... စားလေ ... ရော့ ... "

လှလွန်းရွှေစင်၏အသံလေးဝင်လာမှ ဦးနန္ဒမောင် သတိဝင်လာ၏။ သူ့ပါးစပ်အနားသို့ ခွန့်လိုက်သောဟင်းနှင့် ထမင်းကို သူစားလိုက်၏။

"ဘာတွေ တွေးနေတာလဲ ... "

အန်ကယ်ကြီးမှ အန်ကယ်၊ အန်ကယ်မှ 'ဦး'ဟူ



www.burmeseclassic.com

www.burmeseclassic.com



သော အဆင့်သို့ပြောင်းခဲ့ချေပြီ။ နောက်ဆိုလျှင် အစ်ကိုကြီးဖြစ်ကောင်းဖြစ်လိမ့်မည်။

"ကလေးနဲ့ပတ်သက်ပြီး တွေးနေတာပေါ့ ... "

ကြည့်စမ်းပါဦးနော်။

သူကြီးကလည်း 'ကလေး'တဲ့။

အိမ်ကဟာကြီးကို အဲဒီလိုခေါ်ပါလား။

သက်ကြီးသူနဲ့ ငယ်သူဆိုတော့ ခေါ်ထိုက်ပါရဲ့။

သက်ကြီးသူမှာ အသက်နဲ့အရွယ်ကို ဖုံးကွယ်ဖို့ ဂုဏ်တွေ၊ ပကာသနတွေ၊ ကားတွေ၊ ငွေတွေလိုသည်။

"လှလွန်းနဲ့ ... လှလွန်းနဲ့ ပတ်သက်ပြီး ဘာတွေတွေးနေတာလဲ ... လှလွန်းက ဦးနားမှာရှိနေတာပဲ ... "

မိန်းမဝတ် လက်မောင်းပြတ် တီရှပ်အင်္ကျီအစိမ်းနရောင်ကလေးနှင့် ဂျင်းရိုက်ဒါကိုဝတ်၍ ခါးပတ်ကို ဝတ်ဆင်ထားသည့် သူမက ဆိုသည်။

ဟင်းအနှစ်နှင့် ထမင်းကို ဇွန်းခက်ရင်းနှင့် နယ်ရင်း သူမက ဦးနန္ဒမောင်ကို မခို့တယို့ကြည့်သည်။

"တို့က ကလေးကိုအမြဲတမ်း တို့အနားမှာရှိစေချင်တယ်"

"ရှိစေချင်ရင် လက်ထပ် ... ပြီးတော့ ပြောင်းလာ ... အတူတူနေ ... "

သူမကဆိုပြီး ထမင်းကိုနှုတ်ခမ်းနီနီလှလှကလေးနှစ်ထပ်အတွင်းသို့ လှပစွာသွတ်သွင်းလိုက်သည်။





"တို့က တကယ်လက်ထပ်ရင် ကလေးက အတူတူနေမှာလား ... "

"နေမှာပေါ့ ... "

"ဟာ ... ပေါ့ဆိုတဲ့ စကားကြီးထည့်မသုံးနဲ့ကွယ် ... လေးလေးနက်နက်ပြော ... "

"နေမယ် ... "

"ကြိုက်သွားပြီ ... "

ဘေးဘီကို ကြည့်သည်။ လူတွေက သူတို့ကို လျစ်လျူရှုနေမှန်းသိလျှင် သူက ကလေးနှုတ်ခမ်းထဲကို အသားကြော်တစ်တုံး ခက်ရင်းနှင့် ထိုးခွံ့လိုက်၏။ သူမက နှုတ်ခမ်းလေးနှစ်လွှာနှင့် ထိုအသားကြော်တုံးကို ဖိကိုက်ယူလိုက်၏။

မျက်လုံးကလေးကိုလည်း ဝင့်လိုက်၏။

အမယ်လေး ... ချစ်စရာကောင်းလိုက်တာနော်။

အဘိုးကြီး စိတ်ထဲမစွန့်ရက်သော ပစ္စည်းကလေးတစ်ခု။

"ဒါဆို ... မနက်ဖြန် တရားရုံးမှာ သွားလက်ထပ်ကြမယ်"

"သေချာလား ... ဟင် ... "

"ကလေးရယ် ... အခုတောင် လက်ထပ်ချင်တာ ဘာမှအရိန့်(ချ်)မင့်(ARANGEMENT)မလုပ်ရသေးလို့ ... မနက်ဖြန်ဆယ်နာရီကို တရားရုံးသွားမယ် ... ကိုယ့်မိတ်ဆွေတရားသူကြီးတွေရှိပါတယ် ... ကိုယ့်မိတ်ဆွေတွေက



www.burmeseclassic.com

www.burmeseclassic.com



သက်သေလုပ်ဖို့ လူနှစ်ယောက်လည်း ခေါ်ခဲ့မယ် ... ”

“ARE YOU SURE ... ”

“OF COURSE ... SURE ... ”

သေချာသလားမေးတော့ သိပ်သေချာ၊ အမှန်သေချာဟု ငတီကြီးက ပြန်ဖြေသည်။ ဘာပဲဖြစ်ဖြစ် ကောင်မလေးရင်ထဲမှာ ကျေနပ်သွား၏။

သူ့ဘဝတွင် လိုနေသော လိုဘတစ်ခုတော့ဖြည့်သည်။

နောက်လိုဘတစ်ခုကတော့ သည်နေ့အထိမပြည့်သေး။

အဘိုးကြီးကို ခုတုံးလုပ်ပြီး သူ့မဘဝမှာ ရှာရလိမ့်မည်။

“လက်ထပ်ပြီးရင် ကုမ္ပဏီအပေါ်ထပ်မှာတော့ မနေဘူးနော် ထောက်ကြံ့နားက ခြံထဲမှာပဲ သွားနေကြမယ် ... ပြီးတော့ လှလွန်းသွားတတ် လာတတ်လွယ်ကူအောင် ... ကားတစ်စီးလည်း ဝယ်ပေးရမယ် ... ”

“စိတ်ချ ... စိတ်ချ ... လက်ထပ်ပြီဆိုမှ အားလုံးကွန်ပလိ (COMPLETE)ပြည့်စုံနေရမယ် ... ”

“ဦးအိမ်က ဟိုအန်တီကြီး ... ”

“အမယ်လေး ... အဲဒီငတုံးမကြီးကို ထည့်မတွက်နဲ့ ... သူ့အကြောင်းပြောရရင် ထမင်းတောင် မစားချင်ဘူး ... ရုပ်





မြင်ရင် အန်ချင်လွန်းလို့ ... ခုများတော့ အိပ်ရာတောင် ခွဲအိပ်တာ ... ”

တိုးတိုးလေးနှင့် သူပြောပုံကြောင့် ကောင်မလေးက ပါးစပ်ကလေးလက်ဝါးပိတ်ပြီး တိုးတိုးရယ်သည်။ လှလွန်းကိုယ်မှ အမွှေးနံ့သာတွေက ဦးနန္ဒမောင်နှာခေါင်းနှင့် ပတ်ဝန်းကျင်ကို ရိုက်ခတ်နေသည်။

ဦးနန္ဒမောင်အပြောကြောင့် လှလွန်းရွှေစင်ကျေနပ်သွား၏။

ဒါပဲနော်။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ် (၇)

"ရှင့်ကို ကျွန်မက ကွာပေးရမယ် ..."

"ဟုတ်တယ် ..."

"ရှင်က ကျွန်မကို ကွာချင်လောက်အောင် ရှင့်အပေါ် ကျွန်မ ဘာတွေကျူးလွန်ခဲ့လို့လဲ ..."

"မယားဝတ္တရားငါးပါးမကျေပွန်ဘူး ... ပြီးတော့ ငါမကြိုက်တာတွေကို မင်းလုပ်တယ် ..."

"ဘာလဲ ကွမ်းစားတာလား ..."

"ဟုတ်တယ် ... ကွမ်းစားတာကို ငါမကြိုက်ဘူးဆိုတာ မင်းသိရက်နဲ့ မင်းဆက်စားတယ် ..."

"ဒါဟာ ပြစ်မှုလား ..."

"ပြစ်မှုပေါ့ကွ ..."





"ဪ ... ရှင်အသက်ကြီးမှ မယားငယ်ယူတာကော ပြစ်မှုမဟုတ်ဘူးလား ..."

"အဲဒါ သာယာမှုရှာတာ ... မင်းကမှ မပေးနိုင်ဘဲ ..."

"ဒီလိုဆို အစက ရှင်ဘာလို့ ကျွန်မကို ယူခဲ့သေးလဲ ..."

မထေမဲ့မြင်ပဲ ဒေါ်နှင်းနှင်းထိုက်က ပြောသည်။ ပါး ...မှာဝါးနေသော ကွမ်းဖတ်တွေကို ထွေးခံထဲ ထွေးချ၏။ စာချုပ် ...စောင်ကိုင်ထားသော ဦးနန္ဒမောင်က ရှုံ့ရှာစက်ဆုပ်စွာကြည့်ရင်း ...လွန်းရွှေစင်နဲ့ ကွာပ'ဟု ရင်ထဲမှာတွေးတော့သည်။

သူတို့သည် ရှေ့နေရုံးမှာပဲရှိ၏။

"ကျွန်မကွာရှင်းပြတ်စဲကြောင်း လက်မှတ်မထိုးဘူးဆိုရင်ကော ..."

"ဒါဆို မင်းကိုထောက်ပံ့မှုတွေအားလုံး ရပ်စဲလိုက်ရုံပေါ့ ... အေးကွာ ရှင်းပြီဆိုရင် အခုနေတဲ့ခြံနဲ့ အိမ် ... မင်းနဲ့ငါ ပိုင်တဲ့ပစ္စည်းတွေကို မင်းအားလုံးရမယ် ... လက်ဝတ်လက်စားက အစပေါ့ ..."

"ရှင့်ကောင်မကို ဝယ်ပေးထားတဲ့တာတွေကော ..."

"ဒါကတော့ သူပိုင်တာပဲ ... မင်းနဲ့ မဆိုင်ဘူး ..."

"ဘဏ်က ငွေတွေ ..."

"ဘဏ်မှာမင်းနာမည်နဲ့ ဖွင့်ထားတာ မင်းအားလုံးပိုင်တယ် ကုမ္ပဏီငွေတွေ ... အစုရှယ်ယာတွေ ... ဌါငွေတွေ အဲဒါ အားလုံး ငါနဲ့ဆိုင်တယ် ... မင်းလက်မှတ်ထိုးရင် မင်းအဖို့

www.burmeseclassic.com



အရေးရမယ် ... မထိုးရင် မရဘူး ... ”

ဦးနန္ဒမောင်က သူလိုရာကို သူပြောနေသည်။ သူက မတ်တတ်၊ ဒေါ်နှင်းနှင်းထိုက်က ထိုင်လျက်။

ဦးနန္ဒမောင်ရောက်လာချိန်မှာ နေ့ခင်းဖြစ်၏။

“ကျွန်မကလေးတွေနဲ့ တိုင်ပင်လိုက်မယ် ... ”

“ကလေးတွေက တို့သွေးသားမှမဟုတ်ဘဲ တိုင်ပင်စရာမလို ပါဘူးကွာ ... ”

“ဪ ... ရှင်က ဒီအထိတောင် တွေးနေပြီကိုး ... ”

“ကိုယ့်သွေးသားမဟုတ်တော့ သူတို့ကို ဒုက္ခမပေးချင်ဘူး”

အမှန်ကတော့ ဦးနန္ဒမောင်မှာ စနေထွန်းကိုရော အိမ့်မှူးကိုပါ ရင်ဆိုင်ရမှာ မျက်နှာပူနေသည်။ လှလွန်းအသက်မှာ အိမ့်မှူးနှင့်အတူတူလောက်ပဲ။

“ကားရော ... ”

သူမ မေးလိုက်ပါသည်။ အိမ်တွင် ကားသုံးစီးရှိ သည်။ သူက မာစီဒီး၊ သူ့မိန်းမက စူပါရှစ်၊ စနေထွန်းနှင့် အိမ့်မှူး အတွက်က မစ်ဆူဘစ်ရှီဂဲလင့်။

“ကိုယ့်ကားကိုယ်ယူ ... မင်းတို့ကား မင်းတို့ယူ ... ကဲ ကျေနပ်ပလား ... ”

“ကောင်းတယ် ... ”

“ရှင့်ကတိတည်တယ်နော် ... နောက်မှ ကေတိကာတ် မလုပ်နဲ့ ... ရှင့်ကို သတ်မှာ ... ”

✱ စောနာစာပေ ✱



“ငါယောက်ျားပါကွ ... စနေအခါမှာ ငါလှလွန်းနဲ့ ပေါင်းရဖို့ အဓိက ... ဒါတွေက သာမည ... ”

အမှတ်တမဲ့ပြောလိုက်၏။ သူ့ကိုမလိုသော မုန်းတီး သောမျက်နှာနှင့် ဒေါ်နှင်းနှင်းထိုက်က စိုက်ကြည့်နေ၏။ ပြီးတော့မှ ဦးနန္ဒမောင်လက်ထဲမှ စာရွက်တွေ၊ ဘောပင်တွေကိုယူကာ ဇတ် ဇတ် ဇတ်ဇတ်နှင့် လက်မှတ်ရေးထိုးပေး၏။

“ကဲ ပြီးပြီ ... ရှင်သွားတော့ ... ရှင့်မျက်နှာမကြည့်ချင်ဘူး”

ရုတ်တရက်ပင် သူမက အော်ပြောမိ၏။ သူမ၏ အော်သံကြောင့် ထမင်းချက်ဟင်းချက် မိန်းကလေးနှစ်ယောက်ပင် ထွက်လာ၏။

“သွားမှာပါ ... မင်းကြည့်ရတာ အေးစက်စက်နဲ့ မခံစားရ ဘူးလား ... ”

“ကျွန်မ ဟိုးကတည်းက တွေးပြီးသား ... ရှင်ဟာ ကျွန်မ ထက်လှ ... ကျွန်မထက် လက်သာတဲ့လူနောက်ကို လိုက်မှာ ပဲလို့ ကျွန်မမှာလည်း အပြစ်ရှိတယ် ... လင်ယောက်ျားတစ် ယောက်ကိုမပြုစုနိုင်တာ ကျွန်မပဲ ... အိမ်ထောင်ကို မထိန်း သိမ်းနိုင်တာ ကျွန်မပဲ ... ရှင်ဖောက်ပြန်တော့ ကျွန်မ အပြစ် မပြောပါဘူး ... လက်သာယာကို လိုက်တာ ရှင်တို့ ယောက်ျားတွေရဲ့စိတ်ပဲ ... ရှင်တို့ယောက်ျားတွေမှာ အချစ် မရှိဘူး ... သာယာမှုကိုပဲ လိုက်တယ် ... ကျွန်မတို့မိန်းမ တွေမှာ အချစ်ရှိတယ် ... ”

✱ စောနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ယောကျ်ားတွေပဲ မိန်းမတွေကို အနိုင်ယူတယ် ... ကိုမောင် ... "

ပြောနေစဉ် ဒေါ်နှင်းနှင်းထိုက်၏မျက်လုံးများတွင် မျက်ရည်ဝဲလာရှာသည်။ အသံတွေတုန်လာသည်။ နောက်ပါးပြင်တွင် မျက်ရည်တွေ စီးကျလာသည်။

"ရှင်က ကျွန်မကိုမေးတယ် ... မခံစားရဘူးလားတဲ့ ... မယားတစ်ယောက်အနေနဲ့ ကျွန်မ ခံစားရတယ် ... ဒါပေမဲ့ မိန်းမတစ်ယောက်အနေနဲ့ ကျွန်မသတ္တိရှိရမယ် ... ရှင့်ရှေ့မှာ ဝမ်းနည်းမပြဘူး ... ရှင် ဟိုမှာရှင့်ကောင်မနဲ့ ပျော်နေရင် ကျွန်မ ဒီမှာရယ်နေမယ် ... "

ပြောရင်း ပါးပြင်မှ မျက်ရည်တွေကို သုတ်သည်။

"ဒါ ကျောက်ခေတ်ကတည်းက ဒီကနေ့အထိ ကြုံတွေ့နေရတဲ့ ကိစ္စတွေပဲ ... အမျိုးသမီး အဖွဲ့အစည်းတွေက ယောကျ်ားတွေ မယားငယ်နေတာကို လစ်လျူရှုနေကြတယ် ... ဒါဟာ ဥပဒေပြဋ္ဌာန်းသင့်ပြီ ... လင်ယောကျ်ား ဖောက်ပြန်တာဟာ လောကမှာ အဆိုးဆုံးလူမှုရေးပြစ်မှုကြီးပဲ ... အရေးယူသင့်ပြီ ... ကဲ ... ရှင်သွားပါတော့ ... ကျွန်မနဲ့ ရှင်ပေါင်းလာခဲ့တာ အနှစ်သုံးဆယ်နီးပါးရှိခဲ့ပြီ ... အခု အသက်ကြီးမှ ရှင်ဖောက်ပြန်တာ ပထမဆုံးနဲ့ နောက်ဆုံး အကြိမ်ဖြစ်မှာပဲ ... ရှင့်ကို ကျွန်မ ခွင့်လွှတ်တယ် မြန်မြန်သွားပါတော့ ... "

✱ စေတနာစာပေ ✱



ခံစားမှုမရှိဘူးဟုဆိုပေမဲ့ ရင်ထဲမှာတော့ မှတ်ကျောက်တင်နေချေပြီ။ ဒေါ်နှင်းနှင်းထိုက် အံကြိတ်ထားသည်။

"သွားလေ ... သွားပါတော့ ... "

အမြင့်ဆုံးအသံနှင့် ဒေါ်နှင်းနှင်းထိုက်အော်လိုက်ရာ အိမ်ဖော်ကောင်မလေးတွေပင် လန့်သွား၏။ ဒေါ်နှင်းနှင်းထိုက် ယိုင်သွားခဲ့သည်။ မလဲခဲ့ပါ။

ဆိုဖာနောက်မှီကို သူမ၏လက်ခေါက်ရိုးကလေးများ ဖွေးဖွေးဖြူသည်အထိ တင်းတင်းကျပ်ကျပ်ဆုပ်ထား၏။

ဦးနန္ဒမောင်မှာ ငိုင်နေ၏။

ထိုသည်နောက် မမျှော်မှန်းသောအလုပ်တစ်ခုကို လုပ်လိုက်၏။

ဒေါ်နှင်းနှင်းထိုက် လက်မှတ်ထိုးထားသော စာချုပ်တွေကို ဗျိခနဲ ဗျိခနဲဆွဲဆုတ်ပစ်လိုက်၏။ ပြီးတော့ ယိုင်လဲလုဆဲဆဲ ဒေါ်နှင်းနှင်းထိုက်ကို ပြေးပွေ့လိုက်၏။

"ထိုက် ... ထိုက် ... ကိုယ်မှားပါတယ်ကွာ ... ဒါပေမဲ့ လွန်ကုန်ပြီ ထိုက် ... "

"ကျွန်မသိပါတယ် ကိုမောင် ... ရှင့်အပြစ်မဟုတ်ပါဘူး ... ကျွန်မမှာလည်း အပြစ်ရှိပါတယ် ... ကြက်သားဆီပြန်နဲ့ ချဉ်ပေါင်ဟင်း ရှင်ကြက်သားပဲစားမယ် ... ကြက်သားက အဆီတဝင်းဝင်းနဲ့ကိုး ... ဒါပေမဲ့ ရှင့်ကို ကျွန်မချစ်တယ် ကိုမောင် ရှင့်ကို ခွင့်လွှတ်လိုက်ပေမဲ့ ကျွန်မလုံးပါးပါးပြီး သေမှာပါ

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်ရယ် ... ”

ဟန်ဆောင်ပြောလိုက်တဲ့ခံစားမှုမရှိဘူးဆိုပေမဲ့ ဦးနုနှမောင်ကို ဖက်ပြီးငိုချလိုက်သော ဒေါ်နှင်းနှင်းထိုက်၏ငိုပြချက်က ခံစားမှုအပြည့်။

ကျွန်မတို့ မိန်းမသားတွေမှာ မျက်ရည်ပဲ အားကိုးရပါတယ်ရှင်ဆိုတဲ့ အဖြစ်။

သက်ကြီးရွယ်အိုဖြစ်မှ အိမ်ထောင်မှုရှုပ်ထွေးမှုဒဏ်ကို ခံစားရသည့် လူနှစ်ဦး၏အဖြစ်ကို ကြည့်ကာ အိမ်ဖော်မိန်းကလေးနှစ်ယောက်ပင် တရှုံ့ရှုံ့နှင့် ငိုကြွေးရှာကြတော့သည်။





## ဖတ်လမ်းစဉ် (၈)

“ဖောက်ပြန်ချင်တယ်ဆိုရင် ငယ်ငယ်ကတည်းက ဖောက်ပြန်တာက လူကြားကောင်းသေးတယ် ... ကြီးမှဖောက်ပြန်တော့ ဒူးရင်းသီးအလုံးကြီးကာမှ မှိုတက်ဆိုသလိုဖြစ်နေပြီ”

“ရှက်စရာကြီးပါကွာ ... ”

“ဘာရှက်စရာလဲကွ ... ဒီခေတ်မှာ ပိုက်ဆံရှိတဲ့အဘိုးကြီးတချို့ ဒီလိုပဲ မိန်းကလေးငယ်ငယ်လှလှကလေးတွေနဲ့ ဖြစ်နေကြတာ ... ဒါဆန်းသလား ... ”

“တချို့က စားဝတ်နေရေးမပြေလည်လို့ ... တချို့က စည်းစိမ်ဥစ္စာမက်မောလို့ ... ဒါတွေကြောင့်ပါ ... တကယ်တော့ ကိုယ်နဲ့ရွယ်တူပဲ တွဲချင်ကြတာပေါ့ ... ကိုယ်နဲ့ရွယ်တူတွေက မပြေလည်ဘူးလေ ... အဘိုးကြီးတွေလို ပိုက်ဆံမရှာနိုင်ဘူး မှတ်လား ... ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဖြစ်နေကြတာဟာ ... လူငယ်အင်အားကို လျှော့စေတာပဲ ..."

"ဘာပဲဖြစ်ဖြစ် ... ငါကတော့ လှလွန်းရွှေစင် မှန်တယ်ထင်တာပဲကွ ... သူ့အလှဟာ ရွှေဌေးရှိတဲ့နေရာမှာ တောက်ပသင့်တဲ့အလှကွ ..."

"အဘိုးကြီးက မှန်နေတော့ ရက်တရက် ဘာမှသိမှာမဟုတ်ဘူး ... တော်ကြာ ခေါင်းမွေးပြောင်လာမှ သူမှန်တာ သူသိလာလိမ့်မယ် ..."

ပတ်ဝန်းကျင်က ဒီလိုထင်မြင်ချက်တွေ၊ ဝေဖန်မှုတွေ၊ ရှုံ့ချမှုတွေနှင့် ရောထွေးနေသည်။ ကြားတာလည်း ရှိ၏။ မကြားတာလည်း ရှိ၏။

လူတွေနှင့်တွေ့သောအခါလည်း ဦးနန္ဒမောင်အဖို့ ခံရသည်က သူ့ကို ယခင်ကလို ဟက်ဟက်ပက်ပက်ပြောသည့်လူ လည်းရှိသည်။ ဟန်လုပ် စကားပြောသည့်လူလည်း တွေ့ရသည်။

တချို့အကြည့်က လှောင်ကြည့်။

တချို့အကြည့်က ကရုဏာအကြည့်။

တချို့အကြည့်က အားကျသောအကြည့်။

မိန်းမလှကလေးနှင့် တွဲသွားလေတိုင်း သူခံစားရသည်ဟုထင်သည်။ တချို့ဆိုလျှင် မလိုသောအကြည့်တောင်ရှိသေး။

လှလွန်းရွှေစင်ကို သူ့အတွင်းရေးမှူးပဲ ဆက်ခန့်ထား၏။ ကောင်မလေးက ဆက်လုပ်မယ်ပြောတာကိုး။





ဒါပေမဲ့ လှလွန်းရွှေစင်က မကျေနပ်တာရှိ၏။

ရုံးခန်းထဲတွင်ပဲ ချဲပါတော့သည်။

"ဦးစဉ်းစားကြည့် ... ဒီလိုမပြတ်မသားကြီးလုပ်လို့တော့ ဘယ်ကောင်းမလဲ ... လင်ယူတယ်ဆိုတာ ကိုယ့်လင်ကိုယ် ပိုင်ဆိုင်ချင်ကြတာချည်းပဲ ... ဦးက ဒေါ်နှင်းနှင်းထိုက်ကို ကွာရှင်းပါ့မယ်ဆိုလို့ လှလွန်းက ဦးကိုလက်ထပ်ခဲ့တာ ... အခု ဒေါ်နှင်းနှင်းထိုက်ကို မကွာရှင်းခဲ့တာ ဦးက လှနဲ့နှစ်ဖက်နင်းရာမကျဘူးလား ..."

ရုံးခန်းထဲတွင် နှစ်ယောက်တည်းပဲရှိသည်။

လှလွန်းရွှေစင်မျက်နှာက သုန်မှုန်နေသည်။ ဦးနန္ဒမောင်က မျက်နှာငယ်ကလေးနှင့် ...

"အမှန်ကတော့ ကွာဖို့ပါပဲ ... ဟိုရောက်မှ ဘယ်လိုက ဘယ်လိုဖြစ်သွားတယ် မသိဘူး ... တကယ်တော့ မကွာလည်း ရပါတယ် ... ဦးက လှလွန်းကိုလက်ထပ်ပြီးပြီပဲမဟုတ်လား လှလွန်းနဲ့ပဲ နေမှာပါ ကလေးရယ် ..."

အဘိုးကြီးက ထိုင်ပြီး ကောင်မလေးက မတ်တတ်ရပ်နေ၏။ သူမကဒေါသကလေးနှင့် ခြေဆောင့်ပြီး ...

"ဦးလုပ်ပုံက လှလွန်းဂုဏ်ငယ်တယ် ... ဒုတိယမယားလို့ အပြောခံရမယ် ... ဦးကိုချစ်မိတာ လှလွန်းအမှားပဲ ..."

"ကိုယ်ကလည်း ကလေးကိုချစ်ပါတယ် ကလေးရယ်"

"မယုံပါဘူး ... လှလွန်းကသာ ဦးရဲ့ခြောက်သွေ့နေတဲ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကို သနားတယ် ... ဒေါ်နှင်းနှင်းထိုက် ညှဲ့ဖျင်းမှုတွေကြား လို့ လှလွန်းကသနားပြီး ဦးကို ဒေါ်နှင်းနှင်းထိုက်ရဲ့နေရာမှာ အစားပေးမဟဲ့ဆိုပြီး ... ချစ်ခဲ့ရတာပါ ... အခုတော့ ဒေါ်နှင်း နှင်းထိုက်ရဲ့နေရာမရတဲ့အပြင် ဒုတိယနေရာမှာပဲ ဆိုတော့

လှလွန်းကပြောရင်း အသံလေးတွေ တုန်လာသည်။ မျက်ဝန်းမှာ ပုလဲဥကလေးတွေ ရွေ့ပြေးဝဲလာသည်။ ဦးနန္ဒမောင် ထိုင်လို့မရတော့။

ရင်တွင်းမှ လှလွန်းအတွက် ကြင်နာသနားမှုတွေ ခံစားရင်းက ထပြီး လှလွန်း၏ပခုံးကလေးကို ဖက်လိုက်၏။

"လှလွန်းရယ် ... ကလေးရယ် ... ဦးကို စိတ်မဆိုးပါနဲ့ကွယ် အခုလည်း လှလွန်းကို ကိုယ်လက်ထပ်ပြီး လူသိရှင်ကြား ကွယ် ... ဒေါ်နှင်းနှင်းထိုက်နေရာမရပေမဲ့ ဒေါ်နှင်းနှင်း ထိုက်နဲ့ အခွင့်အရေး အတူတူပါ ကလေးရယ် ..."

"ဘယ်လိုအခွင့်အရေးပေးမှာလဲ ..."

"ရှိပစ္စည်းတွေထဲက ဦးရဲ့သဃ်နှံးကျွန်းက အိမ်နဲ့ခြံကလွဲရင် ကလေးလိုချင်တာဖြစ်စေမယ် ..."

တစ်ဖက်မိန်းကလေး၏မာယာမျက်ရည်အော်ပဒေ ရှင်း ဒဏ်ကို ဦးနန္ဒမောင်မခံနိုင်။

ရှိရှိသရွေ့ သွန်ထုတ်ပေးတော့မည့်ပုံ။

နွားကြီး။

မွန်နေတာကိုး။





လှလွန်းက ဦးနန္ဒမောင်ဘက်လှည့်ကာ ရင်ခွင်ထဲ တိုးဝင်လိုက်သည်။

"တကယ်နော် ..."

နွဲ့သံ။

"တကယ်ပါ ကလေးရယ် ..."

ကမူးရှူးထိုးအသံကြီး။

"ဒါဆို ... အရင်ဆုံး အိမ်မှာစလောင်းဂြိုဟ်တု (SETELITE) ကို အရင်တပ်ပေး ... ဦးနဲ့ ကလေးနဲ့ ကြည့်ဖို့ ..."

"ဖြစ်တယ် ... ဖြစ်တယ် ... လုပ်ပေးမယ် ..."

ငတိကြီး၏ ဝမ်းသာအားရအသံ။

သည်လိုနှင့်ပဲ ပြေလည်သွားကြသည်။

သူတို့ကလေးတွေ၏ ဘဝတွင် ဘာမဆိုပေးနိုင်က ပြေလည်မှာချည်းပဲ။ စိုပြည်မှာချည်းပဲ။

သူမတို့၏ဘဝတွင် အဓိကထားတာက 'ဆန္ဒ'ပဲ။ ထို ဆန္ဒသည် ပျော်ချင်သော၊ မော်ချင်သော၊ ကျော်ချင်သောဆန္ဒပဲဖြစ်၏ ထိုဆန္ဒများကို ယောကျ်ားကြီးငယ်မဟူ လိုက်လျောနိုင်က အားသုံးအိုကေ။

ဦးနန္ဒမောင်တို့ ပြေလည်သော်လည်း မပြေလည်နိုင် ဘာက စနေထွန်းတို့ မိသားတစ်စု။

သူတို့မှာ နားရှိသည်။ မျက်စိနှင့် မတွေ့သော်လည်း နားနှင့် ကြားနေရသည်။ စနေက နားနှင့်ကြားခဲ့ရသလို အိမ်ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ငိုနေသော အိမ့်မှူးနှင့် ငိုင်တွေနေသော အမေ့ကိုတွေ့ရ၏။

"စနေ ... အဖေ တို့ကိုပစ်သွားပြီ ... သူ့ကောင်မနဲ့ လင်ထပ်သွားပြီ ... "

ဧည့်ခန်းထဲကို စနေဝင်လာသည်နှင့် အိမ့်မှူးက ပြောပြီး ဖက်ငိုသည်။ စနေက မျက်နှာမသာမယာနှင့် ...

"လမ်းမှာ အဖေ့မိတ်ဆွေတစ်ယောက်နဲ့ တွေ့လို့ကြားခဲ့တယ် ... ဘယ်လိုဖြစ်တာလဲလို့လည်း မေးခံရတယ် ... "

"ကျွန်တော့်အမေသေသွားလို့ ... သူ မိန်းမထပ်ယူတာလို့ မပြောလိုက်ဘူးလား ... "

အေးစက်စက်အသံနှင့် ဒေါ်နှင်းနှင်းထိုက်က ဝင်ပြော၏။

"မပြောကောင်းတာဘဲ အမေရယ် ... ဘာလို့ပြောရမှာလဲ အဖေမှန်နေလို့ ဘာတွေလုပ်မှန်းတောင်မသိဘူး ပြောလိုက်တယ် ... "

ပြောပြီး အိမ့်မှူးကို ပခုံးကလေးဖက်၍ ချော့ခေါ်ကာ ဆိုဖာတွင် ထိုင်ခိုင်း၏။

"အလကားလူကြီး ... "

ခပ်ရွတ်ရွတ်နှင့် စနေကနောက်ပြောင်သည်။ အားလုံး စိတ်သက်သာရာရပါစေတော့လို့။

"တိတ် ... ညီမလေး ... ဒါဟာ လောကမှာ ဖြစ်ရိုးဖြစ်စဉ်





ပဲ ... "

"ရှက်တယ် ... ဝမ်းနည်းတယ် ... လိုချင်ရင် အရွယ်ကြီးကြီးယူပါလား ... ခုတော့ အိမ့်မှူးနဲ့ရွယ်တူမှ ယူရတယ်လို့ ကျောင်းမှာ သိကြမှာပဲ ... အိမ့်မှူးရှက်တယ် ... "

ရှိုက်ရင်း အိမ့်မှူးက ပြောသည်။

"ဟုတ်တယ် ... သူတောင် မရှက်တာ ညည်းကဘာလို့ရှက်ရမှာလဲ ... "

"အမေ အဖေ့ကို စိတ်မနာဘူးလား ... "

"ပထမတော့ နာသလိုလိုပဲ ... ငါ့မှာအပြစ်ရှိတာကို တွေးပြီး မနာနိုင်တော့ပါဘူး ... "

"ဘာအပြစ်လဲ အမေရာ ... "

"အိမ်ထောင်မှာ အိမ်ထောင်ထိန်းသိမ်းမှုမတတ်တာတို့ ... လင်ကို မပြုစုနိုင်တာတို့ပေါ့ဟာ ... ငါ့မှာ ဒီအပြစ်တွေရှိတော့ ငါ့ထက်လက်သာတဲ့လူနောက် ပါသွားတာပေါ့"

"ဒါလောက်ကလေးနဲ့ အမေရာ ... "

"စနေ ... ယောကျ်ားဆိုတာ ဖယောင်း ... မိန်းမဆိုတာ မီးပဲ ... ဖယောင်းဟာ မီးနဲ့တွေ့ရင် အရည်ပျော်သွားတယ်"

"အမေရာ ... ယောကျ်ားတိုင်းမဟုတ်ပါဘူး ... ကျွန်တော့်လာစမ်းကြည့်မလား ... တစ်ခါတည်း ခါသွားမယ် ... "

"မင်းငယ်ပါသေးတယ်ကွာ ... "

"ကျွန်တော်ရည်းစားထားတဲ့အရွယ်ရောက်ပြီ ... မီးတွေ



www.burmeseclassic.com

www.burmeseclassic.com



တွေ့တာပဲ ကျွန်တော်ဖယောင်း ... မပျော့ပျောင်းပါဘူး"

"ဟဲ့ ... နင့်အကြိုက်မတွေ့သေးလို့ပေါ့ ... နင့်အဖေလည်း ဒီလိုပဲ ... အကြိုက်မတွေ့သေးတော့ ဒီအချိန်ထိနေခဲ့ပြီး လှတာလည်းတွေ့ရော 'ပွဲ'ဆိုပြီးပါသွားတာ ... "

"သူက သိပ်လှသလားဟင် ... "

ကြားမှ အိမ့်မှူးက မျက်ရည်တွေသုတ်ရင်းက ပြော၏။

"လှတယ် ... "

အေးဆေးပဲ စနေက ပြော၏။ ကောင်မလေးက မခံချင်သလို ...

"ညီမလေးထက် ဘယ်သူပိုလှလဲ ... "

"တစ်မျိုးစီ လှကြတာပေါ့ဟာ ... ဒါပေမဲ့ သူက နင့်ထက် အရပ်အမောင်းပိုတယ် ... ကိုယ်လုံးပိုတောင့်တယ် ... ထင်းခွေသမား ထင်းကောင်းကြိုက်တဲ့အစားထဲကပေါ့ ... "

ပြောပြီး စနေက သူ့တစ်ကိုယ်လုံးကို ဆိုဖာထဲ ပစ် မြှုပ်ချလိုက်သည်။

"လူတွေရှိကြလားဗျို့ ... "

အော်သံတစ်သံနှင့်အတူ လူတစ်ယောက်၏ အိမ် အုတ်ခုံပေါ်တက်လာသံကို ကြားရ၏။

"ကူရွေ့မပျက်နေကြစမ်း ... ခုလို့အချိန်မျိုးမှာ ဘေးလူမသိ စေနဲ့ ... "





ဒေါ်နှင်းနှင်းထိုက်စကားအဆုံးတွင် အိမ်တံခါး ပေါက်ဝမှာ လူတစ်ယောက်ပေါ်လာ၏။

မြန်မာကြီး ဝင်းစိန်။

"အားလုံးနေကောင်းကြတယ် မဟုတ်လား ... မင်္ဂလာပါ"

သူကကျယ်လောင်သောအသံကြီးနှင့် ဆို၏။

တခြားအချိန်မှာဆိုလျှင် သူ့နှုတ်ဆက်မှုသည် အားလုံးအတွက် ပြေပြစ်ကောင်း ပြေပြစ်လိမ့်မည်ဖြစ်သော်လည်း စိတ်ညစ်နေသောလူတစ်စုအတွက်ကတော့ ထိုနှုတ်ဆက်စကားလေးက ငေါ့သလိုလို ရွဲ့သလိုလိုထင်ရ၏။

"အေး ... မင်းအတွက်တော့ အမြဲမင်္ဂလာပဲပေါ့ ... တို့အတွက်ကတော့ မင်္ဂလာဖြစ်ချင်မှဖြစ်မယ် ... "

သည်စကားကို စနေထွန်းကပြောဖို့ ပါးစပ်ဟလိုက်ရှိသေး ဒေါ်နှင်းနှင်းထိုက်ကတော့ လူကြီးပီပီ ...

"သြော် ... မောင်ဝင်းစိန် ... "

"တာမွေဘက်လာရင်း ခရီးကြုံလို့ လှည့်ဝင်လာတာ ... "

သူကပြောကာ အိမ့်မှူးအားလည်း ...

"အိမ့်မှူး ... နင် ... ဒီနေ့ကျောင်းမတက်ဘူးလား ... "

"စိတ်မပါလို့ မတက်ဘူး ... "

ဝင်းစိန်က စနေထွန်းဘက်လှည့်ကာ ...

"တို့အပြင်သွားကြရအောင်ကွာ ... စကားလေး ဘာလေး မပြောရတာလည်း ကြာပြီ ... "



www.burmeseclassic.com

www.burmeseclassic.com



"ရန်မဖြစ်ရတာလည်း ကြာပြီ ... "

"အိမ်မှုးရယ် ... တို့လေ စနေကို အမြဲတမ်းအရှုံးပေးပါတယ် ကွာ ... နင့်ကိုဆိုရင် ဆလံအထပ်တစ်ရာပဲ ... "

စိတ်ရှုပ်နေသော စနေမှာ ဝင်းစိန်နှင့်မလိုက်လို သော်လည်း ဒီမှာကြာကြာနေလျှင် စိတ်ညစ်စရာတွေချည်း တွေး နေမိမှာစိုးလို့ အမေ့ကိုခွင့်တောင်းကာ ဝင်းစိန်နှင့် လိုက်သွား၏။

"သား ... စောစောပြန်ခဲ့နော် ... အိမ်မှာ ဘယ်သူမှရှိတာ မဟုတ်ဘူး ... "

အမေက မှာရှာသည်။

ဟိုတုန်းက အဖေရှိသည်။ အဖေက ခုလို ညနေမှိုး ဆို အိမ်မှာရောက်နေပြီ။ အဖေလုပ်လိုက်ပုံကို စိတ်ညစ်သည်။

"မင်းကိုမေးမယ် စိတ်တော့မဆိုးနဲ့ကွာ ... မင်းဖားသားကြီး က ဘယ်လိုလုပ်လိုက်တာလဲ ... "

ဆူပါရှ(ဖ်)ကားကိုမောင်းနေစဉ် ဝင်းစိန်ကမေးလို ရာ မေးသည်။ သူငယ်ချင်းတွေမို့ အားနာစရာမလိုဟု ထင်သည်။

"သူထင်တာ သူလုပ်သွားတာပဲလေ ... "

စနေက မှုန်ကုပ်ကုပ်နှင့် ဖြေသည် ... ။ ကားက သင်္ဃန်းကျွန်း ဆယ့်ခြောက်ကွေ့မှ တောင်ဥက္ကလာဘက်သွားသော ဝေဇယန္တာလမ်းအတိုင်း ပြေးနေသည်။

"ထားချင်လည်း တိတ်တိတ်ပုန်းထားပေါ့ကွာ ... ဖုဟာကြီး က ... "





"တော်ကွာ မပြောနဲ့တော့ ... "

စနေဝေါက်ဆက်ဆက်ပြောလိုက်သည်။ ဝင်းစိန်က ပြုံးဖြဲဖြဲနှင့် ငြိမ်နေသည်။ စိတ်ထဲမှာ သိပ်ကိုသဘောကျနေသည်။ နမောင် ဒီလိုလုပ်သွားလျှင် အိမ်ထောင်လည်းကွဲ၊ စီးပွားလည်း ပြီးတော့ ပျက် ... ကောင်းလိုက်တာ။

ဒါပေမဲ့ စနေထွန်းမရိပ်မိစေအောင် စနေတို့ကို ကရု စကားတွေပြောသည်။ တစ်ဖက်က အဘိုးကြီးကို မသိမသာ ချ၏။

စနေက ရိပ်မိသဖြင့် ...

"မပြောနဲ့တော့လို့ ... ငါရန်မဖြစ်ချင်ဘူး ဝင်းစိန် ... ဒီ အကြောင်းတွေကို ငါနားမထောင်ချင်ဘူး ... "

အနာဂတ်တွင် ဖြောင့်ဖြောင့်ဖြူးဖြူးမမြင်သော ကြောင့် ဝင်းစိန်က ပါးစပ်ပိတ်လိုက်သည်။ ဒါတောင် ပါးစပ်မပိတ် င် မဟာကရုဏာသံကြီးနှင့် ...

"မင်းတို့ကို သနားလို့ ပြောတာပါကွာ ... "

ဟု အတွန့်တက်လိုက်သေးသည်။

"တို့ ဘယ်သွားမလဲ ... "

"ဘီယာသွားသောက်မယ်ကွာ ... "

စားသောက်ဆိုင်တစ်ခု၏အမည်ကို ပြောသည်။ မြောက်ဥက္ကလာတွင် ရှိသည်။

ဝင်းစိန်ပြောသည့်ဘက်ကိုပဲ မောင်းသည်။ မြောက်



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကလာဆိုပေမဲ့ မြောက်ဥက္ကလာအထိ မရောက်ပါ။

ကမ္ဘာအေးနှင့် မြောက်ဥက္ကလာစပ်ကြားတွင် ရှိသည်။

ဆိုင်အထဲကိုဝင်လျှင်ဝင်ချင်း စနေသဘောမကျတာတွေ့သည်။

ဆိုင်ပိုက်ဆံသိမ်းကောင်တာနားတွင် မှန်လှောင်အိမ်များရှိ၏။ ထိုမှန်လှောင်အိမ်ထဲတွင် မြွေတချို့ကို ထည့်ထား၏။ မြွေပွေး၊ မြွေဟောက်တွေဖြစ်၏။

ကြီးမားသောမြွေကြီးတစ်ကောင်ကိုတော့ ဖန်ပုလင်းအကြီးကြီးထဲမှာ အရက်နှင့် စိမ်ထားသည်။

"ဟာကွာ ... မင်းဟာ ဘာတွေလဲ ... "

"ဘာဖြစ်လို့လဲကွ ... ဒါ ဘီယာဆိုင်ပဲ ... "

"ဒါမျိုးတွေရှိတဲ့နေရာ ငါမသောက်ဘူး ... သုဓမ္မာလမ်းမကြီး အမှတ်(၂)ဈေးနားက ရွှေအိမ်စည်ရှိတယ် မဟုတ်လား ... ရွှေအိမ်စည်ကိုပဲ သွားမယ် ... "

"အခု ဒီဆိုင်က အစားအသောက်ကောင်းတယ်ကွ ... အပျော့ရော အမာရောရတယ် ... "

ဆိုင်က အကောင်းစားကြီးမဟုတ်သော်လည်း စုတ်စုတ်ချာချာလည်း မဟုတ်ပါ။ သင့်တင့်သော တိုက်ခန်းကျယ်တစ်ခုဖြစ်သည်။

ယောက်ျားမိန်းမလွတ်လွတ်လပ်လပ် ဝင်ထွက်စား





သောက်နိုင်သည်။

ယောက်ျားတချို့ မိန်းမတချို့သည် အရက်စိမ်ထားသော စပါးကြီးမြွေတစ်ကောင်ကိုလည်းကောင်း မှန်လှောင်အိမ်အတွင်းက မြွေတွေကိုလည်းကောင်း ကြည့်နေကြ၏။

စနေမှာ အဲဒါကိုကြည့်၍ ရင်ထဲတစ်မျိုးခံစားနေရ၏။

သည်မြွေတွေက မြွေသားစားလိုသူတွေအတွက် ချက်ပြုတ်ကြော်လှော်ရာမှာ အသုံးတော်ခံနေရကြောင်း သိ၏။

"မြွေတွေကို သတ်စားတာတော့ မကောင်းပါဘူး ... "

စိတ်မသက်မသာနှင့် စနေကပြောကာ ကြည့်နေသူတွေကို မလိုတမာကြည့်၏။ သည်ဆိုင်ကို သည်တစ်ခါပဲရောက်ဖူး၏။

"ကြိုက်တဲ့လူအဖို့တော့ ဈေးကြီးပေးရလည်း စားတာပဲ ... ရန်ကုန်ထဲက တချို့ဆိုင်တွေမှာ ဒီလိုပဲရှိတယ်လေ ... လူတိုင်းလည်း မစားကြပါဘူး ... တစ်ကောင် တစ်ကောင်ကို ဈေးကြီးတယ်ကွ ... "

ပြောပြီး ဝင်းစိန်က ဆိုင်ထဲဝင်သွားသည်။

ဆိုင်က မြန်မာစည်ဘီယာဆိုင်ဖြစ်ပေမဲ့ အပြင်းရောအပျော့ပါ နှစ်ခုလုံးရောင်း၏။ ဆိုင်၏တစ်နေရာတွင် သူတို့နေရာယူပြီးသောအခါ ဝင်းစိန်က ...

"ငါ ဒကာခံပါ့မယ် ... "

"မင်း ငါ့ကို ဘီယာတိုက်ပြီး ပေါက်ကရလျှောက်မပြောနဲ့



www.burmeseclassic.com

www.burmeseclassic.com



နော် ... အထူးသဖြင့် အဖေ့အကြောင်း မပြောနဲ့ ... ”

“အေးပါကွာ ... အေးပါ ... ”

သူတို့အတွက် ဘီယာနှင့် စားသောက်ဖွယ်ရာများ မှာသည်။ ဤဆိုင်ကို ဝင်းစိန်နှစ်ခါသုံးခါရောက်ခဲ့ဖူးသည်။ စားဖွယ်သောက်ဖွယ်တွေကောင်းကြောင်းပြောကာ စည်ဘီယာနှင့် စားဖွယ်ရာများကို သူတို့နှစ်ယောက် မြိုကြတော့၏။

ဝင်းစိန်က သူ့ကတိအတိုင်း အဖေ့အကြောင်းလုံးဝ ထည့်မပြောပါ။

တခြားစကားတွေ၊ စီးပွားရေးစကားတွေအကြောင်း ပြောရင်း စနေထွန်းဆီမှလည်း စီးပွားရေးစကားကွက်တွေကို မသိမသာနှိုက်သည်။ ပါးနပ်သော စနေကလည်း ဘီယာတစ်ကြိုက်၊ စကားတစ်ပိုဒ်ပြောကာ သူတို့လုပ်ငန်းတွေနှင့်ပတ်သက်ပြီး ညည်း၏။

စားသောက်ဆိုင်တွင် အမျိုးသမီးတချို့ရှိသည်။ အရွယ်လတ်နှင့် အရွယ်ငယ်လေးငါးယောက်ရှိကာ သူတို့အဖော် အမျိုးသားများနှင့် စားသောက်နေကြသည်။

ငါးနာရီလောက်မှ စားသောက်နေကြသော စနေတို့မှာ မှောင်စပျိုးလာသည်တိုင်အောင် ဆိုင်ထဲမှမထွက်မိ။

စနေမှာ ဘီယာရှိန်ကြောင့် ခေါင်းထဲမူးဝေနေသည်။ အရက်မူး ဘီယာမူးလျှင် ရှိုးရှိုးမူးတာနှင့် မတူပါ။ တစ်မျိုးအရသာရှိသည်။ ခေါင်းထဲသွေးတွေ ဆူကြွသလို စိတ်ထဲမှာလည်း ဆူကြွနေ





သည်။

“တောက် ... ကာရာအိုကေ မရှိတာ နာတယ်ကွာ ... ”

သူ့လိုပဲ ခေါင်းထဲမူးလာသော ဝင်းစိန်က ပြော၏။ စနေက လေးလံသောမျက်ခွံတွေကို ပင့်၍ ...

“ဝင်းစိန် ... တို့တစ်ခုခုလုပ်မှ ဖြစ်မယ် ... ”

“မင်းက ဘာလုပ်ချင်လဲ ... ”

“ရန်ဖြစ်ချင်တယ် ... ”

မြတ်စွာဘုရား။

ဝင်းစိန် လန့်သွားတော့၏။

“ဟာ ... ရန်တော့ မဖြစ်ပါနဲ့ကွာ ... ”

စနေ တကယ်ရန်ဖြစ်ချင်နေသည်။ အဖေ့ကို မကျေနပ်သောစိတ်က တခြားလူတွေအပေါ် မကျေနပ်သလိုဘဲ။

“ကဲ ... ထကွာ ... သွားကြရအောင် ... ”

ဝင်းစိန်ကပြော၍ ဆိုင်ထဲမှ ဆိုင်ဝန်ထမ်းတစ်ယောက်ကို ခေါ်ကာ ကျသင့်ငွေ ဘီ(လ်)ကိုရှင်းပေး၏။

“မြန်မာကြီး ... မင်းကြောက်လား ... ”

“ဟာကွာ ... ငါမကြောက်ဘူး ... ဒါပေမဲ့ ရန်ဖြစ်တာ မကောင်းဘူးကွ ... ”

ငွေရှင်းပေးရင်း ဝင်းစိန်က စနေကိုလှည့်ပြောတော့ စနေက ဝန်ထမ်းအား ...

“မင်းတို့ဆိုင်က ဘီယာမကောင်းဘူး ရေတွေရောတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘီယာပဲ ... ရေရောမှ အရသာရှိတယ်မဟုတ်လား ..."

ရန်စလိုက်သော စနေကိုကြားမှ ဝင်းစိန်ကပြော

ကာ ဝန်ထမ်းကို မျက်စိမှိတ်ပြသည်။ ဝန်ထမ်းကရယ်ပြီး ...

"အစ်ကိုရယ် ... ဘီယာရေရောမှ အစ်ကိုတို့အတွက် အများ

ကြီး သောက်နိုင်မှာပေါ့ ... ဘီယာရေမရောရင် ကုမ္ပဏီက

ဘယ်လိုဘီယာတွေ များများရောင်းနိုင်မှာလဲ ..."

"အေး ... မင်းမှန်တယ် ... မင်းပညာရှိတယ် သွားမယ် ...

တာ့တာ ..."

ယိုင်ထိုးယိုင်ထိုးနှင့် စနေက စားပွဲမှထပြီး ထွက်

လာရာ ဝင်းစိန်က ရှေ့မှသွားသည်။

စနေမူးနေပေမဲ့ မှတ်မိ၏။

ဆိုင်ထဲသို့ ဝင်လာသူနှစ်ယောက်ကို မျက်လုံး

ကြည့်သည်။ ဝင်လာသူတွေက သူ့ကိုမတွေ့ပါ။

အဖေနှင့် ဟိုတိရစ္ဆာန်မလေး လှလွန်းရွှေစင်။

လှလွန်းက အဘိုးကြီးကိုယ်ပေါ် နွဲ့နွဲ့လေးမှီလာ၏

သူတို့အာရုံတွေက မှန်သေတ္တာနှင့်ပြထားသော မြေ

တွေအပေါ် ငြိတွယ်နေသည်။

"ဒီမှာ ... ဒီမှာ ..."

ကောင်တာတွင်ထိုင်ကာ စားပွဲထိုးပေးသောငွေနှ

လက်ခံဖြတ်ပိုင်းကို တိုက်ကြည့်နေသူက မော်ကြည့်၏။

"ဘာများသုံးဆောင်ကြမလဲ ... ဘီယာ တရုတ်အစားအစာ





အကုန်လုံးရပါတယ် ..."

"ဒီမှာ ..."

မြေလျှောင်ကန်ကို လက်ညှိုးထိုးပြ၍ ...

"ဒီမြွေတွေကို ကျွန်မအားလုံးဝယ်ချင်တယ် ..."

"ခင်ဗျာ ..."

လှလွန်းရွှေစင်၏အပြောကြောင့် ကောင်တာထိုင်

နေသူသာမက ဘေးမှ ဦးနန္ဒမောင်ပင် အံ့သြသွားသည်။ ဒါကြောင့်

"ကလေး ... လှလွန်း ..."

"ဒီမြွေတွေဟာ လှောင်အိမ်ထဲမှာနေနေတာ သိပ်သနားစရာ

ကောင်းတာပဲ ... ဒါတွေ ကျွန်မကို အားလုံးရောင်း ..."

"ဟာ မဖြစ်နိုင်တာဗျာ ..."

"ဘာလို့မဖြစ်နိုင်ရမှာလဲ ... သူများကို ချုပ်နှောင်ထားသလို

ရှင်တို့ချုပ်နှောင်ထားကြည့်ခံပါလား ..."

"ဒါစားဖို့ ထားတာပါ ..."

"အေးလေ ... ကျွန်မကလည်း စားသလိုသဘောပဲ ဝယ်မှာ

ပါ ... အားလုံး ဘယ်လောက်လဲ ..."

"ကလေး ဘာတွေလုပ်မလို့လဲ ..."

"မြွေတွေမြင်ရတာ စိတ်မချမ်းသာဘူး ဦးရယ် ... ဝယ်ပြီး

လွှတ်ပစ်မလို့ ..."

သူမနှင့် ကောင်တာမှလူ၏ ပြောသံဆိုသံတွေကြား

တော့ ဘေးမှလူတွေက အာရုံစိုက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



“ကဲ ... ဘယ်လောက်ကျသလဲ ... ”

“ကျွန်တော့်သဘောနဲ့ လုပ်လို့မရဘူးဗျ ... မန်နေဂျာကို ရဦးမယ် ... ခင်ဗျားကလည်း အလကား သူတော်ကော လာလုပ်နေတယ် ... ”

ပြောနေစဉ် လူတစ်ယောက်ရောက်လာ၏။ လ တွင် သံညှပ်ကြီးကိုင်ထားသည်။ မီးဖိုချောင်ထဲက စားဖိုမှူးဖြစ်

သူက လှောင်အိမ်အဖုံးကို ဖွင့်၏။

ရှုပ်ထွေးစုပုံနေသော မြွေတွေခေါင်းထောင်လာ မြွေတစ်ကောင်၏လည်ပင်းကို သံညှပ်နှင့် ဆွဲထုတ်ရန် ဟန်အပြ လှလွန်းရွှေစင်က စူးစူးရှရှအသံကလေးနှင့် ...

“ရှင် ဘာလုပ်မလို့လဲ ... ”

“ဗျာ ... ”

“စားမဲ့လူရှိလို့ လာယူတာ ... ”

ကောင်တာစာရေးကဖြေပြီး သံညှပ်ဆရာအ ခေါင်းညိတ်ပြသည်။ ယူလိုက်ဆိုသည့်သဘော။

“နေဦး ... မယူနဲ့ဦး ... ”

သဘောကိုရိပ်မိသည့် လှလွန်းရွှေစင်က ခပ်မာမာ ကလေးပြောလိုက်ပြီး ဦးနန္ဒမောင်အား ...

“ဦး ... ဒီမြွေတွေကို ကလေးအားလုံးဝယ်လိုက်မယ် သနားပါတယ် ... ”

“ကလေးရာ ... ဒီမြွေတွေ ဒီမှာအားလုံးဝယ်ပြီး ဘယ်မှ





လွှတ်မှာလဲ ... ဒီမှာလွှတ်လို့ မဖြစ်ဘူးနော် ... ”

“အို ... ဒီမှာလွှတ်မရရင် တောထဲသွားလွှတ်မယ် ... လူတွေဟာ ရက်စက်လွန်းတယ် ... စားစရာမရှိတာ ကျနေတာဘဲ မြွေသားစားရတယ်လို့ ... ”

“ကလေး ... ”

“ရှင် မလုပ်နဲ့ ... ”

ဦးနန္ဒမောင်က သတိအပေး သံညှပ်နှင့် မြွေတစ်ကောင်ကို ဆတ်ခနဲဖမ်းယူသော စားဖိုမှူးအား အသံစူးစူးကလေးနှင့် လှလွန်းရွှေစင်က အော်လိုက်၏။

လက်ကလည်း သံညှပ်ရော မြွေကိုပါ ထိုလူလက်ထဲက လုယူလိုက်သည်။ မြွေမှာ တွန့်လိမ်တွန့်လိမ်နှင့် လှလွန်းရွှေစင်၏ လက်ထဲမှာ ပါလာသည်။ လူတချို့က လှမ်းအော်၏။

ဦးနန္ဒမောင်ပင် လန့်ဖျပ်ကာ နောက်ဆုတ်သွားသည်။ ကြိုးတစ်ချောင်းကိုင်သလိုပင် လှလွန်းရွှေစင်က ကိုင်ထားသည်။ သူမ၏လက်ကို မကိုက်ပါ။

ဒါကပဲ မြင်သူတွေကြည့်သူတွေကို အသည်းတယားယားဖြစ်စေသည်။ တစ်ယောက်က မြွေနှင့် လှလွန်းရွှေစင်ကိုကြည့်ကာ ...

“ညီမက သိပ်လှတာပဲ ... မြွေကိုက်မှာ မကြောက်ဘူးလား တို့များစားမလို့ ယူခိုင်းတာ ... ”

“ရှင်တို့အစားပက်စက်တာနဲ့ ... မြွေတွေသေရတော့မှာ



www.burmeseclassic.com

www.burmeseclassic.com



လား ... ဒီမြွေကို ရှင်တို့စားမလို့ ..."

"ဟုတ်တယ် ..."

ဝေါ်မှာ မူးနေသည်။ လှလွန်းရွှေစင်မှာ ဒေါသဖြ
သွားဟန်နှင့် ...

"ကဲ ... စားချင်ရင် ခုစား ..."

တွန့်လိမ်ကာ ရုန်းကန်နေသော မြွေကို အဲသည်
မျက်နှာနား ထိုးပြလိုက်၏။

"အမယ်လေး ..."

ဟိုလူအော်ပြီး နောက်တွန့်သွားသည်။ ဒါကို
လွန်းရွှေစင်က တခစ်ခစ်ရယ်မောလိုက်ပြီး ...

"မြွေသားလည်း စားမယ်ပြောရဲ့ ... မြွေလည်းကြော
သား ... ရှင်ဘယ့်လိုရှုလဲ ..."

"ကလေး ... ကလေး မလုပ်နဲ့လေ ..."

ဦးနန္ဒမောင်မှာ သတိပေးရုံကလွဲပြီး ဘာမှမလု
နိုင်။ လှလွန်းရွှေစင်သည်လိုတစ်ခါမှ မဖြစ်ဖူးပါ။ ခုတော့ မြွေမြင်
နှင့် သူမဒေါသကလေးထွက်နေပုံရ၏။

"ခင်ဗျားစားဖို့ သောက်ဖို့မဟုတ်ဘဲ နှောင့်ယှက်မဲ့လူဆို
ထွက်သွားပါ ... ကျုပ်တို့ဆိုင်ကို လာမနှောင့်ယှက်ပါနဲ့"

"အောင်မာ ... ရှင်တို့ ဒီမြွေတွေကိုရောင်းတာ ဘယ
လောက်စားသုံးသူတွေအတွက် အန္တရာယ်များလဲ ... သ
ဆိုင်ရာကို သွားတိုင်ရင် ရှင်တို့ဘာဖြစ်သွားမလဲ ..."





"တိုင်လေ ... သွားတိုင်ပါလား ... ကျုပ်တို့အလကားရောင်း
နေတာမဟုတ်ဘူး ... လိုင်စင်ခံပြီးမှရောင်းတာ ... အခွန်
အတုပ်ပေးပြီးမှ ရောင်းတာ ... အန်ကယ် ဒီမိန်းကလေးကို
ပြန်ဆွဲခေါ်သွားပါတော့ ..."

"ကလေး ... ပြန်ကြရအောင် ... လာ ... လာ ..."

"မပြန်ဘူး ... ဒီမြွေတွေအားလုံးဝယ်ပြီးမှ ပြန်မယ် ... မန်နေ
ဂျာ ... ဘယ်မှာလဲ မန်နေဂျာ ..."

ဆိုင်ထဲတွင် ဆူဆူ ဆူဆူဖြစ်လာသည်။ စားသုံးသူ
တွေ အားလုံး စားတာကိုရပ်ကာ သူတို့ဘက် အာရုံစူးစိုက်လာကြ
ပြီး ကြည့်နေကြသည်။

ဦးနန္ဒမောင် ရှက်လာသည်။

"ကလေးရယ် ... လာပါ ... မင်းလုပ်ပုံဟာ အဆင့်မရှိသလို
ဖြစ်နေပြီ ... ရှက်စရာကြီး ..."

"ဦးရဲ့ ... အဆင့်မရှိဘူးဆိုတာ လူတွေက အဆင့်မရှိတာ
ကိုယ့်လောက်မှ အသိဉာဏ်မရှိတဲ့ တိရစ္ဆာန်တွေကို လှောင်
ပြီး ကြိုက်သလိုလက်ညှိုးထိုးပြစားတယ်ဆိုတော့ ..."

"စားတယ်ကွာ ... ဘာဖြစ်လဲ ... ဘာဖြစ်လဲ ..."

မြွေသားစားဖို့ ဟန်ပြင်ခဲ့သူက ဒေါသနှင့် လှလွန်း
စားကပ်ကာ ပြောလိုက်တော့ လှလွန်းဒေါသဖြစ်သွားသည်။ သူမကို
ဆဲရေးတိုင်းထွာပြောလိုက်တာကိုး။

သူမက မြွေကို သူမလည်ပင်းတွင်ပန်းကုံးတင်သလို



www.burmeseclassic.com

www.burmeseclassic.com



ပဝါတင်သလို တင်လိုက်သည်။ ယင်းလူ၏ပါးပြင်ကို ဖြန်းခနဲ

ထည့်ဖို့ လက်ရွယ်လိုက်သည်။

ထိုလက်ကို တစ်စုံတစ်ယောက်က ဖမ်းဆွဲလို

တော့သည်။

ယင်းလူမှာ စနေထွန်းဖြစ်နေသည်။ စနေထွန်း

နှာမှာ ဒေါသနှင့် နီမြန်းနေသည်။

"လှလွန်းရွှေစင်ခေါ်တဲ့ မိန်းကလေး ... မင်းက ငါ့အ

အရှက်ကွဲအောင် လုပ်မလို့လား ... ဟင် ... မင်းမိုက်လှ

လား ... "

"သား ... "

သူ့သားကို ဤနေရာတွင်တွေ့ရလိမ့်မည်ဟု ဦး

မောင် မမျှော်လင့်ပါ။ ခုလိုတွေ့ရတော့ အံ့အားလည်း သင့်

သည်။ ဝမ်းလည်း ဝမ်းသာသွားသည်။ ဒါကြောင့် အလောတ

ခေါ်မိသည်။

ရှူး ...

နှာမှုတ်သံနှင့်အတူ လှလွန်းရွှေစင့်လည်ကုတ်

ခွ ခွေရောက်နေသော မြွေကတစ်ချက်ပါးပျဉ်းထောင်လိုက်သ

နှာမှုတ်သံပေးသည်။

ကြည့်နေကြသူတွေက ဝေါခနဲအော်မြည်သံ

နောက်ကိုဆုတ်သွားကြသည်။ အဲသည်အထဲမှာ ဦးနန္ဒမောင်လ

ပါ၏။ သူ့အဖေကို စနေက ဂရုမစိုက်ဘဲ လှလွန်း၏လည်ကုတ်

✷ စောနာစာပေ ✷



မြွေဟောက်ကြီးကို ဆတ်ခနဲဆွဲယူလိုက်သည်။

"မင်းကွာ ... ဆွေမျိုးချင်းပဲ ... ရန်မထောင်ချင်စမ်းပါနဲ့ ဟြော် ... နှုတ်ဆက်တာလား ... မင်းကို ငါမပိုင်ဘူးကွာ ဒီမှာပဲနေခဲ့တော့ ... သတ္တဝါတိုင်းဟာ ကံကြမ္မာလမ်းကြောင်းပေါ်မှာရှိတယ်ကွ ... "

ပြောလည်းပြော မြွေကိုလည်း လှောင်အိမ်ထဲပစ်ချ

ကိုသည်။ လှလွန်းသည် စနေကိုတစ်ချက်ကလေးမှ စကားမပြော

အံ့အားသင့်စွာ စိုက်ကြည့်နေသည်။ ရုတ်ခြည်းပင် သူမမျက်နှာ

တွင် ဝမ်းသာသောအရိပ်ကလေးက ရိုက်ခတ်လာ၏။

"မောင် ... "

ရုတ်တရက်ပင် စနေကိုခေါ်လိုက်မိ၏။

စနေက ချာခနဲလှည့်ကြည့်၏။

"ဘာ မောင်လဲ ... ခင်ဗျားကို ကျုပ်မသိဘူး ... ကျုပ်နာမည် မောင်မဟုတ်ဘူး စနေထွန်း ... "

သူက သူ့အဖေအား နှုတ်ခမ်းလေးတွန့်၍ သရော်

လို ပြုံးလိုက်၏။

"အဖေ ... အဖေ့ဟာကလေးကို သေသေချာချာထိန်း ... မလွယ်လှဘူး ... အခုကတည်းက မြွေဟောက်လိုလျှာနှစ်ခွ ဖြစ်ချင်နေပြီ ... ကျွန်တော်ရှက်တယ် အဖေ ... အဖေ့သိက္ခာ မကျပါစေနဲ့ ... "

ပြောပြောဆိုဆို ဝိုင်းကြည့်နေသောလူတွေကို တွန်း

✷ စောနာစာပေ ✷

www.burmeseclassic.com

www.burmeseclassic.com



ဖယ်ကာ လမ်းအပြင်သို့ ထွက်သွား၏။ မျက်နှာကြီးထူပူကာ ရှက်စိတ်တွေဖုံးပြီး ကျန်ရစ်ခဲ့တာက ဦးနန္ဒမောင်။

သားဆိုတော့ စိတ်ဆိုးရအခက်၊ မဆိုးရအခက်။

လှလွန်းရွှေစင်တွင် ပထမတော့ ဝမ်းသာသည်။ စနေပြောပုံက သူမရင်ကို နင့်သွားစေသည်။ သူမကြောင်တက်တက်ကလေးဖြစ်သွားပြီးမှ ကျောခိုင်းထွက်သွားသော စနေကိုနှုတ်မှ 'မောင် ... မောင် ...' ဟု နှစ်လုံးတည်းခေါ်သည်။

ဒါပေမဲ့ အသံမထွက်ပါ။

နှုတ်ခမ်းပေါ်တွင်သာ အသံကလေးတွေက ပျောက်သွား၏။ ထိုအသံကလေးများကို မကြားရသော်လည်း နှုတ်ခမ်းနှစ်လွှာလှုပ်ရှားခဲ့ရုံနှင့် ဘာဆိုတာကို သေးမှကြည့်နေမိသူ ဦးနန္ဒမောင်က နားလည်၏။

သူက လူတွေအားလုံးကို သိမ်းကြုံးကြည့်ကာ ရှက်ရှက်နှင့် ...

"ကျွန်တော် အားလုံးကို တောင်းပန်ပါတယ် ... ဒါ ကျွန်တော့်မိသားစု အတွင်းရေးတွေပါ ... "

ဒါပဲပြောကာ လှလွန်းရွှေစင်၏လက်မောင်းကလေးကို ဆွဲ၍ အပြင်သို့ခေါ်ခဲ့၏။ စနေကိုမြင်ခဲ့ပြီးသော လှလွန်းရွှေစင်မှာ ဦးနန္ဒမောင်ဆွဲခေါ်ရာသို့ မငြင်းမဆန်ဘဲ ယောင်တိယောင်ကန်းပါသွားသည်။

ဆိုင်မှလူတွေမှာ ကြွက်စီကြွက်စီပြောကျန်ခဲ့၏။

✱ စေတနာစာပေ ✱



သူတို့အစီကပြောချက်မှာ မြေကိုနိုင်လွန်ကြိုးကိုင်သို့ ကိုင်ခဲ့သော စနေနှင့် လှလွန်းရွှေစင်တို့၏ အစွမ်းသတ္တိပဲဖြစ်အံ့သြကြသည်။ ဘယ်လိုကြောင့် ကိုင်နိုင်ကြသလဲဟု သူတို့ကိုယ်ကို့မေးခွန်းထုတ်ကြသည်။

ချောမောလှပသော မိန်းကလေးသည် ဘယ်လိုမျိုးအစားလဲ။

ချောမောလှပသော ယောကျ်ားလေးသည်ဘယ်လိုအားမျိုးလဲ။

သည်ညမှာတော့ သူတို့အဖို့ ထူးဆန်းသောမြင်ကွင်းချပ်ကို မြင်လိုက်ရခြင်းပါ။

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



## ဖတ်လမ်းစဉ် (၉)

ကားကို တစ်ခါမှသည်လောက် ကြမ်းကြမ်းမမောင်းဖူးပါ။ စိတ်ထဲ ကယောက်ဂယက်ဖြစ်သွားသဖြင့် စိတ်ထင်တိုင်း မောင်းမိသည်။

ကီလိုခြောက်ဆယ်ဖြစ်ချင်လျှင်လည်း ဖြစ်မည်။

ခြောက်ဆယ်ကျော်ချင်လည်း ကျော်မည်။

ညအခါ လမ်းရှင်းနေလို့သာ တော်တော့သည်။ ရှေ့မိုင်ခွဲလောက်တွင် ယခင်ညတွေက ကားများသော်လည်း ယခုညမှာတော့ ကားကျဲနေသည်။

ဒလေဆိပ်လမ်းကိုကျော်လျှင်တော့ ကားတွေရှင်းသွား၏။

သည့်တော့ သူစိတ်ထင်တိုင်း မောင်းသည်။ လမ်းဖြောင့်တွင် ကားဘီးတွေက ခုန်ခုန်သွားသည်။

✱ စေတနာစာပေ ✱



ရှေ့မှာထိုင်နေခြင်းကြောင့် မသိသာ။

ပြီးတော့ မာစီဒီးဆိုတာကလည်း အင်မတန်ညက်တဲ့ကား။

“ဖြည်းဖြည်းမောင်းပါ ဦးရယ် ... တော်ကြာ ကလေးတို့ လိုရာမရောက် သေရွာရောက်နေပါဦးမယ် ...”

ကောင်မလေးက တစ်ခါတစ်ခါ သူမကိုယ်သူမ ကလေး ကလေးဟု ပြောတတ်၏။

ဦးနန္ဒမောင်က ဘာမှမပြော။

သို့သော် စက်ရှိန်ကိုတော့ လျှော့လိုက်သည်။

“ဦးက သိပ်လိမ္မာတာပဲ ...”

မိန်းမငယ်ချောလေး၏ လက်တွေက ဦးနန္ဒမောင်၏ ပခုံးကိုကျော်လွှားဖက်လာသည်။

သူမကိုယ်မှ ကိုယ်သင်းနံ့နှင့် အမွှေးနံ့သာများသည် သလူမြူ၏သို့နှယ်။

တခြားအချိန်တွေမှာ ခုညထွက်သောလပြည့်ကာနီးအမင်းလို သာယာကောင်း သာယာမည်။

ခုတော့ ...

စိတ်ထဲမှာ မကျေနပ်။ ပြန်တောင်ကြားယောင်မိသေးရဲ့။

‘မောင် ... ’တဲ့။

ခေါ်လိုက်ပုံများ။

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ကိုယ့်သားဖြစ်နေလို့သာ။ ဟိုကလည်း ပြောလိုက်သေး။

မြွေပေါက်လို လျှာနှစ်ခွနဲ့တဲ့။

အတိတ်ကဖြစ်စဉ်များ ရှိခဲ့လား။

"ဦး ... "

ကန့်ကလျအသံလေးနှင့် လှလွန်းကခေါ်သည်။ ဦးနန္ဒမောင်ကို တိုးလို့ဖက်လိုက်သည်။ လေသည် ကားအတွင်း ကားမှန်တံခါးပေါက်တွေကို ဖြတ်ကျော်၍ တလွန့်လွန့်ဝင်နေသည် စတက်ဆံပင်မှ ကလိန်ကောက်ကောက်လုပ်ထားသော လှလွန်း ဆံကေသာတွေကို တဖျပ်ဖျပ်လှုပ်ခါစေသည်။

"ဦး ... "

ဦးနန္ဒမောင်က ဆက်မထူး။

ကားဘီးတွေက မင်္ဂလာဒုံလမ်းမပေါ်မှာဖြတ်နေ ကျယ်ဝန်းသော လမ်းမကြီးမို့ ပိုတောင်မောင်းကောင်းသေး။ ည သည် အမှောင်သိပ်သည်း၏။

မီးမလှသော လမ်းမကြီးမှာ မောင်းရတာ ပိုအ ရာယ်ကြီးမှန်းသိသော်လည်း ဦးနန္ဒမောင်၏လီဗာကိုနင်းထားသော ခြေတွေက လေးဆယ့်ရှစ်ကီလို ငါးဆယ်အောက်တော့ မလျှော့

"ဦးလို့ ခေါ်နေတာ ... "

"ဘာလဲ ... "

မထူးစဖူး ဦးနန္ဒမောင် ထူးမိ၏။





"ဦးက ဖြစ်နေလိုက်တာ ... ကလေးက မြွေတွေအတွက် ပြောမိတာနဲ့ ဒါလောက်တောင် ... "

"တိရစ္ဆာန်ဟာ တိရစ္ဆာန်ပါပဲကွာ ... ကလေးက မြွေအတွက် ထူးထူးခြားခြား ဘာမှမဖြစ်သင့်ဘူး ... "

"မြွေလည်း အသက်နဲ့ပဲ ... သူတို့ကို လူတွေက သတ်စား တာ ကလေးမမြင်ချင်လို့ပါ ... "

"မြွေက ဆွေမျိုးတော်လို့လား ... "

ရက်ရက်စက်စက်သာမေးရလျှင် နှင့်လင်တော်လို့ သားလို့ မေးလိုက်ချင်သည်။ ခုတော့ မမေးရက်သဖြင့် နှုတ်က ဒီ အတိုင်းထွက်သွားသည်။

"ဟုတ်တယ် ... "

ကလေးက ပြောလိုက်တာကို ဦးနန္ဒမောင်၏ စိတ် ထဲတွင် ရွဲ့ပြောလိုက်သည်ဟု ထင်၏။

သည်ရှေ့ ကိုက်တစ်ရာနီးပါးမှ ကားတစ်စီးက အောက်မီးမထိုးဘဲ အပေါ်မီးနှင့် ရှူးရှူးရှဲရှဲထိုးဖွင့်မောင်းလာ၏။

မျက်လုံးတွေပြာသွားသဖြင့် လှလွန်းကကြောက် အားလန့်အားနှင့် 'အား ... 'ခနဲအော်လိုက်သည်။

ဦးနန္ဒမောင်ကို တင်းတင်းကျပ်ကျပ်ဖက်လိုက်မိ သည်။

ဤအချိန်တွင် ဦးနန္ဒမောင်က လီဗာကိုလျှော့နင်း ဘာ ကားကိုညာဘက်သို့ တိမ်းရှောင်မောင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထရပ်ကားတစ်စီးပဲဖြစ်၏။

ဦးနန္ဒမောင်၏ကားဘေးမှ ဗိုးခနဲဖြတ်ထွက်သွားသည်။

"ကြောက်သွားသလား ..."

ရှေ့ကိုတည့်တည့်ကြည့်မောင်းရင်းမှ ဦးနန္ဒမောင်က တည်တည်အေးအေးကြီးမေးသည်။

"ကြောက်တာပေါ့ ..."

"သေရမှာ ကြောက်သလား ..."

"လူပဲသေရမှာ ကြောက်ကြတာပဲ ..."

"သေမှာမကြောက်နဲ့ ဘဝကူးမကောင်းမှာဘဲ ကြောက် သေတယ်ဆိုတာ သတ္တဝါဖြစ်တိုင်း သေနေမှာပဲ ... တစ်ခု တော့ရှိတယ် ... လူဟာ မသေခင်မှာ လျှို့ဝှက်မထားတာ အကောင်းဆုံးပဲ ..."

သူဘာကိုရည်ရွယ်ပြောတယ်ဆိုတာ လုလွန်းက လေးလေးနက်နက်မတွေးလို့ မစဉ်းစားမိ။

ကားက ထောက်ကြန့်ကိုရောက်သည်။ ထောက် ကြန့်ထဲမဝင်တော့ဘဲ ထောက်ကြန့်မြို့ဘေးရှိ ပြည်ကိုသွားသော လမ်းမအတိုင်း ချိုးကွေ့လိုက်သည်။

လရောင်က သာယာကာ တစ်လောကလုံးအပေ ဖြာကျနေ၏။





တစ်ဖာလုံလောက်သွားပြီး ခြံတစ်ခြံရှေ့မှာရပ်လိုက်သည်။ ခြံမှာ ကားလမ်းမကြီးဘေးတွင်ရှိ၏။

တခြားသောခြံများမှ လည်းကောင်း၊ လမ်းဘေးရှိ သစ်ပင်အုပ်များကြောင့်လည်းကောင်း၊ သစ်ပင်အုပ်များဖွဲ့ကာ အမှောင်ကိုဖွဲ့ထားသည်။

ခြံတံခါးကို သော့ခတ်ထားရာ လုလွန်းကဆင်းပြီး သံတံခါးရွက်နှစ်ဖက်ကို ခတ်ထားသော သော့ခလောက်ကိုဖွင့်သည်။ တံခါးရွက်တွေကို ဘေးသို့တွန်းပစ်လိုက်၏။

ဦးနန္ဒမောင်က မောင်းဝင်သွားမှ သံတံခါးကိုပြန် သော့ခတ်ကာ တစ်ထပ်တိုက်ကလေးဆီသို့ ခြေလှမ်းမှန်မှန်နှင့် လျှောက်လာသည်။

သူမစိတ်ထဲ၌ဝယ် စနေထွန်းကိုသာ တစ်ရစ်ဝဲဝဲတွေး နေမိ၏။

သူမ စနေထွန်းကို လိုက်ရှာနေမိ၏။

ဦးနန္ဒမောင်၏သားဆိုတာကိုလည်း သူတို့ပြောတာ ဆိုတာနှင့် သိလိုက်ပြီးဖြစ်၏။

မောင် ...

သူမ လိုက်ရှာနေသောမောင်က စနေထွန်း။

တစ်ဘဝမှာ အတူတူနေခဲ့ကြသော်လည်း သည်ဘဝ မှာတော့ တခြားစီဖြစ်နေပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ခါဝကိုယ်တောင် မမှတ်မိတော့ဘူးလား မောင်ရယ်။

တို့ကတော့ လူ့ဘဝကိုရခဲ့တာတောင် ဘဝဟောင်းကို ပြန်တွေးမိလို့ မောင့်ကိုရှာခဲ့တာပါ။

ဂျိုင်းခနဲ ဆောင့်ပိတ်လိုက်သော အသံကြောင့်တွေ နေသော လှလွန်းရွှေစင်၏အတွေးများ ပြတ်သွားသည်။ လန့်သွားသည်။

တိုက်ခန်းထဲ ဝင်မိကြ၏။

မီးမလာသောကြောင့် ဦးနန္ဒမောင်က အင်ဗာတာကို ဖွင့်ကာ နီယွန်တွေကို ထွန်းသည်။

အားကောင်းသော အင်ဗာတာမီးအား သိရှောင်စက်ကြောင့် တိုက်အိမ်ထဲမှာ ချင်းချင်းလင်းသွားသည်။

ဧည့်ခန်းမှာ နိုင်ငံခြားပစ္စည်းများနှင့် သားနားသည် ဦးနန္ဒမောင်မှာ သုန်သုန်မှုန်မှုန်မျက်နှာနှင့် မတ်တတ်ရပ်နေသည်။

လက်တွင်းမှကိုင်လာသော နိုင်ငံခြားဖြစ် ကြိုးသိုင်း ပိုက်ဆံအိတ်ကို ဆိုဖာတစ်လုံးပေါ် ပစ်တင်ပြီး တခြားဆိုဖာတစ်လုံး ပေါ်တွင် အတွေးရခက်သော မျက်နှာနှင့် လှလွန်းရွှေစင်က ခြေပစ် လက်ပစ်ထိုင်ချလိုက်၏။

တိုက်အိမ်မှာ အလုံပိတ်မို့ လေအေးပေးစက်ထား သော်လည်း မီးမလာလျှင် လေအေးပေးစက် မလည်နိုင်တော့။





ဒါကြောင့် ဦးနန္ဒမောင်က မျက်နှာကျက်ပန်ကာနှင့် ဖွတ်တင်းပေါက်တွေကို သွားဖွင့်လိုက်သည်။ သူသည် တရှူးထိုးမလုပ်ဘဲ စဉ်းစဉ်းစားစားမေးမှ လုပ်မှဖြစ်မည်ကို တွေးတောမိ၏။

"ကဲ ... ပြောစမ်းပါဦး ..."

ခါးတွင် လက်နှစ်ဖက်ထောက်၍ လှလွန်းရွှေ့တွင် ရပ်ကာ မေး၏။ လှလွန်းမော်ကြည့်၏။

"ဦးကလည်း ဒီမြွေကိစ္စပဲ ..."

"မြွေကိစ္စကိုပြောနေတာ မဟုတ်ဘူး ... ဟိုကောင့် အကြောင်းကို ပြောနေတာ ... စနေထွန်း ... စနေထွန်းက တို့သား ... တို့သားနဲ့ ကလေးနဲ့ဘယ်တုန်းက ဘာတွေဖြစ်ခဲ့ကြတာလဲ ..."

"ဦးနော် ... စွတ်ပြောမနေနဲ့ ... စနေထွန်းဆိုတာ ကလေး မသိဘူး ... ဦးသားဆိုတာလည်း မသိဘူး ..."

"ဟာ ... ကလေး ... မင်းမလွှန်လွန်းဘူးလားကွာ ... တို့ မျက်လုံးနဲ့ တပ်အပ်တွေ့ခဲ့ ကြားခဲ့တာ ... ကလေး သူ့ကို ဘယ်လိုခေါ်လိုက်သလဲ ..."

သည်တော့မှ ဦးနန္ဒမောင် ကားကိုတရကြမ်းမောင်း ခဲ့တာတွေ၊ သူမကို ခပ်ကြမ်းကြမ်းပြောပုံ ဆိုပုံတွေကိုရှင်းသွား၏။ သူမ ဘယ်လိုပြန်ဖြေရမည်ကို စဉ်းစားနေသည်။

"ဘာလဲ ... အပြောရခက်နေသလား ... တို့ကပဲ ပြောပါ



www.burmeseclassic.com

www.burmeseclassic.com



မယ် ... ခေါ်လိုက်တာများ ... 'မောင်'တဲ့ ... မောင် – မောင် ... ကလေးခေါ်ခဲ့တာလေ ... 'မောင်'တဲ့ ... "

ပြောပြီး သူမ၏ပခုံးကလေးကို ခပ်ကြမ်းကြမ်းလှုပ်ခါပစ်၏။

"မင်းကွာ ငါ့သားနဲ့ဖြစ်ရတယ်လို့ ... အစကတည်းက ပြောပါလား ... မင်း စနေနဲ့ဖြစ်ခဲ့ရင် တို့ရှောင်ပေးမှာပေါ့ ... ခုတော့ ... လူရှေ့မှာ 'မောင်'လို့ခေါ်လိုက်တာ အတော်ရှက်စရာပဲ ... "

"ဦးက အထင်နဲ့မစွပ်စွဲလိုက်ပါနဲ့ ... ကလေးနဲ့ စနေထွန်းကဘာမှမဖြစ်ဘူး ... သူ့ကိုလည်း ဒီဘဝမှာ မတွေ့ခဲ့ဖူးဘူး ခုမှပဲ တွေ့ရတာ ... "

"ဟာ ... မသေချာ မရေရာတဲ့စကားပဲ ... ယောကျ်ားတစ်ယောက်ကို 'မောင်'လို့ခေါ်လိုက်တာဟာ အင်မတန်ရင်းနှီးပြီး အင်မတန်ချစ် ... ဟာကွာ ... ကလေး ... တော်တော့ တို့ မပြောချင်ဘူး ... "

"ဟုတ်တယ် ... သူ့ကို ကလေးခေါ်တယ် ... ဘာကြောင့်ခေါ်သလဲသိလား ... သူဟာ တစ်ချိန်က အို ... နှစ်ပေါင်းလောက်က ကလေးရဲ့ လင်ဖြစ်ခဲ့ဖူးလို့ပဲ ... "

"ဟင် ... မင်း ... "

တကယ်တော့ ရင်တွင်းခံစားချက်နှင့် ပြောလိုက်တာက လှလွန်းရွှေစင်။

ရင်ထဲမှာ မခံချိမခံသာနှင့် မိမိကို ရွဲ့ပြောသည်ဟု ထင်လိုက်တာက ဦးနန္ဒမောင်။

ဒါကြောင့် လှလွန်း၏လက်မောင်းအိုးကလေးနှစ်ဖက်ကို တအားဆုပ်ကိုင်လိုက်သည်။ လှုပ်ခါယမ်းသည်။

"မင်းကို ဒါကြောင့် ဟိုက မြွေဟောက်လို လျှာနှစ်ခွလို့ ပြောသွားတာကိုး ... မင်းက ဒါကြောင့် မင်းနဲ့သွေးတူမွေးတူ မြွေတွေကို ကယ်ချင်တာကိုး ... "

"ဦး ... အရမ်းမစွပ်စွဲနဲ့ ... ကလေးပြောတာ ဦးနားထောင်ပါဦး ... "

"မထောင်ဘူး ... အရှင်းကြီး ... "

"ဦးနော် ... သဝန်မတိုနဲ့ ... အစက ဦးကို လူကြီးလူကောင်းစိတ်ရှိမယ်ထင်လို့ ... လှလွန်းယူခဲ့မိတာ ... "

သည်နေရာတွင် လှလွန်းစကားထဲမှာ 'လူကြီးလူကောင်းစိတ်ရှိလို့ ချစ်ခဲ့မိတာ ... 'ဆိုလျှင် ပွဲပြီးသွားနိုင်၏။

ယခုတော့ လူကြီးလူကောင်းစိတ်ရှိမယ်ထင်လို့ ယူခဲ့မိတာဆိုတော့ ဦးနန္ဒမောင် ဆတ်ဆတ်ခါနာသွား၏။ မိမိကိုမချစ်ဘဲ အရှုံးလုပ်ကာ အပျော်ယူလိုက်ခဲ့သည်ဟု အောက်မေ့မိ၏။

"ဩော် ... မင်းက ငါ့ကိုအပျော်ယူတာကိုး ... "

"မဟုတ်တာတွေ လာမပြောနဲ့ ... လွှတ် ... "



www.burmeseclassic.com

www.burmeseclassic.com



"မလွတ်ဘူး ... "

"လွှတ်ဆို လွှတ်နော် ... ကိုယ့်ထက်ငယ်ငယ်လေးယူထား ပြီး အနိုင်မကျင့်နဲ့ ... ရှင်းပြမယ်ဆိုတော့လည်း နား မထောင်ဘူး ... ... သူသဝန်တိုတိုင်း"

"မင်းကွာ ... ကဲ ... ကဲ ... "

သူ့ကို ငယ်ရွယ်သူကတော့ စိတ်ဆိုးစဉ်မှာ မလေး မခန့်ပြောမှာဘဲ။ ကောင်မလေးက သူ့ထက်ငယ်တာကိုး။

မိန်းကလေးငယ်ကို ယူမိသော သက်ကြီးရွယ်အို တိုင်း သည်လိုပဲ မလေးမခန့်ပြောမှာ၊ မလေးမခန့်ဆက်ဆံမှုကိုတော့ ကြုံရတတ်သည်။

ဒေါ်နှင်းနှင်းထိုက်ပင် သူ့ကိုသည်လိုတောင် မပြော မိပါ။

ဒါကိုတွေးပြီး ရှက်စိတ်နှင့် ဒေါသစိတ်လွှမ်းသွား သော ဦးနန္ဒမောင်က လုလွှန်း၏လည်တိုင်ကလေးကို သူ့လက်ကြီး နှစ်ဖက်နှင့် ဖမ်းညှစ်လိုက်၏။

"နင်က ငါ့သားနဲ့ဖြစ်တာကို မပြောဘူး ... နင်တို့ခြေပုန်း ခုတ်ခဲ့ကြတယ်ပေါ့ ... "

"ဦး ... ဦး မလုပ်နဲ့ ... "

ကြောက်အားလန့်အားနှင့် သူ့လက်အတွင်းမှ လု လွှန်းက ရုန်းကန်သည်။ မျက်လုံးကလေးတွေ ပြူးလာ၏။

အသက်ရှူကျပ်လာသည်။

✱ စောနာစာပေ ✱



ဦးနန္ဒမောင်မှာ ဒေါသကြောင့်ရူးသလိုလိုဖြစ်သွား သည်။

"နင် ... ငါ့ကို ... ငါ ... "

သူသည် စိတ်ရှိလက်ရှိ ကောင်မလေးကို လည်ပင်း ညှစ်သတ်လိုက်တော့မည်ဟု စိတ်ကူးပြီးမှ သည်ဟာမလေးကို သတ်မိလျှင် မိမိလည်း အပြစ်မလွတ်ဟု စိတ်ကူးပေါက်သွားတာ ကြောင့် လွှတ်လိုက်သည်။

လက်လွှန်မိသော သူ့အမှားကို သတိရလိုက်၏။

"ဘုရား ... ဘုရား ... ငါမှားသွားတော့မလို့ ... လက်လွန် မိတော့မလို့ ... "

လည်ပင်းကလေးကို ပွတ်သပ်နေသော လုလွှန်းကို ကြည့်ကာ ဦးနန္ဒမောင်ရင်ထဲမှာ သတိတရားရလာမိသလို လုလွှန်း ၏ မျက်လုံးတွေကိုကြည့်မိသော သူ့မှာလည်း လန့်သွားမိ၏။

လုလွှန်း၏မျက်လုံးတွေမှာ တောက်ပြောင်ကာ ဒေါသမီးဝင်းဝင်းထနေသလို ကြည့်နေသောမျက်လုံးများက နက် မှောင်သလောက် ပေါက်တော့မည့်မြွေဟောက်များနှင့် တစ်ထေရာ တည်း။

"နင်က ငါ့ကိုသတ်မလို့ပေါ့ ... နင့်ကို ငါသတ်မယ် ... "

သူမသည် ဒေါသတကြီးပြောရာမှ ပါးစပ်မှအသံတစ် ခုကို ပြုလိုက်၏။

ထိုအသံသည် ရှီခနဲ ရှီခနဲမြွေတစ်ကောင်ခေါ်သလို

✱ စောနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သောအသံဖြစ်၏။

ယင်းအသံသည် ပထမတိုးနေရာမှ တဖြည်းဖြည်း ကျယ်လာသည်။

သူမကို ဦးနန္ဒမောင်က မျက်လုံးများပြူးကြည့်နေ သည်။ မျက်မှန်ကိုချွတ်ကာ ထွက်လာသော ချွေးသီးချွေးပေါက် များကို လက်ဝါးနှင့် သုတ်ပစ်၏။

ပါးစပ်မှ တရှိန်ရှိန်မြည်သံကို သူမပြုလုပ်ရင်း ထလာ သည်။ သူမထလာပုံမှာ ဝုန်းခနဲမဟုတ်ဘဲ မြွေတစ်ကောင်တွားသွား နည်းမျိုးလို တွန့်ကာလိမ်ကာနှင့် ထလာ၏။

သူမရပ်လိုက်သည်။

ပါးစပ်မှ တရှိန်ရှိန်မြည်နေသောအသံသည်လည်း ရပ် သွားတော့သည်။

"မင်း ဘာလုပ်မလို့လဲ ..."

သူမကို ကြောက်သွားသလိုလိုဖြစ်မိလျက်မှ ဦးနန္ဒ မောင်က မေးမိသည်။ သူမသည် ဦးနန္ဒမောင်ကို ရန်လိုစွာစိုက်ကြည့် လိုက်၏။ အဲသည်အတွင်းမှာပင် ဦးနန္ဒမောင်မျက်လုံးများတွင် ကြောက်စိတ်များသန်းလာသည်။

ဘယ်က ဘယ်လိုရောက်လာမှန်းမသိသော တွား သွားသတ္တဝါသုံးလေးကောင်သည် အိမ်ပြင်မှအိမ်ထဲသို့အဝင် တံခါး ကို ဖြတ်ကျော်ပြီးဝင်လာကြသည်။

အညိုရောင်အကြေးခွံတလက်လက်တောက်ပြောင်





နေသော မြွေဟောက်များပင်ဖြစ်၏။

"မင်း ... မင်း ငါ့ကိုဘာလုပ်မလို့လဲ ..."

"ရှင့်ကိုသတ်မလို့ လူကြီးရဲ့ ..."

"ငါမှားပါတယ်ကွာ ... နောက်ကို ငါ မင်းကိုကိုယ်ထိလက် ရောက် မလုပ်တော့ပါဘူး ..."

"ရှင်ကြီးက သေရမှာကြောက်သလား ..."

"ငါ ... ငါကြောက်တယ် ..."

သူ တကယ်သေရမှာ ကြောက်သွားသည်။ ပြေးမလွတ် ဆိုတာကိုလည်း သိသည်။

သူယူထားသည့်မိန်းမချောလေးသည် မကောင်းဆိုး ဝါးမှန်းဆိုတာကိုလည်း သိလာသည်။ ဘယ်လိုမကောင်းဆိုးဝါးဆို တာကိုတော့ သူမသိ။

ဦးနန္ဒမောင် တကယ်ကြောက်နေမှန်းသိသည်။ မျက်စိမျက်နှာတွေပျက်ကာ ခေါချွေးတွေပြန်နေတာကိုက မိန်းမ ချောလေးလှလွန်းရွှေစင်အတွက် နှစ်သိမ့်စရာဖြစ်နေသည်။

သူသည် အိမ်နံရံကို ကပ်ပြီးကျောပေးရပ်နေသော ပြေးပေါက်မရှိသည်ကိုလည်း သူ့ကိုယ်သူသိပါလိမ့်မည်။

တလွန့်လွန့်ဝင်လာသောမြွေများအနက်မှ တစ် ကောင်ကို လှလွန်းကဆွဲယူကိုင်လိုက်သည်။ ခေါင်းမှ အသာအယာ ကိုင်လိုက်သဖြင့် တန်းလန်းဖြစ်နေသော ကိုယ်ပိုင်းတွေက လေထဲ တွင် လွန့်လူးကာ တဖျပ်ဖျပ်တွန့်လိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏အလှသည် မြွေတစ်ကောင်၏အလှလိုပဲလို့ ဦးနန္ဒမောင် ထင်သည်။

"သူတို့က ကလေးရဲ့ဆွေမျိုးတွေလေ ... ကလေး ဦးကို မသိတ်ပါဘူး ... ဦးက ကလေးရဲ့ယောကျ်ားမဟုတ်လား ဦးသေသွားရင် ကလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်သွားမှာပေါ့နော် ... ဦး ကလေးပြောတာ မဟုတ်ဘူးလား"

"ဟုတ် ... ဟုတ်ပါတယ်ကွာ ... "

ဦးနန္ဒမောင်က သူမလက်ထဲမှ မြွေကြီးကို တစ်လှည့်၊ ကြမ်းခင်းပေါ်တွင် ရပ်တန့်၍ သခင်အမိန့်ကိုစောင့်နေသော အစေအပါးကဲ့သို့ ခွေ၍ငြိမ်နေကြသော မြွေတွေကိုကြည့်ကာ အထင်ထစ်အငေါ့ငေါ့ဖြေလိုက်သည်။ မျက်လုံးတွေက ကြောက်ဖော့နှင့် ပြူးနေကြသည်။ ကိုယ်ကြီးက မသိမသာတဆတ်ဆတ်တုန်နေသည်။

မြွေခေါင်းကို သူမကလက်တစ်ဖက်ပွတ်ပေးလျက်က ...

"ဦး ကလေးကို ချစ်သေးရဲ့လား ဟင် ... ဦး ... "

"ချစ် ... ချစ်ပါတယ်ကွာ ... "

"အဟက်ဟက် ... ဦးဖြေပုံက စိတ်မှပါရဲ့လား ... ဒါပေမဲ့ ကလေးကတော့ လူကြီးကိုချစ်ပါတယ် ... လူကြီးနောက်ကို ဒီလိုမလုပ်ပါနဲ့ ... "

ပြောစဉ် မျက်နှာကို မာပစ်လိုက်၍ ...





"မောင်နဲ့ပတ်သက်ပြီးလည်း မမေးပါနဲ့ ... ကျွန်မ မဖြေတော့ဘူး ... ပထမ ရှင်ကြီးကိုရှင်းပြမယ်လုပ်တယ် ရှင်ကြီးက နားမထောင်ဘူး ... ကျွန်မ ဘယ်သူဆိုတာ ရှင်သိချင်မှာပဲ ... ကျွန်မဘယ်လိုဆိုတာ ရှင်သိကောင်းသိနေပြီ ... ရှင့်ကို အရှင်မထားသင့်ဘူး ... ဒါပေမဲ့ လူ့ဘဝဟာ ရခဲတယ်ဆိုတာ ကျွန်မသိတယ် ... ကျွန်မလည်းပဲ လူ့ဘဝကိုလိုချင်လွန်းအားကြီးလို့ လာခဲ့တာပဲ ... ခုတစ်ခါတော့ ရှင့်ကို ခွင့်လွှတ်လိုက်မယ် ... ဒါပေမဲ့ ရှင်ဟာ ကျွန်မရဲ့သေဆိုသေ ရှင်ဆိုရှင် အကျဉ်းသားဘဝဖြစ်နေပြီ ... အမေရိကန်လက်မှာ အီရတ်အကျဉ်းသားတွေ နှိပ်စက်ခံရတယ်ဆိုတာကမှ သက်သာဦးမယ် ... ရှင်ကတော့ ... "

သူမသည် မြွေကိုနှုတ်မှတစ်စုံတစ်ခု ခေါင်းနားကပ်၍ တီးတိုးပြောနေသည်။

ထိုမှမြွေကို ကြမ်းပြင်ပေါ်သို့ ချပေးလိုက်သည်။ မြွေကြီးက တလွန့်လွန့်နှင့် ဝင်ပေါက်ဘက်ထွက်သွားရာ ကျန်မြွေတွေကလည်း ဝင်ပေါက်တံခါးဘက်ကို လိုက်သွား၏။

တံခါးဘက်ရောက်လျှင် မြွေတွေက တစ်ပြိုင်တည်း ရှိုခနဲတွန်ကာ အိမ်ပြင်အမှောင်ထဲသို့ လွန့်လူးပျောက်ကွယ်သွားကြသည်။

မိန်းမလှကလေးကို အပြုအစုကောင်းလို့၊ လှသည်ထင်လို့ စုံမက်လက်ထပ်ခဲ့သော ဦးနန္ဒမောင်မှာတော့ မိမိသည်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါးမတ္တစ်ကောင်ကို လက်ထပ်မိပြီဟူသော ယူကြုံးမ
အတွေးနှင့် ဆွေးသွားမိသည်။

ထိုက်ရေ ... ကိုယ်မှားပါပြီကွာလို့။

"ဘာတွေ တွေးနေတာလဲ ဦး ... ကြည့်ပါဦး ... တစ်ကိုယ်
လုံး ချွေးတွေနဲ့ ... ကြောက်မနေစမ်းပါနဲ့ ... မေ့ပစ်လိုက်
တော့ ... လာ ရေချိုးရအောင် ... အကျီချွတ် ... ဘြေ
ပုဆိုးလဲဖို့ သွားယူလိုက်ဦးမယ် ... "

လှလွန်းသည် ချက်ချင်းအသွင်ပြောင်းသွားသည်။
သူနှင့် ညားကာစလိုပင် တယုတယပြုံးပြုံးရွှင်ရွှင်ဝါပဲ။

အဝတ်အစားတွေကို ချွတ်ပေးသည်။

ကြောက်နေသော ဦးနန္ဒမောင် အကြောက်ပြေလာ
၏။

ဒါ ကိုယ့်တရားဝင်ဇနီးကလေးပဲ။

သူ့ကိုယ်ကို ဘာမှလုပ်တာ မဟုတ်ဘူး။ ငါကသာ
မှားတာပဲ။ ကိုယ့်ကိုခွင့်လွှတ်ပါ ကလေးရယ်။

သူက လှလွန်းကိုဖက်ပြီး ပါးမို့မို့ကလေးကိုနမ်း
တော့ လှလွန်းက ခေါင်းကလေးငုံ့ရှောင်ကာ ကြည်ကြည်ကလေး
ရယ်မောသည်။

လှလွန်း၏ စိတ်ထဲမှာတော့ ...

"မောင်ရယ် ... သူ့နေရာမှ မောင်ဖြစ်ရင် သိပ်ကောင်းမှာ
ကျွန်မ မောင့်ကို လူ့လောကကြီးထဲမှာ ရှာခဲ့ပါတယ် ...





မတွေ့ခဲ့ပါဘူး မောင်ရယ် ... အခုတွေ့တော့ မောင်က
ကျွန်မကို မမှတ်မိတော့ဘူး ... ကံကြမ္မာဆိုးပဲလား မောင်
ရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ် (၁၀)

ဘီယာမှုးလျှင် အရက်ထက်ဆိုးတာပေါ့။

အရက်ထက်ဆိုးတယ်ဆိုတာ သိပ်မှုးလာလျှင် အိ လို့မရ။

အိပ်ပြန်တော့လည်း ကယောက်ကယက် အိပ်မ တွေ မက်။

သူ့ကို ဝင်းစိန်က ပြန်ပို့ပေးသည်။

ဘီယာမှုးနေသော သူ့ကို အမေကကြည့်ကာ က ဏာဒေါသောနှင့် ဆူသည်။ အရက်သောက်လာသည်လို့ပဲ ထင်

တစ်ခါတရံ သားအဖနှစ်ယောက် ခေါင်းချင်းဆိုင် အပျော်သဘောသောက်ကြတာတော် သည်လောက်မမှုးနဲ အကောင်။ ခုတစ်ခါတော့ ခေါင်းငိုက်ဆိုက်ကျလို့။

အဖေနောက်မိန်းမယူလို့ စိတ်ထိခိုက်ပြီး အရ သောက်လိုက်တာပဲလို့ ဒေါ်နှင်းနှင်းထိုက်က ယူဆသည်။





သားအရက်သမားကြီးဖြစ်သွားမှာကိုလည်း ရှည် ည်ဝေးဝေးတွေး၍ စိုးရိမ်မိသည်။

အိမ့်မှူးကတော့ စနေမနက်မိုးလင်း အမှုးပြေသွား ာပဲဟု ပြောပြီး အမေ့ကိုနှစ်သိမ့်သည်။

အိမ်ဖော်မိန်းကလေးများနှင့် ဝင်းစိန်ကပါ တွဲပြီး ိပ်ခန်းထဲပို့ပေးသည်။

"နင်ပဲ စနေကို ... အရက်ဆိုင်ခေါ်သွားတာ မဟုတ်လား"

ရန်တွေ့သံလေးနှင့် အိပ်ခန်းပြင်သို့ ပြန်ထွက်လာ သော ဝင်းစိန်ကို အိမ့်မှူးက ပြောသည်။

"မဟုတ်ပါဘူးဟာ ... သူကသွားမယ်လို့ ငါကလိုက်ပို့ရတာ ပါ ... ဒီကောင်က ငါမပို့လည်း သူ့ဖာသာသူသောက်မဲ့ အကောင် ... အန်ကယ့်ကြောင့် သူစိတ်ခံစားနေရတယ် လေ ..."

အမေကတော့ အိပ်ခန်းဘက်သွားပြီး စနေကို ောင်တွေချွံပေး၊ နဖူးကိုစမ်းကြည့်လုပ်နေသည်။

ဝင်းစိန်ဆီမှ ဘီယာနံ့ကိုရှူရင်း မကျေနပ်သော အိမ့် ှူးက ...

"ငါတော့ နင့်ကိုမယုံဘူး ... စနေကိုပျက်စီးအောင် နင်လုပ် နေပြီ ထင်တာပဲ ..."

"အိမ့်မှူး ငါ့ကို ဒီလိုမပြောနဲ့ ... တော့ကျိုး ..."

ငယ်ငယ်ကတည်းက သူမလိုမလားဖြစ်လာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းစိန်က 'ထော့ကျိုး'လို့ အိမ့်မှူးကိုခေါ်တတ်၏။ အိမ့်မှူး အတော် စိတ်ဆိုးသွားသည်။

"သေချင်ဆိုး ... ငါ့ကို ဒီလိုမခေါ်နဲ့ ... သွား နင် ငါ့ကိုလာ စကားမပြောနဲ့ ... အိမ်ကိုလည်း မလာနဲ့ ... "

"အိမ့်မှူးရာ ... နင့်ကိုချစ်လို့ လာတာပါ ... "

"ဘာ ... "

"အဟဲ ... နင်က ချစ်စရာကောင်းတယ် ... လှတော့လည်း အရင်ကထက် လှတယ် ... "

"နင်အရက်သောက်ပြီး အံရက်စကားမပြောနဲ့ ... "

အိမ့်မှူး စိတ်ဆိုးသံနှင့်ပြောလျှင် အပြင်ကိုရောက် သွားသော ဝင်းစိန်က အိမ်ထဲတွင်ဘယ်သူတွေရှိ မရှိကြည့်လိုက် သည်။

ပြီးမှ အရက်သံကြီးနှင့် တီးတိုးပြောလိုက်ပုံက —

"နင့်ကို ငါချစ်တယ် ... "

ပြောရုံမက အိမ့်မှူးပါးကလေးကိုလည်း လိမ်ဆွ သွားလိုက်သေးသည်။

အိမ့်မှူးလက်တွင် အလူမီနီယံချိုင်းထောက်ပါမလာ တစ် ကံကောင်းသည်။

ထိုချိုင်းထောက်က ချိုင်းအောက်တွင် ချိုင်းထော ရသည်မဟုတ်။ လက်ကောက်ဝတ်တွင် တစ်ချောင်းသော ထောက်နှင့် ကွင်းစွပ်ပြီး ထောက်ပြုရသော ချိုင်းထောက်မျိုးဖြစ်၏





ဒါမပါလာတော့ ... ဝင်းစိန် ချိုင်းထောက်ကပ် အန္တရာယ်မှ လွတ်ကင်းသွားသည်။ စိတ်ဆိုးမာန်ဆိုးနှင့် တံခါးကို ပိတ်ပစ်လိုက်သည်။

စိတ်ထဲ အသည်းထဲမှာတော့ ဝင်းစိန်ကို ရွံမုန်းသွား သည်။ သည်ကလေကဝကောင်က စနေကိုစီးပွားရေးပြိုင်ဘက်မို့ အရက်နှင့် ဖျက်ဆီးတာပဲဟု ယူဆသည်။

မနက်မှပဲ စနေကိုပြောတော့မည်ဟု ဆုံးဖြတ်၏။

စနေ ကယောင်ချောက်ချားအိပ်မက်တွေနှင့် လန့် နိုးသွားချိန်မှာ မနက်သုံးနာရီထိုးနေပြီ။

ခေါင်းက တစစ်စစ်ကိုက်နေသည်။

ဇက်တွေလေးလံဆဲ။

မျက်လုံးထဲမှာ မမူးသော်လည်း ခေါင်းထဲမှာတော့ မူးဝေဆဲ။

"အား ... ကျွတ် ... ကျွတ် ... "

ဘီယာရှိန်က အရက်ထက်ပြင်းသဖြင့် တစ်ချက်စုပ် သတ်လိုက်သည်။ ကိုယ်က အမူးသမားမဟုတ်တော့ မူးနေတာကို လိုချင်။

ရင်ထဲမှာလည်း ပူနေ၏။

သူ့အိပ်ခန်းထဲတွင် ရေခဲသေတ္တာထားရှိရာ အတွင်း မှာ ရေသန့်ပုလင်းရှိ၏။

မီးပြာပြာမှိန်မှိန်တွင် ရေသန့်ပုလင်းကိုရေခဲသေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ထယူပြီး အားပါးတရသောက်ချသည်။

သောက်စဉ်မှာ အဖေပြောတာ ပြန်အမှတ်ရလာ၏

"ငါသွေးတိုးရှိပေမဲ့ အရက်သောက်တယ် ... သွေးတိုးသမား ... အရက်နဲ့ မတည့်တာ အမှန်ပဲ ... ဒါပေမဲ့ အမူးမသောက်ဘူး ... သတိနဲ့ သောက်တယ် ... မသောက်ခင်နာရီဝက်လောက်အလိုမှာ သွေးကျဆေးကို စားထားတယ် ... သောက်လို့မူးလာပြီဆိုရင် သွေးကျဆေးကို ပြန်စားလိုက်တယ် ... ဒီတော့ သွေးတိုးမဲ့ဟာ သွေးချိန်ကျသွားတယ် ... သွေးပေါင်တက်လို့ မူးတာပဲကွ ... အယ်(လ်)ကိုဟော ... သွေးကိုဆူစေတယ် ... အဲဒီသွေးက ဦးနှောက်သွေးကြော ... တွေထဲ ပို့တော့ အရက်မူးတော့တာပေါ့ ... သွေးကျဆေး ... သောက်လိုက်ရင် သွေးဆူတာ တက်တာရပ်သွားမယ် ..."

ဒါတွေကို ပြန်အမှတ်ရလာသည်။

အဖေပြောတာ ဟုတ်မဟုတ် မသိပါ။

လက်တွေ့တော့ စမ်းသပ်ရမှာပဲ။

သည်တော့ အမေ့အိပ်ခန်းထဲသွားသည်။ အမေသည် ... တစ်ဖက်သို့ ကွေးကွေးလေးအိပ်နေသည်။

မိမိအခန်းလိုပဲ အမေ့အိပ်ခန်းထဲတွင် ဆန်ညို အမျိုး ... အစား အအေးသေတ္တာတပ်ဆင်ထားသဖြင့် အေးနေသည်။ သူ ... အားလုံး လေအေးပေးစက်တစ်လုံးစီကို ကိုယ့်အိပ်ခန်းမှာ ကိုယ် ... တပ်ထားကြသည်။

✷ စေတနာစာပေ ✷



ဒါတွေက အဖေရဲ့အစီအမံတွေ။

ယခု အဖေက နောက်မိန်းမနှင့် အဝေးကိုရောက်သွားပြီဆိုတော့ နောင်အစီအမံတွေက မိမိပဲဖြစ်ရတော့မည်။

အမေ့ကို သိပ်မအေးစေခြင်းငှာ စောင်တစ်ထည်ခြုံပေးသည်။

သူတို့အိမ်က ခြင်လုံသံဇကာတွေတပ်ထားတာမို့ ခြင်မရှိပါ။ ခြင်ထောင်လည်း မလိုပါ။

အမေကွေးကွေးလေးအိပ်နေသည်မှာ ကလေးငယ်တစ်ယောက်လိုပါပဲ။

အသက်ကြီးမှ အိမ်ထောင်ဖောက်ပြန်မှု ကြုံတွေ့ရသော်လည်း အမေသည် စိတ်ကိုတင်းနိုင်၏။ ခံစားမှုဒဏ်ကိုခံနိုင်၏။

အမေ့ကို ခွင့်လွှတ်၏။

သူမမှာလည်း အပြစ်ရှိသည်ဟု မြင်၏။

အဖေကတော့ သူ့နောက်မိန်းမယူတာကို မလုံမလဲဖြစ်သဖြင့် သူ့တွင်အပြစ်မရှိစေရန် အမေ့ကိုပဲ အပြစ်ဖို့၏။ အမေ့ညံ့ချင်းကြောင်းပဲ လူတွေကိုတွေ့လျှင် ပြောတတ်၏။

လုပ်တော့လည်း သူက။

အပြစ်ပြောတော့လည်း သူက။

အဖေ တရားပါသလား။

အမေ့ကို သူတစိမ့်စိမ့်ကြည့်ကာ ငယ်စဉ်ကတည်း

✷ စေတနာစာပေ ✷

www.burmeseclassic.com

www.burmeseclassic.com



က သူ့အား သားအရင်းနှင့်မခြား ချစ်ခင်ယုယအလိုလိုက်ခဲ့သော အမေ့ကိုကြည့်ကာ ဝမ်းနည်းလာမိ၏။

မျက်ဝန်းထဲမှ မျက်ရည်တွေဝဲလာသည်။

အမေက ရိုး၏။ အေး၏။ တည်ငြိမ်၏။ လူမှုရေး အိမ်ထောင်ရေးနားမလည်သော်လည်း အဖေလို မဖောက်ပြန်ခဲ့ပါ။

အဖေက လွန်တာပေါ့နော်။ သူသည် မျက်တောင် တဖျပ်ဖျပ်ခတ်သည်။ ရီဝေသွားသောမျက်လုံးတို့ ကြည်လင်သွားအောင် လက်ဖမိုးနှင့် မျက်လုံးတို့ကို သုတ်ပစ်လိုက်သည်။

သက်ပြင်းကျိတ်ချသည်။

အမေ့ခုတင်ဘေးမှ ဗီရိုကလေးပေါ်တွင် အဖေ့ဆေးပုလင်းကို ရှာသည်။ အမေသည် ထိုဆေးပုလင်းကို အဖေ့ကိုယ်စား အမှတ်တရသိမ်းထားဟန်ရှိသည်။

သွေးကျဆေးပုလင်းနီဖီဒီဖိန်း(NIFEDIPINE)ပုလင်းကလေးကို ရှာတွေ့သွားသည်။ တရုတ်ပြည်လုပ် သွေးကျဆေးဖြစ်သည်။

ပုလင်းထဲမှ ဝါဝါဆေးလုံးလေးတစ်လုံးကိုယူကာ ပုလင်းကိုထားခဲ့ပြီး သူ့အခန်း သူပြန်လာသည်။

အခန်းထဲရောက်တော့ အဲဒီဆေးကို ရေနှင့်လည်ချောင်းထဲမျောချလိုက်သည်။

အဖေပြောတာ မှန်တာပေါ့။

ဆယ့်ငါးမိနစ်လောက်ကြာတော့ ခေါင်းထဲမူးတာ





ကလေးလံတာတွေ လျော့ပါးသွားသည်။

ခေါင်းကိုက်တာလည်း မခံစားရတော့။

အဖေ့ကို ကျေးဇူးတင်ပါတယ်။

ဒါပေမဲ့ မနေ့ညကအဖြစ်တွေ ပြန်သတိရလာ၏။

အဖေနှင့် တွဲလာသည့်မိန်းကလေးက မိမိအား မောင်လို့ ခေါ်လိုက်သလားပဲ။

သည်မိန်းကလေးအား မိမိဘာတွေပြောပစ်ခဲ့သည်ကို မသိ။ ပြောတော့ ပြောတာပဲ။

အဖေနဲ့လည်း တွေ့ခဲ့ရတာပဲ။

မူးနေလို့ ဘာဆိုဘာမှထင်ထင်ရှားရှားမမှတ်မိတော့ပါ။

သူစဉ်းစားရင်းတော့ ခေါင်းထဲနည်းနည်းရီနေတာ ကလွဲပြီး တခြားနေ့တွေလိုပဲ ကြည်ကြည်လင်လင်။

ဤမနက်။

အမေက ဘုရားခန်းမှာ ဘုရားရှိခိုးစဉ် ထမင်းစားခန်းသို့ မိမိအလာ မနက်စောစောစာကို စီစဉ်နေသော အိမ်မှုူးက သူ့ကိုတွေ့လျှင် ...

"ဩော် ... အသောက်ကိုယ်တော်ကြီး ကြွချီတော်မူလာပလား ..."

"ငါ ညက နည်းနည်းများသွားသလား မသိဘူး ..."

အိမ်မှုူးမျက်နှာကလေးမှာ မကြည်မလင်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အိမ့်မှူးသည် စနေ၏လက်ကိုဆွဲ၍ ...

"လာဦး ... နင့်ကို ငါပြောစရာရှိတယ် ... "

ထမင်းစားခန်းသို့ပင် ခေါ်သွားသည်။

လှပသော ဖော်မီကာထမင်းစားပွဲမှာ လေးထောင့်စားပွဲဖြစ်သည်။ ထိုစားပွဲပေါ်တွင် မုန့်ဟင်းခါးမုန့်ဖတ်များထည့်ထားသော မုန့်ပန်းကန်သုံးပန်းကန်၊ အလယ်တွင် ဟင်းရည်ချိုင့်

ကော်ဖီပန်းကန်၊ သကြား၊ နို့ခွက်စတာတွေက အဆင်သင့်

"ဟင် ... ဒီမနက် မုန့်ဟင်းခါးလား ... အိုကေ ... ကောင်းတယ် ... "

မြင်တာနဲ့ စနေက ဆိုသည်။

"မြင်တာနဲ့ မငတ်နဲ့ဦး ... နင့်ကိုပြောစရာရှိလို့ ဒီမှာထိုင်"

ထော့ကျိုးမလေးက သည်တစ်ခါတော့ ဆရာကြီးပုံစံ။ ပြီးတော့ စနေ့ရှေ့တွင် လက်နှစ်ဖက်ကို ခါးတွင်ထောက်၍ ရပ်ကာ စိတ်ဆိုးသံလေးနှင့် ...

"ညက နင်ဘာဖြစ်သလဲဟင် ... ပြောစမ်း ... "

"ဟ ... ညက ငါဘာဖြစ်လို့လဲ ... "

"နင်သိုင်းကွက်နင်း ပြန်လာတယ် ... "

"တရုတ်သိုင်းလား ... ဗမာသိုင်းလား ... "

"စနေ ... စကားကို ပေါ့တော့တော့ ပေါ့ပျက်ပျက်မလုပ်နဲ့ ... ခုချိန်မှာ နင်နဲ့ငါဟာ ဒီအိမ်မှာ အရေးကြီးဆုံးလူတွေ





ဖြစ်နေပြီဟ ... အဖေမရှိဘူး ... အဖေဂျောင်းပြီ ... "

သည်တော့မှ စပ်ဖြီးဖြီးလုပ်နေသော စနေ၏မျက်နှာက တည်လာသည်။

"အေးပါ ငါသိပါတယ် ... နင်ဆရာကြီးမလုပ်ပါနဲ့ ... မနေ့ညက ငါနည်းနည်းများသွားတယ် ... အရက်မဟုတ်ပါဘူး ဘီယာပါ ... "

"သူ့ခိုးကြီးတော့ ဓားပြ ... ဓားပြကြီးတော့ သူပုန်လို့ ငါကြားဖူးတာပဲဟာ ... ဘီယာအသောက်များလာတော့ ဘီယာက အရက်ပေါ့ ... အေမီကျော်ရဲ့အဖေဟာ အစက လူကောင်းပါ ... အပေါင်းအသင်းတွေနဲ့တွေ့ပြီး ဘီယာသောက်ရာက [redacted]ရက်ချတဲ့အထိဖြစ်သွားတယ်လို့ ငါ့သူငယ်ချင်းအေမီကျော်က ငါ့ကိုပြောဖူးတယ် ... နင်ငါနဲ့ အမေ့ကိုချစ်ရင် နောင်ဒီလိုမလုပ်ပါနဲ့ဟာ ... "

ပြောနေသော အိမ့်မှူးအသံကလေးက တားမြစ်သံလား၊ ဆုံးမသံလား၊ တောင်းပန်သံလားလို့ ဝေခွဲလို့မရပါ။ စနေက အိမ့်မှူးကိုကြည့်ရင်း အိမ့်မှူးမှာ ကလေးမဟုတ်တော့ပါလား၊ လူကြီးပုံစံပေါက်လာပါကလားဟု စဉ်းစားမိလာသည်။

သူနှင့် အိမ့်မှူးသည် သက်တူရွယ်တူတွေ။ မိမိကသာ အိမ့်မှူးထက်သုံးလလောက်ပဲ ကြီးသည်။

"နင်နဲ့ ငါ့ရဲ့ကျေးဇူးရှင်ဟာ အဖေနဲ့ အမေပဲ ... အဖေက အမှားတစ်ခုလုပ်သွားတဲ့အချိန်မှာ နင်က အမှားတစ်ခုလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ်ဆိုရင်တော့ အမေ့ကိုကော အဖေ့ကိုကော ကျေ
ဇူးကန်းရာရောက်မယ် စနေ ... အဖေတို့နဲ့ဝေးသွားတဲ့
အချိန်မှာ အမေ့ရဲ့အုတ်တံတိုင်းဟာ တို့ပဲဖြစ်ရမယ် ... အဖေ
ရဲ့လက်ကတုံး တောင်ဝှေးဟာတို့ပဲဖြစ်ရမယ် စနေ ...

သူမအသံက မကျယ်ပါ။ တိုးတိုးလေးပါပဲ။ ဒါပေမဲ့
စနေ့အသိက မတိုးပါ။ ကျယ်ပါသည်။

"ငါ နောင်ကို နင်ကောအမေ့ကိုပါ စိတ်မချမ်းသာအောင်
မလုပ်ပါဘူးလို့ ကတိပေးပါတယ် ညီမရယ် ..."

ပြောပြီးတော့ ရပ်နေသော အိမ့်မှူး၏လက်ကလေး
နှစ်ဖက်ကို ကိုင်ကာမော်ကြည့်လိုက်သော စနေ၏မျက်နှာတွင်
လှိုက်လှဲမှုတွေ ပေါ်နေသည်။ အိမ့်မှူး၏မျက်ဝန်းကလေးတွေက
နူးညံ့ပြီး ယင်းမျက်ဝန်းတွင် မျက်ရည်ကြည်ကလေးများ မသိမသာ
ဝဲနေသည်။

ပြည့်တင်းနီရဲသော အိမ့်မှူးနှုတ်ခမ်းကလေးတွေက
လှုပ်ရှားလာပြန်၏။

"နောက်ပြီးတော့ နင်မြန်မာကြီးနဲ့ မပေါင်းနဲ့ ... ဒီကောင်က
တို့ရဲ့စီးပွားရေးရန်သူ ... နင့်ကိုပျက်စီးအောင် ကပ်ပြီး အမှည့်
ချွေ ချွေနေတာ နင်မသိရှာသလား စနေရယ် ... ဟင်
နင်တယ်တုံးပါလား ..."

"ဝင်းစိန်မြန်မာကြီးကို ငါသတိနဲ့ထားပေါင်းပါတယ် အိမ့်မှူး"

ညက ဝင်းစိန် သူမကို မူးမူးနှင့် ရိသဲ့သဲ့လုပ်သွားတာ





ကိုတော့ အိမ့်မှူးမပြောလိုပါ။

"ဘာပဲဖြစ်ဖြစ်ဟာ ... နင် သူ့ကိုမပေါင်းပါနဲ့တော့ ... သူ့ကို
ပေါင်းနေရင် သူအိမ်ကိုလာနေမှာပဲ ... သူ အိမ်ကိုလာတာ
ငါမကြိုက်ဘူးဟဲ့ ... နင့်မှာ ယောက်ဖတစ်ယောက် အလို
လိုရသွားမယ် ..."

"ဘာလဲ ... နင်က မြန်မာကြီးကို ကြိုက်နေသလား ..."

"သူက ငါ့ကိုကြိုက်နေရင် ဘယ့်နှယ့်လုပ်မလဲ ..."

"ကြိုက်ကြည့်ပါလား ... စနေထွန်းလက်သီးစာမိသွားမှာပေါ့
ငါချစ်တဲ့ နင့်ကိုတော့ အပါမခံနိုင်ဘူး ..."

စနေက လက်သီးထောင်ပြပြီး စိတ်လိုက်မာန်ပါ
ပြောတော့ အိမ့်မှူးရင်ထဲ ကျေနပ်သွားသည်။ အိမ့်မှူးက ပြုံး၍...

"ငါကလည်း ဒီလိုအလေနတွေ့ကောင်ကို စိတ်မကူးပါဘူး
တို့လုပ်မဲ့စီးပွားရေးကို ဒီကောင်လုသွားကတည်းက ငါက
သူ့ကို မုန်းနေတာဟဲ့ ..."

"ဒီကောင့်ကို ငါမပေါင်းဘူး ... နင်ကျေနပ်ပလား ..."

တစ်ဖက်စကားကြောင့် အိမ့်မှူးပိုကျေနပ်သွား၏။

"အဖေ အခုလိုဖြစ်သွားတာဟာ ငါ့စိတ်ထင် ဝင်းစိန်အဖေ
ဦးမြဒင်ကြောင့် ထင်တယ်ဟာ ... ဦးမြဒင်က အဖေပျက်စီး
အောင် ကပ်မြှောက်နေသလားမသိဘူး ..."

"ရှူး ... တော်တော့ ... အမေလာနေပြီ ..."

ဘုရားရှိခိုးပြီးသော အမေသည် ထမင်းစားခန်းထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာပြီဖြစ်သည်။ အမေသည် အဖေနှင့်ကွဲကွာသွားပြီးကတည်းက ဘုရားတရားအလုပ်ကို ပိုလုပ်၏။

မျက်နှာက ပိုတည်ကြည်လာ၏။

သူမကိုယ်ကို သူမသပ်သပ်ရပ်ရပ်ဖြစ်အောင် ပိုနေထိုင်လာ၏။ အဖေမကြိုက်သော ကွမ်းစားခြင်းအလုပ်ကိုလည်း မလုပ်တော့ပေ။

သူတို့စားပွဲတွင်ထိုင်ကာ မနက်စောစောစာကို စားသောက်နေကြစဉ် ဘယ်သူမှ စကားမပြောပေ။

ညက ဘီယာသောက်ပြီး အမူးလွန်လာသော စနေကိုလည်း အမေက ဘာမှမမေးပါ။ စနေ၏အဖေအတွက် ရင်တွင်းခံစားချက်ကို အမေနားလည်ဟန်တူသည်။

စားသောက်ပြီးကြသောအခါမှသာ အမေက စနေအား အိမ်မှူးကို ကျောင်းလိုက်ပို့ပြီးသောအခါ အိမ်သို့ပြန်လာခဲ့ပါဦးဟု မှာလိုက်သည်။

အမေပြောစရာရှိနေဟန်တူသည်။

မနက်ဆယ်နာရီကျော်လောက်တွင် စနေက ရွာသာကြီးဘက်ရှိ စီးပွားရေးတက္ကသိုလ်သို့ အိမ်မှူးအား ကျောင်းပို့အပြီး ပြန်လာသည်။ တောင်ဥက္ကလာဘေလီတံတားဘက်မှပြန်လာစဉ် သံသုမာလမ်းသို့အရောက် နောက်မှလိုက်လာသော ဝင်းစိန်၏ကားကို မမြင်မိခဲ့။

အမေသည် သူ့ကို ဧည့်ခန်းထဲမှာပင် သတင်းစာတစ်





စောင်ကို ဖတ်ရင်း စောင့်နေသည်။

ဧည့်ခန်းထဲကို စနေဝင်လာသောအခါမှသာ မော်ကြည့်လိုက်သည်။ ဘရိုင်ယန်ရှပ်အင်္ကျီပြောင် အဖြူရောင်လက်ရှည်၊ ဆရာဒိုနာဘောင်းဘီရှည်ဝတ်ထားသော စနေသည် ခေတ်လူငယ်ပီပီ ချောပါသည်။

သည်သားကလေးကို လွန်ခဲ့သောဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်က ကားလမ်းတွင် ထူးထူးခြားခြားမြွေတွေကြားမှ တွေ့ပြီးမွေးခဲ့ရသည်။

သားကလေးက စီးပွားရေးတွင် အကျိုးပေးပါ၏။

သူတို့ကောင်းစားအောင် မိမိတို့မိဘတွေကလည်း ပြန်အကျိုးပေးရပေဦးမည်။

"ဘာတွေ သတင်းထူးပါသလဲ အမေ ..."

"သတင်းတွေကတော့ ခါတိုင်းလိုပါပဲ သားရယ် ... အမေက စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း ... ထိမ်းမြားလက်ထပ်ခြင်းတွေ ဖတ်နေတာပါ ... ထိုင်လေ သား ..."

စနေက ဝင်ထိုင်ကာ ရှောင်နေကာမျက်မှန်ကို ချွတ်၍ ...

"သားကို ပြောစရာရှိတယ်ဆို ..."

"သား ... ဒီဥစ္စာကို ဖတ်စမ်း ..."

အမေပြတာက သတင်းစာထဲမှာ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း။



www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့ ဘာဆိုင်သလဲ အမေ ..."

"ဆိုင်တယ် သား ... အခုသားဟာ အရွယ်ရောက်လာပြီ ဘွဲ့လည်းရပြီးပြီ ... စီးပွားရေးထဲလည်း ဝင်စပြုနေပြီ ... ဒါပေမဲ့ အရွယ်ရောက်သူတိုင်း ကြင်ရာလိုတယ်ကွယ် ..."

"သားစိတ်မဝင်စားပါဘူး ..."

ဟုတ်ပါရဲ့။ ကောင်မလေးပေါင်းများစွာက သူ့ကို ချစ်ကြကြိုက်ကြတာ အမေသိတယ်ပေါ့။ ဒါပေမဲ့ ဒီနေ့အထိ ကောင်လေးရည်းစားမထားခဲ့။

"မင်းစိတ်မဝင်စားပေမဲ့ မင်း လူတစ်ယောက်ကိုတော့ မင်း လက်ထပ်ရမယ် ... သူဟာ သားစိတ်ဝင်စားမဲ့လူပဲ ... သူနဲ့ သားစေ့စပ်ကြောင်းလမ်းပြီးစီးခြင်းဆိုတာ သတင်းစာထဲမှာ ပါလာတာ အမေမြင်ချင်တယ် ..."

စနေက ရယ်လိုက်သည်။ ရယ်ပြီးမှ ...

"သူက ဘယ်သူလဲ အမေ ..."

"အိမ့်မှူး ..."

"ခင်ဗျာ ..."

စနေ လန့်သွားရှာသည်။ မျက်လုံးကလေး ကျယ်သွားသည်။ ကိုယ်ကလေးက ဆိုဖာပေါ်မှ ကြွတက်သွားသည်။

"အိမ့်မှူးလေကွယ် ... အိမ့်မှူးသိင်္ဂါလှိုင် ... ကွယ်လွန်သူ ဦးကောင်းရဲ့ ဒေါ်မြင့်မြင့်ကြည်တို့ရဲ့ သမီး ... ဦးနန္ဒမောင် ဒေါ်နှင်းနှင်းထိုက်တို့ရဲ့သမီးမဟုတ်ဘူး ... မင်းနဲ့ ဘာမှ





မတော်ဘူး ..."

"မလုပ်ပါနဲ့ အမေရယ် ... သားနဲ့ အိမ့်မှူးနဲ့က ငယ်ငယ်ကလေးကတည်းက မောင်နှမလိုနေလာခဲ့ကြတာ အမေရဲ့ သားလည်း သူ့ကိုမကြိုက်ဘူး ... သူကလည်း သားကို မကြိုက်ဘူး ... ပြီးတော့ ဘေးပတ်ဝန်းကျင်က ခုလိုယူလိုက်ရင် ဘာပြောကြမလဲ ..."

"နှကောင်းတယ်လို့ ပြောကြမှာပေါ့ ... တစ်ယောက်အကြောင်း တစ်ယောက်အစင်းသိပြီးမှတော့ အိမ်ထောင်ပြုရမှာ ဘာလိုသေးလဲ ..."

"မတော်ပါဘူး အမေရာ ... ကိုယ့်စည်းထဲက ကြက် ကိုယ်သတ်စားသလိုဖြစ်မှာပေါ့ ..."

"မဟုတ်ဘူး ... ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် အမေလုပ်လိုက်တာ ..."

"အမေ ဖေါက်နေပြီ ..."

"ငါမပေါက်ဘူး ..."

"မပေါက်ရင် ဘာလို့အမေက အူကြောင်ကြားစကားတွေ လာပြောရတာလဲ ..."

"ဟဲ့ ... ဒါ အူကြောင်ကြားမဟုတ်ဘူး ... မသိသူကျော်သွား ... သိသူဖော်စားတဲ့ ..."

"ဆေးဆရာမှမဟုတ်တာ ... ဖော်စားလို့ ပဒိုင်းသီးဖြစ်နေရင် ရှုံးနေပါဦးမယ် အမေရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"နားထောင် ... ရှည်ရှည်ဝေးဝေး မန္တလေးနဲ့ ရန်ကုန် အရှည်ကြီးစကားမပြောတော့ဘူး ... အိမ့်မှူးနဲ့ ပတ်သက်ပြီး မနေ့က မန္တလေးက ရှေ့နေကြီးဦးထွန်းအောင်ဝေဆီက အမေ့ဆီ ဖုန်းလာတယ် ... အိမ့်မှူးသိဂ်ါလိှုင် ဘယ်တော့မဂ်လာဆောင်မှာလဲတဲ့ ... သူမှာ အိမ့်မှူးရဲ့အမွေတွေ ထိန်းလာပေးရတာ နှစ်ပေါင်းကြာနေပြီတဲ့ ... "

"အိမ့်မှူးအမွေ ... "

"ဟုတ်ပ ... အိမ့်မှူးရဲ့မိဘတွေဖြစ်တဲ့ ဦးကောင်းရန့်နဲ့ ဒေါ်မြင့်မြင့်ကြည်တို့ဟာ သူတို့မသေခင်သုံးလလောက်က အိမ့်မှူးနဲ့ပတ်သက်ပြီး ရှေ့နေကြီးဦးထွန်းအောင်ဝေနဲ့ တိုင်ပင်လို့ အမွေစာချုပ်တစ်ခုပြုလုပ်ခဲ့တယ် ... ဘဏ်ကငွေတွေ အိမ်ကအတွင်းလက်ဝတ်လက်စားတွေ ... သူတို့ပိုင်တဲ့ တိုက်နဲ့ ဝယ်ထားခဲ့တဲ့ မြေကွက်တွေ ... ခုခေတ်ဈေးနဲ့ဆိုရင် သိန်းတစ်ထောင်ကျော်လောက်ရှိမယ် ... အိမ့်မှူးကို အမေတို့က အမွေစားအမွေခံ မွေးစားတုန်းက ရှေ့နေကြီးဦးထွန်းအောင်ဝေက ပြောပြတယ် ... ဒါတွေကို သူထိန်းသိမ်းထားပေးရပြီး အိမ့်မှူးအရွယ်ရောက်လို့ လက်ထပ်တဲ့နေ့မှာ ဒီအမွေတွေအားလုံး အိမ့်မှူးခံစားစေရမယ်လို့ အမေတို့ကို ပြောခဲ့တယ် ... အမေတို့ကလည်း မေ့မေ့ပျောက်ပျောက်ပဲ ... မနေ့ကမှ ဦးထွန်းအောင်ဝေဖုန်းဆက်မှ သတိရတယ် ... ဒါကြောင့် အိမ့်မှူးကို သားလက်ထပ်လိုက်ရင်





သားရော အိမ့်မှူးရော မပူရတော့ဘူးပေါ့ကွယ် ... "

ဒါတွေကို စနေက ခုမှသိရတော့ ပိုတောင်စိတ်ရှုပ်သွားသေး။

သူက သက်ပြင်းကိုချပြီး ...

"ဒီလိုဆို ပိုလို့တောင် မယူဖြစ်တော့ဘူး အမေ ... "

"ဟဲ့ ... ဘာလို့လဲ ... "

"အမေစဉ်းစားကြည့် ... အိမ့်မှူးကိုယူတာ သူ့ကိုလိုချင်တာထက် သူ့စည်းစိမ်ဥစ္စာကို မက်မောလို့ဖြစ်လာမှာပေါ့ ... "

"ဟယ် ... မင်းက တလွဲတွေးပြန်ပြီ ... ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဖြစ်တာပဲ ... "

"မကြိုကောင်းပါဘူး ... ကောင်မလေးကြားလည်း မသင့်တော်ပါဘူး ... "

"ဒါက အမေက ကောင်းစားစေချင်တဲ့ စေတနာနဲ့ ... "

"စေတနာကောင်းရင် ဝေဒနာဖြစ်တတ်တယ်တဲ့ ... အမေ့အကြံကြီးက ကိုယ့်ဆွေကောင်းဖို့ ကိုယ့်အိမ့်လှူ ကိုယ်ကုကြည့်မိတာနဲ့ မသာပေါ်သလိုဖြစ်နေမယ် ... "

တိတ်သွားသည်။

သူတို့ပြောသောစကားတွေကို သူတို့ကြားသည်လို့သာ ထင်၏။ တကယ်တော့ လူတစ်ယောက်က နားထောင်နေသည်ကို သူတို့မသိပါ။

အဲသည်လူက မြန်မာကြီးဝင်းစိန်။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းစိန်က ညကအဖြစ်တွေကိုမေးရန်အလာမှာ သူ
တို့ပြောစကားတွေကြောင့် အခန်းထဲမဝင်ဘဲ အပြင်မှကပ်နား
ထောင်နေခြင်းဖြစ်တော့သည်။

ညှော်ခန်းထဲတွင်မှု တိတ်သွားပြီးမှ ဒေါ်နှင်းနှင်းထိုက်
အသံက ထွက်လာသည်။

"စနေ ... "

"အမေ ... "

"အမေ့စကား နားမထောင်ဘူးလား ... "

"ခက်တယ် အမေ ... "

ဒေါ်နှင်းနှင်းထိုက်က ဆတ်ခနဲထလိုက်၏။ မျက်နှာ
မျက်နှာမကောင်းတော့။

"အေး ... ကောင်းတာပေါ့ကွယ် ... မင်းကိုမွေးခဲ့တဲ့ မွေး
ကျေးဇူးကို မင်းဆပ်လိုက်တာပေါ့ ... မင်းကလည်း မင်းအမေ
လိုပါပဲ ... ငါထင်ရာ ငါလုပ်တဲ့လူစား ... တော်ပါပြီကွယ်"

အမေ့အသံက ငိုသံပါနေသည်။

စနေ့ရင်ထဲ မသက်သာပါ။ ရင်ထဲမှ လေးလံသော
လေပူတွေကို မှုတ်ထုတ်၍ တစ်ခုတော့ပြောလိုက်ပါသည်။

"အိမ့်မှုးကို တိုင်ပင်ပါဦး အမေ ... "

"အိမ့်မှူးလက်ခံရင် မင်းသဘောတူတယ်ပေါ့ ... "

"အမေ့သဘောပါ ... "

ကျိတ်မှိတ်ဖြေလိုက်သည်။

✷ စေတနာစာပေ ✷



နောက်တွင်ဖြစ်သလို မီးစင်ကြည့်ကရတော့မည်။
ဖြစ်သလို မိုးကိုကြည့်ပြီး ရေကိုသုံးရတော့မည်။

သည်တော့လည်း အမေကျေနပ်သွားပုံရ၏။

တိတ်တိတ်ကလေးပြန်လည်ထွက်သွားသော ဝင်း
စိန့်ကို မသိလိုက်ကြပါ။

လူခေါ်ဖုန်းခေါ်သံသည် လည်ပင်းတွင် ကြိုးနှင့် ချိတ်
ထားသော ဟန်းဖုန်းမှမြည်လာသည်။

စနေကဖွင့်ပြီး နားထောင်လိုက်သည်။

"ဟဲလို ... "

"ဟဲလို ... "

ဖုန်းထဲတွင် စီးဝင်လာသောအသံကြောင့် စနေ၏
စိမ်းမှောင်သောမျက်လုံးထူထူနှစ်တန်းက စုကုပ်သွားသည်။

အသံရှင်မှာ မိန်းကလေးတစ်ဦး၏အသံ။

ကြည်လင်အေးမြသောအသံ။

"ကိုစနေထွန်းလား ... "

"ဟုတ်ပါတယ် ... "

"မောင် ... မောင်နော် ... စုလေးစကားပြောနေပါတယ်"

"စုလေး ... ဘယ်က စုလေးလဲ ... "

"မောင်ရယ် ... စုလေးကို မမှတ်မိတော့ဘူးလား ... "

ဘယ်သူလဲ။ စုလေးတဲ့။

မောင်တဲ့။ ခက်ပါဘီတော့။

✷ စေတနာစာပေ ✷

www.burmeseclassic.com

www.burmeseclassic.com



သူက အမေ့ကို လှမ်းကြည့်လိုက်၏။

တော်သေးရဲ့။ အမေက အခန်းထဲမှတစ်နေရာ ထွက်သွားလို့ စနေထွန်းပြောစကားတွေကို မကြားတော့ပါ။

“ဒီမှာ ခင်ဗျားဖုန်းခေါ်မှားနေပြီ ... ”

“မောင်ဟာ စနေထွန်းဆိုရင် မမှားပါဘူး မောင်ရယ် ... မောင်နဲ့ စုလေးစကားပြောပါရစေ ... စုလေးလေ မောင့် ဒီဘဝမှာ လိုက်ရှာနေခဲ့တာ မတွေ့ခဲ့ဘဲ ခုမှတွေ့ရတာ မောင်ရာ ... စုလေးနဲ့ မောင် တစ်ဝကြီးစကားပြောချင် တယ် ... ”

“ဟာ ... ဒုက္ခပါပဲဗျာ ... ခုမှ ဘယ်လိုလုပ်ပြီး စုဂ် ပန်းတွေဝင်နေသလဲ မသိဘူး ... အမေကလည်း မိန်းမ စားဖို့ကြံနေတယ် ... အခု ခင်ဗျားကို ကျုပ်မသိဘဲနဲ့ မော တဲ့ ... ကျုပ်သိပ်ဟုတ်နေပါလား ... ခင်ဗျား စုလေးဆို ကိုလည်း ကျုပ်မသိဘူး ... သွားတော့ ဂေါက် ... ”

“ဖုန်းကို မချနဲ့ဦးနော် ... မောင့်ကို စုလေးပဲပိုင်တယ် ... ဘယ်ကောင်မမှ မောင့်ကို မပိုင်ဘူး ... စုလေးဆီ မော လာခဲ့ ... မောင်မလာရင် မောင်တို့မိသားစုတစ်ခုခုဖြ အောင် စုလေးလုပ်လိုက်မယ် ... ”

“အောင်မယ် ... ခင်ဗျားက ပိုင်လှချည်လား ... ”

“စုလေးတောင်းပန်ပါတယ် မောင်ရယ် ... အရင်ဘဝဟော ကို မောင်သတိမရပေမဲ့ စုလေးကတော့ လူမှန်းသိပြီး

✷ စောသုခစာပေ ✷



တည်းက သတိရနေတယ် ... ”

“မင်းရူးနေသလား ... ”

ဒေါသဖြစ်ဖြစ်နှင့် ပြောလိုက်မိ၏။

“မရူးဘူး ... တစ်ဘဝက ချစ်ခဲ့တဲ့မောင့်ကို နှစ်ဘဝကချစ်ခဲ့ တဲ့မောင့်ကို စုလေးသတိရနေတုန်းပဲ ... စုလေးကို ချစ်ပါ မောင်ရယ် ... စုလေး မောင်နဲ့ နေချင်တယ် ... ”

တစ်ဖက်မှ မိန်းမပျို၏အသံလေးမှာ သနားစရာ တောင်းပန်တိုးလျှိုးသံ။ ဒေါသဖြစ်ခြင်းမှ စိတ်ဝင်စားလာသည်။ သူ့ အာရုံထဲတွင် ညကအဖြစ်ကို သတိရသည်။

ကြက်သီးထသွားသည်။

အဖေ့ကောင်မလေးများဖြစ်နေမလား။

ညကအဖြစ်ကို ဝိုးတဝါးပဲသိပေမဲ့ ‘မောင်’လို့ ခေါ် လိုက်တာကိုတော့ မှတ်ဉာဏ်ထဲလက်ခံထားမိ၏။

“ကောင်းပြီလေ ... မင်းက တို့ကိုတွေ့ချင်တယ်ဆိုတော့”

“အဲဒီလိုလုပ်ပါ မောင်ရယ် ... စုလေ ... မောင့်အမုန်းကို မခံနိုင်ဘူး ... မောင်နဲ့ စကားပြောချင်တယ် ... မောင် စု လေးဆီလာခဲ့ပါလား ... ”

“ဘယ်ကိုလာရမလဲ ... ”

“ထောက်ကြန့်နားက စုလေးရဲ့အိမ်ကိုလာခဲ့ ... ”

“လိပ်စာ ... ”

တစ်ဖက်က ပြောပြ၏။ လမ်းကိုတော့သိသည်။ မြ

✷ စောသုခစာပေ ✷

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်ကို မှတ်ထား၏။

သူ အဲသည်ကိုသွားသည်။ ခြံထဲ ကားကိုမောင်းမဝင်ဘဲ ခြံပြင်မှာဖဲ ရပ်ထားခဲ့သည်။

ခြံထဲဝင်လာသည်။ စုလေးက သူ့ကိုအိမ်၏ဧည့်ခန်းထဲတွင် ထိုင်စောင့်နေ၏။

"မောင် ... "

စုလေးသည် သူ့ကိုမြင်သောအခါ ဝမ်းသာအားရနှင့် ထိုင်ရာမှထလာသည်။

သူ့ကိုသိသည်။

အို ... မိထွေးတော်ဂေါတမီမဟုတ်သော နှစ်ဆယ့်တစ်ရာစုမိထွေးတော် လှလွန်းရွှေစင်။

"မောင် ... မောင် လာတယ်နော် ... "

မျက်နှာကလေး ဝင်းထိန်ကာ ဝမ်းသာအားရနှင့် ပြောကာ စနေကိုဖက်တော့မည်ပြုသည်။ စနေမျက်နှာပျက်သွားသည်။

"ဟာ ... ခင်ဗျားကိုး ... ခင်ဗျား ကျွန်တော့်ကို ဧရာမပေးပါနဲ့ဗျာ ... ခင်ဗျား ... ခင်ဗျားဟာ အဖေရဲ့နောက်မိန်းမ ... "

"အဖေရဲ့နောက်မိန်းမလို့ မပြောပါနဲ့ ... အခုဘဝမှ လှလွန်းရွှေစင်ပေမဲ့ ခုဘဝရော နောက်ဘဝရော စုလေးပါ မောင်"

"ဟာ ... ခင်ဗျားရူးနေပြီ ... "

ဒေါသသံနှင့် စနေကပြောကာ ဝင်လာသောတံခါး





ပြန်ထွက်ရန်ပြင်သည်။ စုလေးခေါ် လှလွန်းရွှေစင်က တံခါးဝအလျှင်အမြန်သွားရပ်ကာ ဘေးသို့လက်နှစ်ဖက်ဆန့်လိုက်၏။

"ဟင့်အင်း ... မောင်မသွားရဘူး ... "

"ခင်ဗျားရူးနေသလား လှလွန်းရွှေစင် ... ခင်ဗျားအပျိုမဟုတ်တော့ဘူး ... အဖေ့ရဲ့မိန်းမ ... ခင်ဗျား ဘာအရူးထတာလဲ ... အဖေတွေ့သွားရင် မကောင်းဘူး ... "

"မောင် အရင်အတိတ်ဘဝကို မေ့နေပြီလား ... ဟိုးအတိတ်က မောင်က မောင်ဝံသ ... စုလေးက စုရတနာ ... ရွှေမန်းခေါ်တဲ့ မန္တလေးမှာ အတူတူနေခဲ့ကြတယ်လေ ... "

"ဘာတွေပြောနေတာလဲ ... ခင်ဗျားရူးနေပြီ ... ကျုပ်မသိဘူး ဖယ်စမ်းပါ ... "

သူက လှလွန်းရွှေစင်ကို တွန်းဖယ်စဉ် လှလွန်းရွှေစင်က သူ့မျက်လုံးများထဲ စိုက်ကြည့်သည်။ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားလိုက်ရ၏။

ယင်းမျက်လုံးတွေကို တစ်ချိန်တစ်ခါက တွေ့ခဲ့ဖူးကြည့်ခဲ့ဖူးသလိုလိုပါပဲ။

စနေထွန်း နောက်ကိုဆုတ်သွား၏။

ထိုမှ လှလွန်းက စနေ၏လက်ကို ဆွဲကိုင်သည်။

စနေသည် လှလွန်းနှင့်မျက်နှာချင်းဆိုင်ရပ်နေသည်။

လှလွန်းက စနေ့မျက်လုံးများကို ကြည့်လိုက်သည်။

တန်ခိုးသတ္တိထူးတစ်ခုခုသည် စနေ့မျက်လုံးများထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်သွားသည်ဟု စနေထင်၏။ လည်တိုင်တွင် တစ်ခုခုရစ်
ထားသလိုပဲလေ။ ဖြစ်ပျက်သမျှတွေကို စနေ ခံစားမိ၏။

ဘဝဟောင်းက အကြောင်းအရာတွေလိုလို။
လိုလိုပဲ။

မြွေတွေအကြောင်း မြွေတွေဘဝနှင့်နေခဲ့ရပုံ
ဒီလိုနှင့် သူ အိပ်မက်ပမာ ခံစားလာရပါသည်။

အဲသည်မှာ စနေ၏ခေါင်းက ချာချာလည်သွားသ
ခံစားရကာ သူ့ကိုယ်သည် မြေမှာမရှိဘဲ လေထဲရောက်ရှိသွားသ
ဖြစ်သွားသည်။

သူနှင့်လှလွန်းသည် တစ်ချိန်တစ်ဘဝက မြွေ
မယားမောင်နှံအဖြစ်နှင့် နေခဲ့ရပုံတွေကို ပုံရိပ်လို သူ့အာရုံမှာ
ပေါ်လာသည်။

ထိုသည်နောက် မူးနောက်ခြင်းဝေဒနာခံစား
၏။





## တော်လမ်းစဉ် (၁၁)

ချက်ချင်းသတိဝင်လာသည်။

တစ်ခဏချင်း မိုက်ခနဲ သူရီဝေမူးသွားချိန်မှာ ခံစားလိုက်ရသောအဖြစ်ကို ချက်ချင်းသတိရ၏။

သူဘာဖြစ်သွားသလဲ။

တစ်ခဏမှာ အိပ်မက်လိုခံစားလိုက်ရတာ။

သူ့ရှေ့တွင် လှလွန်းရွှေစင်က ရှိနေဆဲပါ။

"မှတ်မိပြီလား မောင် ... စုလေးတို့ ဘယ်ဘဝကလာကြပြီ
ဆိုတာ သိသွားကြပြီပေါ့ ... "

စနေထွန်း၏စိတ်တွင် စုလေးခေါ် လှလွန်းရွှေစင်က မိမိအား ကယောင်ချောက်ချားဖြစ်အောင် ညို့ငင်လိုက်သည်ဟု ပဲထင်၏။

"ဒါဆို မင်း တို့ကို မျက်လှည့်ပြလိုက်တာပဲပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"မျက်လှည့်မဟုတ်ပါဘူး … အဖြစ်မှန်ပါ မောင် … မယုံရင် မောင့်ရင်ဘတ်ကို ကြည့်လိုက်ပါဦး … "

သည့်တော့မှ စနေက သူ့ကိုယ်သူ ငုံ့ကြည့်လိုက်၏။ တစ်ခါတည်း လန့်ဖျပ်ခုန်လိုက်သည်။ နှုတ်မှလည်း တစ်စုံတစ်ခု သော အသံပါယောင်ထွက်သွားသည်။

ဗုဒ္ဓေါ။

လည်ပင်းမှာ တန်းလန်းကြီးဆွဲထားသော ရွှေဆွဲကြိုး တစ်ခုပါလား။

"မောင့်ရဲ့ဘဝဖြစ်စဉ် တစ်ခုက ဆွဲကြိုးလေ … မောင်အတိတ်ကို မှတ်မိအောင်ပေါ့ … "

"ဟာ … မဟုတ်ဘူး … ငါ့မှာ ဘာအတိတ်မှမရှိဘူး … ရှိခဲ့ရင် မှတ်မိရမှာပေါ့ … "

"မောင် စွတ်မပြောနဲ့လေ … တစ်ခုမေးမယ် … မောင် ဒီဘဝမှာ လူဖြစ်လာတော့ မြွေတွေကို မောင်ခင်တွယ်တယ် မဟုတ်လား … မြွေတွေကို မောင်နိုင်နိုင်နင်းနင်းကိုင်ရဲ ဖြုရဲတယ် … ဒါဟာ မောင်ဟာမြွေဝင်စားဘဝကလာတာပဲ ပေါ့ မေင်ရယ် … "

ပြောစဉ်မှာပဲ လှလွန်းရွှေစင်၏မျက်လုံးနှင့် မျက်လုံး များက ပြန်လည်နူးညံ့သွားကာ စနေထွန်း၏လက်မောင်းတစ်ဖက် ကို အသာအယာဆွဲကိုင်၍ …

"ကဲပါ မောင်ရယ် … မောင့်အတိတ်ဘဝကို စုလေးပြော





ပြပါ့မယ် … ခြံထဲမှာပဲ ပြောကြရအောင်နော် … မောင် လာခဲ့ … "

တယုတယပင် စနေ၏လက်မောင်းကိုဆွဲကိုင်၍ အိမ်အပြင်ပန်းခြံထဲ ခေါ်သွားသည်။

နေ၏အပူကယမန်နေ့များကထက် နည်းနည်းပိုပြင်း လာသည်။

ထောက်ကြန့်လမ်းမှ ပြည်ဘက်သို့သွားနေသော ကားတွေ၏အသံ၊ မော်ဘီဘက်မှလာနေသော ကားသံတွေကို ခြံထဲ မှ ကြားနေရ၏။

ဤအိမ် ဤခြံသည် ယနေ့တွင်ခေတ်ဈေးနှင့်ဆိုလျှင် တန်ဖိုးအသင့်အတင့်တော့ရှိမှာ သေချာသည်။

အဖေကပင် ဝယ်ပေးသလား။

လှလွန်းရွှေစင်ကပဲ သူမအစွမ်းနှင့်သူမဝယ်သလား။

ဒါကို စနေကတွေးနေသည်။ လှလွန်းက စနေကို ခုံရှည်တစ်ခုတွင် ထိုင်ခိုင်းသည်။

ခြံထဲမှာ သစ်ပင်အုပ်တွေကောင်းသဖြင့် အေးမြနေ ပြီး နေပျောက်ကလေးတွေပဲ ထိုးနေသည်။

လှလွန်းက စနေနှင့်ပူးပူးကပ်ကပ်ထိုင်ချတော့ စနေ မှာ လန့်သွားကာ …

"ဟော့ … မလုပ်နဲ့ … "

သူက လှလွန်းနှင့် တစ်ကိုက်နီးပါးရွေ့ထိုင်ခိုင်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... မောင်က ကိုယ့်ယောကျ်ားပဲဟာ ... "

"မဟုတ်ဘူး ... ဟိုဘဝက ဟုတ်ချင်ဟုတ်မယ် ... ဒီဘဝမှာတော့ မဟုတ်ဘူး ... မင်းမှာ ယောကျ်ားရှိတယ် ... မင်းယောကျ်ားက ကိုယ့်အဖေ ... မလုပ်ပါနဲ့ကွာ ... တောင်းပန်ပါရစေ ... ဘဝဟောင်းက မင်းယောကျ်ားမှန်ခဲ့ရင်လည်း မေ့ပစ်လိုက်ပါ ... "

စနေ၏အသံမှာ ညောင်နာနာနှင့် မျက်နှာက မျက်နှာငယ်လေးဖြစ်နေသောကြောင့် သူ့ကိုကြည့်ပြီး လှလွန်းရွှေစင်က ရယ်မောလေ၏။ ပြီးတော့မှ ...

"အင်းလေ ... ဦးနန္ဒမောင်ရဲ့ကြင်ယာဇနီးဖြစ်သွားပြီဆိုတော့လည်း ... မောင့်သဘောအတိုင်းပါပဲ ... နေရာထပ်မရွှေ့ပါနဲ့တော့ ... ဘာလဲ ထမလို့လား ... မထနဲ့ ထိုင်နေထောင် ... ဒီကလည်း ဖင်တစ်ပြားသားမှမရွှေ့ဘဲပြောမယ် အမယ်လေးဟဲ့ ... ဘဝဟောင်းက ယောကျ်ားဖြစ်လို့ သံယောဇဉ်နဲ့ ချစ်မိပါတယ် ... သူကပဲ ဈေးကိုင်နေလိုက်တာ ခုခေတ်မှာ မောင့်လိုလူ သည်တစ်ခါပဲတွေ့ဖူးသေး ... "

ပြောပြီး ခြံအပြင်ဘက်ကို တစ်ချက်ကြည့်သည်။

သစ်ပင်တွေပိတ်ဆီးနေသည်။ ခြံအပြင်ကို မမြင်ရပါ။

သူမက အတိတ်ကာလကိုတစ်ချက်ချင်း တစ်လုံးချင်း ပြောပြ၏။





"လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်လောက်က မန္တလေးမှာ သီပေါဘုရင်စိုးစံနေခိုက်ပေါ့ ... သီပေါရဲ့မိဖုရားစုဖုရားလတ်အားကိုးနဲ့ ရနောင်မောင်တုတ်ဆိုတဲ့လူက လူစွာလုပ်နေတဲ့အချိန်ပေါ့ မောင်ရယ် ... ဒီတုန်းက စုလေးနာမည်က စုပြည့်ရတနာတဲ့ ... စုလေးရတနာလို့လည်း မိဘတွေက ခေါ်ကြတယ်လေ ... "

"စုလေးရတနာရဲ့အဖေက နန်းတွင်းကို လက်ဝတ်ရတနာသွင်းရတဲ့ ပန်းထိမ်သည်ပေါ့ ... ခုခေတ်အခေါ်တော့ ပန်းထိမ်ပိုင်ရှင်ပေါ့ မောင် ... စုလေးကို သူ့အဖေက နန်းတွင်းထဲ ခေါ်ခေါ်သွားတယ် ... သဘောကတော့ စုဖုရားလတ်က သဘောတော်ကျရင် အပျိုတော်အထိန်းတော်လုပ်ဖို့ပေါ့ စုလေးအသက်က ဆယ့်ခြောက်နှစ်လောက်ပဲရှိမယ် ... စုလေးဟာ နန်းတော်ထဲသွားရင်းက မာရဘင်သေနတ်ကိုင်တပ်က ဗိုလ်လေးဒေဝဝံသခေါ်တဲ့ မောင်ဝံသနဲ့ တွေ့ဆုံချစ်ကြိုက်ကြရော ... "

လှလွန်းရွှေစင်က ပြောနေစဉ် စနေက လှလွန်းရွှေ
ငင်မျက်နှာကလေးကို ငေးမောနေသည်။ ဟိုတုန်းက သည်မျက်နှာ
ကလေးပါပဲ။ ခုတော့ ခေတ်ဆန်းအောင်ပြုပြင်ထားတော့ ဟိုတုန်း
ထက် ပိုလှနေတာပေါ့။

ကျောက်ခေါင်းထဲမှ စုလေးရတနာသို့မဟုတ် စုပြည့်
ရတနာ၏မျက်နှာလေးကို တွေးတောငေးမိသည်။ အတိတ်ကိုတော



www.burmeseclassic.com

www.burmeseclassic.com



ပြန်သတိမရ။

"ရနောင်မောင်တုတ်ဟာ မိန်းမအောင်မတန်ပွေတဲ့လူပဲ မောင် နန်းတွင်းထဲကိုရောက်နေတဲ့ စုလေးရတနာကို မျက်စိကျ ပြန်ပါပကော ... ပန်းထိမ်သည်ရဲ့သမီးဆိုတော့ လွယ်လွယ် ကူကူ ကောက်တော်မူရင်ရလိမ့်မယ်လို့ ထင်တာပေါ့ ... မောင်ဝံသနဲ့ စုလေးရတနာဟာ ရနောင်မောင်တုတ်ကြော အတော်စိတ်ညစ်သွားကြတယ် ... ရနောင်မောင်တုတ် မိန်းမများတာကို စုဖုရားလတ်က မကြိုက်ဘူး ... ဒါပေ မပြောသာလို့ကြည့်နေတယ် ... စုဖုရားလတ်က ယောကျ်ား တွေဟာ မိန်းမတစ်ယောက်တည်းကိုပဲယူရမယ်ဆိုတဲ့ တ အိမ်ထောင်စနစ်ကို သဘောကျတယ် ... မာရာဘင်သေနတ် ဗိုလ်လေးမောင်ဝံသနဲ့ စုလေးရတနာချစ်နေကြတာကို စု လေးရဲ့မိဘတွေက သိတယ် ... ရနောင်နဲ့လည်း သဘော မတူဘူး ... ဒီတော့ ထွက်ပြေးခိုင်းတယ် မောင်ဝံသနဲ့စုလေး တို့လည်း အဲဒီမှာထွက်ပြေးကြတယ် ... မိဘတွေ ဘယ်လို ဖြစ်ကျန်ခဲ့တယ်ဆိုတာ စုလေးတို့ မသိတော့ဘူး ..."

"သူတို့ဟာ မြို့တစ်မြို့ရောက်သွားတယ် ... အဲဒီမြို့က မြို့စား ဟာလည်း ရနောင်မောင်တုတ်လိုပါပဲ ... ဒီမြို့ကိုရောက်သွား တဲ့ စုလေးတို့လင်မယားဟာ စီးပွားရေးမှာ ကြိုးစားလိုက် ကြတာ လေးငါးနှစ်အတွင်း အတော်ကြီးကို ချမ်းသာလာ တယ် ... စုလေးရဲ့အသက်ကလည်း နှစ်ဆယ်ကျော်လေး





တယ်လေ ... သူတို့ဟာ အလှူအတန်းလုပ်တာ သိပ်ဝါသနာ ပါတယ် ... ဒါနရဲ့ကောင်းကျိုးပဲဖြစ်ပါလိမ့်မယ် ... လှူလေ စီးပွားတက်လေပဲ ... အဲဒီမှာဖြစ်ချင်တော့ သူတို့အလှူကို မြို့စားမင်းကြွရောက်လာပြီး စုလေးရဲ့အလှကိုလည်းတွေ့ ရော ယစ်မူးပါလေရော ... လင်ရှိမယားမှန်းသိရက်နဲ့ ကာမေသုမိစ္ဆာကံကို မကြောက်ဘူး ... ခံစားဖို့က အရင် ခံရတာက နောက်မှခံပစေဆိုတဲ့သဘောပဲ ... ဒီတော့ စု လေးကိုရဖို့မောင်ဝံသကို နှောင့်ယှက်တာပေါ့ ... ဒါလောက် ဆိုရင် ... မောင်သတိရပြီလား မောင် ..."

"ဆက်ပြောပါ ..."

"ဒါကို ရိပ်မိတဲ့မောင်ဝံသကလည်း ဒီမြို့မှာနေလို့မဖြစ်တော့ ဘူးဆိုပြီး ထွက်ပြေးကြတာ သာစည်ကိုရောက် ... သာစည် က မြန်မာပြည်အရှေ့ဘက်ကိုပြေးကြတယ် ... မြို့စားက လည်း စစ်သားတွေနဲ့ လိုက်တာပေါ့ ... သူတို့ပြေးတုန်းက သူတို့နဲ့အတူ ရွှေငွေလက်ဝတ်ရတနာကျောက်သံပတ္တမြား တွေ ပါသွားတယ် ... အဲဒီထဲက ပစ္စည်းတချို့ကိုလည်း ဘုရားကိုလှူဖို့ ရည်မှန်းထားတာရှိတယ် ... မောင်ရဲ့ မောင် ဒါလောက်ဆို သတိရဖို့ကောင်းနေပြီ ..."

"ဆက်ပြောပါ ..."

"လင်မယားနှစ်ယောက် တောထဲတောင်ထဲ ပြေးလာလိုက် ကြတာ စုလေးခမျာ နုနယ်တဲ့မိန်းမသားဆိုတော့ ... တော



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ငှက်ဖျားမိပါလေရော ... စုလေးက သူ့ကိုထားခဲ့ပြီး မောင်ဝံသကို ထွက်ပြေးခိုင်းတယ် ... ဒါပေမဲ့ မောင်ဝံသက စုလေးကိုချစ်တော့ မပြေးဘူး ... သူတို့မှာပါတဲ့ ရတနာ ပစ္စည်းတွေကို လိုဏ်ဂူတစ်ခုထဲမှာ ဝှက်လိုက်ကြတယ် မောင် ... နောက် သူတို့ဆက်အပြေးမှာ မြို့စားနဲ့ သူ့စစ်သားအမှုထမ်းတွေက မိသွားကြတယ် ... စုလေးကိုယူဖို့ မြို့စားက ကြိုးစားပေမဲ့ စုလေးက ခေါင်းမာနေတယ် ... မောင်ဝံသကိုပဲ သူချစ်တယ် ... မောင်ဝံသကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူးလို့ သွင်သွင်ငြင်းတယ် ... မြို့စားက စိတ်ဆိုးပြီး စုလေးကိုမရရင် ရတနာတွေကိုယူမယ်ဆိုပြီး ရတနာတွေထားတဲ့နေရာကို မေးတာပေါ့ ... "

"အတော်ရက်စက်တဲ့ မြို့စားပဲ ... "

"ဟော ... မောင်သိလာပြီနော် ... မြို့စားက ရတနာတွေ မေးတာကို လင်မယားနှစ်ယောက် သွင်သွင်ငြင်းနေတာကို စိတ်ဆိုးဒေါသထွက်ပြီး မောင်ဝံသနဲ့ စုလေးအတွက် တောထဲမှာ ဂူတစ်ဂူဆောက်စေတယ် ... အဲဒီဂူကို အပေါက်တစ်ပေါက်တည်းပဲထားတဲ့ တစ်ဝဂူပေါ့ ... စုလေးရော မောင့်ကိုပါ ဒီတစ်ဝဂူထဲထည့်ပြီး ဂူဝကိုပိတ်လို့ အရှင်လတ်လတ် ဂူထဲမှာ အမြှုပ်သတ်လိုက်ကြတယ်မောင် ... "

အဲသည့်အချိန်မှာ စုလေးအသံက တုန်လာသည်။ ငိုသံလေးပါလာ၏။ မျက်ရည်တွေက ပါးပြင်ပေါ် စီးကျလာသည်။





နေ ငေးမောနေသည်။ ပုံပြင်တစ်ပုဒ်နားထောင်သလိုရှိပေမဲ့ သူ့ တ်ထဲ ဇဝေဇဝါရိုးတိုးရိပ်တိတ်ပဲ ထင်နေသည်။ သိသလိုလို။ မသိ သလိုလို။

"စုလေးရော ... မောင်ပါ သေကြတော့ ပစ္စည်းဥစ္စာစွဲလမ်းတဲ့ စိတ်နဲ့ ရတနာတွေထားတဲ့ ဂူထဲမှာ ငန်းမြွေလင်မယား ဖြစ်လာကြတယ် ... ရတနာတွေကို စုလေးတို့က စောင့်ကြတဲ့ဥစ္စာစောင့် မြွေတွေပေါ့ ... နောက်တော့ စုလေးတို့ လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကြောင့် တောတောင်တွေထဲက သက်ဆိုင်ရာ ဂိုဏ်းချုပ်ဘိုးဘိုးကြီးရောက်လာပြီး ဒီနေရာဟာ အသက်အန္တရာယ်ရှိတယ်ဆိုပြီး နေရာရွှေ့ပေးတယ် ... သူရွှေ့ပေးတဲ့နေရာဟာ နောင်ပွင့်မဲ့ အရိမေတ္တေယျဘုရားသခင်အတွက် ရည်စူးလှူဒါန်းမဲ့ ရွှေငွေရတနာ ပစ္စည်းရှိတဲ့နေရာပဲ ... စောစောက မောင့်အာရုံက ရောက်ခဲ့ပြီးပါပြီ ... စုရော မောင်ရော ငန်းမြွေတွေဖြစ်ပြီးတော့ အဲဒီဘုရားပစ္စည်းသိုက်မှာ စုတို့ပစ္စည်းတွေနဲ့အတူ စောင့်ကြရတယ် မောင် ... ဘိုးဘိုးပြောတာလည်း အမှန်ပဲ ... နောက်နှစ်ပေါင်းငါးဆယ်ခြောက်ဆယ်ကြာတော့ စုတို့ရဲ့ပထမနေရာ တောင်လိုဏ်ဂူဘက်ရောက်လာသူတွေဟာ ဂျပန်စစ်သားတွေပဲ ... သူတို့မိုင်းရှာကြတယ် ... မြွေတွေတွေ့လည်း သတ်စားကြတယ် ... မောင်ရော စုလေးပါ မြွေဘဝနဲ့ တာရှည်နေရတာ ပျင်းတော့ လူ့ဘဝကို ခေတ္တခဏသွားပါရစေ



www.burmeseclassic.com

www.burmeseclassic.com



လို့ပြောတော့ ဘိုးဘိုးက မောင်နဲ့စုကို နှစ်သုံးဆယ်ဆီနေခွင့် ပြုလိုက်တယ် ... မောင် ဒါဆိုသတိရဖို့ကောင်းပါပြီ မောင်ရယ် ...”

စနေက ငေးနေသည်။

ပါးပြင်မှမျက်ရည်တို့ကို စုလေး၏ လှလွန်းရွှေစင်က လက်ချောင်းကလေးများနှင့် သုတ်ကာ မချည့်ပြုံးနှင့် ...

“မောင်မမှတ်မိလည်း အပြစ်မတင်ပါဘူး ... မောင်က စုလေးနဲ့စာရင် မြွေဘဝမှာကတည်းက ကမ္မဇဒ္ဓိအားနည်းတယ် ... ဘိုးဘိုးကလည်း စုလေးကို မြွေဘဝမှာကတည်းက ကမ္မဇဒ္ဓိတန်ခိုးသတ္တိတွေရအောင် မောင့်ထက်ပိုလုပ်ပေးခဲ့တယ် ... ကျင့်စဉ်မှာလည်း မောင့်ထက် စုလေးက ပိုကျင့်ခဲ့ပါတယ် မောင်ရယ် ... ဒါကြောင့် လူ့ဘဝကိုရတာတောင် စုလေးက ကိုယ့်ဘဝကို အများကြီးမှတ်မိတယ် ...”

စနေ ထိုင်ရာမှထသည်။ အဝေးကိုရီဝေသောမျက်လုံးများနှင့် ကြည့်၏။ သူ့ရင်တွင်းမှာ စုလေးပြောတာတွေက နားကျင်သလိုလိုရှိနေ၏။

စုလေးက သူ့လက်မောင်းကို လာကိုင်တော့မှ သတိရသည်။

“တို့ ဘာမှမမှတ်မိတာကို ခွင့်လွှတ်ပါ ... လှလွန်းရွှေစင်”

“စုလေးလို့လဲ ခေါ်ပါမောင်ရယ် ... ဘဝဟောင်းက အမည်က ခုဘဝအမည်ထက် တန်ဖိုးရှိပါတယ် ...”





“ဘဝတွေမှာ အတူတူလာခဲ့ပေမဲ့ အနေအထားတွေက ခြားကုန်ပြီ စုလေးရယ် ... စုလေးဟာ အခုမလွှတ်လပ်တော့ဘူး ... တို့အဖေရဲ့ ကာမပိုင်မယားဖြစ်နေပြီ ...”

“ကာမပိုင်မယားဖြစ်ပေမဲ့ စုလေးကို မောင်ချစ်ရင် လွယ်ပါတယ် ... အန်ကယ် ဦးနန္ဒမောင်ကို စုလေးကွာရှင်းလိုက်မယ် ... ပြီးတော့ စုလေးနဲ့ မောင် ပေါင်းဖက်ကြတာပေါ့ စုလေးတို့လူ့ဘဝမှာ ... ဆယ်နှစ်တော့ နေနိုင်ကြပါသေးတယ် ...”

“ဒါသေးနှုတ်တဲ့အကြံပဲ စုလေး ... တို့မလုပ်ချင်ဘူး”

“မောင် ... သစ္စာမဖောက်နဲ့ ...”

“တို့ သစ္စာမဖောက်ပါဘူး ... သစ္စာဖောက်တာ စုလေးအရင်သစ္စာဖောက်တာပါ ... တို့ကို စုလေးကရှာနေတယ်ဆိုရင် ... ဘာလို့ အဖေ့ကိုလက်ထပ်သလဲ ... စုလေးလုပ်လိုက်လို့ တို့မိသားစုအားလုံး စိတ်ဆင်းရဲရတယ် ... တို့ကို သစ္စာမဲ့တယ်လို့ မပြောပါနဲ့ ...”

“မောင့်ကို စုလေးရှာခဲ့ပါတယ် ... ဒါပေမဲ့ သံသရာလည်ပတ်မှုတွေက များတယ် မောင် ... အခု မောင့်အဖေတော်နေတာကကော ဘယ်သူလဲ ... သူဟာ တစ်ချိန်က မောင်နဲ့စုလေးကို တစ်ဝဂူထဲမှာ ပိတ်ထားခဲ့တဲ့ မြို့စားမင်းထင်ဗလပဲ ဒါကို စုလေးကမသိခဲ့ဘူး ... အိပ်မက်ထဲမှာ ဘိုးဘိုးကိုမေးမှ ဘိုးဘိုးကပြောခဲ့တာ ... လူ့ရဲ့ကံကြမ္မာအဆိုးအကောင်း

www.burmeseclassic.com



ဟာ သူ့လက်ထဲမှာပဲရှိတယ် ... မြို့စားမင်းထင်ဗလဟာ
ခေတ်မှာ ဦးနန္ဒမောင်အဖြစ် တည်ရှိနေခဲ့တာမို့ သူ့ကို
လေးက ယူလိုက်ရင် စုလေးရဲ့ကံကြမ္မာလမ်းကြော
ပြောင်းပြီး မောင်နဲ့တွေ့ဆုံစရာအကြောင်းဖြစ်နိုင်တယ်
ဘိုးဘိုးကပြောတယ် ... ဒါကြောင့် စုလေးယူခဲ့တာပါ
အခုလို ယူခဲ့လို့လဲ စုလေးက မောင်နဲ့တွေ့တာပေါ့ ...

သူ့လက်မောင်းကိုကိုင်ထားသော စုလေး၏လ
ကလေးကို စနေက အသာအယာခွာချလိုက်ပြီး ...

"အခု စုလေးပြောတာ စိတ္တဇဆန်လွန်းတယ် ... တို့
မယုံဘူး ..."

"ဟင် ... မယုံဘူး ... ဒါဟာ တကယ်ပဲ မောင် ..."

"တို့သွားမယ် စုလေး ..."

"မောင် ... စုလေးကို ပစ်သွားတော့မလဲ ..."

"အဖေရှိတယ် စုလေး ... မသင့်တော်ဘူး ... ဘဝဟော
ကို ပြန်ပြောင်းအောက်မေ့တယ်ဆိုတဲ့ စိတ္တဇအလွမ်းနဲ့
ကိုချစ်တယ်ဆိုရင် ... စုလေးမှားမှာပေါ့ ..."

ပြောပြီး စနေက ထွက်သွားသည်။ စုလေးက
လိုက်သွားကာ စနေ၏ရှေ့တွင် ရပ်လိုက်သည်။

"ဘဝတွေမှာ ချစ်ခဲ့ရတဲ့ချစ်သူရဲ့စိမ်းကားတာကိုတော့
လေးမခံနိုင်ဘူး ... မောင်သွားချင်ရင် စုလေးကိုသတ်
သွားပါ မောင် ..."





"ဖယ် ..."

ခပ်မာမာပြောပြီးတော့ စနေက စုလေး၏ပခုံးနှစ်ဖက်ကို ကိုင်ကာဘေးသို့ဖယ်ထုတ်၏။ စုလေးခေါ် လှလွန်းရွှေစင်ကလည်း ထိုလက်တွေကို ပြန်ကိုင်ပြီး ဖယ်ရှားဖို့ကြိုးစား၏။

"ဟင် ... မင်းတို့ဟာ ဘယ်လိုတွေလဲ ..."

အသံကြီးတစ်သံက သူတို့နားမှပေါ်လာ၏
နှစ်ယောက်သား၏ ရုန်းကန်မှုတွေရပ်သွားသည်။
လှည့်ကြည့်လိုက်ကြသည်။

သစ်ပင်တွေကြားထဲမှာ ရပ်နေတာက အဖေဦးနန္ဒမောင်။



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ် (၁၂)

"အဖေ ... "

စနေသည် အဖေ့ကိုမြင်တော့ ကြက်သေသေသွား သည်။ အဖေက သူ့ကိုရွှံ့မုန်းစွာ စိုက်ကြည့်နေသည်ကို တွေ့နေ သည်။

ဒါကို အဖေကြားချင်းလည်း ကြားမည်။ မကြား လျှင်လည်း မကြားပါ။

"နင်တို့ ခွေးဇာတ်ခင်းတော့မှာကို ငါကြိုတင်သိတယ် မိ လွန်း ... အသက်ငယ်ငယ်ကလေးနဲ့ ငါ့ကိုယူပြီး ဒုက္ခပေး တယ် ... "

အဖေ့အသံသည် ကြောက်စရာကောင်းသည်။ စိတ် ဆိုးမာန်ဆိုးရှိလှသည်။ အဖေ့မျက်နှာကလည်း ကြောက်စရာကောင်း လောက်အောင် တင်းမာခက်ထန်နေသည်။





စနေ၏တစ်သက်တွင် အဖေ့မျက်နှာကြောက်စရာ ကောင်းတာကို သည်တစ်ခါပဲမြင်ဖူးသည်။

လှလွန်းရွှေစင်ကတော့ ပေါက်တဲ့နဖူးမထူးတော့ ဘူးဟူသော သဘောနှင့် အေးအေးကလေး လက်ပိုက်ကြည့်နေ၏။ မျက်နှာက တည်တည်။

"ခွေးမ ... သစ္စာမရှိတဲ့ကောင်မ ... နင့်ကို စိတ်မချလို့ ကုမ္ပဏီက ငါပြန်လာတာ နင်တို့ခွေးဇာတ်ခင်းတော့မယ် ပေါ့ ... တစ်ယောက်ကလည်း သစ္စာမရှိဘူး ... အဖေ့မျက် နှာမထောက်ဘူး ... ထွီ ... "

စနေဘက်ကို လှည့်တံတွေးထွေး၍ လှလွန်းကို လက်ညှိုးထိုးကာ ကြောက်မယ်ဖွယ်ရာအသံကြီးနှင့် ...

"နင့်ကိုငါ မုန်းတယ် ... ရွံတယ် ... "

"ရှင်မုန်းရင် ရွံရင် ကွာလိုက်ပေါ့ ... ကျွန်မကလည်း ရှင့်ကို ဘဝပေါင်းကရန်သူမှန်းသိလာရလို့ မုန်းတာပဲ ... "

လှလွန်းရွှေစင်က ခပ်အေးအေးပြောတော့ ဦးနန္ဒ မောင်ရင်ထဲမှာ ဒေါသမုန်တိုင်းဆင်သည်ထက် ဆင်လာသည်။

"အဖေ ... အဖေ ... သားပြောပါရစေဦး ... "

အဖေက မိမိအပေါ် အထင်မှားနေပြီကို စနေသိ၏။ ဒါကြောင့် စနေက ရှင်းတော့မည်ဟူသောစိတ်နှင့် ကမန်းကတန်း ပြောလိုက်သည်။

"ဘာပြောမှာလဲ ... မင်းဟာ သစ္စာမရှိဘူး ... မင်းကို လမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကကောက်ပြီး မွေးလာရတဲ့ မွေးကျေးဖူးကို မင်း...
အခုဆပ်တာပေါ့လေ ... မင်းဟာ ခွေး ... "

ဒေါသတကြီးပြောကာ စနေ၏အနားသို့ကပ်လာ...
၏။

"သား ... ရှင်း ... "

"မရှင်းဘူး ... ငါ့မျက်စိနဲ့ မြင်နေရတာကို မင်းကလိမ်ပြီး ရှင်းရအောင် ငါနွားမဟုတ်ဘူးကွ ... "

"မဟုတ်ဘူး ... အဖေထင်သလို မဟုတ်ဘူး ... "

စနေက တုန်လှုပ်ရာမှအော်ရင် ဦးနန္ဒမောင်က ...ကို လက်သီးစာတစ်ချက်ကျွေးလိုက်၏။

စနေ၏မေးရိုးမှာ နာကျင်သွားသည်။ မျက်လုံး...မီးပွင့်သွား၏။

"ခွေး ... ခွေး ... ကျေးဖူးမသိတတ်တဲ့ခွေး ... "

နောက်ထပ် လက်သီးနှစ်လုံးသုံးလုံးဝင်လာပြန်...

စနေမရှောင်တော့ပါ။

ထိုးပါစေ။ အဖေကြိုက်သလောက် ထိုးပါစေ။

ငုံ့ခံသည်။ လည်စင်းခံသည်။ ပေခံသည်။

သူ့ကိုယ်က ဘိုင်းခနဲလဲ၍ မြေကြီးနှင့် ထိလိုက်မှ...လည်း သိလိုက်သည်။

"တော်တော့ ... ရှင်တရားလွန်နေပြီ ... ဒါ ရှင့်သားဆိုတာ ရှင်သိရဲ့လား ... ဒါလောက်လည်း 'မ,စိတ်မွှန်'မနေနဲ့ ... "

✷ စောနာစာပေ ✷



မောင်ခံနေရတာတွေကို စုလေးမကြည့်ရက်ပါ။ ဒေါသတိုးပြီး ဦးနန္ဒမောင်ကို ဝင်ဆွဲရင်း အော်ပြော၏။

ခြံထဲတွင် သူတို့သုံးယောက်သာပဲရှိ၏။

"သူဟာ ငါ့သားမဟုတ်ဘူး ... မွေးစားတဲ့ကောင် ... လမ်းပေါ်က ကောက်ရလာတဲ့ အကောင် ... "

အဖေက ပြန်အော်သည်။ ကောင်မလေးတွန့်သွား၏။ မွေးစားခဲ့တဲ့ ကောင်တဲ့။

ဟုတ်ပါတယ်။ မွေးစားခဲ့တဲ့ကောင်ပါ အဖေရယ်။

စနေထွန်း၏ရင်ထဲ မချိတင်ကဲရှေရှတ်မိသည်။ အဖေထိုးကျိတ်တာ မနာပါ။ အဖေ၏ပြောစကားတွေက ရင်ထဲ အသည်းထဲမှာ နာပါသည်။

"ခွေးတိရစ္ဆာန် ... မိမစစ် ဖမစစ်ကောင် ... ငါ့ခြံထဲက ထွက်သွား ... သွား ... "

အဖေက သူ့အင်္ကျီလည်ကုတ်ကိုဆွဲကာ နှင်ထုတ်၏။ စနေ၏မျက်လုံးများထဲမှ မျက်ရည်တွေ ပေါက်ပေါက်ကျလာသည်။

စနေက ဘာမှမဆိုတော့ဘဲ နှုတ်ခမ်းနှင့် နှာခေါင်းမှ ကျလာသော သွေးရဲရဲတို့ကို လက်နှင့်သုတ်ကာ လေးကန်သော ခြေလှမ်းများနှင့် ထွက်သွား၏။

"တယ် ... ငါလိုက်လုပ်လိုက်ရ ... "

"ဦးနန္ဒမောင် ရှင်လွန်လွန်းနေပြီ ... "

✷ စောနာစာပေ ✷

www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း မိန်းမယုတ်ပဲ ..."

ပြောလိုက်သော လှလွန်းရွှေစင်ကို ဦးနန္ဒမောင်က လှည့်ကြည့်ပြီး သူမပါးကို လက်ပြန်တစ်ချက် ဖြန်းခနဲချလိုက်၏။ လှလွန်းရွှေစင်က အံကြိတ်လိုက်၏။ နောက်တစ်ချက်။

ဖြန်း ...

"ရှင် လူမဟုတ်ဘူး ..."

သူမကလည်း ပြန်အော်လိုက်၏။

ဦးနန္ဒမောင် ဒေါသအိုးပေါက်ကွဲသွားသည်။ လှလွန်းကို တစ်ခုခုလုပ်တော့မည့်ဟန်ဖြင့် အရှေ့သို့တိုးလိုက်ရာ ...

"ရပ်စမ်း ..."

လှလွန်းက လက်တစ်ဖက်ဆန့်တန်းကာပြောလိုက်သည်။ ဦးနန္ဒမောင်မျက်လုံးထဲတွင် လှလွန်းကိုမမြင်။ မြွေဟောက်တစ်ကောင်ပါးပျဉ်းဖြန့်ကားထောင်ကာ မာန်စောင်နေသည်လို့ပဲ မြင်၏။

သူသည် နောက်ဆုတ်နောက်ဆုတ်သွား၏။

လှလွန်းက ရှေ့တက်လာသည်။

ဦးနန္ဒမောင်မှာ သွေးတိုးရောဂါရှိလေရာ ဒေါသဖြစ်လွန်းမှု၊ ချက်ချင်းအကြောက်ကြီး ကြောက်လာမှုတို့ကြောင့် တစ်ကိုယ်လုံးရှိသွေးများ ခေါင်းပေါ်တက်လာသည်။

ကိုယ်ခန္ဓာတစ်ခုလုံး လေးလံလာသည်။ ဇက်တွေလေးကာ ခေါင်းမှတုံးကြီးတစ်တုံးနှင့် ဆောင်းထိုးသလို ခံစားလာရ





သည်။ မျက်လုံးတွေ ပြာဝေလာ၏။

သူသည် နောက်ကိုဆုတ်ရင်း ဆုတ်ရင်းမှ ဝုန်းခနဲ ပစ်လဲကျသွားတော့သည်။

ဘာကိုမှ သူမမြင်တော့။

အဲသည်အချိန်တွင် စနေမှာနှုတ်ခမ်းနှင့် နှာခေါင်းမှ သွေးတွေအဆက်မပြတ်ကျနေတာကြောင့် ဆေးခန်းတစ်ခုသို့ ဝင်ရသည်။

သူ့ကားစီယာတိုင်နှင့် ကားကတစ်ခုခုကို သွားတိုက်မိစဉ် သူသည်လည်း တိုက်မိခဲ့ကြောင်း လီဆည်ပြော၏။

စီယာတိုင်မှာ သွေးတွေပေနေတော့လည်း ဆရာဝန်မက သံသယကင်းရှင်းစွာ ဆေးထည့်ဆေးထိုးလုပ်ပေးသည်။

အဖေက သူ့ကို အထင်မှားသွားတာကို ဝမ်းနည်းဆုံးတော့ပါ။

အဖေထိုးကြိတ်လိုက်တာကို စိတ်မဆိုးပါ။

အိမ့်မှူးကို သွားကြိုဖို့တောင် စိတ်မပါတော့။

အိမ်ကိုပြန်လာတော့ တစ်နာရီခွဲနေပြီ။ အမေက ထမင်းစားတောင် မစောင့်နိုင်တော့ပါ။

ဝင်းစိန်နှင့် အိမ်မှာတွေ့၏။ စနေက အိမ့်မှူးအား ကြိုဖို့ ဝင်းစိန်ကို တာဝန်လွှဲလိုက်သည်။

ဝင်းစိန်မှာ ဝမ်းသာအားရထွက်သွားသည်။ သူ့စိတ်ထဲမှာ အိမ့်မှူးကို ရဖို့ ဘယ်လိုလုပ်ရမည်ကို အကွက်ချနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ့်မှူးမှာ မင်္ဂလာဆောင်တာနှင့် မိဘအမွေရမည် ဖြစ်ရာ ဒါကိုသိသော ဝင်းစိန်က အိမ့်မှူးကိုယူလျှင် အိမ့်မှူး၏ပစ္စည်းတွေ သူပါရနိုင်မည်ကို စီးပွားတွက်တွက်ထား၏။

သူ့စိတ်ထဲမှာ အိမ့်မှူးကိုလည်း နဂိုက ခပ်ကြိုက်ကြိုက်။

စနေ၏မျက်နှာမှာ ဒဏ်ရာဒဏ်ချက်တချို့ကို အမေက မေးသည်။ စနေက အမေမသိစေချင်တာကြောင့် တော်စွလျှော်စွလောက်ပဲဖြေ၏။

ပြီးတော့ ထမင်းတောင်မစားဘဲ စိတ်ညစ်ညစ်နှင့် အိပ်နေလိုက်သည်။ နည်းနည်းပဲ အိပ်ရသေးသည်။

တံခါးခေါက်သံ တဒေါက်ဒေါက်ပေါ်လာသည်။

စနေက အိမ်ခန်းတံခါးကို ထဖွင့်လိုက်သောအမေရယ်။

အမေ့မျက်နှာမှာ မကောင်းလှ။ သူမက အရေးတကြီးအသံနှင့် ပြောချလိုက်သည်။

"သား စနေ ... မင်းအဖေ လေဖြတ်လို့တဲ့ ... အခုပဲ ဖုန်းလာတယ် သား ..."

"ဟင် ... ဟုတ်လား ... အဖေ လေဖြတ်တယ် ..."

"ဟုတ်တယ် ... စံပြဗဟိုစည်ဆေးရုံမှာ ရောက်နေတယ် သားရဲ့ ..."

"ဘယ်သူက ဖုန်းဆက်တာလဲ ..."





"သူ့ကောင်မလေးက ဆေးရုံကနေ ဆက်လိုက်တာ"

စနေသည် သူ၏လက်ကိုင်ဖုန်းကို ပိတ်ထားခဲ့သဖြင့် လှလွန်းရွှေစင်က အိမ်ဖုန်းကိုပဲ ဆက်ဟန်တူ၏။ အိမ်ဖုန်းနံပါတ်ကို လှလွန်းရွှေစင်က ယခင်ကတည်းက ရထားခဲ့ပြီးဖြစ်သည်။

စနေသည် လှလွန်းရွှေစင်၏လက်ကိုင်ဖုန်းနံပါတ်ကို သိဝါ။

"အမေရောလိုက်မယ် မဟုတ်လား ..."

"ဖြစ်လာမှတော့ ပစ်ထားလို့ဖြစ်မလား သားရယ် ... ငယ်လင်ငယ်မယားတွေပဲ လိုက်ရတော့မှာပေါ့ ..."

အမေမျက်ရည်ဝဲနေပါသည်။ အဖေပြိုပျက်သွားမှာကို အမေကြောက်ဟန်တူပါသည်။

ဗဟိုစည်ဆေးရုံ၏အထက်အဆောင်ရှိ လူနာအခန်းကို စနေက အောက်ထပ်တွင် မိုးစီစီဆိုသော စာရေးမလေးကို အဆင်သင့်တွေ့ရသဖြင့် မေးမြန်းစုံစမ်းသည်။

မိုးစီစီသည် သဘောကောင်းသော ကရင်အမျိုးသမီးကလေးတစ်ဦးဖြစ်၍ စနေနှင့်ယခင်ကတည်းက သိကျွမ်းခဲ့ပြီးဖြစ်ရာ အဖေနေသော လူနာခန်းကို သူမကိုယ်တိုင်လိုက်လံပြသပေး၏။

အဖေမှာ သတိမေ့နေသည်။

ဘေးတွင် နာ့(စ်)မတစ်ယောက်နှင့် အလှည့်ကျ ဆရာဝန်တစ်ယောက်ပဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လှလွန်းရွှေစင်ကိုတော့ မမြင်မတွေ့ရပါ။

စနေကမေးကြည့်တော့ လွန်ခဲ့သောနာရီဝက်လောက်က လှလွန်းရွှေစင်အမည်ရှိ မိန်းမချောလေးတစ်ယောက်က သူမ၏ဦးလေးပါဟုပြောဆိုကာ လိပ်စာပေးပြီး ဆေးရုံတင်သွားကြောင်းပြောသည်။

သူမက အဖေ့ကိုဆေးရုံမှာ ပစ်သွားခြင်းဖြစ်သည်ဟု စနေသိသဖြင့် အံကြိတ်လိုက်သည်။ ရိုပ်မိသောအမေက ...

"ငွေမက်တဲ့ မယားငယ်တွေဟာ ဒီလိုပါပဲ သားရယ် ... ဖြ သနာဖြစ်လာရင် သူတို့က ခေါင်းရှောင်သွားတတ်ကြတာပါပဲ ... မင်းဒေါသမဖြစ်ပါနဲ့ ... "

ဟု တိုးတိုးကလေးပြောသည်။ စမ်းသပ်ခဲ့ပြီးသောဆရာဝန်ကိုမေးတော့ ...

"သွေးကတိုးလွန်းအားကြီးလို့ ဦးနှောက်ထဲ သွေးရောက်သွားတာပါ ... သွေးကြောတချို့ ပြတ်သွားပုံရတယ် ... "

"ဒေါက်တာရယ် ... ဒါ ကျွန်တော့်အဖေပါ တတ်နိုင်သလောက် ကုပေးပါ ... သူ့အသက်ရှည်ရင် တော်ပါပြီ ... ငွေဘယ်လောက်ကုန်ကုန် ကုန်ပါစေ ဒေါက်တာ ... အဓိကကတော့ အသက်အရေးကြီးပါတယ် ... "

"သူလေဖြတ်သွားတာ နှလုံးနဲ့ ဦးနှောက်ဖြတ်မသွားတာကသိုလ်ကံ အင်မတန်ကောင်းပါတယ် ညီလေး ... စိတ်ချပါ ဆေးရုံကို အချိန်မီရောက်ရင် ကျွန်တော်တို့တတ်နိုင်ပါတယ်





ခုခေတ်မှာလည်း ပါရာလိုက်ဇင်း(PARALIZING)ကို ကုနိုင်တဲ့ဆေးဝါးတွေ အများကြီးရှိပါတယ် ... လောလောဆယ်မှာ သွေးပေါင်ကျဖို့ အရေးကြီးပါတယ် ... နာ့(စ်) ခုနက သွေးချိန်ကြည့်တာ ဘယ်လောက်လဲ ... "

"အောက်သွေးက တစ်ရာ့သုံးဆယ် ... အပေါ်သွေး နှစ်ရာ့နှစ်ဆယ် ... "

ဟု တာဝန်ကျဆရာမက ဖြေသည်။

"အပေါ်သွေးထက် အောက်သွေးကျဖို့ အရေးကြီးတယ် ... သူ့ကို ဆေးထိုးပေးထားတယ် ... သတိပြန်ရဖို့လည်း အရေးကြီးတယ် ... လူနာဟာ အစက သွေးတိုး နှလုံးရှိလား"

"နှလုံးတော့ မရှိဘူးဆရာ ... သွေးတိုးပဲရှိပါတယ် ... "

သည့်စကားကို အမေက ဝင်ပြောသည်။

လူနာအတွက် လိုအပ်သောဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်နှင့်အညီ စနေက ဝယ်ယူသည်။ ဆေးရုံမှာပဲရှ၏။

ဗဟိုစည်မှာ သန့်ရှင်းသပ်ရပ်သော ဆေးရုံဖြစ်ကာ ငွေပေးနိုင်သရွေ့ တက်နိုင်သောဆေးရုံဖြစ်ကြောင်း အမေ့ကိုစနေထွန်းက ပြောပြ၏။

အမေသည် အဖေသတိမရမချင်း ဆေးခန်းမှာ သူမစောင့်နေမည်ဟု စနေကိုပြော၏။ စနေက ဒေးနာ့(စ်)နှင့် နိုက်နာ့စ်ကိုငှားရာ လတ်တလော နိုက်နာ့စ် (NIGHT NURSE)ခေါ် ညစောင့်သူနာပြုဆရာမသာရပြီး နေ့စောင့်သူနာပြုဆရာမမရသေးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အမေက ဆို၏။

မိုးစီစီဆီမှာ နေ့စောင့်သူနာပြုရရန် စနေက အက
အညီတောင်းရ၏။ မိုးစီစီက ဖြစ်အောင်လုပ်ပေးပါမည်ဟု ဆို၏

လူနာတစ်ယောက်ရှိလာပြီဆိုလျှင် အိမ်ရှိလူတေ
အလုပ်များတော့သည်။

စနေမှာ အမေ့ကိုထားခဲ့ပြီး အိမ်ကိုပြန်ပြေးရပြန်၏
အိမ်မှာ အနိုင်းအစေတွေချည်းထားလို့ မဖြစ်ပါ။ ဒေါ်အေးတင်
ထမင်းချက် အဒေါ်ကြီးအား အမေ့အတွက် ညစာထမင်းပို့ဖို့ပြော
၏။

သူက တီရစ္ဆာန်မလေး လုလွန်းကိုမေ့ထားကာ
ကျောင်းရှိအိမ့်မှူးဆီ ဖုန်းဆက်သည်။

သူ့ဒဏ်ရာတွေနှင့် အဖေနှင့်ဖြစ်ခဲ့တာတောင် သတ
မရတော့ပါ။

ဝင်းစိန်ကို ကားကြိုလွှတ်လိုက်ကြောင်း ပြောပြ၏
နောက်တစ်နာရီတွင် အိမ့်မှူးရောက်လာ၏။ အိမ့်မှူးမျက်နှာ
မကောင်းပါ။ ဦးသံပါလေးနှင့် မေးသည်။

စနေက ဖုန်းလာကြောင်းနှင့် အဖေ့ကိုသွားတွေ့
ကြောင်း အကျိုးအကြောင်းပြောပြသည်။ အမေ့ကိုထားခဲ့ကြောင်
လည်း ပြောပြ၏။

"သူ့ဟာမကော ... "

"မတွေ့ဘူး ... သူနာပြုကပြောတော့ အဖေ့ကို ဆေးရုံတင်





ထားပြီး သူ့ဦးလေးပါလို့ ပြောပြီးပြန်သွားတာပဲတဲ့ ... သူတို့
နေတဲ့လိပ်စာကိုတော့ ပေးသွားတယ် ... "

"ကောင်မ လူ့ပါးဝတယ် ... ရှိတော့ စံတယ် နာတော့ပြေး
တယ် ... တွေ့မှ ပါးကိုဆွဲရိုက်ပစ်မယ် ... "

လူငယ်ပီပီ မကျေမနပ်ဒေါသစိတ်နှင့် အိမ့်မှူးက ဆို
၏။

"မယားငယ်ဆိုတာ မယားကြီးလောက် ဘယ်ကောင်းမလဲ
လင်ဒုက္ခဖြစ်လာတော့ မယားကြီးကပဲ ကိုယ့်လင်ကို မပစ်
ရက်တော့ တာဝန်ခံ တာဝန်ယူရတာပဲ ... အမေ ဆေးရုံမှာ
စောင့်နေတာကြည့်တော့ ... "

"အိမ့်မှူးသွားကြည့်ချင်တယ် စနေ ... "

"သွားလေ ... တို့ကားပဲယူသွားပေါ့ ... ကောင်းကောင်း
မောင်းနော် ... မလောနဲ့ ... စိတ်မထွေနဲ့ ... ဟိုကောင်
မြန်မာကြီးကော ... "

"ခြံဝမှာပို့ပြီး ပြန်သွားပြီ ... သူကလည်း တစ်မျောင့်"

နောက်ဆုံးစကားကို စနေမကြားလိုက်မိ။

အနားမှထွက်သွားသောကြောင့်ဖြစ်သည်။

ဝင်းစိန်က ရွာသာကြီးရှိ စီးပွားရေးတက္ကသိုလ်သို့
သွားကာ အိမ့်မှူးအား ကြိုချိန်တွင် အိမ့်မှူးမှာ သူမ၏လက်ကိုင်
ဖုန်းမှ စနေ၏ပေးပို့ထားသောသတင်းကို ရခဲ့ပြီးဖြစ်၏။

အဖေ့အတွက် စိတ်ပူလှသောကြောင့် ကလပ်(စ်)



www.burmeseclassic.com

www.burmeseclassic.com



ကိုတောင် ပြီးအောင်မတက်တော့ဘဲ ခွင့်တောင်းကာ ဝင်းထိပ်မှ ထွက်စောင့်နေ၏။

အဲသည်နေရာမှာက ဘတ်(စ်)ကားပဲ အားကိုး သည်။ နေကလည်း ပူ၊ ထမင်းစားချိန်ကလည်း ရောက်နေပြီမို့ ခုလို နွေလည်နွေခင်းမျိုးဆို ဘတ်(စ်)ကားတစ်စီး တစ်စီးကို အကြာကြီး စောင့်ရ၏။

တက္ကစီဆိုတာက အင်မတန်ရှားသည်။

ကိုယ့်အိမ်ကကားနှင့်မို့သာ ကျောင်းလာတက်နိုင် ၏။ ဘတ်(စ်)ကားသာတိုးစီးရမည်ဆိုလျှင်တော့ အိမ့်မှူးတို့လို နုနယ်နယ်ကလေးတွေအတွက် အမယ်လေးတသွားနိုင်၏။

ထီးကလည်း ကားနှင့်မို့ မယူလာမိ။

လွယ်အိတ်ကလေးခေါင်းထက်ကာ၍ နီးရာသစ်ပင် တစ်ပင်အောက်မှာ ဝင်ခိုလို့ ဆယ်မိနစ်ကြာမှ စပ်ဖြိုးဖြိုးမျက်နှာနှင့် ဝင်းစိန်ရောက်လာ၏။

သူ့ကို ကောင်မလေးက မကြည့်။

စိတ်ထဲမှာ ပူပန်စိတ်နှင့်လာခဲ့ရာ ရန်ကုန်ထဲရောက် ကာနီးမှ ကိုယ်တော်က ကားရပ်ပြီး သူ့ရင်တွင်းမေတ္တာတရားတွေ ကို ဖွင့်ထုတ်တော့၏။

စိတ်သောကရောက်ရသည့်အထဲ ဒါတွေနားမထောင် ချင်။ နဂိုကတည်းက ဝင်းစိန်ကို ခပ်ချဉ်ချဉ်မို့ အိမ့်မှူးက ဟောင်း ပစ်လိုက်ပြီး ကားပေါ်မှဆင်းလာ၏။





တက္ကစီကားတစ်စီးလာနေတာကိုတွေ့တာမို့ ဝင်းစိန်အော်ဟစ်တားဆီးနေသည့်ကြားမှ အိမ့်မှူးက ယင်းတက္ကစီနှင့် အိမ်သို့ပြန်လာခြင်းဖြစ်သည်။ ဒါကြောင့် အိမ့်မှူးက သူကလည်း ဘစ်မှောင့်လို့ ပြောလိုက်ခြင်းဖြစ်၏။

အိမ့်မှူး ဆေးရုံသို့သွားသည်။

အဖေ့အခန်းကို ဝင်သည်။ အမေက စိပ်ပုတီးစိပ် နေသည်။ အဖေ့အတွက် မေတ္တာပို့နေဟန်တူ၏။

အဖေက သတိလစ်နေ၏။

ဘုရား။ အဖေ ဒီအခြေအနေကို ကျော်နိုင်ပါ့မလား။

အဖေ့ကို လေဖြတ်ကြီးက ဒုတိယအကြိမ် ခတ်ပြီနဲ့တူတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ် (၁၃)

ဖြိုမှဖြို ခေါင်ကိုသာတက်ဖြိုတော့။

ဦးမြဒင်က သူ့သားဝင်းစိန်ကို မြှောက်ပေး၏။

စီးပွားရေးဆိုတာ ကိုယ်ကောင်းဖို့အတွက် စီးပွားရေးလုပ်ကြတာမို့ ဘယ်သူ့မျက်နှာကိုမှ ကြည့်စရာမလိုဘူးလို့လည်း ဦးမြဒင်က သူ့သားဝင်းစိန်ကိုဆို၏။

ဝင်းစိန် အတင့်ရဲသည်။

အိမ့်မှူးကို သူ့အိတ်ထဲ သွဲ့ထည့်ဖို့ကြံ၏။

အကြံက ပျက်ရ၏။ အဲသည့်နေ့က အိမ့်မှူးက သူ

နင်ပဲသဆေပြောကာ ပောက်သွား၏။ သူ့အသည်းနာဆုံးစကား

"ငါတို့စီးပွားရေးကို လိုက်နှောက်ပြီးနေတဲ့ နင်လိုကောင်

စား ရွှံ့ဗွက်ထဲကကောင်ကို ချစ်ဖို့ဝေးရော ... ငါ့ထဘီတော

မလျှော်ခိုင်းဘူး ..."





ဟူသော စကား။

သည်စကားကို ကြားတိုင်း အသည်းဆတ်ဆတ်ခါသည်။ ထိုအတွင်း စနေဆီမှ သူ့ဆီသို့ လက်ကိုင်ဖုန်းမှလာသော စကားကို သူနားထောင်ရ၏။

"ဦးနန္ဒမောင်လေဖြတ်ပြီးသတိလစ်နေသည့်သတင်း။

သည်လိုဖြစ်ရတာ သူ့စမောလေး လှလွန်းရွှေစင်ကြောင့်ဟု ပြော၏။ ပြီးတော့ လှလွန်းရွှေစင်နှင့်သူ ပြဿနာတက်ရသည့်အကြောင်း။

အဲသည်အကြောင်းကို စနေက ဘာကြောင့်ပြောမိခန်းမသိ။ အမေက သူ့ကို အိမ့်မှူးနှင့် လက်ဆက်ပေးရန် ရည်ရွယ်ခဲ့သည့် အကြောင်း။

ဒါတွေကို သူ့အတွက်ကော ဦးမြဒင်အတွက်ပါ ကောင်းသတင်းဖြစ်ကာ အကွက်ရိုက်နိုင်သည့်သတင်းတွေပဲ။

ဝင်းစိန်က စိတ်မကောင်းကြောင်းပြော၍ ဦးမြဒင်အား တင်ပြသည်။

"တစ်ကွက်တော့ ရသွားပြီကွ ... သူ့ရဲကောင်းကို ဘုရင်နဲ့ ခွေလိုက်တာပဲ ..."

"ဘာလဲ ဖေဖေ ..."

"မင်းပဲ စဉ်းစားကြည့် ... နန္ဒကို ခွေနိုင်တာ ဒါပဲကွ ... ဒီကောင်ကြီးက ရိုးတယ် ... အေးတယ် ... ဒီလိုလူစားမျိုးဟာ မိန်းမနဲ့တွေ့ရင် မခံနိုင်ဘူးကွ ... ဒီတော့ ငါက သူ့ကိုအတွင်း



www.burmeseclassic.com

www.burmeseclassic.com



ရေးမှူးအဖြစ် ငယ်ငယ်ချောချောလေးတွေထားဖို့ အကြံဉာဏ်ပေးပြီး တွန်းခဲ့တာ အခုတော့ ဒီကောင် ဒီတွင်းထဲဝင်ပြီး ပြန်မထွက်နိုင်ဘူး ဖြစ်သွားတာပဲ ... လင်မယားလည်းကွဲ ... စီးပွားရေးလည်းကျ ... ငါ့အကြံမဟန်လား ... ”

“ကောင်းပါတယ် ဖေဖေရာ ... ဒါဆို ကျွန်တော် အိမ့်မှူးကိုရဖို့ အရေးလေးလည်း အကြံပေးပါဦး ... ”

“မင်းကလည်းကွာ ... ကိုယ့်ကိုယ်ကို အားကိုး ... ”

“မရဘူး ဖေဖေ ... ကျွန်တော့်လိုကောင်မျိုးကိုထဘီတောင်မလျှော်နိုင်းဘူးတဲ့ ... ”

“အောင်မာ ... ဒီအထိပဲလား ... ”

“ပြီးတော့ ရွံ့ဗွက်ထဲက အကောင်တဲ့ ... ”

“မင်းက မြစ်ဝကျွန်းပေါ်သားကိုး ... ”

“ကြံပေးပါဦး အဖေရာ ... ”

ပြောပြီး စနေက သူ့အားပြောသရွေ့စကားများကို ဦးမြဒင်အား ဝင်းစိန်က ပြန်ပြောပြသည်။ ဝင်းစိန်စကားကို ဦးမြဒင်က နားထောင်၍ ခဏစဉ်းစားနေ၏။ ထိုမှအကြံအစီတစ်ခုကို ပြောပြ၏။

ဝင်းစိန်ကစဉ်းစား၍ ဖြစ်နိုင်သည်ဟု ဆို၏။

သူက လှလွန်းရွှေစင်နှင့် တွေ့ဆုံမိတ်ဆက်သည်။ ပြီးတော့ သတင်းတစ်ခုကို မျက်နှာလိုမျက်နှာရပြောပြ၏။

စနေထွန်းနှင့် အိမ့်မှူးလက်ဆက်ကြတော့မည့်





အကြောင်း။

အဲသည့်သတင်းစကားက လှလွန်းရွှေစင်၏အသည်းကို ဆတ်ဆတ်ခါစေသည်။ သူမမှာ အသည်းနှင့်အောင် ချစ်ရသောအောင်က တခြားမိန်းကလေးတစ်ယောက်ကို ယူမည်ဆိုတော့ မနာလို ဝန်တိုတတ်သော မိန်းမတို့၏စိတ်ဓာတ်အတိုင်း မောင့်ကိုရောချမြင်မတွေ့ဖူးသေးသော အိမ့်မှူးကိုပါ ဒေါသဖြစ်ရသည်။

ဒါပေမဲ့ သူမက အကင်းပါး၏သည်။

လူတွေ၏စိတ်သဘောကို နားလည်၏။

အထူးသဖြင့် စီးပွားရေးသမားများ၏စိတ်သဘောကို နားလည်သည်။

စီးပွားရေးသမားများသည် သူတို့ကိုယ်ကျိုးအတွက် တစ်ဖက်လူကို အသုံးချတတ်ကြ၏။

ဝင်းစိန် မိမိကို ဒီအကြောင်းတွေလာပြောခြင်းမှာ သူ၏အကျိုးအတွက်သာ ဖြစ်လိမ့်မည်ဟု တွက်ဆမိသဖြင့် ဝင်းစိန်ဘာအလိုရှိသလဲဟု မေးတော့သည်။

“ဒါက ဒီလိုရှိတယ် ... ခင်ဗျားနဲ့ စနေကြားထဲမှာ ဒီအိမ့်မှူးဆိုတဲ့ ကောင်မလေးက ကန့်လန့်ကန့်လန့်ဖြစ်နေပြီ ... စနေက ခင်ဗျားကိုချစ်ပါတယ် ... အိမ့်မှူးနဲ့ယူရမယ်ဆိုတော့ ခင်ဗျားကို သူမချစ်ဝံ့ဘူးလို့ ကျွန်တော့်ကိုပြောတယ် ... အဲဒီတော့လည်း ဒီကောင်က သနားစရာဖြစ်နေပြန်ရော အိမ့်မှူးကို သူ့ဘဝကဖယ်လိုက်ရင် ခင်ဗျားနဲ့ သူ့အချစ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်ဖြူးစရာရှိတယ်လို့ သူကပြောဖူးတယ် ... ခက်တာက အိမ့်မှူးဟာ တစ်ချိန်က ကျွန်တော့်ချစ်သူပါ ... စနေး တွေ့တော့ ကျွန်တော့်ကိုချစ်ရက်နဲ့ စနေရဲ့မိဘစကားဓော နားထောင်ပြီး ယူရမလိုဖြစ်နေတယ် ... ကျွန်တော်က အိမ့် မှူးကိုခိုးပြေးမယ်လုပ်တော့လည်း အိမ့်မှူးကမလိုက်ချင်ဘူး ဒီတော့ ... ခင်ဗျားနဲ့ ကျွန်တော် အိမ့်မှူးကိုဆွဲခေါ် ... ကျွန်တော်က အိမ့်မှူးကို အပိုင်သိမ်းမယ်ဗျာ ... စနေလည်း အိမ့်မှူး ကျွန်တော်ရလိုက်ရင် ယူမှာမဟုတ်တော့ဘူး ... ဒီတော့ ခင်ဗျားနဲ့ စနေလည်း နီးစပ် ... ကျွန်တော်နဲ့ အိမ့် မှူးလည်း နီးစပ် ... ”

“ဒီတော့ ကျွန်မက ဘာလုပ်ပေးရမလဲ ... ”

“လွယ်ပါတယ် ... အိမ့်မှူးကို ခင်ဗျားအနေနဲ့ ဒီအိမ်ကိုခေါ် လာခဲ့ရုံပဲ ... ဒီရောက်ရင်တော့ ကျွန်တော့်တာဝန်ထား လိုက် ... ”

ရေနံချောင်းက ဖေကံကောင်းတို့ အကြံကတော့ ဒီအတိုင်းပါပဲ။ မြစ်ဝကျွန်းပေါ်က ဖြစ်သမျှဆော်ဖို့ ဝင်းစိန်ကအသင့်

စနေကိုကော အိမ့်မှူးကိုကော ဒေါသဖြစ်နေသော လှလွန်းရွှေစင်ကလည်း အိမ့်မှူးကို ဒုက္ခရောက်စေချင်သည်။ မယား ထိ မားကြည့်ဆိုတာ ယောကျာ်းတွေဓာင်မဟုတ် လင်သားကိုထိ ကြည့် ပါးနဲ့ဖိနပ်ငြိစေရမယ်ဆိုတာလည်း မိန်းမတို့၏ သဘောတွင် ရှိ၏။

* စေတနာစာပေ *



ထက်သောမိန်းကလေးမို့ ကောင်မလေးလှလွန်းရွှေ စင်က ဝင်းစိန်နှင့် လက်ဝါးချင်းရိုက်သဘောတူလိုက်၏။

ဦးနန္ဒမောင်ကို ဆေးရုံတင်ပြီးနောက် သူမသည် ဦးနန္ဒမောင်အား တစ်ခါမှသွားမကြည့်တော့ပါ။

သည်လူကြီးသေမှဖဲဟူသောအစွဲက သူမစိတ်ထဲ တွင် ကိန်းအောင်းနေခဲ့ပြီမို့ သေတာတောင် ကရိကထခံပြီး ဈာပန ကိစ္စတွေလုပ်ချင်သည်မဟုတ်။

ပတ်ဝန်းကျင်မှပြောချင်တာ ပြောကြပါစေ။

ပြီးတော့ အတိတ်ဘဝက ဦးနန္ဒမောင်သည် သူမတို့ လင်မယားကို သတ်ခဲ့သော မြို့စားမင်းထင်ဗလဖြစ်ခဲ့သည် မဟုတ်ပါ လား။

သူမ၏ စိတ်ထဲမှာစွဲလမ်းနေတာက မောင်ခေါ် စနေထွန်း။

ခက်တာက မောင်သည် သူဘယ်ကလာသည်။ ဘယ်သူနှင့် ဆက်စပ်နေသည်ကို လုံးဝမမှတ်မိဘဲဖြစ်နေပြီး မိမိကို ရှောင်သွေနေသည်ကပဲ လှလွန်းရွှေစင်ခေါ် စုလေးရတနာအတွက် ယူကျုံးမရဖြစ်နေရသည်။

လွမ်းမောကြေကွဲမှုတွေကို ရင်မှာခံစားနေရသည်။

ခံစားခြင်းဆိုတာ သတ္တဝါမှန်သမျှ နာမ်နှင့်ရုပ်တွဲနေ သရွေ့ ရုပ်မှာဖြစ်ပျက်သမျှတို့ကို လက်ခံနေရသည်။

လက်မခံလို့လည်း မရပါ။

* စေတနာစာပေ *

www.burmeseclassic.com

www.burmeseclassic.com



ဝင်းစိန်က စနေသည် အိမ့်မှူးသိင်္ဂါလှိုင်ဆိုသော မိန်းကလေးနှင့် လက်ထပ်မည်ဆိုတော့ သူမ၏တစ်ကိုယ်လုံးမှာ ဒေါသတွေလှိုင်ခဲ့ရ၏။ ကြေကွဲဝမ်းနည်းနာကြေမှုတွေ ဖြစ်ခဲ့ရ၏။

အစက မစဉ်းစား။

ကိုယ်တွေ့ကြုံမှ စဉ်းစားမိလာ၏။

မိမိနှင့် ဦးနန္ဒမောင်ယူတော့ ဦးနန္ဒမောင်၏မိန်းမကြီး ဒေါ်နှင်းနှင်းထိုက် ဘယ်လိုခံစားရမလဲ။ မိမိလိုခံစားရမှာပါပဲ။

ဒါတောင် ဦးနန္ဒမောင်က လက်ရှိတရားဝင်ဒေါ်နှင်းနှင်းထိုက်၏ ယောကျ်ား။

စနေဆိုတာက မိမိ၏ဘဝဟောင်းက လူဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက်ဖြစ်ခဲ့ရသော ယောကျ်ား။

အချိန်တန်လျှင် ကတ္တိအတိုင်း သိုက်နန်းသို့တိရစ္ဆာန်လင်မယားအဖြစ် ပြန်နေကြရမှာပဲ။

လူ့ဘဝမှာ လာဖြစ်စဉ် ကုသိုလ်ကောင်းမှုလုပ်တာက မိမိအတွက် အလေးချိန်သာဦးမည်။

နှောင်တတရားနှင့် အသိတရားက သူမကိုရိုက်ခတ်မှု ပြုလာ၏။ ဒါပေမဲ့ တစ်ခဏပါပဲ။

အတ္တဝါဒီသည် သတ္တဝါတိုင်းမှာရှိ၏။ အတ္တနောမတိစိတ်ကို မစွန့်လွှတ်သရွေ့ အကုသိုလ်ပင်လယ်မှာ နစ်မျောနေသည်သာဖြစ်၏။

တစ်ခုကိုပဲ သူမစွန့်လွှတ်နိုင်သည်။

✱ စေတနာစာပေ ✱



ဒေါ်နှင်းနှင်းထိုက်လက်ထဲမှ ဦးနန္ဒမောင်ပြန်ကောင်းလာသည့်တိုင်အောင် မိမိမလုယူတော့ပါဟူသော စိတ်နှင့် ဦးနန္ဒမောင်ကို စွန့်လွှတ်လိုက်ခြင်းဖြစ်၏။

ဦးနန္ဒမောင်သာမက ဦးနန္ဒမောင်က သူမအားပေးခဲ့သော ပစ္စည်းဥစ္စာရွှေငွေရတနာတွေကိုပါ စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်သည်နှင့်အညီ ဦးနန္ဒမောင်ပေးထားသော သဘောတူထားခဲ့သော စာချုပ်စာတမ်းတွေကိုပါ မီးရှို့လိုက်တော့၏။

သူမ၏ရင်ထဲအသည်းထဲမှာစွဲပြီး မစွန့်လွှတ်နိုင်တာက မောင်သို့မဟုတ် စနေထွန်း။

စနေထွန်းသည်သာ သူမ၏ချစ်မြတ်နိုးရာ။ စနေထွန်းသည်သာ သူမ၏အဖိုးထိုက်ရတနာ။

ဦးနန္ဒမောင်က သူမနှင့် ပတ်သက်ပြီး 'မစိတ်'မှန်ခဲ့၏။

ယခုသူမမှာလည်း ဦးနန္ဒမောင်ကဲ့သို့ပင် 'ကျားစိတ်' မှန်ခဲ့ပေပြီ။

လောကတွင် လူတို့သည် လောဘ၊ ဒေါသ၊ မောဟတွေ 'မှန်'လာပါက မှားသည် မှန်သည်မသိ။ ဆန္ဒတွေ 'မှန်'နေပါက မှားသည် မှန်သည်မသိ။

ဆန္ဒတွေမှန်နေသော လှုလွန်းရွှေစင်မှာ ဒေဝဒတ်နှင့်ပေါင်းမိသော အဇာတသတ်လို ဝင်းစိန်နှင့်ပေါင်းမိကာမှ အမှားတွေ ပြုလုပ်လာ၏။

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



ဝင်းစိန်က သူမအားတစ်ချိန်တွင် ဝါးတန်းလမ်းဖက်ခေါ်သွားကာ ဗဟိုစည်ဆေးခန်းတစ်နေရာမှ စောင့်နေစေသည်။

ဦးနန္ဒမောင်ရှိမှန်းသိသော်လည်း ဦးနန္ဒမောင်ရှိရာသို့ လှလွန်းရွှေစင် မသွားခဲ့ပါ။ ဝင်းစိန်က ကားထဲမှနေပြီး အိမ့်မှူးသိင်္ဂါလှိုင်ထွက်လာမည့်နေရာကို စောင့်ကြည့်နေ၏။

အိမ့်မှူးသိင်္ဂါလှိုင်က စနေနှင့်တွဲပြီး ထွက်လာတာကို လှလွန်းရွှေစင်ကမြင်တော့ အသားတဆတ်ဆတ်တုန်အောင် အိမ့်မှူးကို ဒေါသဖြစ်မိ၏။ အိမ့်မှူးကိုလည်း အသေအချာမှတ်ထားလိုက်ခဲ့သည်။ အိမ့်မှူးကိုလည်း မုန်းသွား၏။

"လှလွန်းရွှေစင် ... ကျွန်တော်ပြောတာ မမှန်ဘူးလားဗျာ"

ဝင်းစိန်ဆိုသည့်ကောင်က တွန်းသည့်နေရာတွင် လပ်(LUX)ဆပ်ပြာမွှေးကိုတောင် ထည့်သုံးဖို့ မလိုပေ။

သူမသည် အကောင်အထည်အမြန်ဖော်၏။

စီမံကိန်းဆိုတာ ရေရှည်ဆွဲထားလို့ မကောင်း။

ပူပူနွေးနွေးအကောင်အထည်ဖော်မှ စီမံကိန်းဝင်နိုင်သည်။

အိမ့်မှူးကျောင်းတက်ရက်ကိုပဲ ချောင်းနေ၏။

ဦးနန္ဒမောင် ကံမကောင်းတစ်ကောင်းဖြစ်လာ၏။

နှစ်ရက် သူသတိလစ်ခဲ့၏။ သုံးရက်လောက်မှ သူသတိပြန်မလည်လာလျှင် သေဆုံးပြီဟု ဆရာဝန်တစ်ယောက်က မှတ်ချက်ပေးသည်။ ဆရာဝန်ဆရာမတွေက အသေအချာကြပ်မတ်ကုသကြသည်။

သွေးပေါင်ချိန်ကျသွားပြီမို့ ခွဲစိတ်ကုသသင့်သည်ကို ကုသကြသည်။ ဦးနှောက်ထဲရောက်တော့မည့်သွေးများကို ထုတ်ပစ်ကြသည်။

သတိပြန်ရအောင် ပြုစုကုသကြတော့နှစ်ရက်အကြာမှာ ဦးနန္ဒမောင် သတိရလာသည်။

ဒါကြောင့် ကံကောင်းသွားသည်ဟု ဆိုရမည်။

ငွေကုန်တာတော့ မပြောနှင့်။ အသက်ကိုငွေနှင့်ဆက်ယူခဲ့ကြရသည်။

ဦးနန္ဒမောင် သတိပြန်ရလာပြားလည်း အသိမှတ်ဉာဏ်တွေ ဆုံးရှုံးခဲ့ပြီ။

စကားလည်း မပြောနိုင်။

ကိုယ်လည်း မလှုပ်ရှားနိုင်။

ဘာကိုမှလည်း သူမသိ။

ရှင်လျက်နှင့် ဘဝသေသွားရသောလူတစ်ယောက်။

ဒါကြောင့် ကံဆိုးသည်ဟု ပြောနိုင်ပါသည်။

ဘာပဲဖြစ်ဖြစ်ပေါ့လေ။ လူ့အသက်တစ်ချောင်းပြန်ရှင်သည်ဆိုကတည်းက ဒေါ်နှင်းနှင်းထိုက်တို့မိသားစုတွေ ဝမ်းသာဆုံးပါတော့။

✱ စေတနာစာပေ ✱



✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



အိပ်မွက်ဆိုးတွေက တစ်ဝက်တစ်ပျက်တော့ လွင့်စင်သွားပါပြီ။

အိမ့်မျှူးကျောင်းပြန်တက်သည်။

စနေကပဲ လိုက်ပို့၏။ ကျောင်းနှင့် မနီးမဝေးမှစောင့်ကြည့်နေသော လှလွန်းက စောင့်နေ၏။ လက်ထဲတွင် မှန်ပြောင်းကိုင်လို့။

အိမ့်မျှူးကျောင်းဝင်းထဲတွင် လက်ကိုင်ချိုင်းထောက်နှင့် ဆင်းသွားတာကိုမြင်မှ အိမ့်မျှူးမစွမ်းမသန်သောအဖြစ်ကို မှန်ပြောင်းထဲတွင် တွေ့ရ၏။

စနေ၏ကားထွက်သွားတာကိုမြင်မှ လှလွန်းက အိမ့်မျှူးအား လက်ကိုင်ဖုန်းနှင့် ခေါ်သည်။

"ညီမလေးအိမ့်မျှူးလား ... မမညီမလေးနဲ့ ပြောစရာရှိလို့ပါ ... ညီမလေးရဲ့မိသားစုနဲ့ပတ်သက်တဲ့ သတင်းတစ်ခုပါ ကျောင်းရှေ့ကို ထွက်လာလိုက်ပါလား ... မမစောင့်နေမယ် ... "

သည့်သို့ပဲ ဆက်သည်။

မကြာပါ။ လက်ကိုင်ချိုင်းထောက်နှင့် အိမ့်မျှူး ထော့နင်းထော့နင်းထွက်လာ၏။ သူငယ်ချင်းတွေပါလာမှာ စိုးရိမ်ပေမဲ့ တစ်ယောက်တည်းထွက်လာတာမြင်တော့မှ လှလွန်းသဘောကျသွား၏။





အိမ့်မျှူးက ဟိုကြည့်သည်ကြည့်နေစဉ် ကားတစ်စီးက သူမရှေ့တွင်ပင် ထိုးရပ်လိုက်၏။ ကားကိုမြင်တာနှင့် အိမ့်မျှူးသိသည်။

အဖေရဲ့စီးနေကျ မာစီဒီးဆလွန်းကားပဲ။

ကားမောင်းသူနေရာတွင် ခေတ်ဆန်ဆန်အမျိုးသမီးချောကလေးတစ်ဦးထိုင်နေသည်။ မိုနာလီဇာမီးခိုးရောင်နေကာမျက်မှန်လှလှကလေးကို တပ်ထားသည်။

လူနှင့်ကားကိုမြင်တာနှင့်ပဲ အိမ့်မျှူးဒေါသဖြစ်သွားရ၏။ မျက်နှာကလေးနီလာပြီး ဒေါသသံနှင့် ...

"ဘယ်သူမှတ်သလဲ ... ရှင်ကိုး ဒီကိုဘာလာလုပ်တာလဲ"

"စိတ်မဆိုးပါနဲ့ ညီမလေးရယ် ... မမ မင်းနဲ့ဆွေးနွေးစရာရှိလို့ပါ ... "

"ဆွေးနွေးမယ် ... အို ... ဘာအကြောင်းမှ ဆွေးနွေးစရာမလိုဘူး ... ရှင်ထွက်သွားလိုက်ပါ ... "

"မမကို စိတ်မဆိုးပါနဲ့ကွယ် ... မမအမှားရှိရင်လည်းတောင်းပန်ပါတယ် ... အခုဆွေးနွေးချက်က ညီမလေး အဖေနဲ့ပတ်သက်ပြီး အတော်ကိုအရေးကြီးနေလို့ပါ ... "

လှလွန်းရွှေစင်၏အသံမှာ ပျော့ပျောင်းသလို မျက်နှာကလည်း ပျော့ပျောင်းလှ၏။

အဖေ့အကြောင်းပါလာတော့ ငြင်းပယ်ဖို့ ခက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ၡ၏။ ကားထဲမှာလည်း သူမတစ်ယောက်တည်း။

"ဆွေးနွေးစရာရှိရင် ဒီမှာဆွေးနွေး ... ကဲ ပြော ... "

"ဒီမှာဆွေးနွေးလို့မဖြစ်ဘူး ... မဖအိမ်မှာ ဆွေးနွေးမယ်, ကိုစနေထွန်းကိုလည်း အခုပဲခေါ်ထားတယ် ... သူလည်း လာမှာပဲ ... ကုမ္ပဏီအကြောင်း ... ဦးထားခဲ့တဲ့ငွေတွေ ပစ္စည်းတွေအကြောင်း ... "

"ဘာလဲ ... ဒါတွေ ရှင်အကုန်လုံးယူမယ်ပေါ့ ... "

"မဟုတ်ဘူး ... ညီမလေးတို့ကို ပြန်အပ်မလို့ပါ ... "

"ပြန်အပ်မလို့ ... "

မယုံမရဲမျက်နှာနှင့် အိမ့်မှူးက ပြောကာ ချိုင်းထောက်လက်ကိုင်ကို အားပြုကာ ရှေ့သို့နှစ်လှမ်းသုံးလှမ်းတိုးလိုက်၏။

"ဟုတ်ပါတယ် ... အဲဒီ့အတွက် ဆွေးနွေးမလို့ပါ ... "

မျက်နှာသေကလေးနှင့် လှလွန်းရွှေစင်ကပြောတော့ အိမ့်မှူးက ယုံလာပြီးမှ ...

"ကျွန်မအခု ကျောင်းတက်ရဦးမယ် ... "

"ရိုးကောလ်(ROLL CALL)ခေါ်မယ်ဆိုရင် တခြားလူတစ်ယောက်ကို ခေါ်ထားခိုင်းလိုက်ပါလား ... "

ရိုးကောလ်ခေါ် နာမည်စာရင်းခေါ်စရာမရှိပါ။ ဒါကြောင့် ဥစ္စာနှင့် ငွေနှင့် မျှားတော့ ထပ်မပြောတော့ဘဲ အိမ့်မှူးက





ဘ်ခမ်းပါးလေးကို တွန့်လိုက်ပြီးမှ ကားနောက်ပိုင်းထဲဝင်ကာ ထိုင်လိုက်သည်။

ကားက ထွက်ခွာသွားသည်။

လှလွန်းရွှေစင်က ပြုံးလို့။

အောင်ပြီပေါ့ ... ။



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ် (၁၄)

ဓားပြမှ ဓားပြမှန်းသိတော့၏။

သူမ၏အိမ်ရောက်ကာမှ လိမ်ခေါ်မှန်းရိပ်မိ၏

ဒါပေမဲ့ အိမ့်မှူးမကြောက်ပါ။ မိန်းမချင်းပဲ။

အဖေက သည်မိန်းကလေးကိုဝယ်ပေးခဲ့သော အ နှင့် ခြံကိုနင်းမိကာမှ ဒါအဖေဝယ်ပေးထားတာပဲဟူသောအ သာ ဒေါသဖြစ်မိ၏။

"ကိုင်း ... ညည်းနဲ့ငါ တွေ့ကြပြီ ..."

"ရှင် ... ကျွန်မကို ပြောစရာရှိတယ်ဆို ..."

"အေး ... ပြောစရာရှိတာ နင့်အဖေနဲ့ပတ်သက်လို့ ဘူး ... နင်နဲ့ ပတ်သက်လို့ပဲ ..."

"မရွှေစင် ... ရှင် ကျွန်မကို အမှုမလုပ်ပါနဲ့ ... ရှင် ကို လိမ်ခေါ်ခဲ့ပေမဲ့ ရှင့်ကို ကျွန်မ မကြောက်ဘူး ...





ဒေါသဖြစ်နေသည်က လှလွန်းရွှေစင်။

အေးဆေးသည်က အိမ့်မှူး။

အိမ့်မှူးမှာ ခန္ဓာကိုယ်မသန်ပေမဲ့ စိတ်ကတော့ သူမ သို့ပဲ ခိုင်မာထက်မြက်ကြောင်း လှလွန်းရွှေစင်ရိပ်စားမိသည်။

"နင်မကြောက်ရင် ကြောက်အောင် ငါလုပ်မယ် ..."

ဖြန်းခနဲ ရိုက်သံ။

အိမ့်မှူး၏ပါးပြင်ကလေးမှာ ကျိန်းစပ်သွားသည်။ ကိုယ့်အသားထိတော့ အိမ့်မှူးဒေါသထောင်းခနဲထသွားသည်။ သူမ ကိုယ်လေးကို မယိုင်လဲအောင် ထိန်းသိမ်းရင်း ညာလက်ဝါးလေးနှင့် သက်တုံ့ပြန်မိ၏။

ဖြန်း ...

လှလွန်းရွှေစင်ယိုင်သွားသည်။

ကောင်မလေးလက်ဝါးကလေးကလည်း အပြင်း သား။

လှလွန်းရွှေစင်၏ပါးကလေးတစ်ဖက်မှာလည်း နီရဲ ထူပူသွားတော့သည်။

"ဪ ... ညည်းက တကယ်သတ္တိကောင်းတာကိုး ..."

"မှတ်ထား ... ကျွန်မအသားကိုလာထိရင် ငရဲမင်းတောင် ကျွန်မက ကြောက်တာမဟုတ်ဘူး ..."

ပြောရင်း လွယ်ထားသော သားရေလွယ်အိတ်ကို အိမ့်မှူးက စလွယ်သိုင်းလိုက်သည်။ ဒေါသဖြစ်ရမည်ထက် အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



သွားမိသော လှလွန်းရွှေစင်က မဲ့ပြုံးကလေးနှင့် ...

"ညည်းက သတ္တိကောင်းတယ်ပေါ့ ..."

"ကောင်းတယ် ..."

"ဘယ်လောက် သတ္တိကောင်းတယ်ဆိုတာကြည့်ကြသေး တာပေါ့ ..."

လှလွန်းရွှေစင်၏ပါးစပ်ကလေးမှ တရှိရှိအသံတွေ ထွက်လာသည်။ လေချွန်သံလည်းမဟုတ်ပါ။ မြွေများတွန်သကဲ့သို့ အသံမျိုးဖြစ်သည်။

ခမ်းနားသောဧည့်ခန်းအလယ်တွင် လက်သီး ကလေးနှစ်ဘက် တင်းတင်းဆုပ်၍ အိမ့်မှူးရပ်နေသည်။ လှလွန်းရွှေ စင်၏မျက်လုံးတွေက အရောင်တဖြည်းဖြည်းလက်သလို တောက် လာသည်။

တရှိရှိမြည်သံသည် ကျယ်လောင်သည်ထက် ကျယ် လောင်လာ၏။

"အမယ်လေး ..."

အိမ့်မှူးမတိုးမကျယ်အော်မိသည်။

အိမ့်မှူးမျက်လုံးများရှေ့တွင် လှလွန်းရွှေစင်ရပ်သည် မထင်ရဘဲ ငန်းမြွေကြီးတစ်ကောင်ပါးပျဉ်းထောင်ကားပြီး ရပ်နေ သလိုထင်ရ မြင်ရ၏။

သူမ၏မျက်လုံးတွေကို ပွတ်ကြည့်၏။

လှလွန်းရွှေစင်ကိုပဲ ပြန်မြင်ရသည်။

✱ စောနာစာပေ ✱



စိတ်ထဲတုန်လှုပ်သွားသော အိမ့်မှူးက လက်ကိုင် ချိုင်းထောက်ကိုအသုံးပြုအားပြု၍ ထော့နင်းထော့နင်းနှင့် အိမ်တံခါး ပေါက်ဆီသို့ လှမ်းသွား၏။

အိမ်ထဲမှ ထွက်ပြေးရန်။

ဟယ် ... ဗုဒ္ဓေါ။

ရင်ထဲမှမြည်တမ်းမှုနှင့် သူမနောက်ကို ပြန်ဆုတ်မိ ၏။

အညိုရောင်အကြေးခွံများနှင့် မြွေဟောက်ကြီးသုံး ကောင်က လေးငါးထစ်မျှရှိသော အုတ်ခုံအတိုင်း လွန့်လူးတက်လာ ကြသည်။

သူမဘက်သို့ ဦးတည်လာနေတာကြောင့် အိမ့်မှူး မှာ နောက်ပြန်ဆုတ်ပြေးရ၏။

ပြတင်းပေါက်တွေက ပွင့်နေရာ ထိုပြတင်းပေါက် တွေမှလည်း မြွေများတတွန့်တွန့် တလိမ့်လိမ့်နှင့် ဝင်လာနေ၏။

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

လှလွန်းရွှေစင်၏အော်ရယ်သံက သူမရပ်ကလေးနှင့် ခလိုက်ပါ။ မကောင်းဆိုးဝါးဆန်လှသည်။

"မလုပ်နဲ့ ... မလုပ်ပါနဲ့ ..."

သည်တစ်ခါတော့ မြွေတွေကိုမြင်တာနှင့် အိမ့်မှူး အော်ဟစ်မိ၏။

တောင်းပန်လေသလား။

✱ စောနာစာပေ ✱

www.burmeseclassic.com

တားမြစ်လေသလား။

"ဟား … ဟား … ဟား … သတ္တိရှိပါတယ်ဆိုတဲ့ကောင်မ ဘယ်လိုလဲ သတ္တိတွေ ဘယ်ရောက်သွားပြီလဲ … သတ္တိရှိရင် ငါ့မြွေတွေကို ကျော်ဖြတ်သွားလေ … "

ဝင်လာတာက မြွေဟောက်တွေ။

ဆယ်ကောင်လောက်ရှိလိမ့်မည်ထင်ပါသည်။

အိမ့်မှူးရုပ်ရှင်တွေထဲမှာ တွေ့ဖူး၏။ ဒါရုပ်ရှင်ရိုက်တာပဲ၊ မဖြစ်နိုင်ဟု ထင်ခဲ့ဖူးသည်။

ယခုတော့ ကိုယ်တွေ့ကြုံပြီပေါ့။

ဒူးဆစ်လောက်ထိအောင် ပါးပျဉ်းကားကားကြီးတွေထောင်ကာ မြွေဟောက်ကြီးတွေက မာန်စွယ်တပြပြဖြစ်နေ၏။

ညိုသောအကြေးခွံတွေက တလက်လက်ထနေ၏။ ပါးပျဉ်းကားကားကြီးတွေက လှလည်းလှရဲ့။ ကြောက်စရာလည်းကောင်းရဲ့။

သူတို့က တရှူးရှူးအသံတွေပြုကာ အိမ့်မှူးကို ဝန်းရံထားကြသည်။

"ကဲ … သတ္တိကောင်းတဲ့ ကောင်မပြေးလေ … ငါ့ပါးကိုရှုတဲ့ကောင်မ … နင့်ပါးကိုလည်း ငါ့အကောင်တွေနဲ့ ကိုက်ခိုင်းမယ် … "





သူမမျက်နှာမှာ သရဲမရဲစီးနေသည့် မျက်နှာ။

စကားသံကြီးကလည်း ကြောက်စရာ။

ပြောရင်း လှလွန်းရွှေစင်က မြွေတစ်ကောင်ကို အလယ်မှဆွဲယူသည်။ သူမ၏လည်ကုတ်ပေါ်တွင် ဆွဲကြိုးတစ်ခုဆွဲသလိုပဲ တင်လိုက်တော့၏။

လည်ပင်းတွင် မြွေကတစ်ချက်ပတ် ခေါင်းထောင် ပါးပျဉ်းဖြန့်သည်။

မြွေမျက်နှာနှင့် အပြိုင် လှလွန်းရွှေစင်က ရယ်နေ၏။

နောက်တစ်ကောင်ကို ဆွဲလိုက်၏။ အိမ့်မှူးရှေ့မှာ ထိုးပြလိုက်သည်။

"တွေ့လား … "

အိမ့်မှူး … နောက်ကို ဆုတ်သွား၏။ စိတ်ထဲမှ မကြောက်ဘူး … မကြောက်ဘူးဟု ရေရွတ်နေသည်။ တစ်ကိုယ်လုံး ချွေးတွေစို့လာ၏။

"ညည်းကျွေးစရာတွေရှိတယ် … ပြီးမှ ငါ့အကောင်တွေနဲ့ တိုက်သတ်မယ် … "

ရက်စက်သောအသံနှင့်ပြောပြီး အိမ့်မှူးအား လက်တစ်ဖက်ပြလိုက်၏။ အဓိပ္ပါယ်ကတော့ နောက်လှည့်ပေါ့။

သူမလက်ထဲမှ မြွေ။



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှမြွေတွေကြောင့် အိမ့်မှူးနောက်လှည့်လိုက်သည်။

"သွား ... "

အိပ်မက်မက်သလိုခံစားနေရ၏။

တကယ်တော့ သူမသည် လှလွန်းရွှေစင်၏စိတ်ညို့ခြင်းကို ခံစားနေရခြင်းဖြစ်သည်။

အခန်းတစ်ခုထဲသို့ ဘယ်လိုရောက်လို့ရောက်မှန်းမသိပါ။

တံခါးပိတ်သံကြား၍ သူမသတိဝင်လာလို့ကြည့်လိုက်သောအခါ အခန်းတစ်ခုထဲရောက်နေမှန်းသိ၏။

အခန်းတွင် သံတိုင်တွေတပ်ထားသောကြောင့် ပြတင်းပေါက်တွေရှိနေပြီး အဲသည်မှအလင်းရောင်ကို မြင်နေရသည်။ မြွေထဲကိုမြင်နေရသည်။

လှလွန်းရွှေစင်သည် ဘယ်လိုမိန်းမစားလည်းဆိုတာ အစဉ်းစားရခက်နေသည်။ သူမကိုဘာကြောင့် အငြိုးတကြီးဖမ်းရတာလဲ။

လူက မသန်ပေမဲ့ အိမ့်မှူးက စိတ်ခွတ်နိုင်မာထက်မြက်သည်။ အရာရာကို ကြောက်မနေတတ်။

သူက စိတ်ကူးပေါက်လာသည်နှင့်အညီ သူမ၏ကျောင်းလွယ်အိတ်ကလေးထဲမှ လက်ကိုင်ဖုန်းကလေးကို ထုတ်





လိုက်သည်။

ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

မကြာမီနားတွင်တော့လိုက်တော့ အိမ့်မှူးဆီသို့ စနေ၏အသံဝင်လာသည်။

"စနေ ... ငါအခု ရန်သူ့လက်ထဲရောက်နေတယ် ... အမြန်မီလာကယ်ပါ ... ငါ့ကိုအဖေ့မိန်းမ လှလွန်းရွှေစင်ဖမ်းထားတယ် ... အခန်းတစ်ခုထဲမှာ ချုပ်ထားတယ် ... မြွေတွေလည်း ရှိတယ် ... အခုချက်ချင်းလာကယ်ပါ ... "

ပြောနေစဉ် တံခါးဖွင့်သံကြားရသဖြင့် ကမျာကရာဖုန်းကိုကျောင်းလွယ်အိတ်ထဲ ပြန်ထည့်လိုက်သည်။

အခန်းတံခါးပွင့်သွား၏။ ဟိုကောင်ရယ် ဝင်းစိန်ပဲ။

ဝင်းစိန်က လှလွန်းရွှေစင်နှင့်အတူ အခန်းဝမှာရပ်နေ၏။

သူ့ကိုမမျှော်လင့်ဘဲ မစဉ်းစား မထင်မှတ်ဘဲတွေ့ရသောကြောင့် အိမ့်မှူးမှာ ကြောင်သွားသည်။ ငေးကြည့်နေမိ၏။

"နင့်ကို ဒီကိုခေါ်ထားရတာ စိတ်မကောင်းပါဘူး အိမ့်မှူးရယ် ... တကယ်ပါ ... "

မျက်နှာတည်တည်နှင့် နှုတ်ဆက်စကားပြောလာသော ဝင်းစိန်၏အသံကြား၍ အိမ့်မှူးနိုးကြားလာသည်။

"နင်ဘာလုပ်တာလဲ ... ဟိုမိန်းမနဲ့ နင်နဲ့တစ်ကျိတ်တည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဉာဏ်တည်းပေါ့ ...”

“ချစ်လွန်းလို့ ကြံမိတာပါ ...”

သူကပြောရင်း တစ်စုံတစ်ခုကို သတိရသလို သူ့ဘေးမှ လှလွန်းရွှေစင်အား ...

“လှလွန်းရွှေစင် ... ခင်ဗျား သူ့ဆီက ဟန်းဖုန်းမယူလိုက်ဘူးလား ...”

“ဟင့်အင်း ...”

“ဟာ ... ခင်ဗျားကလည်း မေ့တတ်ရန်ကော ... အဲဒါနဲ့ သူ ဟိုဆက်ဒီဆက်ဆိုရင် အရစ်ရှည်ပြီ မြွေပေါက်ပြီ ...”

“ဒါတော့ မေ့နေတာကိုး ...”

“သွားယူလိုက်ဗျာ ...”

“ရှင့်ဟာရှင် သွားယူလိုက်ပါလား ... ရှင့်မှာလက်ရှိတာပဲ”

ခပ်ဆတ်ဆတ်ပြောသော လှလွန်းရွှေစင်၏စကားကို ပြန်မပြောတော့ဘဲ ဝင်းစိန်က အိမ့်မှူးဆီရောက်လာကာ ကျောင်းလွယ်အိတ်ကိုစမ်းသည်။ လက်ကိုင်ဖုန်းကိုတွေ့ပြီး ယူလိုက်၏။

“ရှင် ဒါဘာလုပ်တာလဲ ... ပေး ... ဓားပြအလုပ်ကို မလုပ်နဲ့ ...”

“ခဏသိမ်းထားတာပါ ...”

“ဒီဖုန်းဟာ သုံးဆယ့်ငါးသိန်းတန်တယ်ဆိုတာ နင်သိတယ်





မဟုတ်လား ... ဒါဓားပြတိုက်တာပဲ ...”

“သုံးဆယ့်ငါးသိန်းဖိုး မလိုချင်ဘူး ... ထောင့်ငါးရာပဲလိုချင်တယ် ...”

အိမ့်မှူးမျက်ရည်ပေါက်ပေါက်ကျလာသည်။

“ဝင်းစိန်ရယ် ... နင် ငါ့ကိုမရက်စက်ပါနဲ့ ...”

“နင့်ကိုငါချစ်တယ် ... နင်မှငါ့ကို မချစ်ဘဲ ...”

“ကိုဝင်းစိန် ... ရှင့်ကို သူကဘယ်လိုချစ်မှာလဲ ... သူ့မှာ စနေထွန်းရှိနေတာပဲ ...”

မချိမချဉ်မျက်နှာနှင့် ဘေးတွင်ရပ်နေသော လှလွန်းရွှေစင်ကဝင်ပြောလျှင် အိမ့်မှူးမှ မျက်ရည်တွေကြားမှ ဒေါကန်သွား၏။

မျက်ရည်ကျခြင်းမှာ ဝင်းစိန်ရှေ့မို့ တမင်မာယာနှင့် မျက်ရည်ကျပြခြင်းဖြစ်သည်။

ယောကျ်ားတွေကိုမိန်းမတွေအနိုင်ယူနိုင်သောနည်းမှာ မျက်ရည်ပဲဖြစ်၏။ ထိုမျက်ရည်သည် ဒုံးကျည်လက်နက်ထက် ပိုစူးရှ၏။

သို့သော် မျက်ရည်ကျပြချိန်မှာ ဟိုမိန်းမက တစ်မူထူးစကားတွေကို ဆိုလာတော့ အိမ့်မှူးဒေါကန်သွားသည်။

“ရှင် ခွေးစကားမပြောနဲ့ ... ကျုပ်မနဲ့ စနေက မောင်နှမလို နေကြတာ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါဆို နင်က စနေထွန်းကို ယူမလို့ဘာကြောင့် လုပ်သလဲ ..."

"ကျွန်မက သူ့ကိုဘာဆိုင်လို့ယူရမှာလဲ ... ကျွန်မနဲ့ စနေထွန်းယူကြမယ်လို့ ရှင့်ကို ဘယ်သူကပြောလဲ ..."

"နင်မယူဘူးလား ..."

"မယူဘူး ... ဒီကိစ္စမဟုတ်မဟတ်တွေကို ရှင်ဘယ်ကကြားလို့လဲ ..."

"သူပြောတာ ..."

ဝင်းစိန်ကို သေသေချာချာကြည့်ကာ လှလွန်းရွှေစင်က ပြော၏။ ဝင်းစိန်မနေသာတော့။

"အေး ... နင်နဲ့ စနေကို ပေးစားဖို့ နင်တို့အဘွားကြီးက စနေကို နားချနေတာ ငါကြားတယ် ... အဲဒါကြောင့် ငါ သူ့ကိုပြောပြတာ ..."

ဝင်းစိန်ကလည်း ဘွင်းဘွင်းရှင်းရှင်း။

ဒါတွေကို အိမ့်မှူးမသိခဲ့ပါ။ ဒါကြောင့် အိမ့်မှူးမှာ မျက်မှောင်လေးကုပ်ကာ တစ်စုံတစ်ရာကိုတွေးရင်းကပဲ ...

"လှလွန်းရွှေစင် ... ရှင်တော့ တစ်ခုခုတော့ မှားနေပြီထင်တယ် ... ကျွန်မက စနေကိုလက်ထပ်တယ်ပဲထားဦးတော့ ရှင်နဲ့ ဘာဆိုင်လို့လဲ ..."

"ဟဲ့ ဆိုင်တာပေါ့ ... စနေထွန်းက ငါ့လင်ပဲ ..."

✱ စေတနာစာပေ ✱



"ရှင် ... လင် ..."

"ဟင် ... ခင်ဗျားဟာကြီးက ..."

လှလွန်းရွှေစင်စကားက အိမ့်မှူးကိုသာမက ဝင်းစိန်ကိုပါ အံ့အားသင့်သွားစေ၏။ စနေ သူ့ကိုပြောပြခဲ့စဉ်က လှလွန်းရွှေစင်က စနေအားကြိုက်ခဲ့တာပဲပြောခဲ့၏။ လှလွန်းရွှေစင်၏လင်လို့ ပြောခဲ့ပါ။ စကားအတော်ရှုပ်တာပါပဲလား။

"ဟုတ်တယ် ... စနေထွန်းဟာ လွန်ခဲ့တဲ့နှစ်ဘဝက ငါ့လင်တော်ခဲ့ဖူးတယ် ... ဒါကြောင့် ဒီဘဝမှာ ငါသူ့ကိုလက်လွှတ်မခံနိုင်ဘူးဟဲ့ ကောင်မရဲ့ ..."

"ဟား ... ဟား ... ဟား ... ဟား ..."

အိမ့်မှူးက ရယ်သည်။ နောက်မှမျက်နှာကလေး ည်၍ ...

"လင်တရှူးတဲ့ အရူးမနဲ့လာတွေ့နေတာကိုး ... နောက်ဘဝက လင်တဲ့ ... အဟား ... **ဟား ... ဟား ... ရှင်အတော်** ရယ်စရာပြောတတ်တာပဲ ... လေဖြတ်သွားတဲ့ ကျွန်မအဖေ မျက်နှာတောင် မထောက်ပြောတတ်လိုက်တာ ... ရှင် အရူးမ ..."

"အောင်မာ လမ်းမလျှောက်နိုင်တဲ့ ဒုက္ခိတမကပြောတယ် နင်သာ အရူး ..."

"ဟဲ့ ... ငါမရူးဘူးဟဲ့ ... နင်သာရူးသာ ..."

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



"တိတ်ကြစမ်းပါဗျာ ... တိတ်ကြစမ်း ... "

မိန်းမနှစ်ယောက်ရန်ဖြစ်ကြမည့်အရေးကြောင့် ဝင်းစိန်က အော်ပစ်လိုက်၏။

သည်စဉ်ခိုက်ဝယ် အိမ့်မှူးက သတ္တိရှိသောအလုပ်ကို လုပ်လိုက်၏။

လက်တွင်ရှိသော ချိုင်းထောက်လက်ကိုင်နှင့် ဝင်းစိန်ခေါင်းကို ပြန်းခနဲ ရိုက်ချလိုက်သည်။

အလူမီနီယံနှင့်လုပ်ထားသော သံချိုင်းထောက်က ဝင်းစိန်ခေါင်းနှင့် မိတ်ဆက်သွားသည်။

"အမယ်လေးဗျာ ... "

ဝင်းစိန်က သူ့ခေါင်းကိုပုစ်လက်နှင့်အုပ်ကာ အော်လိုက်စဉ် လှလွန်းရွှေစင်ကိုပါ ဆက်ရိုက်၏။

ခေါင်းကိုမထိဘဲ ပခုံးကိုထိသွားသဖြင့် လှလွန်းရွှေစင်မှာ လဲကျသွားတော့သည်။

သူတို့ကိုဖြတ်ကျော်လွှားကာ ချိုင်းထောက်ကို အ ပြုလျက် အိမ့်မှူးကထွက်ပြေးတော့၏။

ဓာပဲ။

နောက်မှ လူနှစ်ယောက်က အပြေးအလွှားအော ဟစ်လိုက်လာကြသည်။

"ကယ်ကြပါဦးရှင် ... ကယ်ကြပါဦး ... ကျွန်မကို မ

* စေတနာစာပေ *



ဖမ်းထားကြပါတယ် ... "

အရေးဆိုလျှင် မိန်းမတို့၏ပါးစပ်က လော်စပီကာတပ်စရာမလို။

အသံပြကြီးနှင့် အိမ့်မှူး၏ကုန်းအော်သံက ထွက်လာ၏။

* စေတနာစာပေ *

www.burmeseclassic.com

www.burmeseclassic.com



## ဖတ်လမ်းစဉ် (၁၅)

ရွှေဆွဲကြိုးကလေးကို ခံ့ခံ့မင်မင်တွယ်တွယ်တာ
တော့ မရှိခဲ့ပါ။

သူရှိဝေထိုင်းမှိုင်းသွားခိုက် ယင်းရွှေဆွဲကြိုးက
ကို လှလွန်းရွှေစင်က ဆွဲပေးလိုက်သည်လို့ပဲ မှတ်ယူသည်။

တစ်ခုတော့ရှိရဲ့။

အဲဒီဆွဲကြိုး၏ပုံမှာ ယခုခေတ်ပဲနန်းကြိုးအပြားအ
တွေနှင့် ကွင်းဆက်ကာ လော့ကတ်သီးနေရာတွင် ရွှေဆွဲပြ
ဒေါင်းတံဆိပ်ထည့်ထားသည်။

ကုန်ကုန်ပြောရရလျှင် ရှေးလက်ရာတစ်ခုပဲ။

သူက အမေမမြင်အောင် သိမ်းခဲ့ရသည်။ အ
ဆေးရုံတင်တဲ့နေ့က ညအိပ်ခါနီးတွင် ယင်းဆွဲကြိုးကလေးကို သ
လို့ ထုတ်ကြည့်သည်။ ပြီးတော့ လည်တိုင်တွင်ဆွဲမိရာက မ

✷ စောနာစာပေ ✷



တော့ဘဲ အိပ်ပျော်သွားခဲ့၏။

အဲဒီညက သူအိပ်မက်တစ်ခု ထူးထူးဆန်းဆန်းမက်ခဲ့၏။ အိပ်မက်ထဲတွင် သူမြင်ဖူးခဲ့သော ဘိုးတော်သိုက်ချုပ်ဆရာကြီး ဦးဒိဗ္ဗသာရဆိုသူရောက်လာသည်။

သူ့ခုတင်ဘေးတွင်ရပ်လာ၏။ စကားတွေကို ဤလို ပြောခဲ့၏။

"ငါ့မြေး ... မင်းဟာ လူ့လောကကြီးမှာ စွဲမြဲတဲ့ ပဋိသန္ဓေဝင်စားလို့ ပရလောကနဲ့ ပြီးခဲ့တဲ့ဘဝကအကြောင်းတွေကို မင်းမသိခဲ့တော့ဘူး ... မင်းဟာ စုလေးရတနာပြောခဲ့တဲ့ မောင်ဝံသမှန်တယ် ... မင်းနဲ့ စုလေးဟာ ဘိုးဘိုးလက်အောက်မှာရှိတဲ့ မြေကြီးနှစ်ကောင်သိုက်ကို စောင့်နေခဲ့ရတယ် ... မင်းနဲ့ စုလေးဟာ လူ့ဘဝမှာရော မြွေဘဝမှာကော အကြင်လင်မယားတွေပဲ ... သံသရာအဆက်ဆက် မပယ်နိုင်လို့ ... လူ့ပြည်လူ့လောကကို သွားပါရစေဆိုလို့ ငါဘိုးဘိုး ခွင့်ပြုခဲ့တယ် ... အနှစ်သုံးဆယ်နေပိုင်ခွင့်ရှိတယ် ... အခု မင်းလည်မှာဆွဲထားတဲ့ဒေါင်းခွက်ရွှေကြိုးဟာ သက်စောင့်လည်တိုင်ကြိုးပဲ ... ဒီလည်တိုင်ကြိုးကို မပျောက်ပျက်အောင် ထိန်းသိမ်းပါ ငါ့မြေး ... "

ပြောပြီး ဘိုးတော်ဦးဒိဗ္ဗသာရပျောက်သွားသည်။

စနေ ဓာအကြာလန့်နိုးသွားသည်။

✷ စောနာစာပေ ✷

www.burmeseclassic.com

www.burmeseclassic.com



သိုက်ချုပ်ဘိုးဘိုး သူ့ဆီရောက်လာတာ သူစိတ်စွဲလို့ အိပ်မက်မက်တာဖြစ်မည်။ စကားလုံးတွေကို ပြန်စဉ်းစားတော့ ကောင်းကောင်းမှတ်မိ၏။

နှစ်ရက်လောက်မှာ သူကုမ္ပဏီကိုသွားလိုက်၊ အဖေ ကိုယ်စားလုပ်စရာရှိတာတွေလုပ်လိုက်။ အဖေရှိရာ ဆေးခန်းသို့ ပြေ လိုက်နှင့် လည်တိုင်ကဆွဲကြိုးကို သတိမရ။

အဲ့ဆွဲကြိုးမှာ သက်စောင့်ကြိုးဆိုတာတော့ သူ လက်မခံ။

ရိုးရိုးရွှေဆွဲကြိုးလို့ပဲ သတ်မှတ်ထား၏။

ကုမ္ပဏီအလုပ်တွေကို အထွေထွေမန်နေဂျာက ပေးသည်။ မန်နေဂျာက အသက်ကြီးနေပါပြီ။

အဖေကျန်းမာရေးထိခိုက်သွားတာကို ကုမ္ပဏီ ခုလုံးက စိတ်မကောင်းပါ။ အဖေ့ကို သွားကြည့်ကြ၏။ ပိုပြီး စိ မကောင်းဖြစ်ကြ၏။

အဖေက သစ်ငုတ်ကြီးလိုပဲ လာသမျှလူတွေကို ရာထဲမှပင် မျက်လုံးအကြောင်သားနှင့်ကြည့်နေသည်။ စကားလည်း ပြောမရ။ ဘယ်သူ့ကိုမှလည်း မှတ်မိပုံမပေါ်။

အားလုံးက လှလွန်းရွှေစင်ကြောင့်လို့တော့ သိ ကြသည်။ လှလွန်းရွှေစင်က လုံးဝပေါ်မလာ။

စနေက အဲသည်အတွက် အတော်ဒေါသဖြစ်

✱ စေတနာစာပေ ✱



သည်ကနေ့တွင် အိမ့်မှူးအား ကျောင်းပို့ပြီးသည်နှင့် ကုမ္ပဏီသို့ ပြန်လာသည်။ ကုမ္ပဏီတွင် အလုပ်လုပ်ရသည်မှာ စိတ် ပေါ။ တစ်ခုခုဖြစ်လိမ့်မည်ထင်သည်။

သည်ကနေ့ လှလွန်းရွှေစင့်ဆီသွား၍ အဖေနှင့်ပတ် သက်ပြီး ပြောဦးမှာပဲဟု စိတ်ကူး၏။

သူမနက်ပိုင်းတွင်ပဲ ကုမ္ပဏီက ထွက်လာသည်။ အားကို မင်္ဂလာဒုံဘက် ဦးတည်မောင်းချလာသည်။

မင်္ဂလာဒုံရောက်မှ သတိရသည်။ မင်္ဂလာဒုံတွင် အလုပ်နေကျ ရွှေပန်းထိမ်ဖိုတစ်ခုရှိသည်။

လည်တိုင်တွင် ဆွဲထားသောရွှေဆွဲကြိုးအား ပန်း ဆရာကြီးဦးတင်မောင်ကိုပြချင်သည်။

ဦးတင်မောင်၏ပန်းထိမ်ဖိုမှာ ဝါယာလက်ဈေးနား ရှိသည်။

ဦးတင်မောင်နှင့် တွေ့သည်။ နှုတ်ဆက်စကားတွေ ပြီး သူ့လည်တိုင်မှ ရွှေဆွဲကြိုးကို ချွတ်ပြ၏။ ရွှေဆွဲကြိုးမှ ရွှေ နေပြီး ဝင်းနေသည်။

ဦးတင်မောင်က ၄င်းရွှေဆွဲကြိုးကို တိုင်တွယ်ကာ အား ဘယ်ကရသလဲလို့မေး၏။ စနေက လူတစ်ယောက်က ဒုန်းရောင်းသဖြင့် ယနေ့အထည်အပျက်ဈေးနှင့် တစ်သိန်းခွဲ ယ်လိုက်ကြောင်း ပြောပြ၏။

✱ စေတနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



"ဒီဆွဲကြိုးရဲ့လက်ရာနဲ့ ရွှေဟာအင်မတန်တန်ဖိုးရှိတယ် ... ရွှေက ပရိုက်ခေါက်သားမဟုတ်ဘူး ... ရှေးခေတ်ကသုံးတဲ့ ဇဗ္ဗူရာဇ်ရွှေပဲ ... လက်ရာကလည်း ရှေးအနုစိပ်လက်ရာဖြစ်ပြီး မီးသိပ်မဝင်တဲ့ရွှေဘဲ ... မောင်စနေရ ခုခေတ်တန်ဖိုးနဲ့ဆိုရင် တစ်သိန်းခွဲမကဘူး ... အရမ်းကို တန်တာပဲကွ"

ပြောနေစဉ် ဖုန်းဝင်လာသည်။

အိမ့်မှူး၏အရေးတကြီးအသံနှင့် သူမအား လှလွန်းရွှေစင်က ဖမ်းထားကြောင်း ပြောသည်။ စနေ၏စိတ်ထဲထင့်ခနဲဖြစ်သွားသည်။

ဦးတင်မောင်၏လက်တွင်းမှ ရွှေဆွဲကြိုးကို ကမန်းကတန်းယူ လည်ပင်းတွင် ရှပ်အင်္ကျီအောက်၌ ပြန်စွပ်လိုက်ပြီး ကျေးဇူးတင်ကြောင်းပြော၍ ပျာရိပျာယာ အလျှင်အမြန်ထွက်လာ၏။

ကားကို ကီလိုမြှင့်ကာ အပြင်းမောင်းသည်။

ထောက်ကြန့်လမ်းဆုံသို့ ဆယ်မိနစ်အတွင်းရောက်လာသည်။ ဆိုင်တစ်ဆိုင်ရှေ့တွင် သူရပ်၍ လူတစ်ယောက်အား ငွေငါးရာပေး၍ ရဲစခန်းသို့ အလျင်အမြန်သွားရောက်အကြောင်းကြားတိုင်ကြားပေးရန်နှင့် လှလွန်းရွှေစင်နေထိုင်သည့် ခြံနံပါတ်အပါအဝင် အိမ်လိပ်စာကိုပေး၍ ရဲများကို အမြန်လိုက်လာရန် ပြောပေးပါရန် အကူအညီတောင်း၏။

ယင်းလူက အာမခံသည်။

✱ စောနာစာပေ ✱



စနေက ကားကိုမောင်းချလာသည်။

သူက လှလွန်းရွှေစင်က အိမ့်မှူး၏အသက်အန္တရာယ်ပေးမှာကို စိုးရိမ်နေသည်။ အိမ့်မှူးကလည်း ခြေထောက်သာကောင်း၊ စိတ်ဓာတ်ကတော့ မာရေကျောရေ။

ခြံထဲအထိ ကားကိုမောင်းဝင်လာစဉ် အော်သံကလေးတစ်ခုကို ကြားလိုက်ရသည်။ အိမ့်မှူး၏ကူကြပါ၊ ကယ်ကြပါအသံပင်ဖြစ်သည်။

အိမ်နားမှာ စနေက ကားကိုရပ်လိုက်စဉ် အိမ်ထဲမှ အိမ့်မှူးသည် ချိုင်းထောက်လက်ကိုင်ကိုအားပြု၍ ထော့နင်းထော့နင်းပြေးလာရှာသည်ကို တွေ့ပြီးဖြစ်သည်။

စနေက ကားထဲမှ ခုန်ထွက်၏။

စနေကို အိမ့်မှူးမြင်သည်နှင့် ...

"စနေရေ ... ကိုကိုရေ ... ငါ့ကိုကယ်ပါဦးဟ ... "

စနေနှင့် အိမ့်မှူးဆုံမိ၏။ သူကမေးမည်ပြုသည်၊ မေးခွင့်တောင် မရလို။

အိမ့်မှူးနောက်မှ ဝင်းစိန်နှင့် လှလွန်းရွှေစင်ပြေးလိုက်လာကြ၏။

အခြေပျက်ကို သဘောပေါက်မိသော စနေက အိမ့်မှူးကို သူ့နောက်ကျောဘက်ကို ဆွဲသွင်းလိုက်သည်။

"မင်းတို့ ဘာလုပ်တာလဲ ... "

✱ စောနာစာပေ ✱

www.burmeseclassic.com

www.burmeseclassic.com



စနေက ခပ်မာမာမေးသည်။

မထူးတော့ပြီမို့ ဝင်းစိန်ကလည်း ခပ်တင်းတင်းပဲ တုံ့ပြန်စကားနှင့် ဆို၏။

"မင်းကောင်မလေးကို ငါလိုချင်လို့ ... "

ခွပ် ...

စနေ၏ညာလက်သီးမှာ သုံးရခဲသည်။ သုံးရခဲသည် ဆိုခြင်းမှာ စနေက ရန်မဖြစ်တတ်။

ဒါပေမဲ့ အကြောင်းဆို သူ့လက်သီးကိုနေသားတကျ အသုံးချတတ်သည်။

ညာလက်သီးက ဝင်းစိန်၏မေးအောက်ထဲကို ခွပ် ခနဲ ဝင်သွားတာကြောင့် ဝင်းစိန် ယိုင်သွားသည်။

ဝင်းစိန်က သူ့ဘောင်းဘီအိတ်ထဲတွင် အမြဲဆောင်ထားတတ်သော ခလုတ်နှိပ်ဓားဆွစ်နိုက် (SWIFT KNIFE)ကို ဆွဲထုတ်သည်။

ဒေါသနှင့် 'မွှန်'နေသောကြောင့် စနေ၏ရင်ဝကို မိုးပြီး စိုက်ချလိုက်သည်။

သွေးအေးသွားသော စနေက ဝင်းစိန်ဓားကိုင်လက် အမြှောက်မှာ သူ့လက်နှစ်ဖက်ကို ကြက်ခြေခတ်၍ ဓားကိုင်လက်ကို ခံတားပေးလိုက်ပြီး ညာဒူးနှင့် ဆီးခုံကို ထိုက်ထည့်ပစ်လိုက်သည်။

"အား ... "





ဝင်းစိန်ညည်းသံနှင့် ပစ်လဲသွားသည်။

"အား ... အမယ်လေးဗျ ... "

ဝင်းစိန်၏နောက်ထပ်ညည်းသံနှင့် အော်သံ။

စနေထွန်း ဘာမှထပ်မလုပ်ရဘဲနှင့် အော်ဟစ်ခြင်း ဖြစ်၏။ ဝင်းစိန် တကယ်ကိုက်ဆိုးသွားတာပဲ။

သည်ငနဲလဲအကျတွင် မြွေဟောက်ကြီးတစ်ကောင်က သူတို့အနားသို့ ဘယ်လိုရောက်ရှိနေသည်မသိ ဝင်းစိန်က ထိုမြွေပေါ်လဲကျသွားရာမှ မြွေကပေါက်တည့်လိုက်ခြင်းဖြစ်သည်။

အဲသည်မြွေကပဲ ပါးပျဉ်းထောင်ကာ စနေထွန်းကို ကြည့်၏။ စနေထွန်းသည် ဝင်းစိန်ကို ဆွဲထူမသည်။ မြွေကို ဂရုမစိုက်ပေ။

"ဝင်းစိန် ... သူငယ်ချင်း ... "

"စနေ ... စနေ ငါ့ကို မြွေ ... မြွေကိုက်သွားပြီ ... "

ပြောစဉ် မျက်နှာဖြူလျော်ပြီး မျက်စိမျက်နှာပျက် နေသည်။

"ဟေ့ကောင် ... "

ပါးပျဉ်းထောင်နေသောမြွေကို စနေက စိတ်ဆိုးမာန် ဆိုးခေါ်လိုက်၏။ မြွေကြီး၏ပါးပျဉ်းကကျကာ မြေပေါ်တွင် တလွန့်လွန့်သွားသည်။

မြွေ၏အကြေးခွံတွေက ခဲသားရောင်ထနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သွားနေသော မြွေကို စနေက ကြိုးတစ်ချောင်း ကောက်ယူသလို ကောက်ယူလိုက်ပြီးနောက် သူ့ခါးတွင် မြွေကိုခါး ပတ်ပတ်သလို ပတ်လိုက်သည်။

"စနေ သတိထား ..."

သူ့နောက်မှ အိမ့်မှူး၏အော်ဟစ်သတိပေးသံ။ အရာဝတ္ထုတစ်ခုက ဝင်လာသည်။

ထိုအရာဝတ္ထုကို စနေက ဖမ်းကိုင်လိုက်သည်။

လက်ထဲတွင် တွန့်လိမ်နေသော မြွေတစ်ကောင်။

လှလွန်းရွှေစင်က သူ့ကိုမြွေနှင့် ပေါက်ထည့်လိုက်ခြင်းဖြစ်သည်။

စပို့ရှပ်အနီနှင့် ဘလူးဂျင်းကိုဝတ်ထားသောလှလွန်းရွှေစင်သည် တကယ်လှသောမိန်းကလေးပင်ဖြစ်သည်။

သူမသည်ရပ်ပြီး စနေကိုစိတ်ဆိုးမာန်ဆိုးကြည့်နေ၏။ သူ့လက်တစ်ဖက်စီတွင် မြွေတစ်ကောင်စီကို ကိုင်ထားပြီး ကျန်မြွေတစ်ကောင်က လည်ပင်တွင်ပတ်လျက်သား။

"လှလွန်းရွှေစင် မင်းရဲ့အပေါင်းအသင်းတွေကတော့ ငါ့ကို မသတ်နိုင်ပါဘူး ... မင်းနောက်ထပ် မကြိုးစားပါနဲ့တော့"

အေးအေးဆေးဆေးပင်ပြောပြီး လက်ထဲကမြွေကို ကြိုးတစ်ချောင်းလွှင့်ပစ်သလို အဝေးသို့လွှင့်ပစ်လိုက်၏။

သူနှင့် လှလွန်းရွှေစင်သည် လေး[illegible]ခြောက်ကိုက်





တော့ ဝေးကွာပေလိမ့်မည်။ လှလွန်းက မြွေတွေကိုပစ်ချလိုက်သည်။ စနေအား ...

"သစ္စာဖောက် ... သစ္စာမရှိတဲ့ကောင် ... ဒီဘဝမှာ နင်သစ္စာဖောက်တာကို ငါနောက်ဘဝရောက်တောင် မမေ့ဘူးမှတ်"

"နင်အရှုံးပေးလိုက်ပါ ..."

"ဟွဲ ... တိရစ္ဆာန်ကောင်ရဲ့ ငါဘာ့လို့အရှုံးပေးရမှာလဲ နင့်ကို အရှုံးပေးမဲ့အစား ငါ့ကိုယ်ငါ သတ်သေမယ် ..."

ပြောပြီး စနေ၏ကိုယ်ဘက်ကို လက်ညှိုးထိုး၍ ဓားနှင့် ခွဲချသလို အောက်ဘက်ကို ခွဲချသည်။ အကြောင်းသိသော စနေက ရယ်၍ ...

"နင် သူများကိုသာ လုပ်လို့ရမယ် လှလွန်းရွှေစင် ... ငါ့ကိုတော့ နင်သုညပဲထားလိုက် ... ငါ့မှာ သက်စောင့်ရွှေချပ်ကြီးရှိပြီးသား ..."

စနေ ဘာမှမဖြစ်သည်ကိုသိသောအခါ လှလွန်းက ခြေတစ်ဖက်ဆောင့်ကာ လည်ပင်းမှာပတ်ခွေထားသော မြွေကိုဆွဲယူ၍ ပစ်ပေါက်ပြန်၏။ တည့်မတ်စွာဝင်လာသော မြွေကို စနေက လက်ပြန်ဖမ်းယူပြီး လှလွန်းရွှေစင်ရှိရာသို့ ပြန်ပေါက်၏။

သူမက မြွေကိုပြန်ဖမ်းသည်။ စနေကို ပြန်ပေါက်၏။ စနေက ဆီးကြိုဖမ်းသည်။ သူတို့လုပ်တာကို မျက်လုံးလေးပြူး၍ ကြည့်နေတာက အိမ့်မှူး။



www.burmeseclassic.com

www.burmeseclassic.com



မြွေကိုအဝေးသို့ စနေက လွှင့်ပစ်လိုက်ပြန်၏။

မိမိမနိုင်တော့မှန်းသိလျှင် လှလွန်းရွှေစင်က ချာခနဲ နောက်ကိုလှည့်ပြေးသည်။

"လှလွန်းရွှေစင် မပြေးနဲ့ ... လှလွန်းရွှေစင် ... "

နောက်မှ တတန်းတန်းနှင့် စနေကအော်ခေါ်ကာ ပြေးလိုက်သွားသည်။

တိုက်အိမ်အတွင်းသို့ လှလွန်းရွှေစင်ဝင်ရောက်ပြေးသွားပြီးနောက်တွင် သူမက တိုက်အိမ်၏သစ်သားတံခါးမကြီးကို ဝုန်းခနဲပိတ်ပစ်လိုက်တော့၏။

ပြီးတော့ ပြတင်းပေါက်တံခါးတွေပါ ထပ်မံပိတ်ပစ်လိုက်၏။

တံခါးပိတ်ခြင်းနှင့်သာ စနေရင်ဆိုင်ရ၏။

စနေက တံခါးရွက်တွေကို တဒုန်းဒုန်းနှင့်ထုနက်ရင်း တံခါးဖွင့်ပေးဖို့ အော်ပြောနေသည်။

လှလွန်းရွှေစင်က လုံးဝဖွင့်မပေးခဲ့ပါ။

စနေက သက်ပြင်းချလိုက်သည်။ သူက ငေးကြောင်ကြောင်နှင့်ရပ်နေသော အိမ်မှူးရှိရာသို့ လျှောက်လာ၏။

"သူ ... သူငယ်ချင်း ... ငါ ... ငါကို ... ကယ် ... ကယ်ပါဦး ... "

ဝင်းစိန်က မြေပေါ်လဲကျလျက်က မပီမသအသံနှင့်

✷ စေတနာစာပေ ✷



ပြောနေသည်။ သူ့မျက်နှာမှာ ညိုမည်းစပြုလာ၏။

စနေက သနားသွားတာကြောင့် ဝင်းစိန်ကို ဖြစ်သည့်နည်းနှင့် ကူညီရန်ဆုံးဖြတ်လိုက်သည်။ ဒါပေမဲ့ သူက ဝင်းစိန်အနားမှာ ဒူးထောက်ထိုင်ချလိုက်ခိုက် ဝင်းစိန်ပါးစပ်ထဲမှ အမြှုပ်တွေထွက်လာ၍ တစ်ချက်အန်လိုက်၏။

သွေးတွေပါလာ၏။

သည်နောက်တော့ မေးတစ်ချက်ထိုးကာ အသက်ထွက်သွားတော့၏။

"ဝင်းစိန် ... သူငယ်ချင်း ... ဟေ့ကောင် ... "

စနေကဝင်းစိန်၏ကိုယ်ကိုလှုပ်ကာခေါ်သော်လည်း ဝင်းစိန်ဆီမှ တုံ့ပြန်မှုမရတော့ပါ။

"သေသွားပြီလားဟယ် ... "

ဝင်းစိန်အလောင်းကို လာရောက်ကုန်းကြည့်ကာ တုန်တုန်လှုပ်လှုပ်အသံနှင့် မေးသည်။ မေးလိုက်သူက အိမ်မှူး ...

"သေသွားပြီ ... ငါ သူ့ကိုမကယ်လိုက်နိုင်ဘူး ... "

ကြေကွဲစွာ စနေက ပြောသည်။

ခြံရှေ့မှ ခြေသံတွေကြားရ၏။ ရဲတွေရောက်လာချေပြီ။

ဝင်လာသောရဲများကို ဦးဆောင်လာသူ ရဲအရာရှိအား စနေက အကျဉ်းချုပ်အကျိုးအကြောင်းပြောပြလိုက်၏။

✷ စေတနာစာပေ ✷

www.burmeseclassic.com



"တိုင်နိုင်းလိုက်တာ ခင်ဗျားလား ..."

"ဟုတ်ပါတယ် ..."

စနေက ရဲအရာရှိ၏အမေးကိုဖြေတော့ ရဲအရာရှိက စနေတိုင်နိုင်းလိုက်သူဘက်သို့ လှည့်၍ ...

"သူတိုင်နိုင်းလိုက်တာ မှန်သလား ..."

"ဟုတ်ပါတယ် သူပါပဲ ... သူ ကျွန်တော့်ကို တိုင်နိုင်းလိုက်တာပါ ..."

စနေက ရဲစခန်းသို့နိုင်းလိုက်သူ၏ထောက်ခံအဖြေ။

"ဒါဖြင့် အဖမ်းခံရတာက ..."

"ကျွန်မပါ ..."

"ဒီလူက ... ဗြော် ... သေတောင်နေပြီ ... ဟုတ်ပြီ ... ခင်ဗျားပြောသလို တစ်ယောက်က မြွေပေါက်သေပြီဆိုတော့ ... ကျန်တစ်ယောက်ကကော ..."

"အိမ်ထဲမှာရှိတယ်ဗျ ..."

စနေက ဖြေသည်။

သူတို့သည် တိုက်အိမ်ဘက်သို့ရောက်သွားကြသည်။ ပိတ်ထားသော တံခါးကို ရိုက်ပုတ်သံပေးကာ ရဲတွေက တံခါးကိုဖွင့်နိုင်းသည်။

အတွင်းမှ လှလွန်းရွှေစင်က ဖွင့်မပေးပါ။

အတန်ကြာအောင် ဖွင့်နိုင်းသော်လည်း လာမဖွင့်ပေးသဖြင့် သူတို့က ပြတင်းတံခါးကိုချိုးဖွင့်ပြီး ဝင်ရောက်ကြသည်။

✷ ဓေတနာစာပေ ✷



ရပ်ကွက်လူကြီးတချို့ကိုပါ ခေါ်ထား၏။

တစ်ယောက်စကား တစ်ယောက်ကြောင့် ခြံဝတွင်ပင် လူတချို့လာကြည့်နေကြသည်။

ပြတင်းပေါက်မှ ရဲတစ်ဦးနှင့် စနေထွန်းဝင်ရောက်ကြသည်။ အထဲတွင် မြွေတွေရှိကြောင်း အိမ်မှူးက ကြိုတင်သတိပေး၏။

တံခါးမကြီးကို ဖွင့်သန်းဝင်ရောက်လာသော အလင်းရောင်အောက်တွင် လှလွန်းရွှေစင်သည် တုံးလုံးပက်လက်လဲကျနေသည်။

မျက်လုံးတွေက ပွင့်၍အထက်ကို လန်နေ၏။

သူမသေဆုံးနေခဲ့ပါပြီ။ မျက်နှာ၊ လည်ပင်းနှင့် လက်တစ်ဖက်မှာ ညိုမည်းနေကာ ပါးစပ်မှ အမြှုပ်တွေထွက်နေ၏။

သူမ၏ဘေးတွင် မြွေဟောက်ကြီးတစ်ကောင်က ပါးပျဉ်းထောင်လျက်ရှိ၏။

အမိပွါယ်ကတော့ ရှင်းရှင်းကလေး။

သူမကိုယ်သူမ မြွေကိုက်ခံ၍ သေဆုံးသွားခဲ့ခြင်းဖြစ်၏။ ပါးပျဉ်းထောင်နေသော မြွေဟောက်ကြီးကို ရဲတွေက စနေထွန်း တားဆီးနေသည့်ကြားမှ ရိုက်သတ်လိုက်၏။

✷ ဓေတနာစာပေ ✷

www.burmeseclassic.com

ဤသို့ဖြင့် ဘဝဟောင်းက ချစ်သူလင်ယောကျ်ားပါ ဟူသော စိတ္တဇဆန်ဆန်အစွဲဖြင့် အချစ်ကြောင့် စိတ်ဝေဒနာဖြင့် သေဆုံးခဲ့သော မိန်းမလှလေး၏ နောက်ဘဝနိဂုံးက ဘယ်လိုရှိလိမ့်မည် မသိရတော့ပါ။'

အချစ် 'မှန်'လျှင် ဆေးကုရခက်ပါသည်။

[illegible]

**စောညို**

၂၃-၆-၂၀၀၄

✱ မှတ်တမ်းမှာပေ ✱